
www.burmeseclassic.com

ရှိုး
ကလောင်နဲ့
ဝ
ရှိုး

# သက်ဆုံးတိုင်



Cover : Idea Kyaw
&
Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်များ

**နိုင်ငံတာဝန်အရေး(၃)ပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဗိုအရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဗိုအရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဗိုအရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား၊ ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့် စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

# ချိုး

## သက်ဆုံးတိုင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁၇၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၂၈၃၀၃၁၀
ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (ယ-၁၃၅၈)
(ချူးစာပေ)
အမှတ် (၅၃)၊ အခန်း (၃၀၁)
ဆရာစံလမ်း ၊ ဗဟန်းမြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း (အထက်)
ပန်းဘဲတန်း ၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea Kyaw & Kyaw Oo
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၀ ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မိုးမိုးစာပေ
ဖုန်း - ၀၁- ၂၉၀၉၉၅

၈၉၅ • ၈၃
ချူး
သက်ဆုံးတိုင် / ချူး။ - ရန်ကုန်၊
ချူးစာပေ ၊ ၂၀၁၀။
၂၈၀ - စာ ၊ ၁၈ × ၁၂ စင်တီ။
(၁) သက်ဆုံးတိုင်

BURMESE CLASSIC .com

## အခန်း (၁)

"တူ တူ"

"ဟဲလို"

"..."

"ဘာ ဘာပြောတယ်"

ဖုန်းနားထောင်နေသည့် မာမီ့မျက်နှာကြီး တင်းမာခက်ထန်သွားသည်။ ပြန်မေးလိုက်သံကလည်း စူးစူးရှရှ ကျယ်ကျယ်လောင်လောင်ကြီး ဖြစ်၏။ ပြဿနာတစ်ခုခုတော့ ဖြစ်ပြီ။ အခြေအနေ မကောင်းမှန်း သိပေမယ့် ဘာမှန်းမသိ။

"ကြားတယ် ဒါပေမဲ့ မယုံနိုင်လို့ ထပ်မေးတာ၊ ဒါကို အစောကြီးကတည်းက မသိကြဘူးလားဟင်"

ချူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"..."

"အို ဘာမှ ဆင်ခြေပေးမနေကြနဲ့၊ ပြီးတော့ ဒါ ယူသွားတာမှ မဟုတ်သေးတာ၊ ထိန်းထိန်းသိမ်းသိမ်း လုပ်လို့ရသေးတယ်၊ အေး အခု နင်တို့ နောက်ကျမှ သိတယ်ဆိုရင် ရှေ့ဆက်ပြီး ဘာမှဖြစ်မလာအောင် ဆက်ထိန်းထားကြ၊ ဘာမှ ဆက်မဖြစ်စေနဲ့"

"..."

"အို ရှုပ်ပါတယ်၊ သူ့ကို ငါ့ဆီသာ လွှတ်လိုက်၊ ငါပဲ ပြောမယ်၊ ငါ့ဆီမှာပဲ ထားမယ်"

"..."

"ငါက မွေးထားတဲ့ မအေပါဟဲ့၊ ကိုယ့်သားကိုယ် ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ သိပြီးသား၊ ငါ့သားကို နင်တို့ ခေါ်သွားလို့ ဒီလို ဖြစ်ကုန်တာ"

"..."

အို ဘာပဲဖြစ်ဖြစ် ပြန်သာလွှတ်လိုက်၊ ငါ ကိုယ်တိုင်ပဲ ကိုင်တွယ်မှ ဖြစ်တော့မှာ၊ ငါ့သားကို နင်တို့ ခေါ်ခေါ်သွားလို့ ဒီလို ဖြစ်ကုန်တာ"

"..."

"အို ဘာပဲဖြစ်ဖြစ် ပြန်သာလွှတ်လိုက်၊ ကိုယ့်သားကိုယ်





ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ သိပြီးသား၊ ငါ့ကို ဆရာလာမလုပ်နဲ့၊ သူ့ကိုပြောစရာရှိတာ ဒီရောက်မှပဲ ပြောတော့မယ် ဒါပဲ"

မာမီက စိတ်မရှည်တော့သလို ဖုန်းချပစ်လိုက်သည်။ ပြီးတော့ စူးစမ်းသလို ကြည့်နေသည့် သူ့ကို မနားတမ်း တတွတ်တွတ် ပြောတော့သည်။

"စားပြီးသောက်ပြီးတဲ့ အချိန်မှာတောင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ မနေရဘူး၊ အခု မင်းအစ်ကို ကြိုဟ်မွှေပြန်ပြီလေ၊ ရည်းစားတွေ မှိုလိုပေါက်အောင် ထားခဲ့တာတောင် မနူးမနပ်လေး ကျနေတာပဲ၊ လူပျို လေးဖြစ်ပြီး အိမ်ထောင်ပျက်ကိုမှ သွားကြိုက်ရတယ်လို့ ကြိုက်တာတောင် အပေါ်ယံ ပေါ့ပေါ့လေး မဟုတ်ဘူး၊ လက်ထပ်ဖို့အထိ ရည်ရွယ်နေတာတဲ့"

"ဟင်"

မျိုးဆက်သစ် ဟင်ခနဲ ဖြစ်သွားပေမယ့် ဘာမှတော့ မဝေဖန်မိပါ။ မာမီ့ကိုသာ ငေးနေမိ၏။ ကိုကြီးအကြောင်းကို ဒေါသတကြီး လေသံဖြင့် မာမီ ဆက်ပြောလာပြန်သည်။

"မိဘတွေက စည်းနဲ့ကမ်းနဲ့ ထားတာတောင် သင်းက ဖြစ်ချင်တိုင်းဖြစ်နေသေးတယ်၊ ဦးလေးတွေဆီမှာ ပျော်နေမှာပေါ့၊ ဟိုက မပြော မဆိုဘူးလေ၊ ဒီအတိုင်း လွှတ်ထားတာ၊ သူတို့က ဘယ်ပြောမလဲ သူတို့ မွေးထားတာမှ မဟုတ်တာ၊ နောက်ဆုံး ထိန်းမနိုင်သိမ်းမရ ဖြစ်ပြီဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မှ အသိလှမ်းပေးကြတယ်၊ အစကတည်းက ခေါ်မသွားပါနဲ့လို့ အတန်တန် ပြောထားတာတောင် ကတိတွေ ဖောဖောသီသီ ပေးပြီး အတင်းခေါ်သွားကြတယ်၊ အခုလို ဖြစ်တော့ ငါပဲ ပူရတာ''

''ကိုကြီးက အဲဒီ တစ်ယောက်ကို တမ်းတမ်းစွဲ ဖြစ်သွားရလောက်အောင် သူက တော်တော်လှလို့ ဆွဲဆောင်မှု ရှိလို့လား''

''တော်တော်ချော တော်တော်လှတယ်လို့ ပြောတာပဲ၊ ဒါပေမဲ့ အချောအလှတွေဆိုတာ လောကကြီးမှာ တစ်ပုံကြီးပါကွယ်၊ မင်း အစ်ကိုလို လူတောင် တမ်းတမ်းစွဲ ဖြစ်သွားပုံထောက်ရင် ဒီမိန်းကလေးကတော့ မလွယ်ဘူး၊ ဘာပဲဖြစ်ဖြစ် မင်းဆက် ပြန်လာရင် ပြန်မသွားခိုင်းတော့ဘူး''

မာမိက ယတိပြတ် ပြောနေသည်။ ကိုကြီးဘက်ကလည်း အလျှော့ပေးမှာ မဟုတ်တာတော့ သေချာသည်။ ကိုကြီးက သိတတ်စ အရွယ်လောက်ကတည်းက ဒီမှာတစ်လှည့် မာမိုမောင် ဦးလေး ဦးမင်းထင်ဆီမှာ တစ်လှည့် နေခဲ့တာဖြစ်သည်။ ဦးလေးလုပ်သူက အလိုလိုက်လွန်းတော့ ဟိုမှာ ပိုပျော်သွားခဲ့ပုံ ရသည်။

ဦးလေးတို့ လင်မယားက သားသမီးရှိသူများ မဟုတ်တော့ တူတွေကိုသာ သားသမီးလို ချစ်ကြသည်။ သူတို့ ညီအစ်ကို နှစ်ယောက်တွင်မှ သူတို့ထံတွင် အနေများသော ကိုကြီးကို ပိုခင်တွယ်ပုံရသည်။





အိမ်မှာက မာမို့ စည်းကမ်းဘောင်အတွင်းမှာ နေရတာဆိုတော့ လူငယ်တစ်ယောက် အတွက်တော့ မွန်းကြပ်စရာပဲ ဖြစ်သည်။

လွတ်လွတ်လပ်လပ် နေရတာကို သဘောကျသော ကိုကြီး အန်ကယ် ဦးမင်းထင် ထံတွင် အနေများခဲ့သည်။ သူကတော့ မာမို့ အမိန့်နှင့် စည်းကမ်းတွေထဲမှာ နေသားကျခဲ့ပြီ။

''ဘယ့်နှယ်တော် ဒီသားလေး နှစ်ယောက် ရှိပါတယ်၊ အကြီးက အငယ်လိုပဲ၊ အငယ်ကျပြန်တော့လည်း လူကြီးကြီး ကျနေတာပဲ''

သည်တစ်ခါတော့ ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွားကာ

''မာမိက ကျွန်တော် ဒီအတိုင်းနေတာကို သဘောမကျလို့လား၊ မာမိ အလိုကျ ကျွန်တော် နေပေးခဲ့တာပဲ မဟုတ်လား''

ဘဝင်မကျစွာ ပြန်မေးမိသည်။ ဒီလိုကျပြန်တော့လည်း မာမိက ပြုံးစစ လုပ်ရင်း

''အင်း မင်းက ငါ့စကားတိုင်းကို နားထောင်ခဲ့တာတော့ ဟုတ်ပါတယ်၊ မင်း နားထောင်ရမှာ တစ်ခုကျန်သေးတယ်''

''မာမိ ဘာကိုဆိုလိုချင်တာလဲ''

''တွေ့လား အဲသလို အမှတ်တမဲ့ နေတာကိုက လူကြီးကို အလေးမထားရာ မကျဘူးလား''

မျိုးဆက်သစ် နားမလည်နိုင်စွာဖြင့် မာမို့ကို တွေဝေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိတ်ပျက်စွာ ခေါင်းကိုခါရမ်းပစ်လိုက်သည်။

"စကားကို ဆုံးအောင်နားထောင်ဦး မျိုးဆက်၊ ငါ မွေးထားတဲ့ သားတွေ ဘယ်သူ ငါ့စကား နားထောင်တယ် နားမထောင်ဘူး ဆိုတာ ငါ ဆုံးဖြတ်တတ်တယ်၊ ငါ ပေးစားတဲ့ မိန်းကလေးကို ယူရင် ငါ့စကား ရာသက်ပန် နားထောင်တာနဲ့ အတူတူပဲ၊ အေး ကိုယ်ထင်ရာစိုင်းပြီး ကိုယ်လှေကိုယ်ထိုး ပဲခူးရောက်ရောက် ဆိုတာမျိုး ဆိုရင်တော့ ငါ့စကား နားမထောင်ဘူးလို့ပဲ ယူဆတယ်၊ မကောင်းတာကြီးကို မြင်နေ သိနေ လျက်နဲ့တော့ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

ဒေါ်သင်းသင်းမျိုး စကားတွေက အေးစက်ပြတ်သားလွန်းသည်။ ပြောလျှင် ပြောသည့်အတိုင်းလည်း လုပ်တတ်သူ ဖြစ်၏။ မျိုးဆက် ထပ်အထွန့်မတက်မိပါ။ မာမီ့အကြောင်း သူ အသိဆုံး ဖြစ်သည်။ ဒါပေမဲ့ ဆိုလိုရင်းကိုတော့ သိချင်သေးသည်။

"မာမီ ဆိုလိုချင်တာက ဘာလဲ၊ ကျွန်တော့်ကို ပွင့်ပွင့် လင်းလင်းပဲ ပြောပါ၊ သွယ်ဝိုက်မနေပါနဲ့လား"

မကျေမနပ် ရေရွတ်ရင်း ပြန်မေးမိသည်။ သူက အခု အသက် အရွယ်အထိ မာမီ့စကား နားထောင်ခဲ့သူ။ မာမီက သူ့ကိုပါ အပြစ်တင် သလို ဆိုလာတော့ နေမထိ ထိုင်မသာ ဖြစ်ရသည်။

"အေး မာမီကလည်း ပြောမလို့ပါပဲ၊ ဒါနဲ့ မင်းမှာ ရည်းစားတွေ





ဘာတွေတော့ မရှိဘူး မဟုတ်လား"

"မရှိပါဘူး မာမီ ရည်းစားထားရလောက်အောင် အားနေတာမှ မဟုတ်တာ"

"မင်း ပြောတာကို မာမီ ယုံချင်တယ် သား၊ ဒါပေမဲ့ မင်းမှာက မိန်းကလေး အများစုနဲ့ ဆက်ဆံနေရတာဆိုတော့ ယုံရခက်ခက် ဖြစ်နေ တယ်"

ဒေါ်သင်းသင်းမျိုးက တွေးတွေးဆဆဖြင့် ပြောသည်။ မျိုးဆက် သစ် သက်ပြင်းကို လေးတွဲစွာချမိသည်။ မာမီ သူ့ကို ဘာကြောင့် သံသယတွေနဲ့ပဲ ကြည့်နေရတာလဲ သူ နားမလည်နိုင်။

အလုပ်သဘောအရ ဆက်ဆံနေရတဲ့ မိန်းကလေးတွေဆိုတာက သူ့ တပည့်မလေးတွေသာ။ ကျောင်းတက်တုန်းက အခွင့် အရေးပေးသည့် မိန်းမလှလေးတွေ များစွာရှိတာတောင် လူငယ်ပီပီ မစမ်းသပ်ခဲ့။

မာမီ စိတ်ဆင်းရဲရမည့် အဖြစ်မျိုးကို တတ်နိုင်သလောက် ရှောင်ကျဉ်ခဲ့သည်။ သူငယ်ချင်းတွေကဆို အမေ ချစ်သား လက်ဖျားခါ တယ်ဟု ဆိုခဲ့ကြသည်။ သူက မာမီနှင့် ရုပ်ချင်းဆင်သလို မာနကြီးတာ ကအစ တစ်ထေရာတည်း။

မာမီက အသက်ငါးဆယ်ကျော်ခဲ့တာတောင် ဖြူဖြူဖွေးဖွေး ခန့်ခန့်ချောချောကြီး။ ဒါကြောင့်လည်း ဒယ်ဒီက ယခုအချိန်ထိ မာမီ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် မြတ်နိုးစုံမက်နေတာ ဖြစ်သည်။ ပြီးတော့ မာမီ့သဘောကျ အလိုလိုက်သူ။

"မျိုးဆက်"

"ဗျာ"

အတွေးလွန်နေတာမို့ မာမီ ခပ်ဆတ်ဆတ် ခေါ်သံကြောင့် ရုတ်တရက် လန့်သွားသည်။ မာမီက သူ့ကို မျက်မှောင်တွန့် ကြည့်ရင်း

"မာမီ ပြောတာ ကြားလား"

"ကြားပါတယ် မာမီ ဒါပေမဲ့ အခုဟာက ကိုယ်နဲ့ဘယ်လိုမှ အဆက်အစပ်မရှိတဲ့ မိန်းမတစ်ယောက်ကို လက်ခံရမယ်ဆိုတော့ မလွန်လွန်းဘူးလား။ ပြီးတော့ ကျွန်တော် လွတ်လွတ်လပ်လပ် နေချင်သေးတယ်"

"လာပြန်ပြီ တစ်ယောက် ငါက အဲဒီ လွတ်လွတ်လပ်လပ် နေတာကိုပဲ ကြောက်တာ၊ မတော်တရော်တွေနဲ့ ဖြစ်သွားမှဖြင့်"

"မဟုတ်တာ မာမီရယ်၊ ကျွန်တော် ကလေးမှ မဟုတ်တာ၊ စဉ်းစားချင့်ချိန်တတ်တဲ့ အသိဉာဏ် ရှိပါတယ်"

"အို အပိုတွေ ပြောမနေနဲ့ မင်းကိုရော ငါက မတော်တရော်နဲ့ စိစဉ်ပေးပါ့မလား၊ မင်းဘက်က သဘောထားကိုသာ ပြောစမ်းပါ"

ပြဿနာက စပြီ။ မာမီ သူ့ကို အကြပ်ကိုင်နေတာမို့ စိတ်ရှုပ်





လာမိသည်။ မာမီ့ကိုလည်း စိတ်မဆင်းရဲစေချင်။ လက်ခံဖို့ ဆိုတာကျ ပြန်တော့ အစိမ်းသက်သက် မိန်းမတစ်ယောက်ကို ပေါင်းဖက်ရမှာ ကြောင်လွှန်းပါသည်။

"ပြောလေ မျိုးဆက်"

"မာမီ့စကားကို သား နားထောင်ချင်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့တွေ ဘာတွေ လုပ်မနေနဲ့ မျိုးဆက်၊ မင်းနားကို နားထောင်ရမယ်၊ ဟိုတစ်ယောက်က အခု စိတ်ဆင်းရဲအောင် လုပ်ပြီးပြီ မင်း ငါ့ကို ဒုက္ခမပေးပါနဲ့"

မာမီ့မျက်နှာညှိုးရင်းဆိုတော့ သူ စိတ်မကောင်း ဖြစ်မိသည်။ မာမီ မျက်ရည်ကျမယ့်အဖြစ်မျိုးတော့ လက်မခံနိုင်ပါ။ အဲဒါကြောင့် ကိုကြီး အန်ကယ်မင်းတို့ဆီမှာ သွားနေတာဟု တွေးမိရင်း

"ကောင်းပြီလေ မာမီ့စိတ်တိုင်းကျ စီစဉ်ပါ၊ သူ့ဘက်က သဘော မတွေ့ရင်တော့ မာမီ အပြစ်မမြင်ပါနဲ့"

ဒေါ်သင်းသင်းမျိုး မျက်နှာ ဝင်းလက်သွားသည်။ သားကြီး မင်းဆက်သစ်သာ သားငယ်လို လိမ္မာရင် ဘယ်လောက် ကောင်းလိုက်မလဲဟု တွေးမိသည်။

သားနှစ်ယောက်က ရုပ်ချင်းဆင်ပေမယ့် စိတ်ထားတွေက ကွဲပြားပါသည်။ မင်းဆက်သစ်က အကြီးဖြစ်ပေမယ့် လူငယ်ဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားငယ်ကတော့ လူကြီးဆန်ပြီး အနေတည်သည်။

"ဝမ်းသာလိုက်တာကွယ် ငါ့သားလေးက မမိုက်ဘူးဆိုတာ မာမီ သိပါတယ်ကွယ်"

မျိုးဆက် ပခုံးကို ဖွဖွကိုင်ပြီး ဒေါ်သင်းသင်းမျိုး ဆိုသည်။

သူမ ရင်လေးမိတာက မင်းဆက်သစ် အတွက်သာ။

■ ■ ■



## အခန်း (၂)

မင်းဆက်သစ် မျက်နှာက သုန်မှုန်နေ၏။ မေးသမျှကို ပြန်ဖြေနေပေမယ့် ကျေနပ်ဟန် လုံးဝမရှိ၊ ဖြစ်နိုင်လျှင် ထိုင်ရာမှ ထပြေးချင်စိတ်ပေါက်နေသည့်ပုံစံ ဖြစ်သည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ မင်းဆက်"

"နှစ်ဆယ့်ခြောက်နှစ်ပါ မာမီ"

"အေး ဒီအရွယ်နဲ့ ရည်းစားထားတယ်ဆိုတာ မဆန်းပါဘူး၊ တကယ်ဆို အိမ်ထောင်အတည်တကျနဲ့တောင် ဖြစ်သင့်ပြီ၊ ဒါပေမဲ့ အခု မင်းလုပ်ပုံက ကောင်းသေးရဲ့လား"

မာမီ့အသံ ဒေါသစွက်သွားတာမို့ လိုတာထက် ပိုကျယ်သွားသည်။ မင်းဆက် ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေသည်။ နောက်ကွယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်ရာ လုပ်ခဲ့ပေမယ့် မာမီ့ရှေ့မှာတော့ ကလန်ကဆန် မလုပ်ရဲပါ။

ဒါက အသားကျနေသော ဆက်ဆံရေး ဖြစ်သည်။ သူ့ဘက်က မှားနေတာဟုတော့ ထင်မထားပါ။ မာမီ့ဘက်ကလည်း မှန်နေမှာ သေချာသည်။

ဖိတ်ဖိတ်လက်နေသော စိန်နားကပ်တွေနှင့်အပြိုင် မာမီ့မျက်ဝန်းတွေ တောက်ပနေ၏။ အကြည့်ချင်း မဆုံမိအောင် ခေါင်းငုံ့ရင်း ငြိမ်သက်နေမိသည်။ နေရတာ စိတ်ကျဉ်းကျပ်လွန်းပါသည်။

"ငါ ပြောနေတာ ကြားရဲ့လား မင်းဆက်"

"ကြားပါတယ် မာမီ"

"ကြားရင် ရှေ့ဆက် မင်းဘာလုပ်မှာလဲ"

"မာမီ ပြောတာ ကျွန်တော် သဘောမပေါက်ဘူး"

"ကဲ တွေ့လား ပြောပြန်တော့ သိသလိုလိုနဲ့ ပြန်မေးနေသေးတယ်၊ မသိချင်ယောင် ဆောင်နေတာလား မင်းဆက်၊ ဒါ လူကြီးကို ဂရုမစိုက်တာနဲ့ မတူဘူးလား"

စိတ်ရှုပ်ထွေးစွာဖြင့် မင်းဆက် ဘာမှပြန်မပြောနိုင်။ မာမီ ပြောသည့် အဓိပ္ပါယ်ကို သဘောပေါက်ပေမယ့် မသိစိတ်က အလိုလို ဆန့်ကျင်ပြီးသား ဖြစ်နေသည်။ မာမီ့ကိုတော့ ပေါက်ကွဲမပြရဲပါ။

"မင်းဆက်"





"ဗျာ"

"မင်းက အကြီးဖြစ်ပြီး အငယ်လောက်တောင် အချိုးမပြေဘူး၊ မျိုးဆက်ဆို ငါလိုက်ပြောနေစရာ မလိုဘူး၊ ဘယ်လောက် စိတ်ချမ်းသာရသလဲ၊ ငါ စကားပြောနေတဲ့ အချိန်ဆို သူ့ စိတ်ရော မျက်လုံးရောက မအေ့ဆီမှာပဲ ရှိတယ်"

ဒေါ်သင်းသင်းမျိုး စကားမဆက်ဘဲ မင်းဆက် မျက်နှာဆီသို့ စူးစိုက်ကြည့်နေသည်။ မင်းဆက်က ထိုအချိန်အထိ မျက်လွှာပင့်မကြည့်သေး။ ဒါက ရိုသေကျိုးနွံနေတဲ့ ပုံစံမျိုး မဟုတ်။ စိတ်ပျက်နေသည့် ပုံစံ။ ဒေါ်သတွေ တလိမ့်လိမ့် တက်လာတာ ထိန်းမရတော့။

"မင်းဆက် ငါ့မျက်နှာကို သေသေချာချာ မော့ကြည့်စမ်းပါ"

"ဘာ ဘာဖြစ်လို့လဲ မာမီ"

မင်းဆက် ဆံပင်တွေကို သပ်တင်ပြီး ဆတ်ခနဲ မော့ကြည့်ကာ

"ဘာမှမဖြစ်ဘူး၊ ငါက ငါနဲ့စကားပြောနေတဲ့ အချိန်မှာ ငါ့ကို အာရုံစူးစိုက်နေတာကိုပဲ သဘောကျတယ်၊ အာရုံတွေ ဟိုလွင့်ဒီလွင့် ဖြစ်နေတာကို သဘောမကျဘူး၊ ဒီလောက် ပြောဆို ဆုံးမနေတာတောင် အပိုးက မကျိုးဘူး၊ မပြောမဆိုဘဲ ထားရင် ဘယ်လောက်ထိ ပျက်စီးနေမလဲ မသိဘူး၊ တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်"

ဖြစ်နိုင်လျှင် နေရာမှာတင် အငွေ့ပျံသွားချင်သည်။ မာမီ့အ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ့ထက်ပင် ဘာကြောင့် အာဏာသံ ပြင်းနေရတာလဲ။ ပို၍လည်း ဒေါသကြီးသေးသည်။ သားအရင်းကို ဆုံးမတာ ဖြစ်ပေမယ့် သူစိမ်းကို ပြောဆိုနေသလို ပြောဆိုနေတာဟု ထင်သည်။

"ကဲ ပြောစမ်းပါဦး မင်းရဲ့ မိန်းကလေးအကြောင်းကို သူ ဘာလုပ်သလဲ၊ ဘယ်မှာ နေတာလဲ၊ သူက မျိုးရိုးကော ကောင်းရဲ့လား"

သိသိကြီးနှင့် မေးပစ်လိုက်တာ ဖြစ်သည်။ မင်းဆက် ဘာပြော လာမလဲဆိုတာ အရသာခံပြီး နားထောင်နေလိုက်သည်။ ဖြီးလုံးတွေ ထုတ်သုံးလာရင်တော့ ပွဲက ကြမ်းပြီ။ သူမကိုတော့ မင်းဆက် မလိမ် လောက်ပါ။

"သူက မန္တလေးမှာပဲ နေတာပါ၊ မျိုးရိုးလည်း ကောင်းပါတယ်၊ ပြီးတော့ အထည်ဆိုင် ဖွင့်ထားတယ်၊ ကိုယ်ပိုင်စီးပွားရေး လုပ်နေတဲ့သူ"

"တော်ပြီ ဒီလောက်ဆို လုံလောက်ပြီ၊ သူ့ဘာသာ ပိုက်ဆံ ချမ်းသာပြီး အရည်အချင်း ဘယ်လောက်ရှိရှိ အိမ်ထောင်ပျက်ဆိုတဲ့ အမည်းစက်ကြီး ရှိနေလို့ကတော့ ဘယ်သူမှ တန်ဖိုးထားမှာ မဟုတ်ဘူး၊ ရှာရှာဖွေဖွေတော် ဒါမျိုးကိုမှ ရွေးချယ်ရတယ်လို့"

မင်းဆက် ခန္ဓာကိုယ် ဆတ်ခနဲ ဖြစ်သွား၏။ ကိုယ့်ချစ်သူကို ချိုးချိုးနှိမ်နှိမ် ပြောတော့ မခံချင်။ မာမီ့ကိုတော့ ဘာမှပြန်မပြောရမိပါ။ မာမီ ဘယ်လိုထင်ထင် သူတို့ အဆင်ပြေရင် ပြီးတာပဲဟု ဖြေလိုက်သည်။





ဝင့်က အိမ်ထောင်ပျက်ခဲ့သည် ဆိုပေမယ့် မိန်းမကောင်းတစ်ဦး ပင်။ မိဘပေးစားသည့်လူကို လက်ထပ်ခဲ့တာ ဖြစ်သည်။ လက်ထပ်ပြီးမှ စိတ်ဓာတ်သေးသိမ်သော ထိုလူနှင့် ပြတ်ဆဲခဲ့တာ ဖြစ်သည်။

ဒါတွေကလည်း အချိန်တန်ရင်တော့ မာမီ နားလည်လာနိုင်မည် ထင်ပါသည်။

"မင်းကို ငါ မွေးထားရတာ မွေးရကျိုး မနပ်ဘူး၊ မင်းဆက်၊ ပညာတွေ တတ်အောင် သင်ပေးထားပြီး ဒီအရွယ်အထိ မကြောင့်မကြ နေနိုင်အောင် ထားခဲ့တဲ့ မိဘကျေးဇူးကိုတောင် မထောက်ဘူး၊ နောက်ပြီး မိဘဂုဏ်သိက္ခာကိုပါ ထိခိုက်အောင် အိမ်ထောင်ပျက်ပြီးသား မိန်းကလေး ကိုမှ ရွေးချယ်ရတယ်လို့ ဟွန်း မင်းနဲ့တန်တာ ဒါပဲလား"

"ဟာ မာမီကလည်း အဲဒီလိုတော့ တယူသန်ကြီး မပြောပါနဲ့"

သည်တစ်ခါတော့ မင်းဆက် စိတ်မထိန်းနိုင်ဘဲ ပါးစပ်က လွှတ်ခနဲ ထွက်သွား၏။ ထိုစကားကပဲ ဒေါ်သင်းသင်းမျိုး ဒေါသကို မီး လောင်ရာ လေပင့်သလို ဆွပေးပြီးသား ဖြစ်သွားသည်။

"မင်း ဆက် သစ်"

ဒေါ်သံက တစ်လုံးချင်း ပီပီသသကြီး စူးရှစွာ ထွက်ပေါ်လာ သည်။ မှားသွားပြီဆိုတာ သိလိုက်ပေမယ့် ပြင်ဆင်ခွင့် မရှိတော့ပါ။

"တော်လိုက်တဲ့သား မင်းက ဒီလိုတောင် ပြန်ပြောတတ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပေါ့''

မင်းဆက် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ပွတ်သပ်လိုက်ပြီး ဆိုဖာကျောမှီဘက်သို့ လှန်ချပစ်လိုက်မိသည်။

''ပြန်ခံပြောတာ မဟုတ်ပါဘူး မာမီရယ်၊ မာမီ အထင်လွဲနေတာကို ရှင်းပြတာပါ၊ ဝင့်က မာမီ ထင်သလို မဟုတ်ပါဘူး''

ကြည့်စမ်း စကားပြောပုံကိုက မသိလျှင် သူမက နလပိန်းတုံးကျနေတာပဲ။ အသားတွေပင် တဆတ်ဆတ် တုန်ခါလာသည်။

''တော်စမ်း မင်းဆက် ငါက မင်းကို မွေးထားတဲ့ အမေပါ၊ အပွေးမြင် အပင်သိတယ်ဆိုတာ နားလည်စမ်းပါ''

''အိမ်ထောင်ပျက်ဖူးတာနဲ့ အပေါစား မိန်းမ တစ်ယောက်ဖြစ်သွားရောတဲ့လား မာမီ၊ လူတိုင်း အမှားနဲ့ မကင်းပါဘူး''

သွားပြီ မင်းဆက် အချစ်ဆိပ် တက်နေတာ သေချာသည်။ ဒီအချိန်မှာ ဘယ်လို ပြောပြော နားဝင်မှာ မဟုတ်တော့၊ မင်းဆက်က ကွယ်ရာရောက်လျှင် လုပ်ချင်ရာ လုပ်တတ်ပေမယ့် ဒီလိုတော့ ပြန်မပြောခဲ့ဘူးပါ။

ဝင်းဖန့်စိုပြေသော မျက်နှာက နုဖတ်နေသည်။ စူးရှရှ မျက်ဝန်းတွေဖြင့် ကြည့်ကောင်းသော ကိုယ့်သားကိုယ် နှမျောလာမိသည်။

ဒီလောက် တင့်တယ်နေပါလျက်နှင့် ဘာမဟုတ်တာကိုမှ စိတ်





ဝင်စားတာက လွန်လွန်းပါသည်။ ယူကျုံးမရ ဖြစ်ခြင်းတွေဖြင့် ရင်ထဲမှာ ဆို့ကျပ်လာသည်။

''တော်ပြီ မင်းဆက်၊ မင်း ဘာမှ ဆက်ပြောမနေနဲ့တော့၊ မင်း ဒီမှာပဲ နေရမယ်၊ မင်းထင်တို့ဆီကို ခြေဦးတောင် လှည့်ဖို့ မကြိုးစားနဲ့ ဒါပဲ''

''ဟာ မာမီ''

ပြောပြီးသည်နှင့် လှည့်ထွက်သွားတော့ မင်းဆက် ပါးစပ်အဟောင်းသားဖြင့် ပြန်ပြောဖို့ ပြင်သည်။ သိပ်တင်းကျပ်လျှင် ထွက်ပေါက်ရှာသွားမှာလည်း ဆိုးပါသည်။

''နေဦး ကျန်သေးတယ်၊ မင်း အပြင်ထွက်ရင် တစ်ယောက်တည်း ထွက်လို့ မရဘူး၊ မျိုးဆက်ကို ခေါ်သွား ဒါပဲ''

မင်းဆက် ဘယ်လိုဖြစ်ကျန်ခဲ့သည် မသိ။ သူမ ဦးအောင်ထွက်လာခဲ့သည်။

အခုမှ ရင်ထဲ နည်းနည်း ပေါ့သွားသလိုလို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဂျပန်မြက်ခင်းပြင် စိမ်းစိမ်းပေါ်မှာ ဘီယာဘူးခွံနှင့် စီးကရက်ဖင်စီခံ အတိုအစတွေက ကျဲပြန့်နေသည်။ မြင်မကောင်းလောက်အောင် ရှုပ်ပွနေပေမယ့် မင်းဆက် ဂရုမထားနိုင်။ မျိုးဆက်ကို အကြိတ်အနယ် စည်းရုံးနေမိသည်။

"ဝင့်မှာက အိမ်ထောင်ပျက်ခဲ့တယ်ဆိုတဲ့ အားနည်းချက်ကလေးပဲ ရှိတာပါကွာ၊ ဒါကလည်း ဒီယောကျ်ားမကောင်းလို့ မပေါင်းဘဲ နေတာပေါ့၊ မိဘ ပေးစားလို့သာ ယူခဲ့ရပေမယ့် ဘာစီးပွားရေးမှ မလုပ်ဘဲ အပျော်အပါးလိုက်စားနေတော့ ဘယ်မိန်းကလေးက သည်းခံနိုင်မှာလဲ အဲဒါကြောင့် လွဲခဲ့ရတာ"

"အဲဒါတွေက ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ ကိုကြီး"





မျိုးဆက်က အနေအေးသလို စကားပြော ပြတ်သည်။ ငိုကာချဲ့နေတာကို စိတ်မရှည်သလို ဘုဆတ်ဆတ် မေးလိုက်တော့ မင်းဆက် အီလည်လည် ဖြစ်သွား၏။ ဘယ်တတ်နိုင်မှာလဲ ဒီလောက်တော့ သည်းခံရမှာပေါ့။

"ဪ ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်း သိသင့်တယ်ထင်လို့ ပြောပြတာပါ"

"ကျွန်တော်က ကိုယ်နဲ့မဆိုင်ရင် ဘာအကြောင်းမှ မသိချင်ဘူး"

စကားလမ်းကြောင်းက အစရှာမရတော့။ ပြတ်သားလွန်းသော ညီဖြစ်သူကို မင်းဆက် ဒေါသထွက်သွားမိသည်။ ကိုယ့်က အကူအညီလိုနေသူ ဆိုတော့ မျိုသိပ်ထားလိုက်ရ၏။

"အေးပါကွာ မင်းအကြောင်း ငါ သိပါတယ်၊ ခုဟာက ငါ့မှာ ရင်ဖွင့်စရာလူဆိုလို့ မင်းပဲ ရှိတာ၊ နားမထောင်ချင်လည်း အားနာပါးနာနဲ့ပဲ အောင့်အီးပြီး နားထောင်ပေးကွာ၊ ဒါမှ နည်းနည်း ပေါ့သွားမှာ"

သည့်တော့မှ မျိုးဆက် ပါးစပ်ပိတ်လျက် ဘာမှမပြောတော့။ မတတ်နိုင်။ သူ့မှာကလည်း ဝင့်နှင့်ဆက်သွယ်ဖို့ ဒီတစ်နည်းပဲ ရှိသည်။ မာမီက အိမ်မှာရှိသည့် ကြိုးဖုန်းကအစ အကာန်ပိတ်ထားသည်။

ဝင့်နှင့် ဖုန်းပြောချင်တာတောင် မပြောရသည့် အဖြစ်။ မျိုးဆက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း မာမီ ကြိုမှာထားမှာ သေချာသည်။ မျိုးဆက်ကို အဆင်ပြေအောင် ပြောမှ အပြင်ထွက်ပြီး ဝင့်နှင့်ဖုန်းပြောလို့ရမှာ ဖြစ်၏။

''ဝင့်က မာမီ ထင်သလို မဟုတ်ပါဘူးကွာ၊ တကယ့် အဖြူထည်လေးပါ၊ ဘဝပေး ကုသိုလ်ကံ မကောင်းခဲ့လို့သာ အခုလို ဖြစ်ခဲ့တာ၊ ဒါကြီးကို ရှိုးမယ်ဖွဲ့နေမယ်ဆိုရင် စိတ်ဓာတ် သေးသိမ်ရာ ကျပါတယ်၊ ဟုတ်တယ်မို့လား''

''အင်း''

''ပတ်ဝန်းကျင်ဆိုတာကလည်း ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ ခုနစ်ရက်ပဲ ဥစ္စာ၊ သူတို့ပြောတာ မောရင် နားသွားလိမ့်မယ်''

''အင်း''

ပြန်ပြောလည်း မကြိုက်မှန်း သိနေတာမို့ ပြောသမျှကို အင်းနေလိုက်၏။ ဒီလို ထောက်ခံမှ မင်းဆက် မျက်နှာ ကြည်သာလာသည်။ သူကတော့ ဒီဘက်နားကဝင် ဟိုဘက်နားက ထွက်သွားတာ ဖြစ်သည်။

''တကယ်ဆို ကိုယ့်မှာလည်း အစစအရာရာ ပြည့်စုံနေတာပဲကွာ၊ ဝင့်က တို့လောက် မချမ်းသာပေမယ့် သူ့ဟာသူတော့ ရပ်တည်နိုင်ပါတယ်၊ ပြီးတော့ သိက္ခာတရားဆိုတာ လူတစ်ယောက်ရဲ့ ပိုးခြင်း အိုခြင်းနဲ့မှ မဆိုင်တာ၊ အချစ်မှာလည်း ဒါတွေ မရှိဘူး၊ သူ့ရဲ့ အကျင့်စာရိတ္တ ကောင်းနေရင် ပြီးတာပဲ မဟုတ်ဘူးလား''





''အင်း''

ခံစားချက် အပြည့်နှင့် ဆိုနေပေမယ့် ဘာတွေမှန်းကို မသိ။ သူ့အတွက်တော့ တော်တော် စိတ်ညစ်ရသည်။ စိတ်မဝင်စားတာ သိလျက်နှင့် သူ့ကို စည်းရုံးရေး ဆင်နေတာကြီးက ပေါ်လွင်နေသည်။

ကိုကြီးကို သူ နားမလည်နိုင်တော့။ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေသည့် ကိုကြီး အခုမှ ဘာတွေ မွှန်နေတာလဲ။ ကိုကြီး မျက်နှာကို ကြည့်ပြီး စိတ်မကောင်း ဖြစ်မိသည်။

မာမီကတော့ ကိုကြီးကို ထိန်းချုပ်နိုင်ဖို့ ကြိုတင်စီစဉ်မှုတွေ ပြုလုပ်နေတာ သေချာသည်။ ကိုကြီး အပြင်ခေါ်လျှင် ဂရုစိုက်ဖို့ သူ့ကို ကြိုမှာထားသည်။

သူ့ သဘောထားကတော့ ရှင်းပါသည်။ မာမီ့အမိန့်ကို မလွန်ဆန်ရဲပေမယ့် ကိုကြီး တောင်းဆိုလာလျှင် လိုက်လျောဖို့အတွက်ကျတော့လည်း ဝေခွဲရ ခက်နေသည်။ ဒီတော့ မသိသလို နေလိုက်တာ ကောင်းသည်။

''မျိုးဆက်''

ကိုကြီး ခေါ်သံကြောင့် အတွေးလွန်သွားတာ သတိရမိသည်။ သူ ကြည့်လိုက်တော့မှ ကျေနပ်သွားပြီး

''ဘယ်လိုဖြစ်တာလဲကွာ၊ ငါ့စကားကို နားထောင်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ နားထောင်နေပါတယ်"

"ငါ မနက်ကို အပြင်ထွက်ချင်တယ်ကွာ မင်း အားလား"

"ကျွန်တော်"

စကားက လည်ချောင်းဝမှာ တစ်ဆို့နေသည်။ ဘယ်က ဘယ်လို ပြောရမှန်း မသိတော့။ သူ့အဖြစ်က အမေနှင့် အစ်ကိုကြားက ဗျာများနေရသည်။

ကိုကြီး မုန်းလည်း မုန်းပါစေတော့ဟု သဘောပိုက်မိသည်။ သူ ငြင်းဖို့ ပါးစပ်ပြင်လိုက်စဉ် ကိုကြီးက လက်ကာပြရင်း

"နေဦး မင်းစာသွားသင်ရမှာ ငါ သိပါတယ်၊ ခဏလေးပါကွာ အလွန်ဆုံး နောက်ကျခဲ့ရင် နာရီဝက်လောက်ပေါ့"

"ကျွန်တော်က"

"မင်း နောက်ကျလို့ မရတာ ငါ သိပါတယ်ကွာ၊ ငါ့ဘက်ကလည်း ဝင့်နဲ့ စကားပြောမှ ဖြစ်မှာ၊ ဖုန်းပြောရုံလေးပါကွာ"

သူ ပြောမှာက မာမီ သိလျှင် မလွယ်မယ့် အကြောင်း ကိုကြီးက သူလိုရာကိုသာ ဆွဲပြောသွား၏။

"ဘယ်နေရာ သွားမှာလဲတို့ ဘယ်သူနဲ့ ဖုန်းပြောမှာလဲတို့ မမေးနဲ့ မျိုးဆက်၊ ငါက မင်းထက် အကြီးနော်၊ အကြီးလုပ်တဲ့သူရဲ့ စကားကို နားထောင်ရမှာ အငယ်ရဲ့ တာဝန်ပဲ၊ မင်း တာဝန်က ငါ့





နောက်က လိုက်ခဲ့ဖို့ပဲ၊ စိတ်ချ မင်းကို မာမီ မဆူစေရဘူး"

"အင်း ကောင်းပြီလေ သွားကြတာပေါ့"

အောင့်သက်သက်နှင့် လက်ခံလိုက်ရသည်။ သူ ပြောချင်ရာ ပြောပြီး အကူအညီ ဖွတ်တောင်းသွားပြီးတော့

မာမီ သိလျှင် သူ့ကို နေစရာမရှိအောင် ဆူမှာ သေချာသည်။ မတတ်နိုင် မီးစင်ကြည့် ကရတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဘယ့်နှယ်လဲ သမီး"

ဒေါ်ထိပ်တင်စန်းက မျှော်လင့်တကြီး မေး၏။

"မေမေ ဘာကိုဆိုလိုချင်တာလဲ နိုက် နားမလည်ဘူး"

"သမီး သိသိကြီးနဲ့ ဘာကြောင့် မေမေ့ကို မေးခွန်းပြန်ထုတ်နေတာလဲ"

"မေမေပဲ စဉ်းစားကြည့်လေ၊ အိမ်ထောင်ပြုရမယ့်ကိစ္စကို ခေတ်ပုံကြည့်ပြီး ဆုံးဖြတ်ရမယ်ဆိုတော့ သမီး ဘာဖြစ်သွားပြီလဲ၊ မိဘ ပေးစားတာ ဆိုပေမယ့် နိုက်ဘက်ကိုလည်း မေမေတို့ ထည့်တွက်သင့်ပါတယ်"

ဘဝင်နိုက် နှုတ်ခမ်းစူကာ ဆိုတော့ ဒေါ်ထိပ်တင်စန်း ခပ်





ရေးရေးလေး ပြုံးသည်၊ နိုက်က လူရှေ့သူရှေ့ဆို ဖျတ်လတ်သွက်လတ်ပြီး ရင့်ကျက်တည်ငြိမ်သလောက် မအေ့ရှေ့ရောက်တော့ ကလေးလိုဖြစ်နေတတ်သည်။

တစ်ဦးတည်းသော သမီးပီပီ နိုက်က ဆိုးနွဲ့ချင်သည်။ ဒေါ်ထိပ်တင်စန်း အပြစ်မဆိုရက်ပါ။

"မေမေက အကုန်လုံး အကဲခတ်ပြီးသားပါကွယ်၊ ပြီးတော့ တခြားလူတွေမှ မဟုတ်ဘဲ၊ ကောင်လေးက လူချောလေး ဆိုတာ သမီး အမြင်ပဲ၊ ရည်ရည်မွန်မွန်နဲ့ အဆင့်အတန်း မျိုးရိုးကလည်း ပြောစရာမလိုဘူး"

ဟိမဝန္တာ ချိုးကျူးခန်း ဖွင့်နေတာမို့ နိုက် စိတ်ပျက်စွာ ခေါင်းကုတ်မိသည်။ ကိုယ်က ပေါင်းရမည့်သူ။ အခုခေတ်မှာ လူရိုးပါ လူအေးပါနဲ့ နောက်မှ လုပ်ချင်ရာ လုပ်မည်ဆိုသည့် လူမျိုးက ခပ်များများ။

"ကိုယ် မသိတဲ့ လူနှစ်ယောက်တည်းက သူပါလို့ ရွေးရမှာတော့ သိက္ခာကျပါတယ် မေမေရယ်၊ နိုက်တော့ သိပ်စိတ်ပျက်တာပဲ"

"အဲဒီလိုကြီးတော့ မဟုတ်ပါဘူး သမီးရယ်၊ သူတို့ဘက်ကလည်း အဆင်ပြေမယ့်သူနဲ့ စီစဉ်ပေးချင်တာပါ၊ အလောတကြီးလည်း မဟုတ်ပါဘူး၊ သမီးဘက်က လေ့လာ အကဲခတ်ခွင့် ရှိပါတယ်၊ ဒါပေမဲ့ သမီး သိထားရမှာက သူတို့နှစ်ယောက်တည်းက တစ်ယောက်ကို ကျန်းသေ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရမယ်ဆိုတာပဲ''

မေမေ့ စကားသံက အပိုအလို တစ်ခုမှမရှိ၊ နိုက် သိနေပါသည်။ ဘယ်လိုမှ ငြင်း၍ ရတော့မှာ မဟုတ်တာကို။ မာမီ တစ်ခုခုကို ဆုံးဖြတ်ပြီးပြီဆိုလျှင် နိုက် မငြင်းဆန်နိုင်ဘဲ အလျှော့ပေးခဲ့ရတာက ဟိုးယခင်ကတည်းက။

လက်ထဲက ဓာတ်ပုံကို ဒုတိယအကြိမ် ပြန်ကြည့်မိသည်။ ရုပ်ရည်ကတော့ တကယ့်ကို ဟောလိဝုဒ် မင်းသားတစ်ယောက်လိုပါပဲ။ ဂျင်းဘောင်းဘီနှင့် ဂျင်းကုတ်ကို ဝတ်ဆင်ထားသည်။

မျက်နှာက ရှင်းသန့်လျက် အလယ်ခွဲဆံပင်နှင့် အနောက်ဘက်က ဆံပင်တွေက ဂုတ်ထောက်ပုံစံ ဖြစ်သည်။

''ရော့ သမီး ဒါက အငယ်ကောင်လေးပုံ၊ ခုန ကြည့်တာက အကြီးကောင်လေ''

မေမေ လှမ်းပေးသည့် ဓာတ်ပုံကို လှမ်းယူလိုက်သည့် နိုက် လက်တွေက ခံစားချက် မဲ့နေသည်။ ဒါကို မေမေကလည်း ရိပ်မိပုံရပါသည်။ ချက်ချင်း ဆိုသလို မျက်နှာကို တင်းလိုက်ပြီး

''သမီး သမီး ဘာဖြစ်နေတယ်ဆိုတာ မေမေ သိတယ်နော်၊ ကာသိကအောက် ဖြစ်အောင် လုပ်ဖို့ မကြိုးစားနဲ့၊ အခု မေမေတို့ စီးပွားရေး အခြေအနေကိုလည်း သမီး သိမှာပေါ့၊ တိုက်နဲ့ကားနဲ့ ကုန္ဒြေ





မပျက် နေနိုင်သေးတယ်ဆိုပေမယ့် နောက်ဆို ဒီထက် ပိုဆိုးဖို့ပဲ ရှိတော့တာ''

နိုက် ဘာမှ မပြောတတ်တော့ပါ။ မေမေ့ စကားလုံးတွေအောက်မှာ ချည်နှောင်ခြင်း ခံလိုက်ရပြီပဲ။ လက်ထဲက အငယ်ကောင်ရဲ့ပုံကို မကြည့်ချင်ပါဘဲ ဝတ္တရားဟု သဘောထားကာ ကြည့်လိုက်ရသည်။

သေသပ်စွာ ဖြီးသင်ထားသည့် ဆံပင်တွေက ဘေးခွဲပုံစံ ဖြစ်သည်။ ရှပ်အင်္ကျီ လက်ရှည် နီညိုရောင်ကို လက်ပြန်ခေါက်တင်၍ ဝတ်ထားပြီး ကချင်ပုဆိုး ရေစိုလေးနှင့် အသားအရည်က ဝင်းဖန့်နေ၏။

ပုံစံက လူကြီးဆန်နေပေမယ့် နုဖတ်နေအောင် ချောပါသည်၊ ထူးတော့ ထူးဆန်းသည်။ အကြီးက လူငယ်ဆန်ပြီး အငယ်က လူကြီးဆန်နေသည်။

ယှဉ်ကြည့်လိုက်လျှင်တော့ အကြီး ချောတာ အငယ်ကို မမီ။ အငယ်သာ လူငယ်ဆန်ဆန် ဝတ်စားလိုက်လျှင် တကယ် ဆယ်ကျော်သက်လေးလို ထင်ရလောက်သည်၊ နှုတ်ခမ်းတွေက မထူမပါး စိုရဲနေတာသာ ကြည့်လေ။

''အကြီးကောင်ကတော့ စီးပွားရေးသမား၊ နှစ်ယောက်လုံးက စီးပွားရေးနဲ့ ဘွဲ့ရထားတာလေ၊ အကြီးက လုပ်ငန်းတွေ စလုပ်နေပြီ၊ အငယ်ကတော့ စီးပွားရေးကို သိပ်စိတ်မဝင်စားဘူး၊ သူက စာသင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါတယ်လေ၊ ဆယ်တန်းကလေးတွေကို စာပြတဲ့ ကျူရှင်ဆရာလို့ ပြောတယ်၊ အငယ်ကောင်က မအေစကားကို မြေဝယ်မကျ နားထောင်တဲ့ သားလိမ္မာဆိုပဲ၊ အားလုံး အမေ့သဘောကျပဲတဲ့ သမီးရဲ့''

''ဟင်း တော်တော်ဆိုးတာပဲ ကိုယ်ပိုင်ဆုံးဖြတ်ချက် မရှိမှတော့ ယောက္ခမ မျက်နှာ ကြည့်နေရမယ့် အဖြစ်ကြီးက မနိမ့်သေးပါဘူး''

ခိုက် ညည်းညည်းညူညူလေး ဆိုလိုက်တော့ မေမေက သက်ပြင်းရှိုက်ရင်း

''မိဘစကား နားထောင်တာ မင်္ဂလာရှိတာပေါ့ သမီးရဲ့၊ မေမေကတော့ အငယ်ကောင်လေးကိုပဲ သဘောကျတယ်၊ ဒေါ်သင်းသင်းမျိုးကလည်း ဆိုးသွမ်းနေတာမှ မဟုတ်တာကွယ်''

''ဆိုးသွမ်းနေတာ မဟုတ်ပေမယ့် အမေ ခိုင်းသမျှ လိုက်လုပ်နေမှတော့ ခိုက်နဲ့သူ့အမေနဲ့က အဆင်မပြေရင် ဘယ်လိုလုပ်မလဲ''

''ဒါဆိုလည်း အကြီးကို ရွေးလိုက်ပေါ့ကွယ်''

''သူလည်း မဖြစ်ပါဘူး မေမေရယ်၊ ပုံစံကြည့်ရတာ တော်တော် ရည်းစားများမယ့်ပုံ၊ ခိုက်နဲ့ ဖြစ်မှာ မဟုတ်ပါဘူး''

ခိုက်ကတော့ မျက်စိစုံမှိတ်၍သာ ငြင်းနေမိသည်။ ငြင်းနေမိပေမယ့် မခံချင်စိတ်ဖြင့်သာ ဖြစ်သည်။ အချိန်တန်ရင်တော့ မေမေပြောသမျှ လက်ခံရမှာ သိနေသည်။





''တော်စမ်း သမီး ဘာမှမသိဘဲ ရမ်းပြောမနေစမ်းနဲ့၊ သူတို့က အဆင့်အတန်းရော မျိုးရိုးပါ ဘာမှ ပြောစရာရှိတာ မဟုတ်ဘူး၊ သမီးရှင်တိုင်း လက်လွှတ်မခံချင်အောင် ကျိုကျိုတက် ချမ်းသာတဲ့သူတွေ၊ တခြား သမီးရှင်တွေ ခယနေကြတဲ့ကြားက ကိုယ့်လိုလူကို စပြီး ကမ်းလှမ်းလာတာ ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ''

မေမေက မျက်မှန်ကို ပင့်ရင်း ဆိုလိုက်သည်။ ခိုက် လက်သည်းကို ကိုက်ရင်း နှုတ်ခမ်းစူထားမိသည်။ မကြည်မလင် ဖြစ်နေတာ သိသိကြီးနဲ့ မေမေက ဆက်ပြောနေပြန်သည်။

''ဒေါ်သင်းသင်းမျိုးက ချမ်းသာသလောက် မာနသိပ်ကြီးတာ အငယ်ကောင်က သူနဲ့တူတာ အနေတည်ပေမယ့် မာနကတော့ ဘာကြီးသလဲ မမေးနဲ့တဲ့၊ စီးပွားရေး လုပ်နိုင်းတာတောင် မလုပ်ချင်ဘူး စာသင်ရတဲ့ ကျူရှင်ဆရာဘဝကိုပဲ မက်မောတယ်တဲ့လေ''

ခိုက် နားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက်။ သူ့ဘာသာ မာနကြီးရုံမကလို့ ဘာကြီးဖြစ်နေနေ ခိုက် စိတ်မဝင်စားပါ။ ခိုက် သိတာက ဒီလိုအနေအထားမျိုးနှင့်ဆို ခိုက် စိတ်နှင့် အဆီအငေါ်မတည့်မှာ သေချာနေသည်။

''ခိုက် မေမေ ပြောနေတာကို ခေါင်းထဲမှာ သေသေချာချာ ထည့်ထားနော်၊ သည်းခံပြီး နားထောင်နေတာမျိုး မေမေ မကြိုက်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နိုက် နားထောင်နေတာပဲ မေမေရယ်၊ သေသာ သေလိုက်ချင်တော့တာပဲ၊ နိုက်အတွက်တော့ တကယ့် ဝဋ်ပဲ"

နိုက် ငိုမဲ့မဲ့ ပုံစံလေးဖြင့် ညည်းသွားမိသည်။ နိုက် အဖြစ်က အခုမှ ဆုပ်လည်းဆူး စားလည်းရှူးရတော့မည့် အဖြစ်။ ကိုယ့်ဘာသာ အေးအေး နေချင်လို့ ရည်းစားမထားခဲ့တာတောင် ရှောင်လို့မရ။

မေမေ ဘာမျှ ဆက်မပြောတော့ဘဲ နိုက်ကို စူးစိုက်ပြီး ကြည့်နေသည်။ မေမေ့ပုံစံက ဆုံးဖြတ်ချက် တစ်ခုကို စီရင်ချက်ချတော့မည့် ပုံစံ။ နိုက်ကတော့ တရားခံပေါ့။

"ဘ ဝင် နိုက် မေမေ ပြောတာကို သေသေချာချာ နားထောင်"

တစ်ဖက်ကို ငေးနေရာမှ တစ်လုံးချင်း သူမ နာမည်ကို ခေါ်လိုက်သံကြောင့် ကျောကလေး တွန့်သွားရသည်။ မေမေက နိုက်ကို သမီးဟုသာ အများဆုံး သုံးနှုန်းပါသည်။

နာမည်အပြည့်အစုံကို ခေါ်လိုက်လျှင် ငြင်းဆန်မရအောင် အမိန့်ပေးတော့မှာဖြစ်ကြောင်း နိုက် အရိုးစွဲနေခဲ့ပြီ။

"ညည်း မေမေ လက်နဲ့ရေးတာကို ခြေနဲ့မဖျက်ပါနဲ့၊ မေမေ စီစဉ်တဲ့အတိုင်း လက်ခံရမယ် ဒါပဲ"

မေမေ့ ရာဇသံအဆုံးမှာ နိုက် တစ်ယောက်တည်း. . ။

■ ■ ■



## အခန်း (၅)

ဖုန်းချပြီး လှည့်လာသည့် ဒေါ်သင်းသင်းမျိုး မျက်နှာက ဝင်းပကြည်စင်နေသည်။ အလိုမကျမှုတွေ ပြည့်နှက်နေတတ်သည့် မျက်နှာက အတိုင်းထက် လွန်သွားတာ သိသာလွန်းသည်။

ညီအစ်ကိုနှစ်ယောက် နားမလည်နိုင်စွာဖြင့် တစ်ယောက်ကို တစ်ယောက် မေးငေါ့ပြမိသည်။ မေမေကတော့ မသိရှာ။ တစ်ခုခုကို တွေးပြီး ကျေနပ်နေဟန်ဖြင့် ဆိုဖာထက်သို့ သက်တောင့်သက်သာ ဝင်ထိုင်လိုက်၏။

ခဏကြာမှ မာမီက သူတို့ဘက် လှည့်လာ၏။ နှစ်ယောက်စလုံးကို ဝေ့ကြည့်ပြီး စကားစဖို့ ချောင်းတစ်ချက် ဟန့်သည်။

"အဟမ်း မင်းတို့နှစ်ယောက်စလုံးကို မာမီ ပြောစရာ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး မာမီ့မျက်နှာကို အာရုံစိုက်လိုက်ကြသည်။ မာမီက သူ့ကို အလေးအနက် ထားမှ သဘောကျတတ်သည်။ မာမီက မင်းဆက်သစ် မျက်နှာကို တည့်တည့်စိုက်ကြည့်ကာ

"အဓိက ပြောရမယ့်သူက မင်းဆက်ပဲ၊ မင်းရည်းစားတွေ အများကြီး ထားခဲ့တာ မာမီ သိပြီးသားပါ၊ လူငယ်သဘာဝပဲဆိုပြီး မာမီ လက်ပိုက်ကြည့်နေခဲ့တယ်၊ အခုတော့ မင်း အခြေအနေက မာမီ ဝင်ပါရတော့မယ့် အခြေအနေ ဖြစ်လာပြီလို့ မာမီ ထင်တယ်၊ အဲဒီတော့ မင်း မာမီ စီစဉ်ပေးတာကို လက်ခံရမယ်"

သူတို့ကို အိမ်ထောင်ချပေးဖို့ဆိုတာ နှစ်ဦးစလုံး သဘောပေါက်လိုက်မိပါသည်။ မာမီ့ကို ကြည့်ရင်း ကိုကို လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

မာမီက အခြေအနေကို ရိပ်စားမိဟန်ဖြင့် လက်ကာပြရင်း

"မင်း တစ်ယောက်တည်းကို ပြောနေတာ မဟုတ်ဘူး မင်းဆက် မျိုးဆက်လည်း မာမီ စီစဉ်ပေးတာကို လက်ခံရမှာပဲ"

မျိုးဆက် ဘာမှမပြောဘဲ ငြိမ်သက်နေလိုက်သည်။ သူ့ကို မာမီက ကြိုပြောပြီးသားမို့ အထွန့်မတက်ချင်တော့ပါ။

"မဟုတ်သေးပါဘူး မာမီရယ် ကျွန်တော့်မှာက"

"တော်စမ်း နှစ်ယောက်စလုံး မာမီ့စကားကို နားထောင်ရမယ်၊ နားမထောင်ဘဲ ကလန်ကဆန် လုပ်ရင် မာမီ့အဆိုး မဆိုနဲ့"





ကိုကို ဘာမှ ဆက်မပြောနိုင်ဘဲ အာစေးထည့်ထားသလို ခေါင်းငိုက်စိုက်ကျသွားသည်။ သူ ကိုကို့ကို နားလည်မိပါသည်။

"မင်းဆက် မင်း အရေးကြီးတယ်၊ မာမီ ပြောတာ ကြားလား"

ကိုကို လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး လေးတွဲစွာ ခေါင်းညိတ်သည်။ မာမီက စိတ်တိုင်းမကျသလို ခေါင်းခါလိုက်သေး၏။

"မျိုးဆက် မင်းကော ကြားတယ်နော်"

"ဟုတ်ကဲ့ ကြားပါတယ် မာမီ"

တည်ငြိမ်စွာပဲ ပြန်ဖြေလိုက်မိသည်၊ ကိုကိုကတော့ တော်တော် စိတ်ညစ်နေမည် ထင်၏။ သူ့အတွက်ကတော့ ရည်းစားလည်းမထားဘူး အချစ်ဆိုတာလည်း နားလည်သူ မဟုတ်တော့ ကိစ္စမရှိ။

မာမီ စီစဉ်ပေးသောသူနှင့် အဆင်ပြေလျှင်လည်း လက်ထပ်လိုက်မည်။ အဆင်မပြေတော့လည်း မီးစင်ကြည့်ကမည်ဟု ကြိုတင်တွက်ဆပြီးသား။ မာမီကတော့ သဘောကျနေသည်။

"မင်းဆက်"

"ဟုတ်ကဲ့ ပြောပါ မာမီ"

"မနက်ဖြန် မိန်းကလေးအိမ်ကို သွားရမယ်၊ မင်းသိအောင် မာမီ ကြိုပြောထားတာ ကြိုတင် ပြင်ဆင်စရာရှိတာ ပြင်ဆင်ထား"

ကိုကို ဘာမျှ ဆက်မပြောတော့၊ တစ်ခုခုကို တွေးတောနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သတိထားမိသည်။ မာမီ့ကို စောဒက တက်လည်း အကြောင်း မထူးမှာကို သူလည်း သိနေပါသည်။

မျက်နှာက မကြည်မလင်ဖြင့် အံကို ဖိကြိတ်ထားသည်။ အကင်းပါးသော မာမီက ဒါကို မြင်တွေ့နေပေမယ့် ဘာမှ မပြောပါ။

မာမီ ပြောသမျှ နာခံနေတာမို့ မပြောတာ ဖြစ်နိုင်သည်။ မာမီက သူ့ဘက်ကို တစ်ချက်မှ မကြည့်တော့ဘဲ ကိုကို့ထံမှာသာ။

"စက်ရုံကို သွားစရာရှိတယ်ဆိုတာ မျိုးဆက်ကိုပဲ လွှတ်လိုက်ကြားလား၊ ဘာဆင်ခြေမှ မလိုချင်ဘူး"

ကိုကိုက ဘာမှပြန်မပြော။ သူနှင့်တိုက်ရိုက် ပတ်သက်လာတော့ သူ မနေသာတော့။ သူကလည်း စက်ရုံသွားကြည့်ဖို့ကို အမုန်းဆုံး။

"မာမီ ကျွန်တော်က စာသွားသင်စရာ ရှိသေးတယ်လေ"

မျိုးဆက်က ကျောင်းပြီးသွားပြီ ဆိုပေမယ့် ဘယ်လုပ်ငန်းတွင်မှ ဝင်မပါ။ သူတို့ ပိုင်သော စက်ရုံတွေ၊ ပွဲရုံလုပ်ငန်းတွေ များစွာ ရှိသော်လည်း သူ ဝါသနာထုံတာက စာသင်ခြင်း ဖြစ်သည်။

ပထမတော့ အသိမိတ်ဆွေထဲက တက္ကသိုလ်ဝင်တန်း ဖြေမည့် ကျောင်းသားနှစ်ယောက် သုံးယောက်ကို ပြပေးခဲ့သည်။ နောက်တော့လည်း စိတ်ပိုပါလာပြီး ကျူရှင်ဆရာတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ခဲ့သည်။





ဒေါ်သင်းသင်းမျိုး သိပ်သဘောမကျပေမယ့် သူ ဝါသနာပါနေတာလည်း ဘာတတ်နိုင်မှာလဲဟု သဘောထားလိုက်သည်။

ကောင်မလေးကဲကဲလေးတွေနဲ့ဆို ဒေါ်သင်းသင်းမျိုး ရင်လေးနေမိတာ အမှန်။ အိုးချင်းထား အိုးချင်းထိ ကြိုးချင်းထား ကြိုးချင်းငြိ မဟုတ်လား။

"အဲဒီ စာသင်ချိန်ကို ပျက်လိုက် မျိုးဆက်"

"ဘယ်ဖြစ်မလဲ မာမီရဲ့၊ ကျွန်တော် ကျောင်းသားတွေကို ချိန်းထားပြီးသား၊ စကားတွေလည်း ကျွံထားတာ၊ တော်ကြာ ကိုယ်က ဖျက်လိုက်ရင် ငပေါကြီး ဖြစ်သွားမှာပေါ့"

"အို မလိုချင်ဘူး၊ မင်း ငါ ပြောတဲ့အတိုင်းလုပ်၊ စာသင်ချိန်တစ်ချိန်ဆိုတာ ပြန်အစားထိုးလိုက်လို့ ရတာပဲ"

မာမီကတော့ ဖွတ်တရွတ်ဆန်နေပြီ၊ သူကလည်း ကျောင်းသားတွေကို စာသင်ချိန် ပျက်ကွက်လျှင် ဘာဖြစ်တယ် ညာဖြစ်တယ်နှင့် ကြိမ်းမောင်းထားတာ အခုတော့ ဒုက္ခဖြစ်ပြီ။

ဆရာ မလာလို့ရှိရင် ဘယ်လိုလုပ်မလဲ ဆိုတော့ သူ ဒေါသဖြစ်ဖြစ်နဲ့ မင်းတို့ငါ့ကို အပြစ်ပြန်ပေး ပေးတဲ့အပြစ်ခံမယ်ဟု အာမခံခဲ့သေးသူ။ မာမီနဲ့ယှဉ်လိုက်တော့လည်း ဘာတတ်နိုင်မှာလဲ။

"အင်းလေ စာသင်ချိန်တော့ ဖျက်လို့ မဖြစ်ဘူး၊ စာသင်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လိုက်မှ ရမှာပေါ့''

''အေး မင်း အဆင်ပြေတယ်ဆိုရင် ပြီးတာပဲ၊ မနက်ဖြန်ကျရင် အသင့် ဖြစ်ပါစေနော်''

မာမီ ပြောတော့ ကိုကိုက နားလည်ပါတယ်ဟု ဖြေရင်း နေရာမှ ထွက်သွား၏။ မာမီကတော့ ဗျစ်တောက် ဗျစ်တောက်ဖြင့် ကျန်ခဲ့သည်။

ကိုကိုကတော့ လည်လွန်းတဲ့ဘီး ဟိုဟာသင့် ဆိုသလိုပေါ့။

■ ■ ■

## အခန်း (၆)

မင်းဆက် အိပ်ရာထက်မှာ လူးလိမ့်ရင်း ဘယ်လိုမှ အိပ်မပျော်။ မာမီ့စကားသံတွေ ကြားယောင်ရင်း အကြီးအကျယ် စိတ်ပျက်နေမိသည်။

အိမ်ပြန်ရောက်ကတည်းက အလိမ္မာသုံးပြီး မာမီက သူ့ကို ထိန်းချုပ်ထားသည်။ ဝင့်နှင့် ဖုန်းပြောဖို့တောင် ညီ့ကို အကူအညီတောင်းရသည်။ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်သည့် မာမီ စိတ်ဓာတ်ကို သူ သိနေသည်။ ဘယ်နည်းနဲ့မှ ရှောင်လွှဲလို့ ရမှာမဟုတ်။

မာမီ ဘာကြောင့် ဝင့်ကို နားမလည်နိုင်ရတာလဲ။ ဝင့်ကို ချစ်ခဲ့မိတဲ့ သူ့အချစ်ကို မာမီနဲ့ ပဋိပက္ခ ဖြစ်လာမှာ ကြိုတွက်ထားမိပေမယ့် မာမီ ယခုလောက်အထိ စီစဉ်လာလိမ့်မည်ဟု ထင်မထားခဲ့။

ဝေးကြပြီလား ဝင့်ရယ်ဟု တီးတိုး ညည်းညူမိသည်။ ဖုန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကြားလိုက်ရသည့် ဝင့်အသံလေးကို ပြန်ကြားယောင်မိသည်။

"ဝင့်က မင်းဆက်ကို မယုံလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အခြေအနေက တွေးကြည့်ရင် ဘယ်လိုမှ ယုံရဲစရာ မရှိမှ မရှိတာ၊ မင်းဆက်တို့ ဘယ်လောက် ချမ်းသာတယ်ဆိုတာ ဝင့် သိထားတယ်လေ၊ ပြီးတော့ မင်းဆက် မာမီအကြောင်းကို မင်းဆက် အသိဆုံး ဖြစ်မှာပေါ့၊ ဝင့်က မင်းဆက်တို့နဲ့ နှိုင်းယှဉ်လိုက်ရင် အများကြီး နိမ့်ကျပါတယ်၊ ဝင့်အကြောင်းကိုလည်း မင်းဆက် မာမီ သိနေမှာပါ၊ ဒါကြောင့် မင်းဆက်ကို ပြန်ခေါ်ခဲ့တာပေါ့"

ဝင့် ပြောခဲ့သည့်အတိုင်း ယခုတော့ လက်တွေ့ ကြုံနေရပြီ။ ဝင့်က အရာရာကို အလေးအနက်ထား စဉ်းစားခဲ့ပေမယ့် သူက ပေါ့ပေါ့တန်တန်သာ သဘောထားခဲ့သည်။ အခုတော့ သူ့အဖြစ်က ရှေ့မတိုးသာ နောက် မဆုတ်သာ။

တွေးကြည့်လေ စိတ်ဆင်းရဲရလေ ဖြစ်သည်။ သူ ဘာလုပ်ရမှာလဲ။ မာမ့်စကားကို နားထောင်ရမှာလား ဒါမှမဟုတ် ဝင့်ကို ငဲ့ညှာရမှာလား။

ဖြစ်နိုင်လျှင် ဒီအကြောင်းတွေကို မတွေးချင်တော့ပါ။ မာမီ စိတ်ဆင်းရဲမှာစိုးသလို ဝင့်ကိုလည်း မစွန့်လွှတ်နိုင်။ ဒွိဟတွေကြားမှာ အလိုက်သင့် စီးမျောနေခဲ့သည်။ လက်က နာရီကို ကြည့်မိတော့ ဆယ့်နှစ်





နာရီခွဲရှိပြီ။

လဲလျောင်းနေရာမှ ငေါက်ခနဲ ထထိုင်မိသည်။ မျိုးဆက်ကို အကူအညီ တောင်းရင် ကောင်းမလား။ ဒါပေမဲ့ မျိုးဆက်က မာမ့်စကားနားထောင်ဖို့ ရွေ့ပြည့်အေးတရား ဟောလာမှာလည်း ဆိုးရသေးသည်။

ဖုန်းဆက်ဖို့ အကူအညီတောင်းတုန်းကတောင် သူ့မှာ ပါးစပ်မှ အမြှုပ်ထွက်ခမန်း ပြောရသည်။ မျိုးဆက်အနေနဲ့ သူ့ကိုအကူအညီပေးနိုင်မှာ မဟုတ်တာက သေချာနေသည်။

ရင်တွေတောင် ပူလောင်လာသည်။ အိပ်ရာဘေး စားပွဲထက်က ရေဘူးကို ယူ၍ မော့သောက်ပစ်လိုက်သည်။ အေးမြသည့် ရေက လည်ချောင်းတစ်လျှောက် စီးဝင်သွား၏။

ပူလောင်သောကတွေကိုတော့ ပြေပျောက်မသွားစေနိုင်ခဲ့။ သူ့ကို မယုံမရဲဖြင့် ချစ်ခဲ့သည့် ချစ်သူလေးကို သတိရမိတော့ နေမထိ ထိုင်မသာ ဖြစ်ရသည်။

စွန့်စားဖို့ တွေဝေ တွန့်ဆုတ်နေမိသည့် ကိုယ့်အဖြစ်က ရယ်ဖို့ကောင်းပါသည်။ အမေနှင့် ချစ်သူကြားမှာ ဝေခွဲရခက်နေမိသည်။

ကြာတော့ ဘာကိုမှ မစဉ်းစားချင်တော့ ပူလောင်မှုတွေပြေလို ပြေငြား ရေချိုးခန်းဘက် ထွက်လာမိသည်။

ရေချိုးခန်းနားရောက်တော့ ရေအိမ်မှ ထွက်လာသော ညီနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည်။

"ဟင် ကိုကို ရေချိုးမလို့လား အချိန်မတော်ကြီး"

"အေးကွာ ပူအိုက်လွန်းလို့ အိပ်မရဘူးလေ"

"စောစောလည်း အိပ်ရာဝင်ဦးနော်၊ မနက်ကျ မာမီနဲ့ လိုက်သွားရမှာ မဟုတ်လား"

သူပြောတော့ ကိုကိုက ခေါင်းအသာ ဆတ်ပြ၏။ ကိုကို စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေပုံရသည်။ အေးပေါ့လေ ကိုကိုက သူ့ချစ်သူကို ဘယ်လောက်ချစ်လဲမှ မသိတာ။

ကိုကို ရေချိုးခန်းထဲ ဝင်သွားတော့ သူ ထွက်လာခဲ့သည်။ ကိုကိုကိုတော့ အပြစ်မမြင်ရက်ပါ။

■ ■ ■

"ဘာ မင်းဆက် အိမ်ကထွက်သွားပြီ ဟုတ်လား"

မာမီ မျက်နှာက အံ့သြမှုထက် ဒေါသတွေ လွှမ်းကဲနေတာ သေချာသည်။ အံကြိတ်ထား၍ ပါးကြောတွေ ထောင်တက်နေတာကို အတိုင်းသား မြင်ရသည်။

"ဒီမှာ ကိုကြီးထားခဲ့တဲ့စာ ကျွန်တော့် အခန်းတံခါး အောက်ကနေ ထိုးသွင်းသွားခဲ့တာ မာမီ"

သူ့လက်ထဲက စာခေါက်ကလေးကို လှမ်းယူပြီး မာမီက





ကပျာကယာ ဖွင့်ဖတ်သည်။ မာမီ တော်တော် ခံစားနေရပုံ ရှိသည်။

မင်းဆက် လုပ်ရပ်က ဒေါသင်းသင်းမျိုး နှလုံးသားကို တဆစ်ဆစ် နာကျင်စေသည်။ စာကို အလျင်အမြန်ပဲ ဖတ်လိုက်သည်။

မာမီ

ကျွန်တော် မာမီအလိုကျ နေပေးချင်ပါတယ်။ ဒါပေမဲ့ ဝင့်ကို ကျွန်တော် မခွဲနိုင်ဘူး မာမီ။ ဝင့်က လွဲပြီးတော့လည်း ဘယ်သူ့ကိုမှ ချစ်လို့ရမှာ မဟုတ်ဘူး။ ဝင့်ကို တစ်ဘဝလုံးအတွက် ရည်ရွယ်ထားခဲ့တာလေ။ မာမီဆန္ဒကို မလိုက်လျောခဲ့နိုင်တဲ့အတွက် ခွင့်လွှတ်ပေးပါ။

မာမီ ကျွန်တော့်ကို နားလည်ပေးပါလို့ တောင်းပန်ပါရစေ။

စာက လက်မှတ် မပါပေမယ့် မင်းဆက်သစ် လက်ရေးဆိုတာက သေချာပါသည်။

"တောက်"

စာကို လုံးချေပြီး လွှင့်ပစ်လိုက်မိသည်။ ပြီးတော့ မျိုးဆက်သစ်ဆီကို စူးရှသော အကြည့်တွေ ပို့လွှတ်ပစ်လိုက်သည်။

"မျိုးဆက် ဒါ မင်း ပယောဂ မပါတာတော့ သေချာပါတယ်နော်"

"ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ မာမီရယ်၊ ကျွန်တော် လုံးဝ မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မာမီက သံသယမျက်လုံးတွေနှင့် ကြည့်လာတော့ စိတ်ပျက်သွားမိသည်။ ကိုကို ထွက်သွားတာ မာမီ တင်းကျပ်တာ များသွားလို့ဆိုတာကို မာမီ မေ့နေပြီလား။ အဖြေက ရှင်းနေသည်ပဲ။

"မင်းတော်တော် ညံ့တယ် မျိုးဆက် အစကတည်းက မင်းဆက်ကို သေချာဂရုစိုက်ပြီး ကြည့်နေပါလို့ မှာထားရက်နဲ့ မင်းပေါ့လို့ အခုလိုဖြစ်ရတာ"

မာမီက သူ့ကို အပြစ်တွေ တင်နေပြန်သည်၊ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မာမီကိုတော့ ပြန်မပြောမိပါ။ ဒီကိစ္စ သူနှင့်မဆိုင်ပေမယ့် ကိုကိုအတွက် မာမီ ခံစားနေရမှာကို နားလည်မိ၍ ဖြစ်သည်။

မာမီ ငြိမ်သက်သွားသည်။ မိနစ်အနည်းငယ် ကြာသွားမှ စိတ်သက်သာရာ ရသွားဟန်ဖြင့်။

"လူကြီးချင်း စကားပြောပြီးမှ မင်းဆက် လုပ်သွားရက်တယ်၊ ငါကတော့ ဘယ်နည်းနဲ့မှ မျက်နှာပျက် မခံနိုင်ဘူး၊ မျိုးဆက် ဒီတော့ မင်း လိုက်ခဲ့ဖို့ စီစဉ်တော့၊ စက်ရုံလည်း မသွားနဲ့တော့"

မာမီ အမိန့်အောက်မှာ ဆွံ့အသွားသည်။ ငြင်းပယ်၍လည်း ရမှာမဟုတ်။ မာမီကို စိတ်မဆင်းရဲစေချင်တာလည်း ပါသည်။

ဝဋ်ရှိသရွေ့တော့ ခံဦးပေါ့။

■ ■ ■



## အခန်း (၇)

ဆိုဖာထိုင်ခုံထက်တွင် ငြိမ်သက်လျက် မျက်ဝန်းတွေက ဘယ်ကိုမှ ရွေ့လျားခြင်းမရှိ၊ အရှေ့တည့်တည့်သို့သာ ကြည့်နေသည့် မျက်ဝန်းတွေက ပွန်ထရာဗိုတာတို့လို မျက်ဝန်းမျိုး။

ကိုယ်တော်ချောက မျက်ဝန်းတစ်ချက်ပင် ပင့်မကြည့်။ ကြီးကျယ်လိုက်တာဟု တွေးမိသည်။ သူက ဘာမို့လို့လဲ ရွှေထွက်နေလို့လားဗိုက် မာနလေး ခေါင်းထောင်လာမိသည်။

လူပုံစံကတော့ တကယ် ချောပါသည်။ အသားအရည်က ဖွေးဖွေးနေသည်။ ရွှေကြယ်သီးတွေနှင့် ကော်လံကတုံး ရှပ်အင်္ကျီ မရမ်းဆီရောင်ပြောင်ကို ယောပုဆိုးအနက်ဖြင့် တွဲဖက် ဝတ်ဆင်ထားတာ ကျက်သရေ ရှိလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလိမ်းဆီ လူးပြီး သပ်ရပ်စွာ ဖြီးထားသည်။ ဆံပင်က အချိုးကျစွာ နက်မှောင်၍ အရောင်လက်နေသည်။

မျက်ဝန်းညိုညိုတွေကို စိမ်းဖန့်ဖန့် မျက်ခုံးတန်း မထူမပါးတွေက အရောင်တင်ပေးနေသယောင်။ အဆီပိုမရှိအောင် ချပ်ယပ်တောင့်တင်းသည့် ခန္ဓာကိုယ်နှင့် ထောင်မောင်းသော အရပ်က မိန်းကလေးတွေအတွက် ရင်ခုန်စရာ ကောင်းနေမှာ သေချာသည်။

နှာတံစင်းစင်းအောက်ရှိ နီရဲစိုလဲ့သော မထူမပါး နှုတ်ခမ်းတွေက ပိပိရိရိနှင့် သဘာဝအတိုင်း သေသေသပ်သပ်။

ဟွန်း နိုက် ကတော့ အထင်မကြီးပါ။ ပိုက်ဆံချမ်းသာပြီး ရုပ်ကလေးချောလို့ သက်သက် ဂုဏ်မောက်နေတာ။

တိတ်ဆိတ်နေသည့် စကားဝိုင်းကို မာမီကပဲ စတင်လိုက်သည်။ နိုက် ကတော့ သူ့ကိုပဲ ရှေ့တည့်တည့်သာ ကြည့်နေလိုက်၏။

"သင်းသင်း သူလေးက အငယ်ကောင်လေး ထင်တယ်"

"ဪ ဟုတ်တယ်လေ ထိပ်တင်၊ နာမည်က မျိုးဆက်သစ်တဲ့ အဟင်း ဟင်း ဟင်း"

ဒေါ်သင်းသင်းမျိုး စကားကြားမှ နိုက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ရုပ်ချင်းက ခပ်ဆင်ဆင်ဆိုတော့ ဝတ်တာ စားတာကိုလည်း သတိမထားမိလိုက်။ အစက အကြီးကောင်ဆိုပြီး အခု ဘာဖြစ်တာလဲ။





မေမေကတော့ ဘာမှမဖြစ်သလို ရယ်ရယ်မောမောနှင့် စကားတွေ လက်ဆုံကျနေသည်။ ဒါ သက်သက် စော်ကားတာလား။ နိုက် နေမထိထိုင်မသာ ဖြစ်ရသည်။

ဟိုပုဂ္ဂိုလ်ကို မျက်ဝန်းဝေ့ကြည့်မိတော့ ဘာမျှ မခံစားရသလို ငြိမ်သက်နေသည်။ နားလည်ရခက်သည့် ပုံစံပင်။

"နာမည်လေးတွေက ဆန်းသစ်တယ်နော်"

"ဟုတ်တယ် ထိပ်တင်ရဲ့ အကြီးကောင်က မင်းဆက်သစ်တဲ့လေ၊ သူတို့အဖေ ပေးထားတဲ့ နာမည်တွေလေ၊ အကြီးကောင်ကတော့ စိတ်တိုင်းမကျပါဘူး ထိပ်တင်ရယ်၊ အခု လုပ်သွားတာသာ ကြည့်တော့"

"သူတို့ အဖေဆိုမှ သတိရတယ်၊ ကိုမင်းခေါင်ကြီးလည်း မတွေ့မိပါလား ဘာလို့ မပါလာတာလဲ"

"သူ့မှာက အလုပ်တွေ အားတယ်ရယ်လို့ မရှိပါဘူး ထိပ်တင်ရယ်၊ နိုင်ငံခြားထွက်လိုက်၊ ဒီပြန်လာလိုက်နဲ့ အလုပ်ရှုပ်နေတာ၊ စေ့စပ်တဲ့နေ့ကျရင်တော့ အားလုံး စုံဖြစ်မှာပါ"

"ရပါတယ် သင်းသင်းရယ်၊ ယောကျ်ားသားတွေဆိုတာက ဒီလိုပဲ လှုပ်ရှားနေရရှာတာလေ၊ အိမ်က လူကြီးလည်း အစောကြီးကတည်းက ထွက်သွားတာ အစည်းအဝေး ရှိလို့တဲ့လေ"

မေမေ ပြောတော့ ဒေါ်သင်းသင်းမျိုး မျက်နှာ တပြုံးပြုံးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပီတိဝေနေသည်။ လူကြီးတွေကသာ အတိုင်အဖောက် ညီနေကြပေမယ့် လူငယ်တွေက ဖော်ရွေမှု ကင်းမဲ့နေသည်။

ခဏနေတော့ အအေးဗန်းတွေကို အိမ်ဖော် ကောင်မလေးက လာပို့သည်။

''သင်းသင်း အအေးလေး သုံးဆောင်ပါဦး သား အအေး သောက်''

မသိမသာ နှုတ်ခမ်းတွန့်ရှုံ ပြုံးပြသည်။ ဒီလိုပုံစံမျိုးနဲ့ ခိုက် စိတ်နဲ့ မဖြစ်မှာ သေချာသည်။ တော်တော် အခြေကြီးတဲ့သူ။

မာမီက ညှော်ခံဖို့အတွက် သူမကို မျက်နှာရိပ် မျက်နှာကဲဖြင့် ပြနေသည်။ ခိုက်က မသိချင်ယောင် ဆောင်နေမိသည်။ မေမေက သည်း မခံနိုင်တော့သလို အံကြိတ်ပြ၏။ ခိုက် မနေသာတော့ပါ။

''အအေးတွေ ပူကုန်တော့မယ် သုံးဆောင်လိုက်ပါဦး''

ခိုက် အသံက မာရေ ကြောရေ နိုင်နေသည်။ မေမေက မျက်စိမျက်နှာတွေ ပျက်နေ၏။ သူကတော့ ဘာမှ မခံစားရသလို ခေါင်းကို အသာဆတ်ပြသည်။ အကင်းပါးသော ဒေါ်သင်းသင်းမျိုးက

''သားငယ် သားနဲ့ စေ့စပ်မယ့် မိန်းကလေးလေ၊ နာမည်က ဘဝင်ခိုက် တဲ့၊ သေသေချာချာ မှတ်ထားနော်''

မျိုးဆက်က အသိအမှတ်ပြုရုံသာ တစ်ချက်ကြည့်ပြီး ပြုံးပြ





သည်။ ခိုက်ကလည်း အရေးပင် မလုပ်မိပါ။ ဘဝင်ခိုက်ကို ဒီလို လာကြောလို့ကတော့ ဆောရီးပဲ။

လူကြီးနှစ်ယောက်စလုံး ပုံစံကတော့ သဘောမကျ ဖြစ်နေတာ သေချာသည်။ ထမင်း စားသောက်ပြီးသည်အထိ လူကြီးတွေသာ စကားပြောသွားကြသည်။ လူငယ်တွေကတော့ မပြောကြ။

လူကြီးတွေက အတင်းဝင်၍ စကားစပေးမှသာ တစ်ခွန်းစ နှစ်ခွန်းစ ပြောဖြစ်ကြသည်။ သူကရော ခိုက်ကို ဘယ်လို တွေးထင်နေမည် မသိ။ ခိုက်ကတော့ ကိုယ့်မာနနှင့်ကိုယ်။

နှုတ်ဆက်ပြီး ပြန်သွားကြတော့မှပဲ ခိုက် မွန်းကြပ်နေတာတွေ ပေါ့ပါးသွားသည်။ ပြန်သွားတာတောင် မေမေ့ကိုသာ နှုတ်ဆက်သွားပြီး သူမကို ယောင်လို့ပင် ကြည့်မသွား။

မာနကြီးတာလား။ အဖတ်မလုပ်ချင်တာလား။

သူ့ဘာသာ ဘာကြီးဖြစ်ဖြစ် ခိုက်ကလည်း ဝေးသေး။

■ ■ ■

''ဘယ်လိုလုပ်လိုက်တာလဲ သမီး''

''ခိုက် ဘာလုပ်မိလို့လဲ မေမေရဲ့၊ မေမေ့သဘောကျ နေပေးနေတာပဲ ဟာကို''

မေမေက လက်ကို ပိုက်လိုက်သည်။ ခိုက်ကို မျက်နှာတစ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



စောင်း၍ ကြည့်လိုက်ပြီး

"သမီး လုပ်ပုံ သိပ်ရိုင်းတယ် သမီး၊ မေမေ့မှာ ဘယ်လောက် မျက်နှာပူရသလဲ၊ တော်သေးတာပေါ့၊ သင်းသင်းက မေမေ့ကို နားလည်နိုင်တဲ့သူမို့"

နိုက် နှုတ်ခမ်းလေးကို မဲ့ပြီး ပြုံးလိုက်သည်။ ဟိုက အကြောကြီး လုပ်နေတာကို နိုက်က ခံရမည်တဲ့လား။

မေမေက နိုက်ကိုကျတော့ အပြစ်မြင်သည်။ ဟို တစ်ယောက်ကို ဘာကြောင့် မမြင်နိုင်တာလဲ။ မခံချင်စိတ်ဖြင့် နိုက် ပြောချင်စိတ်ကို ထိန်းချုပ်မထားနိုင်ပါ။

"သူတို့ဘက်က အကြောကြီးနဲ့ လူကို မတူမတန်သလို ဆက်ဆံတာကို လက်ခံရမှာလား မေမေ၊ မေမေက နိုက်ကိုပဲ အပြစ်မြင်နေတယ်၊ ဟိုဘက်ကိုကျတော့"

မေမေက သက်ပြင်းရှိုက်ပြီး နိုက်ကို ကြည့်သည်။

"ဘာများလဲလို့ သမီးရယ်၊ ကောင်လေးက နာနေအေးတာပါ၊ သမီးကို စော်ကားနေတာမှ မဟုတ်ဘဲ၊ ပြီးတော့ သူက ရည်းစားတောင်ထားဖူးတာ မဟုတ်ဘူး"

ဒီရုပ်က ရည်းစားမထားဘူးတဲ့ ရုပ်တဲ့လား။ မေမေနဲ့တော့ ခက်ပါသည်။ ဟိုဘက်က ပြောတဲ့အကြားနဲ့တင် ဖွတ်ယုံကြည်နေတော့





သည်။

"ပိုက်ဆံချမ်းသာရင် လုပ်ချင်တာ လုပ်လို့ရတယ်ဆိုပြီး မာနကြီး တစ်ခွဲသားနဲ့ အိုက်တင်ပေးနေတာပါ မာမီရယ်၊ လူမြင်ရုံနဲ့ နိုက်အကဲခတ်တတ်ပါတယ်"

"နိုက် ဘာဖြစ်လို့ သူများကို ပုတ်ခတ်နေရတာလဲ၊ မေမေက သူတို့အကြောင်းကို အသိဆုံးပါကွယ်၊ အဲဒီလို တစ်ဖက်သတ် ပြောတာ မေမေ မကြိုက်ဘူးနော်"

မာမီ့အသံက ကျယ်လောင် စူးရှနေသည်။ ဟိုတစ်ယောက်နှင့် ယှဉ်လိုက်တာနှင့် အအော်ခံလိုက်ရတာမို့ နိုက် ဝမ်းနည်းသွားမိသည်။

"အဟင့် ဟင့် မေမေက ကိုယ့်သမီးထက်တောင် ဟိုတက်ကို အလေးပါနေပြီပေါ့၊ နိုက်ကိုကျတော့ နည်းနည်းလေးမှ မသနားဘူး"

ချက်ခြင်းပင် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ နိုက် အော်ငိုတော့သည်။

ဒေါ်ထိပ်တင်စန်း ရင်ထဲမကောင်း ဖြစ်သွားမိသည်။ သမီးလေးကို လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးချင်ပေမယ့် ကိုယ့်အဖြစ်က ကျဉ်းတည်းကျပ်တည်းမှာ။

ခင်ပွန်းဖြစ်သူက ယခင် ကုမ္ပဏီတွေ လေးငါးခြောက်ခုလောက်ရှိပေမယ့် အခုတော့ တဖြည်းဖြည်း ပြုတ်လာလိုက်တာ လက်ရှိ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ပင် ယှိုင်နဲ့နဲ့။

ရှေ့ရေးကို တွေးပြီး ရင်လေးလာမိသည်။ ဒေါ်သင်းသင်းမျိုးက သူ့သားတွေထဲက တစ်ယောက်နှင့် ကမ်းလှမ်းလာတော့ သူမ အတိုင်းမသိ ဝမ်းသာမိသည်။

သူမတို့အတွက် ကိစ္စမရှိပေမယ့် သမီးလေး နောင်ရေးအတွက် စိတ်အေးချင်သည်။ လက်ရှိ အခြေအနေက အဆိုးအဝါးကြီး မဟုတ်သေးပေမယ့် အနာဂတ်ကိုမှ ကြိုမမြင်နိုင်ဘဲ။

သမီးလေးကို ချို့ချို့ငဲ့ငဲ့ ပုံစံမျိုးဖြင့်တော့ မရှင်သန်စေလိုပါ။ ဒေါ်သင်းသင်းမျိုးတို့ဆိုတာက စိန်တိုက် နှစ်ခုပိုင်ဆိုင်ထားသလို စက်ရုံတွေလည်း ဆယ်လုံးအထက်မှာ ရှိသည်။

ဒီတော့ သူတို့ဆန္ဒကိုသာ လိုက်လျောလိုက်ပါက သမီးလေးဘဝက ရွှေပင်နားသော ရွှေးကျေးလေး ဖြစ်နေမှာ သေချာသည်။ သူမ သမီးလေးကို ရင်ခွင်ထဲ ဆွဲသွင်းရင်း

"တိတ်ပါ သမီးရယ်၊ မေမေက ကရုဏာဒေါသနဲ့ အော်မိတာပါ ပြီးတော့လေ မေ မေမေက သမီးလေးအတွက် ပြောနေတာပါ၊ လက်ရှိ မေမေတို့ အခြေအနေက သမီး အမြင်ပဲ မဟုတ်လား၊ မေမေတို့အတွက် အရေးမကြီးပေမယ့် သမီး ရှေ့ရေးအတွက် မေမေ စီစဉ်လိုက်တာပါကွယ်"





"အဟင့် ဟင့် မေမေရယ် ဒီထက် နိမ့်ကျသွားလည်း သမီး ခံနိုင်ရည် ရှိပါတယ်၊ စိတ်မချမ်းမသာ မဖြစ်ပါနဲ့နော်"

"ဘယ်ဟုတ်မလဲကွယ်၊ မေမေတို့က အသက်ကြီးပါပြီ မသကာ နေရ နောက်ထပ် ဆယ့်ငါးနှစ်ပေါ့၊ အဲဒီတစ်ခါ သမီးလေး အားကိုးရာမဲ့နေမှာ"

ခိုက် မေမေ့ရင်ခွင်ထဲ တိုးဝှေ့ကာ တင်းကျပ်စွာ ဖက်ထားမိ၏။ ခိုက်က အရေးကြီးသတဲ့လား မေမေရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တောက် အလကားဟာတွေ"

မာမီက ဒေါသတကြီး ဖုန်းကို ဆောင့်ချပစ်လိုက်သည်။ မျိုးဆက် အာရုံက မာမို့ဆီသို့ စူးစိုက်သွားသည်။ အသံပြင်းလွန်းတာကြောင့် လက်ထဲက စာအုပ်တွေတောင် ယောင်ပြီး စားပွဲပေါ် ချထားလိုက်သည်။

မာမီက ထိုင်နေသော သူ့ကို တွေ့သွား၏။ သူ့ကိုကြည့်ပြီး မာမီက ဘေးမှာ ဝင်ထိုင်သည်။ မာမီ ပြောလာမှာတွေကို တွေးပြီး လူက မအီမသာ ဖြစ်နေမိသည်။

"ဘာဖြစ်နေတာလဲ မျိုးဆက်"

"ဘာမှမဖြစ်ပါဘူး မာမီ"

"မင်း စာသွားသင်ရမှာ မဟုတ်လား။ မင်း မျက်နှာကြီးက မအီမသာနဲ့၊ သွားမှာဖြင့် သွားလေ"





"သွားမှာပါ မာမီ ဟို ခုန ဖုန်း"

"ဩော် ဘယ်သူ့ဆီကလဲလို့ မေးဦးမလို့လား၊ အလကားပါ ဘယ်လိုဟာတွေလည်းကို မသိဘူး"

မျိုးဆက် ခေါင်းညိတ်ပြလိုက်ပြီး ဆက်ပြောလိုက်သည့် မာမို့စကားကြောင့် အူလည်လည် ဖြစ်သွားသည်။ မာမီ သူ့ကို ဘာပြောနေတာလဲ၊

"မင်းအစ်ကိုလေ သူတို့အိမ်ကို ခဏလာပြီးမှ အခု ပြန်ထွက်သွားတယ်တဲ့၊ တကယ် စိတ်ပျက်ဖို့ ကောင်းတယ်"

"ဟင် ကိုကိုက ဘာကိစ္စ ထွက်သွားရတာလဲ၊ အန်ကယ်က မတားဘူးလား"

"အဲဒါကြောင့် ပြောတာပေါ့၊ တစ်ယောက်တည်း သွားရင် ပြဿနာ မရှိဘူး၊ အခုဟာက သူ့ကောင်မလေးကို ခိုးပြေးသွားတာတဲ့လေ"

"ဗျာ ဒါဆို"

"ဟုတ်တယ် မင်းအစ်ကို ဆင်ခြင်ဉာဏ်မဲ့စွာနဲ့ မိန်းမခိုးသွားပြီ"

မာမို့မျက်နှာမှာ ဖြေသိမ့်နိုင်ခြင်း ကင်းစွာဖြင့် ရဲရဲနီနေသည်။ မျိုးဆက် အကြီးအကျယ် တုန်လှုပ်သွားမိသည်။ ကိုကို အိမ်က ထွက်သွားပေမယ့် အခုလောက်ထိ ဆုံးဖြတ်ချက် ပြတ်သားလိမ့်မည်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



မထားခဲ့။

မာမိုကို ခဏ ရှောင်ထွက်သွားတာပဲဟု ထင်မိသည်။ မာမိက လည်း အချိန်တန်ရင်တော့ ဒီလောက် မတင်းကျပ်တော့ဘဲ အလျှော့ပေး လာမည်ဟု သူ ထင်ထားခဲ့သည်။

မာမို့မျက်နှာကို မသိမသာ ငဲ့စောင်းကြည့်၍ အကဲခတ်မိသည်။ မာမို့ ဒေါသတွေကို ချုပ်တည်းထားတာတော့ သေချာသည်။

မာမို့ကို ကြည့်ပြီး သနားမိသည်။ စဉ်းစားကြည့်လေ မာမိက ကိုကြီးကို တော်တော် မျှော်လင့်ထားခဲ့တာ။ အခု ကိုကြီး လုပ်သွားပုံက မာမီ ဘယ်လောက် စိတ်ထိခိုက်လိုက်မလဲ။

"တော်တော် မိုက်လုံးကြီးတဲ့ သား။ မိဘမျက်နှာကိုမှ မထောက် အသိုင်းအဝိုင်းရဲ့ သိက္ခာကိုပါ ဖျက်ဆီးသွားတဲ့ကောင်၊ ဒင်းကို ဆွေခန်း မျိုးခန်း ဖြတ်ပစ်မယ်"

မာမီ ဟန်ဆောင်နိုင်ခြင်း ကင်းမဲ့စွာဖြင့် တတွတ်တွတ် ပြောဆို နေသည်။ ကိုကြီးကို မာမီ ပြောနေပေမယ့် လက်လွှတ်စပယ် ပစ်ထား ရက်မှာ မဟုတ်တာတော့ သူ သိနေသည်။

မျိုးဆက် တော်တော်လေး စိတ်ရှုပ်ထွေးသွားမိသည်။ ကိုကြီး ဘာကြောင့် ဒီလို ဆုံးဖြတ်သွားရတာလဲ။ သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ မာနဆိုတာ





တွေ ဘယ်ရောက်သွားပြီလဲ။

မာမီ ပေးစားသည့် မိန်းမကို မယူချင်၍ ရှောင်ထွက်သွားတာပဲ ဟု အစက ထင်ခဲ့သည်။ ကိုကြီး ရင်ထဲက အချစ်က ဘယ်လောက်တောင် ပြင်းထန်ပါသလဲ။

ဘဝမှာ အချစ်က တကယ်ပဲ အရေးကြီးပါသလား။ သူကတော့ မထင်ပါ။ တကယ်တော့ အချစ်ဆိုတာ နောက်မှ ဖြည်းဖြည်းချင်း တည် ဆောင် ရယူသွားနိုင်သည်ဟု ထင်မိသည်။

အခု အသက်အရွယ်အထိ ရင်ခုန်ဖူးတဲ့ မိန်းကလေးမျိုးလည်း မရှိဘူးသေးပါ။ တွေ့လည်း တွေ့လာမှာ မဟုတ်တာ သေချာသည်။ မာမီ ပေးစားမည့် မိန်းမကိုတော့ မဖြစ်မနေ ယူရမှာ သေချာသည်။

ထိုအကြောင်းအရာ အတွက်လည်း စိတ်အနှောင့်အယှက် မဖြစ်မိတော့ပါ။ အချိန်တန်ရင် ပြေလည်သွားမှာပဲဟု သဘောပိုက်ထား သည်။ တွေးရင်း တွေးရင်းဖြင့် ကိုကြီးကို နမြောလာမိသည်။

ကိုကြီးဘဝမှာ အချစ်က အရေးပါခဲ့ပါသလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟယ် သူငယ်ချင်း နိုက် ကြည့်စမ်း ဘယ်က ဘယ်လိုလမ်းမှား ပြီး ရောက်လာတာလဲ"

"နင့်ဆီ မရောက်တာ ကြာလို့ တမင်လာတာဟ"

တက္ကစီပေါ်မှ နိုက် ဆင်းလာသည်နှင့် ဝတီက ပြေးထွက်လာပြီး နိုက် လက်ကို ဆွဲရင်း ဆီးကြိုသည်။

"လာ လာ နိုက်ရေ တိုက်တိုက်ဆိုင်ဆိုင်ပဲ နင် ရောက်လာတာနဲ့ ဒီနေ့ အိမ်မှာ ချက်တာ နင်ကြိုက်တတ်တဲ့ ဟင်းတွေချည်းပဲ၊ ရောက်တုန်းရောက်ခိုက် ညနေမှ ပြန်ပေါ့"

"အေးပါ ကားအပိုမရှိတာလည်း မလွယ်ပါဘူးဟာ၊ သွားချင်ရင် တက္ကစီနဲ့သွားနေရတယ်၊ ငါက ကိုယ်တိုင် မောင်းချင်တာလေ"

နိုက် တက္ကစီခ ရှင်းရင်း ညည်းညည်းညူညူလေး ဆိုလိုက်





သည်။ ဝတီက နိုက်ကို ငေးငေးလေး ကြည့်နေသည်။ ဝတီနှင့်က အတွင်းသိတွေမို့ နိုက် မရှက်ကြောက်မိပါ။

"ဒီလိုပဲပေါ့ နိုက်ရယ်၊ အချိန်တန်တော့လည်း ပြေလည်သွားမှာပါ လာ လာ အိမ်ထဲ သွားကြရအောင်"

ဝတီက နိုက်ကို အားပေးနှစ်သိမ့်ရင်း ပြောရှာသည်။ ဝတီ့ကို နိုက် ဒါကြောင့် ခင်မင်မိတာ ဖြစ်မည်။ ဝတီက နိုက်အပေါ် နားအလည်နိုင်ဆုံး သူငယ်ချင်းကောင်း တစ်ယောက်လေ။

ဧည့်ခန်းထဲရောက်တော့ ဆိုဖာထက်တွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။ မတွေ့တာ ကြာပြီမို့ ထင်သည်။ ဝတီကပဲ သွက်လက်စွာဖြင့် စကား စသည်။

"ဘယ်လိုလဲ မိန်းမ ချစ်သူတွေဘာတွေ ရနေပြီလား။ ဒါမှမဟုတ် အပျိုကြီးပဲ လုပ်တော့မှာလား"

"နင်က ငါ့ကိုချည်းပဲ စွတ်ပြီး မေးခွန်းထုတ်နေတယ်၊ နင်ကျရော အခုထိ စွံသေးလို့လား"

နိုက် အမေးကြောင့် ဝတီက ပြုံးဖြီးဖြီး လုပ်နေသည်။ ပြီးမှ ခင်တည်တည်ကလေး လုပ်ရင်း

"မစွံတာဘဲ ခပ်ကောင်းကောင်းပါ နိုက်ရယ်၊ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် နေရတဲ့ ဘဝကို အားရသေးတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကတော့ ပြောအားရှိတာပေါ့၊ အခု အဲဒီယောက်ျားယူရမယ့် ကိစ္စကြောင့်ပဲ စိတ်ညစ်နေမိတာ"

နိုက် မျက်နှာလေးရှုံ့ပြီး ပြောတော့ ဝတီ ပါးစပ်လေး အဟောင်းသားဖြင့် ကြောင်တွေသွား၏။ ပြီးမှ

"ဘယ်လို ဘယ်လို ပြန်ပြောစမ်းပါဦး နိုက်ရဲ့"

"အိမ်က အခု ငါ့ကို လူတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်နေတယ်လေ၊ အဲဒါကြောင့် စိတ်ညစ်နေရတာ"

"ဒါများ နိုက်ရယ် စိတ်ညစ်ရတယ်လို့ နင့်အိမ်က စီစဉ်မယ့်လူဆိုရင် မဆိုးလောက်ပါဘူး၊ အလုပ်ရှုပ်တောင် သက်သာသေး ဟီဟိ ဟုတ်တယ်မို့လား"

ဝတီက နောက်တီးနောက်တောက် လုပ်နေပြန်သည်။ နိုက် စိတ်ထဲမှာ ဝတီ့ကို ကြည့်ပြီး အူယားလာသည်။ စဉ်းစားကြည့် သူများဒုက္ခရောက်နေတာကို သူက နောက်ပြောင်နေသေးသည်။

"ဝတီနော် သူများ စိတ်ညစ်တာကို လာစမနေနဲ့"

နိုက် စိတ်ဆိုးသွားမှန်း သိမှ ဝတီက မျက်နှာပိုးသတ်ရင်း

"နေပါဦး နိုက်ရဲ့ အဲဒီလူက ဘာဖြစ်နေလို့ နင့်ဘက်က ခါးသီးနေရတာလဲ"

"အလကားပါဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး အသားလွတ်





ဘဝင်မြင့်နေတဲ့လူ၊ လူကိုများ မတူသလို မတန်သလိုနဲ့ ကဲ အခုအချိန်မှာ ဒီလူအကြောင်း မတွေးတာ ကောင်းပါတယ်၊ တခြားအကြောင်းအရာ ပြောရအောင်"

နိုက် စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။ ဟုတ်တယ်လေ ဒီလူ့အကြောင်း ပြောမယ့်အစား စိတ်ချမ်းသာစရာ အကြောင်းပဲ ပြောတော့မှာပေါ့။ ဝတီကလည်း ဆက်မမေးတော့ပါ။

ကျောင်းတက်တုန်းက အကြောင်းတွေ စားမြုံ့ပြန်ရင်း နိုက်ရော ဝတီပါ ရယ်လိုက် မောလိုက်နှင့် ငယ်ဘဝကို ပြန်ရောက်သွားသလိုပင်။

"တီ တီ"

ကားဟွန်းသံကြောင့် နိုက် စကားစ ပြတ်သွားသည်။ ဝတီလည်း ခေါင်းထောင်လာသည်။ ဝတီ့ပုံစံက ဘယ်သူများပါလိမ့်ဟု တွေးနေပုံရသည်။

"ဟယ် ဆရာ လာပြီ ဝတီက ဘယ်သူများလဲလို့"

"ဟိုကောင်တွေ တစ်ယောက်မှ မလာသေးဘူး ဆရာ၊ စာမေးပွဲဖြေရမှာ ကြောက်လို့ ကျူရှင်ပြေးကုန်ကြပြီ ထင်တယ်"

အပေါ်ထပ်မှ ပြေးဆင်းလာပြီး ဝတီ့ညီမလေးနှင်းမြတ်က အသံစာစာလေးဖြင့် ပြောသည်။ သည်းသည်းလှုပ်နေသည့် ညီအစ်မတွေပဲဟု နိုက် တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုက်ရေ နင့်ကို ဆရာနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ငါ့ညီမကို စာပြပေးနေတဲ့ ဆရာပေါ့ဟာ၊ ဆရာက သိပ်တော်တာ"

"မဝတီက မြှောက်နေပြန်ပါပြီ၊ နောက်ရက်မှ တစ်ခုခု ဝယ်ကျွေးရဦးမယ်"

အသံကြားလိုက်သည်နှင့် ခိုက် တွန့်ခနဲ ဖြစ်သွားရသည်။ ကျိန်းသေပါသည် ဒါ မျိုးဆက်သစ် အသံဆိုတာ။

ခိုက် မော့ကြည့်မိတော့ အနက်ရောင် စတိုင်ပင်ထဲသို့ လက်ထိုးသွင်းပြီး မပြုံးချင် ပြုံးချင်ဟန်ဖြင့် မျိုးဆက်သစ်ကို တွေ့ရသည်။

မုန်းဖို့ကောင်းလိုက်တာ။ လူကတော့ ဂိုက်ဖြည့် စိုက်ပြည့်။ နုံ့သာရောင် စပို့ရှပ်နှင့် စတိုင်ပင်ကို ဝတ်ဆင်ပြီး ရှင်းသန့်နေသည်။

သူ့ဘာသာ ဘာကြီးဖြစ်နေနေ ခိုက်ကတော့ ကြည့်လို့မရတာ အမှန်။ အခု ခိုက်တို့ တွေ့နေပါလျက်နဲ့တောင် အဖတ်မလုပ်တာသာ ကြည့်တော့။

"ခိုက် ဒါ ဆရာ မျိုးဆက်သစ်တဲ့၊ ဆရာ သူက ဝတီ့သူငယ်ချင်း ဘဝင်ခိုက် လို့ ခေါ်တယ်"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်လည်း ထပ်တူထပ်မျှပါပဲ"

ခိုက်က ခုမှ မြင်ဖူးတဲ့သူတွေလို နှုတ်ဆက်ပစ်လိုက်တော့ သူ





ကလည်း မခေပါ။ ခိုက် စိတ်ထဲမှာ ကသိကအောက် ဖြစ်သွားမိသည်။

ကိုယ်ကစပြီး တိုက်ခိုက်လိုက်တာ ဆိုပေမယ့် သူ့ဘက်က လိုလိုလားလား မရှိတာက ပေါ်တင်ကြီး။

ဒီလို လူမျိုးကို လက်တွဲဖို့ဆိုတာ ခိုက် အတွက်တော့ ဝေးပါသေးသည်။

ပုံစံကိုက အလေးအနက် မရှိတာ ပေါ်လွင်သည်။ အိမ်ထောင်ပြုတယ်ဆိုတာကို ထမင်းစား ရေသောက်လို သဘောထားနေတဲ့ပုံ။ မိဘပေးစားလျှင် ယူမည်။ အဆင်မပြေလျှင် ကွဲမည်ပေါ့။

အထင်ကြီးစရာ တစ်ကွက်မှ မရှိ။

"ဆရာ ဒီနေ့တော့ စာမေးပွဲစစ်လို့ ရမှာ မဟုတ်ဘူး၊ နှင်းလေနှင်းမရတဲ့ သင်္ချာပုစ္ဆာတွေ ရှိသေးတယ် ဆရာရဲ့၊ ပြန်ရှင်းပြပါဦးနော် နော် ဆရာ"

"နှင်းရယ် နားမလည်ရင် ပြန်ရှင်းရမှာ ဆရာ့တာဝန်ပဲဟာ၊ ရှင်းပြရမှာပေါ့ လာ လာ သွားစို့၊ ဪ ကျွန်တော် စာသင်ရဦးမှာမို့ ရှင်းပြပါဦး ခင်ဗျာ"

ဝတီက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူကလည်း ပြောလိုက်တာ ချွဲချွဲပစ်ပစ်။

ဆရာကလည်း ဘာထူးလဲ၊ သူတို့ဟာနဲ့ သူတို့တော့ ဟုတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဒါကိုများ ရည်းစားတောင် မထားဖူးဘူးလေး ဘာလေးနှင့် သူတို့တက်က ဟစ်ကြွေးနေသေးသည်။

ဟန်ဆောင်ခြင်းတွေနဲ့ ဆက်ထိုင်နေမိပေမယ့် ခိုက် ရင်ထဲမှာတော့ ကလိကလိ ဖြစ်နေပါသည်။

စဉ်းစားကြည့်လေ ခုနက ကိုယ့်ကို သက်သက် ဒေါက်ဖြုတ်ပစ်လိုက်တာ။ မင်းလို မိန်းမမျိုးက ဘယ်အချိန် ခေါင်းခေါက်ယူယူပါဆိုတဲ့ ပုံစံမျိုး။

အိတ်ထဲက ဖား ဘယ်အချိန် ထုတ်ရိုက်ရိုက် ခံရမှာပဲဟု ပြောသွားတာ။ စော်ကားလိုက်တဲ့ ဖြစ်ခြင်း။

စကားလုံးနဲ့ တိုက်ခိုက်တာထက် အမူအယာဖြင့် ထိုးစစ်ဆင်သွားခြင်းက ပိုခံရခက်ပါသည်။ တွေးရင်း တွေးရင်း ကြည့်မရခြင်းက ဒေါသအဖြစ် အသွင်ကူးပြောင်းလာသည်။

"ခိုက် ဘာတွေ တွေးနေတာလဲ"

"ဟင် ဘာ ဘာမှမဟုတ်ပါဘူး မေမေက စောစောပြန်ခဲ့ဖို့ မှာလိုက်တာ၊ သတိရမိလို့ပါ"

"ဟယ် ဘာလဲ ပြန်တော့မလို့လား၊ ချက်ခြင်းကြီး နင့်ကို ညနေမှပြန်ဖို့ ပြောထားတယ်လေ"

"အခုမှ သတိရတာ မဖြစ်ဘူးဟ ပြန်မှဖြစ်မယ်၊ မေမေက





သိပ်နေမကောင်းချင်ဘူးလေ"

ခိုက် ဝတီ့ကို နှုတ်ဆက်ပြီး ပြန်ခဲ့ပါသည်။ ရုတ်ချည်း ပြောင်းလဲသွားသည့် အဖြစ်ကြောင့် ဝတီကတော့ နားလည်ရခက်နေပုံရသည်။ ခိုက် မတတ်နိုင်ပါ။

သင်း ပုံစံနှင့် ဆက်နေလို့ရမှာ မဟုတ်တာက သေချာနေသည်။ ကြာလာလျှင် ပေါက်ကွဲလာမည့် ဒေါသအတွက် ကိုယ့်ကိုယ်ကိုတောင် အာမ မခံနိုင်ပါ။

သင်းနှင့် ဝေးရာပြေးတာ အကောင်းဆုံး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟုတ်ရဲ့လား သမီးရယ် ကောင်လေးက အနေတည်ပြီး ရိုးရိုးအေးအေးလေးပါ၊ မေမေတော့ မထင်ပါဘူး"

နိုက် စိတ်ပျက်စွာ ခေါင်းခါမိသည်။ မေမေတော့ သွားပြီ။ ဒီတစ်ယောက်ကို အသားလွှတ် အထင်ကြီးနေသည်။

"နိုက်က မေမေ့ကို မဟုတ်ဘဲ ပြောပါ့မလား မေမေရယ်၊ နိုက် မျက်စိနဲ့ တပ်အပ် မြင်တွေ့ခဲ့ရတာ၊ ဒီပုံစံလား ရိုးအေးတာ အလကား ကုတ်ကမြင်း"

"နိုက် သူများကို ဘာလို့ အသားလွှတ် ပုတ်ခတ်နေရတာလဲ၊ ဆရာနဲ့ကျောင်းသားဆိုတာ တရင်းတနှီး ရှိနေနိုင်တာပဲ"

"ပလူးပလဲ ဖြစ်နေတာက တရင်းတနှီးတဲ့လား မေမေ၊ ကောင်မလေးတွေကလည်း ကဲကဲ ဆရာကလည်း သည်းသည်းနဲ့ နိုက်တော့





ပြန်တွေးရင်း သူတို့အစား ရှက်လိုက်တာ"

နိုက် ပျစ်ပျစ်နှစ်နှစ်ကြီး ဝေဖန်ပစ်လိုက်သည်။ ဟုတ်တယ်လေ ကိုယ်နဲ့ စေ့စပ်မယ့် သူရှေ့မှာတောင် ဒီလောက် ဖြစ်နေတာ ကွယ်ရာမှာဆို ပြောဖွယ်ရာ မရှိတော့။

"နေပါဦး ညည်းက ဘာဖြစ်လို့ တစ်ဖတ်သက် မကောင်းမြင်နေရတာလဲ၊ ငါ့ကို ပုန်ကန်နေတာလား ဟင် နိုက် ပြောစမ်း"

နိုက် အမိပွါယ်မဲ့ လက်သည်းကို ကိုက်နေမိသည်။ မာမိက နိုက်ဆိုရင် မကောင်းဘဲ မြင်နေသည်။

အမှန်တကယ်တွေလို့ ပြောတာတောင် မသိရင် ကိုယ်ကပဲ လီဆယ်ပြီး ပြောနေသလိုလို။

"နိုက်က မေမေ့ကို ဆန့်ကျင်နေတာမှ မဟုတ်ဘဲ မေမေပြောသမျှ နိုက် ခေါင်းညိတ်ခဲ့တာပဲ၊ အခုဟာက နိုက်နဲ့ ဘာမှမဆိုင်ဘူး ဟိုဘက်က ဖြစ်နေတာလေ"

နိုက် မေမေ့ကို ပြန်ပြောလိုက်တော့ မျက်ထောင့်နီကြီးဖြင့် မေမေက ကြည့်နေ၏။ ဘာမျှတော့ ပြန်မပြောသေး။

ဟိုဘက်က မှားနေတာတောင် မေမေက နိုက်ကိုပဲ အပြစ်တင်နေသည်။ တစ်ခွန်းမကျန် စောဒက တက်နေသည့် နိုက်ကို မေမေကတော့ ဒေါ်မောင်းနေတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုက်ရှေ့မှာတောင် ဒီလောက် မဆင်မခြင် ဖြစ်နေတာ နိုက်ကွယ်ရာမှာဆို ဘယ်လိုလုပ်မလဲ"

"နိုက် ညည်း ပြောလေ ကဲလေပါလား၊ သေသေချာချာ သိသေးတာလည်း မဟုတ်ဘဲနဲ့ တယူသန် ဆန်ဆန် လျှောက်ပြောတာမျိုး မေမေ မကြိုက်ဘူးနော်"

မေမေက ဒေါသတကြီးဖြင့် နိုက်ကို အော်သည်၊ နိုက် ဝမ်းနည်းသွားမိသည်။ နိုက်ကို မေမေ တစ်ခါမျှ အော်ခဲ့ဖူးခြင်း မရှိပါ။ ဘာမဟုတ်တဲ့ ယောကျ်ားကြောင့် နိုက် အအော်ခံရတာ။

နိုက် အံကို တင်းတင်းဖိကြိတ်ထားမိသည်။ နိုက် အဖြစ်က ဆုပ်လည်းဆူး စားလည်းရှူးရမယ့် အဖြစ်။

မေမေ ကိုယ်တိုင်က ဟိုတစ်ယောက်ကို အမှတ်ပြည့် ပေးထားတော့·နိုက်က ကြားထဲက ခံပေဦးတော့။

"သမီး အတတ်နိုင်ဆုံး စိတ်ကို လျှော့ပြီး သေသေချာချာလည်း လေ့လာကြည့်ပါဦးကွယ်၊ မျိုးဆက်သစ်က ဒီလိုမျိုး မဟုတ်ပါဘူး၊ သမီး စိတ်ထဲမှာ မာနတွေ ထားနေလို့ပါ"

နိုက်က တုတ်တုတ်မျှ မလှုပ်။ သူမကို နိုက် စိတ်ဆိုးနေပြီ။

ဒေါ်ထိပ်တင်စန်း သက်ပြင်းကို လေးတွဲ့စွာ ချမိသည်။ ကိုယ့်သမီးအကြောင်း ကိုယ်သာ အသိဆုံး။





နိုက်က တစ်ဦးတည်းသော သမီးလေးမို့ ကလေးဆန်ပြီး ဆိုးနွဲ့ချင်ပေမယ့် မိဘစကားကိုတော့ နားထောင်ပါသည်။

စပြောပြောချင်းဆိုလျှင် ဆင်ခြေအမျိုးမျိုး ပေးတတ်တာက နိုက်ရဲ့ ဝါသနာ။ ဘာဖြစ်တယ် ညာဖြစ်တယ်နှင့် ပြီးတော့လည်း သူမတို့ အလိုအတိုင်းသာ။

ဒါကြောင့်လည်း ဒေါ်သင်းသင်းမျိုး ပြောလာတုန်းက လက်ခံခဲ့မိတာ ဖြစ်သည်။

ပြီးတော့ ဒေါ်သင်းသင်းမျိုးတို့ရဲ့ သိက္ခာတရားနှင့် လူနေမှုစရိုက်ကို သူမ ယုံကြည်ပါသည်။ မျိုးဆက်သစ်ဆိုတဲ့ ကောင်လေးက သူမ သိရသလောက် အရှုပ်အရှင်း ကင်းပါသည်။

နိုက်က ကောင်လေးရဲ့ အနေအထိုင်ကို ဘဝင်မကျ ဖြစ်နေတာ သူမ ကောင်းကောင်း သိပါသည်။

အိမ်ကို လာသွားကတည်းက သိနေခဲ့တာ ဖြစ်သည်၊ ယ်ရာက ကြီးလာခဲ့တဲ့ သူမအဖို့ လူငယ်တွေရဲ့ အခြေအနေကို ရိပ်စားမိသည်။

ကောင်လေးကတော့ သဘောရိုးဖြင့် သူစိမ်းဆန်နေသေးတာကြောင့် တည်တည်တံ့တံ့ နေသည်။

ဒါကို နိုက်က လူငယ်စိတ်ဖြင့် သက်သက် ဘဝင်မြင့်နေတာ မတူမတန်သလို နေတာဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုက် သမီး"

နိုက် လှည့်ကြည့်သည်။ မေမေ့အသံက သိသိသာသာ ပျော့ပျောင်းနူးညံ့နေ၏။ နိုက်ကတော့ နှုတ်ခမ်းကို စူထားမိဆဲ။

"ဒီမှာ သမီး သမီးကို မေမေက မှားတယ်လို့ ဆိုလိုတာ မဟုတ်ဘူး၊ ပြီးတော့ သင်းသင်းတို့ မိသားစုရဲ့ အကျင့်သိက္ခာကို မေမေက ယုံကြည်ထားတယ်၊ ဒါကြောင့် သေချာပိုင်နိုင်မှ သမီးဘက်က တောင်းဆိုတာ ပိုပြီး သင့်လျော်လိမ့်မယ်"

"နိုက်ကလည်း စွပ်စွဲနေတာမျိုး မဟုတ်ပါဘူး မေမေ့ကို ကြို အသိပေးထားတဲ့ သဘောပါ"

မေမေ့စကားတွေက အကျိုးအကြောင်း ဆီလျော်နေတာမို့ နိုက် စောဒက မတက်မိတော့ပါ။

နိုက် အခုမှ စိတ်ပြေသွားသည်။ နိုက်ကို လျစ်လျူရှုပြီး မေမေက တခြားတစ်ဖက်က ပြောနေတာကို နိုက် ခံစားရသည်။

မျိုးဆက်သစ် မျက်နှာကို မြင်ယောင်မိတော့ နိုက် စိတ်ထဲမှ ကြိမ်းဝါးမိသည်။

ရှင်နဲ့ကျွန်မနဲ့ တွေ့ပြီပေါ့ မျိုးဆက်သစ်ရယ်။ မင်းသားခေါင်း ဆောင်းထားတဲ့ ရှင့်သရုပ်မှန်ကို ဖော်ထုတ်ဖို့ နိုက် ဆုံးဖြတ်လိုက်ပြီလေ။

ခပ်ညံ့ညံ့ မိန်းမလို့ ထင်ရင် မှားပြီပေါ့။



## အခန်း (၁၁)

ပန်းရောင်သမ်းနေသော မျက်နှာက မာတင်းခက်ထန်နေတာမို့ ဦးမင်းထက် တုတ်တုတ်လေးတောင် မလှုပ်ရဲပါ။ သူ့နံဘေးမှာ အတူ ထိုင်နေသည့် ဇနီးဖြစ်သူကလည်း မျက်နှာငယ်လေးနှင့် ရှိနေသည်။

ဖြစ်ပျက်သမျှ ကိစ္စတွေမှာ ကိုယ့်ပယောဂ မကင်းတာလည်း မှန်နေတော့ အစ်မကြီး ပြောသမျှ ခေါင်းငုံ့ခံဖို့ အသင့်။

"အောင်သွယ်မရှိရင် ဒီကိစ္စ ဘယ်လိုမှ ဖြစ်လာမှာ မဟုတ်ဘူး စဉ်းစားကြည့်လေ၊ ဘွဲ့တွေ ဒီဂရီတွေ တသီကြီးယူထားတဲ့ ပညာတတ် လူယို့ ငါ့သားက အိမ်ထောင်ပျက် မိန်းမတစ်ယောက်ကိုမှ မျက်စိကျသွားတယ် ဆိုတာ ဘယ်လိုမှ မဖြစ်သင့်ဘူး၊ ငါ့ကို အမှန်အတိုင်း ဝန်ခံကြမင်း၊ သားကိစ္စမှာ အောင်သွယ်နေတာ မင်းလား မင်းမိန်းမလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းစူးစူးတွေနှင့် ကြည့်ရင်း ပိုင်ပိုင်နိုင်နိုင်ကြီး စွပ်စွဲလာတော့ နှစ်ယောက်စလုံး ငုံ့လျှိုးထားသည့် ခေါင်းတွေ မော့ကာ ပြိုင်တူခါရမ်းမိကြသည်။

"မဟုတ်ရပါဘူး မမသင်းရယ်၊ ဘယ်သူမှ အောင်သွယ် မပေးပါဘူးရှင်"

"ဟုတ်ပါတယ် မမရယ် မမ မကြိုက်တဲ့ အလုပ်ကို ကျွန်တော် လုပ်ပါ့မလားဗျာ"

"တော်တော့ မင်းထင် နှင် အခုမှ ခေါင်းရှောင်မနေနဲ့၊ အရင်ကတည်းက ငါ့သားကို နင်တို့အိမ်မှာ ငါ စိတ်ချခဲ့တာ မဟုတ်ဘူး၊ ဒီကောင့်ကို မျက်စိဒေါက်ထောက် ကြည့်ပါလို့ ငါ အတန်တန် မှာထားရက်နဲ့ နင်တို့ အလေးမထားခဲ့တာလေ"

"ကျွန်တော်က မင်းမင်း ဒီကလေးမလေးကို ရိုးရိုးသားသားပဲ ခင်မင်တာလို့ ထင်တာပါ၊ မင်းမင်း ဒီလောက်ထိ သံယောဇဉ် တွယ်သွားမယ်လို့လည်း မထင်မိဘူးလေ"

"ဟဲ့ အဲဒါကိုက နင် အလေးမထား ပေါ့လျော့တာပေါ့၊ အခုလို ဖြစ်ကုန်တော့ နင်တို့ ဘာအားကိုးရသလဲ ပြော၊ မနိုင်မနင်း ဖြစ်မှ ငါ့ဆီ ဖုန်းဆက်၊ ဟော အခုတော့ ကိုယ်ကျိုးနည်းပြီ မဟုတ်လား"

ဘယ်လိုပဲ ဖြေရှင်း ဖြေရှင်း ဖြစ်ပြီးသွားတဲ့ ကိစ္စကြီးကို





ဘာမှမတတ်နိုင်တော့တာလည်း သေချာနေ၏။

ကိုယ့်အစ်မ ပြောသမျှ ဆူသမျှ ခေါင်းကြိမ်းအောင် ခံရတော့မှာကို ကြိုသိထားပြီမို့ ဦးမင်းထင် နှုတ်ဆိတ်နေလိုက်ပါသည်။

ဒေါ်သင်းသင်းမျိုး စိတ်ရှိလက်ရှိ ဆူပူကြိမ်းမောင်းသည်။ သူတို့လင်မယား ခေါင်းလေးတွေ ငုံ့ပြီး တစ်ခွန်းမှ မတုံ့ပြန်ဘဲ ငြိမ်ခံနေတာမြင်တော့ ပိုလို့ ဒေါသ တိုးလာရပြန်သည်။

"အခုကျတော့ စကားမပြောတတ်တဲ့ လူနဲ့ လူအကြီးအတိုင်းပဲ၊ ဲ့ မင်းထင် အခု ငါ့သား ဘယ်မှာရှိတယ်ဆိုတာ နင်တို့ သိလား"

ဦးမင်းထင် ခေါင်းကိုပဲ ယမ်းပြမိသည်။ တကယ်လည်း င်းဆက်သစ်ရဲ့ ဦးတည်ရာကို မသိပါ။ ဘယ်ကိုသွားမည်ဆိုတာ ခန့်မှန်းနိုင်လျှင် အစောကြီးကတည်းက မရအရ ဖြောင်းဖြပြီး ခေါ်ထားလိုက်မှာဖြစ်သည်။

"မသိဘူး ဟုတ်လား"

"ဟုတ်ကဲ့ မမ"

"တောက် ဘာမေးမေး ကျေနပ်စရာကို မရှိဘူး၊ နင်တို့ နှစ်ယောက် ကြပ်ကြပ်သတိထား"

ဆူပူကြိမ်းမောင်းပြီး မောပမ်းသွားသည့် အလား၊ ဒေါ်သင်း င်းမျိုး တခဏ တိတ်ဆိတ်သွားသည်။ သူကသာ တိတ်ဆိတ်သွားခဲ့တာ



www.burmeseclassic.com

ဖြစ်၏။ စိတ်ထဲကတော့ သားကြီး ကိစ္စအတွက် အဖြေရှာရခက်အောင် စိတ်ညစ်ညူး မောဟိုက်သွားမိသည်။

ဒီနေ့နဲ့ပဲ နှစ်ရက်တောင် ရှိနေပြီ။ မင်းဆက်သစ် ဆိုတဲ့ ကောင်က သည်မိန်းကလေးကို တရားဝင် လက်ထပ်ပြီးလောက်ပြီ ထင်ရဲ့။ ဒါဆိုရင်တော့ သူမ ဘာမှ လုပ်နိုင်မည် မဟုတ်တော့ပါ။

ခေါင်းညိတ် လက်ခံပြီး ချွေးမကို သမီးအဖြစ် အိမ်ပေါ် ခေါ်တင်ရတော့မည်လား။ ဝေးပါသေးရဲ့။ ဒီလိုမျိုးတော့ ဘယ်တော့မှ လက်မခံနိုင်ပါ။

"တောက်"

ကိုယ့်အတွေး ဒေါ်သနဲ့ တက်ခေါက်မိတော့ မင်းထင်တို့ နှစ်ယောက် မျက်နှာငယ်လေးတွေနှင့် မော့ကြည့်သည်။

"သူတို့ သတင်းကြားရင် ငါ့ဆီ အကြောင်းကြားနော် မင်းထင်၊ ဒီကိစ္စကို ငါ ဘယ်လိုမှ လက်မခံဘူး၊ ကဲ ငါ ပြန်မယ်"

ပြောပြောဆိုဆို ဆတ်ခနဲ ထထွက်သွားတော့ ဦးမင်းထင် ဆင်ဝင်အောက်က ကားနားအထိ လိုက်ပို့ပေးသည်။

ကားနောက်ခန်းတံခါးကို ဒရိုင်ဘာက ဖွင့်ပေးတော့ ဒေါ်သင်းသင်းမျိုး လှမ်းတက်ရင်း အပေါ်ရောက်မှ ဦးမင်းထင်ကို လှည့်ကြည့်သည်။

"မင်းထင်"





"ခင်ဗျာ မမ"

"နင် ဘာမှ ထပ်ပြီး ကူညီထောက်ပံ့ မနေနဲ့နော် ကြားလား"

"စိတ်ချပါ မမ သတင်းအစ ရတာနဲ့ မမဆီ အကြောင်း ကြားမှာပါ"

ဒေါ်သင်းသင်းမျိုး ကျေနပ်စွာ ခေါင်းညိတ်သည်။ ကားလေး ဆင်ဝင်အောက်က မောင်းထွက်သွားတော့မှပဲ ဦးမင်းထင် ပင့်သက်ကြီး ရှိုက်မိ၏။

ခြံထဲက ကားလေး ပျောက်သွားတော့မှ ဦးမင်းထင် အိမ်ဘက် ပြန်လှည့်ဝင်သည်။ ညှော်ခန်းတံခါးဝမှာ ဇနီးသည်ကလည်း အခုမှ ပင့်သက်ကြီးရှိုက်ကာ တစ်ခုခု ပြောဖို့ ပါးစပ်ပြင်ဆဲမှာ

"တူ တူ တူ တူ"

ဧည့်ခန်း စားပွဲပေါ်က မြည်သည့် ဖုန်းသံကြောင့် ဦးမင်းထင် ဇနီးသည်ကို ဖြတ်ကျော်ကာ သွားကိုင်လိုက်သည်။

"ဟဲလို မင်းထင်ပါ"

"အန်ကယ်မင်း ကျွန်တော်ပါ"

"ဟင် မင်းမင်း"

"ဦးမင်းထင် ခန္ဓာကိုယ်ကြီး တောင့်မတ်သွားသည်။ ဝမ်းသာ ဝမ်းနည်းစိတ်ကြောင့် ရုတ်တရက် စကားမဆက်နိုင်။

www.burmeseclassic.com



"အန်ကယ်မင်း ဘာဖြစ်သွားတာလဲ ကျွန်တော့်အသံ ကြားတာတောင် မမှတ်မိဘူးလား"

"ဟ ဘာလို့ မမှတ်မိရမှာလဲ မင်းမင်း၊ မင်း အတော် ဒုက္ခပေးတဲ့ကောင်ပဲ၊ ဒီမှာ ငါတို့လင်မယား မိုးမီးလောင်နေပြီ"

"မိုးမီးလောင်တာပဲ အန်ကယ်မင်းရာ ဘာဖြစ်မှာမို့လို့"

"ဟေ့ကောင် ရွှတ်နောက်နောက် မလုပ်နဲ့၊ အခုပဲ မင်း မာမီ ရောက်လာပြီး ငါတို့ကို ကြိမ်းမောင်းသွားတာ နားကို ပူရောပဲ"

ဦးမင်းထင် ဖုန်းပြောနေသည့် အနားကို ဒေါ်ထက်ထက်နိုင် အပြေးကလေး ရောက်လာရင်း

"မင်းမင်းဆီကလား ကိုထင်၊ အခု ဘယ်မှာလဲ ဘယ်က ဆက်နေတာလဲလို့ မေးလိုက်လေတော်"

ဒေါ်ထက်ထက်နိုင် ကသောကမျော ပြောသည်။ ဦးမင်းထင် မေးစရာမလိုအောင် မင်းဆက်သစ်က အဒေါ်ဖြစ်သူ အသံကို ကြားနိုင် သည်။

"မမေးနဲ့ အန်ကယ်မင်း ကျွန်တော်တို့ ရှိတဲ့နေရာကို ပြော လိုက်ရင် မာမီ ချက်ချင်း ရောက်လာမှာပေါ့"

"ဒါဆို မင်းက တစ်သက်လုံး ပုန်းနေမှာလား မင်းမင်း"

"မပုန်းပါဘူး အန်ကယ်မင်းရာ၊ အချိန်ကျရင် ပြန်လာမှာပါ"





"အေး အဲဒီအချိန်က ဘယ်တော့လဲ မင်းမင်း"

"မာမီ စိတ်ဖြေတဲ့ အချိန်ပေါ့ အန်ကယ် မင်းရယ်"

လေပြည်ကလေးနှင့် မင်းဆက်သစ် ပြောတော့လည်း ဦးမင်း ထင် ဒေါသလေးတွေ ပြေသွားသည်။ အစ်မဖြစ်သူကို ကြောက်ပေမယ့် သည်တူလေးက သူတို့နှင့် အနေများကာ သံယောဇဉ် ပိုမိုခဲ့ရသူမို့ အချစ်ပိုခဲ့ရသည်။ အခုလည်း ဒုက္ခတွေ အခက်အခဲတွေ ရောက်နေမှာစိုးမိသည်။

"မင်းမင်း သား အခု နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ကျွန်တော်တို့ လင်မယားအတွက် အဆင်ပြေပါတယ် အန်ကယ်မင်း၊ အဲ အကူအညီ တစ်ခုတော့ အန်ကယ်မင်းဆီက တောင်း ရလိမ့်မယ်"

"အကူအညီ ဟုတ်လား ဘာလဲ မင်းမင်း"

"အခု ဝင့်ရဲ့ ညီမလေး ရန်ကုန်ကို ရောက်လာလိမ့်မယ်၊ အဲဒါ ဝင့်နေတဲ့ တိုက်ခန်းမှာ တစ်ယောက်တည်း နေဖို့ မဖြစ်နိုင်ဘူး၊ ဝင့်နဲ့ အကူနေပေးတဲ့ အိမ်ဖော်ကြီးလည်း မရှိတော့ဘူးဆိုတော့ ဝင့် ညီမလေးလာရင် အန်ကယ်တို့ စောင့်ရှောက်ပေးထားပါနော်"

"ဟာ မဟုတ်တာ မင်း ပြဿနာ မီးထပ်မမွှေးနဲ့လေကွာ"

ဦးမင်းထင် အထိတ်တလန့် ငြင်းဆိုမိသည်။ နံဘေးက ဇနီး



www.burmeseclassic.com

www.burmeseclassic.com



သည်က သိချင်စိတ်နှင့် လက်တို့မေး၏။ ဦးမင်းထင် အသာလက်ကာပြရင်း မင်းမင်း အသံကို ဆက်နားထောင်ရ၏။

"အန်ကယ်မင်းရယ် ဒီတစ်ခုတော့ ကူညီပါဗျာ၊ သားကို မချစ်ဘူးလား။ အကြာကြီးလည်း မဟုတ်ပါဘူး၊ သားတို့ ပြန်မလာခင် တခဏလောက်ပါပဲ"

မင်းဆက်သစ်က အဲသည်လို လည်သည်။ ကျွန်တော်ဆိုသည့် နာမ်စားအစား သားတွေ ဘာတွေ သုံးနှုန်းချွဲနွဲ့တော့ ဦးမင်းထင် ဘာမှ မပြောနိုင်ဘဲ တွေတွေကြီး မျောသွား၏။

"နော် နော် အန်ကယ်မင်း အန်တီခိုင့်ကိုလည်း ပြောပြလိုက်ပါ၊ သားတို့ အချိန်တန်ရင် ပြန်လာမှာပါ"

"မင်းအမေ သိရင် ငါတော့ ခေါင်းဆင်နင်းခံရတာထက် ဆိုးမှာ"

"ဟာ မာမီကို အမှန်မပြောနဲ့ပေါ့၊ အန်တီခိုင့်ဘက်က အမျိုးလိုလိုပဲ သိထားနိုင်းပေါ့၊ မာမီက ခဏ ခဏ မလာပါဘူး၊ ဩော် ဝင့်ညီမလေးဆီမှာ အန်ကယ်မင်းတို့ လိပ်စာရှိတယ်၊ သူ တစ်ရက်နှစ်ရက်အတွင်း ရောက်လာလိမ့်မယ် ဒါပဲနော် အန်ကယ်မင်း"

စကားအဆုံးမှာ မင်းဆက်သစ် ချက်ချင်း ဖုန်းချသွား၏။ ဦးမင်းထင် ဘာပြောရမှန်း မသိဘဲ ဇနီးကို လှည့်ကြည့်၏။





"မင်းမင်း ဘာပြောလို့လဲ ဟင် ကိုထင်"

ဦးမင်းထင် ချက်ချင်း ရှင်းမပြနိုင်သေးဘဲ ဆိုဖာထိုင်ခုံမှာ စိတ်မောစွာ ထိုင်ချလိုက်သည်။

သိချင်စိတ်နှင့် ငံ့လင့်နေသော ဇနီးသည်က မင်းမင်းရဲ့ အကူအညီတောင်းသည့် ကိစ္စကြားလျှင် တုန်လှုပ်သွားမှာ သေချာ၏။

ဒါပေမဲ့ သူမသည်လည်း မင်းမင်းကို သားအရင်းအချာလို ချစ်သူမို့

သူ့လိုပဲ မမကို ကြောက်သည့်ကြားက မင်းမင်း ဆန္ဒတွေကို ငြင်းမဆန်နိုင်ဘဲ လက်ခံမှာ သေချာသည်။

ဝမ်းနှင့်လွယ်သည့်သား မဟုတ်ပေမယ့်လည်း သူတို့နှစ်ဦးရဲ့ သံယောဇဉ်က မင်းဆက်သစ် အပေါ်မှာ ပိုမိုနေတော့လည်း

ဝဋ်ရှိသမျှ ခံရတော့ဦးမှာပေါ့ မင်းမင်းရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သားကြီးတုန်းက ဖြစ်ရပ်မျိုးကိုတော့ နောက်ထပ် ထပ်ပြီး အဖြစ်မခံနိုင်တော့ပါ။ ဒါကြောင့်လည်း သားငယ် မျိုးဆက်သစ် ကိုတော့ ဒေါ်သင်းသင်းမျိုး အလေးထား ဂရုစိုက်ခဲ့သည်။

စေ့စပ်ပွဲအတွက်တော့ တစ်ဖက်က မိန်းကလေးရှင်နှင့် သူမ စီစဉ်ညှိနှိုင်းထားပြီးသား။ မျိုးဆက်တို့ အဖေ ဒီတစ်ခါ မြန်မာပြည် ပြန်လာသည့်အခါ စီစဉ်မည်။

သားကြီးကိစ္စကို ဖုန်းဆက်ပြောပြတော့ ခင်ပွန်းဖြစ်သူက သူမ လောက်တော့ ခါးခါးသီးသီး မဖြစ်ပါ။

"အင်း သူ့အသက်လည်း မငယ်တော့ပါဘူး သင်းရယ်၊ သူ့စိတ်တိုင်းကျ ရွေးတာဆိုတော့လည်း ဘာတတ်နိုင်မှာလဲ"





"အို သင်းတော့ လုံးဝ သဘောမတူဘူးကို၊ အိမ်ထောင်ပျက် မိန်းမဆိုတဲ့ အချက်နဲ့တင် လက်မခံနိုင်တာ"

"ပြော် သင်းရယ် အခု လက်မခံလို့မှ မရတော့တာ၊ သင်းက သားတွေကို ကလေးတွေလို ထင်နေတာကိုး၊ သူတို့အသက်က တစ်ဆယ့် ရှစ်နှစ်ရှိပြီ၊ ကိုယ်တိုင် ဆုံးဖြတ်နိုင်ပြီ၊ ကိုယ်တို့က လမ်းညွှန်သွန်သင်ပြလို့ပဲ ရမယ်လေ၊ ဖွတ်စေနိုင်းလို့ မရဘူး"

"ဘာလဲ ကိုက တစ်ပါးနိုင်ငံက စံချိန်စံနှုန်း ဓလေ့စရိုက်တွေနဲ့ နားလည်ဆုံးမနေတာလား၊ ဒါက မြန်မာပြည် သားသမီးဆိုတာ မိဘ စကားကို နာခံနားထောင်ရမယ်၊ ဒါ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ ဓလေ့စရိုက်လေ"

သူမ စိတ်တိုကာ ရန်တွေ့သလိုလေး ဆိုမိတော့ တစ်ဖက်က ခင်ပွန်းဖြစ်သူရဲ့ သဘောကျ ရယ်သံသဲ့သဲ့ကို ကြားသည်။

"ကိုက ဘာရယ်တာလဲ သင်းကို လှောင်တာလား"

"ဟာ မဟုတ်ပါဘူးကွာ သင်းစကားကို သဘောကျလို့ပါ၊ သင်း စဉ်းစားကြည့်လေ၊ အကြီးကောင်က မိဘစကားကို မနာခံဘူး၊ သူ့ဆုံးဖြတ်ချက်အတိုင်း လုပ်သွားပြီးပြီ၊ ဒီတော့ သင်းနဲ့ ကိုယ်တို့ကလည်း ဒီတဝတ္တရားအတိုင်း စီမံပေးရမှာပေါ့"

"လုံးဝ လက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ သင်းရဲ့ မြန်မာ့ဓလေ့စရိုက်ပဲဥစ္စာ၊ ဘယ်မိဘက သားသမီးကို စွန့်ပစ်နိုင်မှာမို့လဲကွ"

သူမ တွေခနဲဖြစ်တော့ ဖြစ်သွားခဲ့ပါသည်။ သားကြီးကိစ္စက သူမ လက်မခံနိုင်သော ကိစ္စ။ အခုလည်း မိဘကို ဖုန်းလေးတောင် တစ်ချက်မဆက်ဘဲ နေနိုင်လိုက်တာ။

"သင်း ဘာတွေတွေးနေတာလဲ"

"အကြီးကောင် အကြောင်းတွေးရင်း စိတ်နာလာလို့၊ ကဲပါ အဲဒါတွေ ထားတော့၊ ကို ဒီတစ်ခါ ပြန်လာရင် သားငယ်ကိစ္စ ကို စီစဉ်ချင်ပြီ၊ စေ့စပ်ပွဲမှာ ကို ရှိမှ ဖြစ်မှာ"

"အေးပါကွာ အေးပါ ဒါပဲနော် သင်း"

သူမ စိတ်တွေကို အနှောင့်အယှက် ပေးသွားသည့် သားကြီး လိုမျိုး သားငယ်လုပ်မှာ မဟုတ်ဟု ထင်ပါသည်။ ဒါပေမဲ့ မျက်နှာလွှဲ ဥပေက္ခာပြုထားလို့ မဖြစ်ပါ။

ကံကြမ္မာကိုက ပြောလို့ရတာ မဟုတ်။ တစ်စုံတစ်ရာ လွဲချော် သွားခဲ့လျှင် အခက်။

ဘဝင်နိုက်လေးအပေါ် သားငယ်က သူ့ဆန္ဒအတိုင်း ငြင်းဆို တာမျိုး မရှိပေမယ့် ကျေနပ်လက်ခံတာမျိုးလည်း မပြတာ စိတ်ထဲမှာ အလိုမကျချင်ပါ။





အင်းလေ တစ်ခုတော့ ရှိသည်။ သားငယ်နဲ့ ဘဝင်နိုက် လေးတို့ဆိုတာ အခုမှ ဆုံကြသေးတာမို့ သံယောဇဉ်နှင့် ရင်းနှီးမှုက စိမ်းသက်နေသေး၏။ ပြီးတော့ ဘဝင်နိုက်လေးနှင့် ရည်ရွယ်တာက သားကြီး။

အခြေအနေတွေ ပြောင်းကာ သားငယ်ဘက် ဦးလှည့်သွားခဲ့တာ ဆိုတော့ သားငယ်စိတ်ထဲမှာ တစ်မျိုးတော့ ခံစားနိုင်၏။

ဒါတွေကို ကြိုတွေးကာ သူမဘက်ကလည်း ပါးပါးနပ်နပ် အစီအစဉ်လေးတွေ ဆွဲရသည်။

"သားငယ် ဒီနေ့ မာမီ့ကို ထိပ်တင်တို့အိမ် လိုက်ပို့ပေးစမ်းပါ"

"ဦးလေးထွန်းကိုပဲ လိုက်ပို့ခိုင်းပါလား မာမီ၊ သားက ကျူရှင်ကို သွားရဦးမှာ၊ ပို့တာ ပြဿနာ မရှိပေမယ့် မာမီ ပြန်တော့ ခက်မှာပေါ့"

"မခက်ပါဘူးကွယ် မာမီ ညနေမှ ပြန်မှာ၊ သား ကျူရှင်ပြီးတာနဲ့ ဝင်ကြိုပေါ့"

သူမဘက်က သူမအစီအစဉ်နှင့် သူမ ဖြစ်သည်။ နားရက် မရှိအောင် ကျူရှင် သင်တန်းတွေနှင့် ချာလည်နေသော သားနှင့် ဘဝင်နိုက်လေးတို့နှစ်ဦး နီးစပ် ဆုံတွေ့ချိန်တွေကို သည်လိုပဲ ဖန်တီး ရတော့မှာလေ။

ထိပ်တင်တို့ အိမ်ကိုရောက်တော့ ခဏာလောက် ဝင်ထိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မှာထားခဲ့သော သားက သူမ အလိုကျ ညှော်ခန်းမှာ ခဏ ဝင်ထိုင်၏။

"ဟော သားတော်မောင် ပါလာတာကို၊ ထိုင်နော် သားမျိုးဆက် သမီးရေ ကော်ဖီယူခဲ့ပါကွယ်"

"ကျွန်တော် မသောက်တော့ဘူး အန်တီ၊ အခုလေးတင် အိမ်က သောက်လာလို့၊ အခုလည်း မာမီ့ကို လိုက်ပို့တာ ကျူရှင် သွားရဦးမှာ ခင်ဗျ"

မျိုးဆက် နာရီကို ငုံ့ကြည့်ရင်း ပြောသည်။ ထိုအခိုက်မှာပဲ နိုက် ကော်ဖီပန်းလေးကိုင်ကာ ညှော်ခန်းထဲ ထွက်လာ၏။

နိုပြာရောင် ထက်အောက် ဝတ်စုံလေးနှင့် နိုက် အသွင်က အပြင်ကို သွားစရာရှိနေလို့ ပြင်ဆင်ထားပုံမျိုး။

"ဟော သမီးလေးက လှလိုက်တာကွယ်၊ အပြင်သွားစရာ ရှိလို့လားကွဲ့"

"သမီးက သူ့သူငယ်ချင်း အိမ်သွားမလို့လေ သင်းသင်းရဲ့၊ အတော်ပဲ မောင်မျိုးဆက် ကားနဲ့လိုက်သွားနော် သမီး၊ သင်းသင်း နဲ့ မေမေလည်း နေ့လယ် သွားစရာလေး ရှိတယ်၊ သင်းသင်း ကားမပါတော့ မေမေတို့ ကားနဲ့ပဲ သွားကြမှာမို့နော် သမီး"

သည်လို အခြေအနေတွေကို မေမေနှင့် သူ့မိခင် စီစဉ်ထားမှန်း သူ သိပုံမရပါ။ နိုက်ကိုတော့ မေမေက ပြောပြထားတာမို့ သိနေ၏။





"သင်းသင်းက သူ့သားနဲ့သမီးကို ရင်းနှီးစေချင်နေတာ သမီးရဲ့"

"မေမေရယ် မေမေ လုပ်ပုံက မဟုတ်သေးပါဘူး သမီးတို့ ဘက်က သိက္ခာကို ထိခိုက်တယ်"

"အို ဘာဆိုင်လို့လဲ သမီးရဲ့ မကြာခင် စေ့စပ်တော့ မယ်သူတွေပဲလေ၊ သူက တမင်ရှောင်နေတာမှ မဟုတ်ဘဲ၊ အလုပ်တွေ များနေတဲ့ အချိန်လေ၊ သင်းသင်းက သမီးနဲ့ နီးစပ် ရင်းနှီးစေချင်လို့ စီမံတာပါကွယ်"

မေမေ့ကို အတိုက်အခံ ပြောရင်လည်း နိုက်နှင့်မေမေပဲ စကားများ စိတ်ညစ်ကြရဦးမှာမို့ နိုက် ဘာမှ ဆက်မပြောတော့ပါ။

စိတ်ထဲကတော့ အတော့်ကို ဘဝင်မကျ ဖြစ်နေမိ၏။ စဉ်းစား ကြည့်လေ သူနှင့်နိုက် ရင်းနှီးဖို့အတွက် နိုက်က သူနှင့်ဆုံအောင် ဖန်တီး လိုက်ကနေရတဲ့ အဖြစ်။

"ဘဝင်နိုက်က ဘယ်သွားမှာလဲ၊ ကျွန်တော် လမ်းကြုံပို့ ပေးပါ့မယ်၊ အချိန်တော့ ရပါသေးတယ်"

"စမ်းချောင်းဘက်က သူငယ်ချင်းအိမ်ပါ"

နိုက် ဆိုတော့ မျိုးဆက် မျက်လွှာပင့်ကာ တစ်ချက်ကြည့်၏။ ကြိုးမှ ခေါင်းညိတ်ပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လမ်းသင့်တာပေါ့ ရပါတယ်၊ ကျွန်တော် အရောက်ပို့ပေးလိုက်ပါ့မယ် အန်တီ"

ဝတီ့အိမ်ကို နိုက်သွားမှာဟု သူ သဘောပေါက်လိုက်ပုံရ၏။ နိုက်ကော သူပါ ဝတီ့အိမ်မှာ ဆုံဖူးကြပေမယ့် မပတ်သတ်ဟန် ဆောင်ခဲ့ကြတာကို မေမေတို့ မသိကြပါ။

"ကဲ ကဲ ဒါဆို သားနဲ့သမီး သွားကြတော့လေ"

ဒေါ်သင်းသင်းမိုးက ကျေနပ်စွာ ပြုံးကြည့်နေခဲ့သည်၊ ဆင်စွယ်ရောင် ရှပ်လက်တိုနှင့် ဘောင်းဘီအနက်ကို ဝတ်ထားသော သားချောနှင့် ဝင်းမွတ်နေအောင် လှသည့် ဘဝင်နိုက်ကလေးတို့က လိုက်ဖက်ညီလှ၏။

မေမေတို့ ရှေ့မှောက်မှာ နှစ်ဦး ယှဉ်တွဲ ထွက်လာခဲ့ကြပေမယ့် နိုက် ရင်ထဲမှာ မကျေနပ်စိတ်လေး ကိန်းဝပ်နေ၏။

သူ့မျက်နှာကတော့ တည်တည်ကြည်ကြည်ပါပဲ။

ကားလေး ခြံထဲက မောင်းထွက်လာတော့မှ မျိုးဆက် မျက်ဝန်းတွေက နိုက်ကို နောက်ကြည့်မှန်လေးထဲက ဖျတ်ခနဲ ကြည့်၏။

မျက်ခုံးတန်းတန်းလေး စုကျုံ့ထားသော မျက်နှာလေးက သုန်မှုန်နေသည် ထင်မိ၏။

ဘာကြောင့်လဲ မျိုးဆက် စဉ်းစားမိရင်း တွေးမိကာ ဟိုတစ်ရက်





က ဝတီတို့ အိမ်မှာ ဆုံခဲ့သည့် ဖြစ်ရပ်ကြောင့်ဟု ထင်မိ၏။

"ဘဝင်နိုက် မင်း ကိုယ့်ကို စိတ်ဆိုးနေတာလား"

မထင်မှတ်သော သူ့အမေးကြောင့် နိုက် ဖျတ်ခနဲ လှည့်ကြည့်ရင်း မျက်ခုံးလေးတွေ ပိုလို့ တွန့်ခေါက်သွားခဲ့၏။

"စိတ်ဆိုးမယ် ကျွန်မက ဘာကြောင့် ရှင့်ကို စိတ်ဆိုးရမှာလဲ ကိုမျိုးဆက်သစ်"

"ဝတီတို့ မိတ်ဆက်ပေးတုန်းက မသိသလို နေခဲ့လို့ပေါ့၊ မင်းကလည်း ခပ်တည်တည်ကြီး ဆိုတော့ တခြားသူတွေ မသိစေချင်ဘူး ထင်လို့ပါ"

ဒါ သူ့ရဲ့ နိုင်လုံတဲ့ ဖြေရှင်းချက်လား။ နိုက် မပြုံးချင်ဘဲနဲ့ လှောင်ပြုံးလေး ပြုံးမိသည်။

"ကျွန်မက တမင် မပြောတာပါ၊ ရှင့် တပည့်တွေ ရှေ့မှာ ရှင်က မသိစေချင်ဘူးလားလို့"

"အဲဒီသဘော မဟုတ်ပါဘူး ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ကိုယ့်တပည့်တွေ မသိသလို ကိုယ်လည်း တစ်ပါးသူရဲ့ ကိုယ်ရေးကိုယ်တာကို မစပ်စုပါဘူး"

ပြောပုံက နိုက်ကပဲ စပ်စုနေသလိုလို။ နိုက် စိတ်ဆိုးသွားခဲ့မိတာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကျွန်မက ရှင့်ကို စပ်စု နေတယ် ထင်လို့လား၊ ကျွန်မနဲ့ ဝတီက သူငယ်ချင်း အရင်းအချာတွေပါ၊ အဲဒီနေ့က ဘာမှ ရှင့်အကြောင်းတွေ မမေးကြည့်ခဲ့ဘူး"

နိုက် မာဆတ်ဆတ်လေး ပြောတော့ သူ လှည့်ကြည့်သည်။ စိမ်းညို့ညို့ မျက်ခုံးတွေက တွန့်ခေါက်လို့။

"ကျွန်မ ဘယ်သူ့ကိုမှ ရန်မလိုဘူး"

ရန်မလိုဘူး ဆိုသည့် နှုတ်ခမ်းတွေက တင်းတင်းလေး စေ့လို့ သူ့ကို မျက်နှာလွှဲထားပေမယ့် နောက်ကြည့်မှန်ထဲမှာတော့ မြင်နေရပါသည်။

မျိုးဆက် ပြုံးမိသည်။ နှုတ်ခမ်းလေးတွေ စူနေသော သူမ အသွင်က တစ်မျိုးလေး ကြည့်ကောင်း၏။ ဝင်းမွတ်နေသော မျက်နှာလေးမှာ ထွေထွေထူးထူး ပြင်ဆင်ခြယ်သထားခြင်း မရှိပါဘဲ နဂို ဝင်းမွတ်သော မျက်နှာကို ပေါင်ဒါ ပါးပါးလေး ဖို့ထားခြင်းသာ ဖြစ်၏။

"ရှင် ဘာပြုံးတာလဲ"

ဗုဒ္ဓေါ ပန်းနုရောင် နှုတ်ခမ်းလေးတွေ စူကာ ရန်တွေ့ပုံလေးက လည်း မိန်းမဆန်လွန်းလိုက်တာ။

"ဘာပြုံးလို့လဲဗျာ"

"ကျွန်မ အသေအချာ မြင်တယ်၊ ရှင် လိမ်မနေနဲ့"





"ကဲ ဒါဆို မလိမ်ဘဲ ပြောမယ်၊ မင်း စိတ်ဆိုးနေတဲ့ ပုံလေးက တစ်မျိုးလေးပဲ ဒါကြောင့် ပြုံးမိတာ"

"အို"

မျက်နှာဝင်းဝင်းလေး ချက်ချင်း သွေးရောင်လွှမ်း နီသွားပုံက သွေးကြောစိမ်းလေးတွေတောင် ထင်းခနဲ ပေါ်သည်။

မျိုးဆက်ကိုတောင် မျက်နှာချင်း မဆိုင်တော့ဘဲ နံဘေးက ပြတင်းတံခါးဘက် လှည့်သွားတာ အကြာကြီး။

မျိုးဆက် ရယ်ချင်ပေမယ့် မရယ်ဖြစ်ပါ။ တော်ကြာ အရှက်လွန်ပြီး ကားပေါ်က ဆင်းသွားခဲ့ရင် ဒုက္ခ။

တိတ်ဆိတ်နေမှုတွေကြားမှာ အတန်ကြာ လွင့်မျော ငြိမ်သက်နေပြီးမှ မျိုးဆက် ကားလေး ထိုးရပ်တော့ နိုက် ဖျတ်ခနဲ လှည့်ကြည့်လာသည်။

"ခဏလေးနော် ကိုယ် ဝယ်စရာလေး ရှိလို့ မကြာပါဘူး"

နိုက် မမေးဘဲ သူက ပြောဆို ခွင့်တောင်းသည်။ ပြီးတော့ တံခါးဖွင့်ကာ ဆင်းသွားသည်က စတိုးဆိုင်လေးဆီကို ဖြစ်သည်။

ဆိုင်ထဲက သူ ပြန်ထွက်လာတော့ လက်ထဲမှာ ခွဲအိတ်တစ်လုံး နှင့် ဘာတွေ ဝယ်လာမှန်း နိုက် မသိပါ။

"ကိုယ့် တပည့်တွေကို ဆုချဖို့လေ၊ ကိုယ် မေးတဲ့ မေးခွန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဂုဏ်ထူးမှတ်ရအောင် ဖြေနိုင်သူတွေအတွက် ဘောပင်နဲ့ ဗလာစာအုပ်တွေပါ''

''ရှင့်ကို နိုက် မမေးပါဘူးနော်''

မျက်ဝန်း စူးစူးလေးတွေနှင့် ပြောပုံလေးက တမင်ပဲ ကိုယ်က သိစေချင်လို့ ပြောမိသလို။

''မင်း မမေးဘဲ ကိုယ် တမင်ဖြေတာပါ။ မာမီက မင်းနဲ့ကိုယ့်ကို ရင်းရင်းနှီးနှီး ရှိစေချင်နေတာ သေချာတယ်၊ မင်းလည်း သတိထားမိမှာပါ''

နိုက် သိနေသလို သူလည်း သိနေကြောင်း ဝန်ခံစကားဆိုသည်။ နိုက် ခေါင်းမညိတ် ခေါင်းမခါဘဲ နှုတ်ဆိတ်နေတော့

''လူကြီးတွေရဲ့ အစီအမံကို ကိုယ်တို့ သိထားပြီးပြီ၊ ဒါပေမဲ့ ကိုယ်နဲ့မင်းကတော့ တစ်ယောက်ကိုတစ်ယောက် ဘာမှ မသိကြသေးဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ အချိန်ယူပြီး တစ်ယောက်ကိုတစ်ယောက်တော့ လေ့လာသင့်တာတော့ လက်ခံရမှာပဲ''

သူ့နှုတ်က အလေးအနက် ဆိုနေတော့ နိုက် တည်တည်ငြိမ်ငြိမ်လေးပဲ နားထောင်ပေးလိုက်ပါသည်။

''မိဘတွေ စိတ်ချမ်းသာစေချင်လို့ ကိုယ်တို့ ခေါင်းညိတ်ခဲ့ကြတာ မှန်ပေမယ့် သံယောဇဉ်လေးတောင် မရှိဘဲနဲ့ အိမ်ထောင်တစ်ခု





တည်ကြမှာတော့ မဟုတ်သေးဘူး ထင်တယ်၊ ဒီတော့ ကိုယ်တို့ ခုချိန်မှာ မိတ်ဆွေရင်းချာတွေလိုတော့ သတ်မှတ်လိုက်ရအောင် နော်''

မိတ်ဆွေရင်းချာတွေတဲ့၊ သူ ဆိုလိုတာကို နိုက် သေသေချာချာတော့ နားမလည်ပါ။

လက်ခံမိတာတော့ သူ့စကားတွေ မှန်သည်၊ အိမ်ထောင်တစ်ခု တည်ဖို့အတွက် လိုအပ်ချက်တွေ ရှိသည်။

သူ ဆိုသလို သံယောဇဉ်လား၊ ချစ်ခြင်း မေတ္တာလား၊ နှစ်ခုစလုံးလား၊ ထိုထက် ပိုမိုသော အချက်တွေ ရှိနေသေးလား။

နိုက် ငေးငေးလေး တွေးနေမိသေး၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မင်းမင်း ဖုန်းဆက် သတင်းပို့ပြီး နှစ်ရက်မြောက်နေ့မှာပဲ ဝတ်ရည်ဆင့် ဆိုသော ကောင်မလေး ဦးမင်းထင် အိမ်အရောက် ပေါက်ချလာ၏။

"အန်ကယ်က ဦးမင်းထင် ဟုတ်ပါတယ်နော်"

မျက်တောင်ကော့ကြီးတွေအောက်က မျက်နက်ဝန်းလေးတွေနှင့် အကဲခတ်ကြည့်ရင်း ကောင်မလေး မေး၏။

"ဟုတ်ပါတယ် သမီး၊ သမီးရောက်လာမယ့် အကြောင်းကို မင်းမင်းက ဖုန်းဆက်ထားပါတယ်၊ ကဲ ထိုင်ပါဦး သမီးရဲ့"

ဆိုဖာ ထိုင်ခုံမှာ ထိုင်ဖို့ ဖိတ်ခေါ်တော့ ကောင်မလေး ခရီးဆောင်အိတ်လေးကို ဒရွတ်တိုက် ဆွဲရင်း ဝင်ထိုင်သည်။





ဝတ်ထားသည့် ပန်းနုရောင် လက်ပြတ် အင်္ကျီလေးလိုပဲ ပန်းနုရောင် သမ်းနေသော မျက်နှာလေးက နုဖတ်ဖတ်လေး ဖြစ်၏။ ကြည့်ရတာ ကောင်မလေး အသက်က ငယ်သေးပုံပါပဲ။

သည်လို အရွယ်လေးက တိုက်ခန်းမှာပဲ တစ်ယောက်တည်း နေဖို့ဆိုတာ မသင့်တော်တာတော့ အမှန်။

ရွှေအိုရောင် သရီးစတပ် ဆံပင်လေးနှင့် ကောင်မလေးကို ဦးမင်းထင်လိုပဲ ညှော်ခန်းထဲက ထွက်လာသော ဇနီးဖြစ်သူက အကဲခတ်ကြည့်နေသည်။

"အန်တီက ဒေါ်ထက်ထက်ခိုင် နော်"

နှစ်လိုဖွယ် အပြုံးလေးနှင့် နှုတ်ဆက်တော့ ဒေါ်ထက်ထက်ခိုင်လည်း တုံ့ပြန် ပြုံးရင်း ခေါင်းညိတ်ကာ ခင်ပွန်းဖြစ်သူ နံဘေးမှာ ဝင်ထိုင်သည်။

"မမဝင့်က အန်ကယ်တို့ အိမ်မှာ အဆင်ပြေတယ် ပြောပေမယ့် ဆင့် ကြောင့် အနှောင့်အယှက် ဝန်ပိုကြီးဖြစ်မှာလည်း စိုးပါတယ်"

ကောင်မလေး နှုတ်က စာနာမှုလေး ပေးလာတော့ သူတို့အိမ်မောင်နှံ မနေနိုင်တော့ပါ။ ဒီကောင်မလေးကို သိပ်လက်မခံချင်တာမှုကို ကြောက်ရှုံ့ပဲ ဖြစ်သည်။

ဒါပေမဲ့ မင်းမင်းက အကူအညီ တောင်းသည့် ကိစ္စ၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com



မလေးရဲ့ ဒုက္ခတွေကို စာနာမိ၍ နဂိုကတည်းက စာနာသနားတတ်သော ဦးမင်းထင်တို့ ဇနီးမောင်နှံရဲ့ စိတ်ကလည်း ခပ်ပျော့ပျော့။

"ဒီအတွက်တော့ သမီးလေး မစိုးရိမ်ပါနဲ့ကွယ်၊ အန်ကယ်တို့ အတွက်တော့ လူတစ်ယောက် တာဝန်က ဘာမှ မဖြစ်ပါဘူး၊ မင်းမင်း ကလည်း သမီးလေးကို စောင့်ရှောက်ပေးထားဖို့ မှာထားပါတယ်ကွယ်"

ဦးမင်းထင်က နူးညံ့ညံ့ ချိုချိုသာသာ ပြောသည်။ ဇနီးသည် ဒေါ်ထက်ထက်နိုင်ကလည်း ကလေးမလေးကို မြင်ကတည်းက ချစ်ခင် သနားသွားသည်မို့

"သမီးလေး နေဖို့ ထိုင်ဖို့ အန်တီ အားလုံး စီစဉ်ထားပါတယ် ကွယ်၊ ဘာမှ အားမနာနဲ့၊ ကိုယ့်အိမ်လို သဘောထားပြီး လွတ်လွတ် လပ်လပ် နေပါကွယ်"

ဝတ်ရည်ဆင့် ဆိုသော ကောင်မလေး မျက်နက်ဝန်းလေးတွေ နှင့် သူတို့ကို ကြည့်နေသည်။ ပြီးမှ ခင်မင် နှစ်လိုဖွယ် အပြုံးလေးနှင့်

"အန်ကယ်နဲ့ အန်တီက ကိုမင်းဆက်သစ်ရဲ့ ဦးလေးနဲ့ အဒေါ် တွေနော်"

"ဟုတ်တယ် သမီး ဘာဖြစ်လို့လဲကွဲ့"

"မမနဲ့ ကိုမင်းဆက်ကို ကိုမင်းဆက် အမေက သဘောမတူ ဘူးလို့ ဆင့် သိထားတယ်၊ ဒါကြောင့် သမီးကို အန်ကယ်တို့ ကြည်ဖြူ





ပါ့မလားလို့ တွေးပူမိသေးတယ်"

"မင်းမင်းက အန်ကယ်တို့ တူဆိုပေမယ့် သားတစ်ယောက် လိုပါပဲ သမီးရယ်၊ မင်းမင်းကို ဟို ငယ်ငယ်ကတည်းက အန်ကယ်တို့ အိမ်မှာပဲ ခေါ်ထားတာလေ၊ ဒါကြောင့် အခုလို ဖြစ်ကုန်တော့ အန်ကယ့် အစ်မက အန်ကယ်တို့ကို ဒေါသဖြစ်နေတာပေါ့"

ကလေးမလေး နှုတ်ခမ်းပါးလေးတွေ တင်းခနဲ စေ့သွားတာ ဦးမင်းထင် သတိထားမိသည်။

"မမက ဘာကြောင့် ကိုမင်းဆက်ကို လက်ခံလိုက်တာလဲ ဆင့် မတွေးတတ်ဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် မမ နေရာမှာ ဆင့်သာဆိုရင် လက်မခံဘူး၊ ကိုယ့်ကို မကြည်ဖြူတဲ့ ယောက္ခမကို ယောက္ခမ မတော်ချင်ပါဘူး"

ဝတ်ရည်ဆင့် စကားကြောင့် ဦးမင်းထင် မျက်စိမျက်နှာပျက် ဖြစ်သွားသည်။ ဒီကလေးမ စကားတွေကိုသာ မမ ကြားလျှင် တကယ့် ပြဿနာ ဖြစ်တော့မည်။

ဇနီးဖြစ်သူ မျက်နှာကို လှမ်းကြည့်တော့ သူ့လိုပဲ ကလေးမ စကားအတွက် စိုးရိမ်နေတာ အထင်အရှား။

"ဆင့် ကိုမင်းဆက်ကို ခင်ပါတယ်၊ ကိုမင်းဆက်ရဲ့ အမေ စကားတွေကို မခံနိုင်တာ၊ မမက အိမ်ထောင်ပျက် တစ်ယောက် ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လော်လီတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး''

ဦးမင်းထင် စိတ်ညစ်ညူးသွားမိသည်။ ဒီကလေးမလေး ရင်ထဲက ခံစားချက်တွေကို သူ နားလည်နိုင်ပါသည်။ ဒါပေမဲ့ မမကတော့ ဘယ်လိုမှ လက်ခံမှာ မဟုတ်။

သူ သိပ်ချစ်တဲ့ သားကြီးကို အခုလို တစ်ခုလပ် မိန်းမနှင့် သဘောမတူနိုင်တာ မိခင်စိတ်ကြောင့်ပဲ ဖြစ်သည်။ ဆင့် ဆိုသည့် ကလေး မလေးက နားလည်နိုင်မည် မဟုတ်။

အင်းလေ ကလေးစိတ်နဲ့ သူမဘက်က ကြည့်တော့လည်း မာန စိတ်လေး တလူလူ ရှိမည်ပေါ့။

သူမ အစ်မ ဝတ်ရည်ဝင့် ဆိုတာက ပညာတတ် စီးပွားရေး အမြင်ရှိသူ တစ်ယောက်။ မိဘတွေ ချန်ထားရစ်ခဲ့သော ငွေကြေးဓနတွေကို အငြိမ့်သား ထိုင်စားနေတာ မဟုတ်။ တိုးတက်ပွားများအောင် စွမ်းဆောင်ရင်း ညီမ ဖြစ်သူကိုတောင် အစ်မကြီးပီပီ စောင့်ရှောက်နေနိုင်သူပဲလေ။

''ဆင့် စကားတွေကြောင့် အန်ကယ်တို့ အနှောင့်အယှက်ဖြစ်ရင် ဆင့် တောင်းပန်ပါတယ်နော်၊ ဆင့် အန်ကယ်နဲ့ အန်တီကိုတော့ မြင်မြင်ချင်း ခင်မင်မိပါတယ်၊ ကိုမင်းဆက်ကော မမကပါ ဆင့်ကို ပြောပြပါတယ်၊ အန်ကယ်တို့က စိတ်စေတနာ ကောင်းကြတယ်တဲ့''





နှုတ်က ကျွံခဲ့သော စကားတွေအတွက် ဝတ်ရည်ဆင့် ပြန်ဖာထေးနေတာလား မသိ။ ဘာပဲဖြစ်ဖြစ် ဒီကလေးမလေး တာဝန်ကို မင်းမင်း အကူအညီ တောင်းကတည်းက လက်ခံဖို့ ဆုံးဖြတ်ပြီးတော့လည်း

''ကဲပါ သမီးရယ် ကျန်တဲ့ ကိစ္စတွေကို မေ့ထားလိုက်ပါကွယ်၊ အန်တီတို့ အိမ်မှာ သမီး ပျော်ပျော်နေပေါ့ ဟုတ်လား''

''ကျေးဇူးတင်ပါတယ် အန်တီနိုင်''

''ကဲ နိုင်ရေ သမီးလေးအတွက် စီစဉ်ပေးထားတဲ့ **အခန်းကို** လိုက်ပို့ပေးလိုက်ပါကွာ''

ဦးမင်းထင် စကားအတိုင်း ဒေါ်ထက်ထက်နိုင်က ခေါင်းလေး ညိတ်ကာ ထရပ်သည်။ ခရီးဆောင် အိတ်ကြီးကို မနိုင်မနင်း ဆွဲဖို့ ကြိုးစားနေသော ဆင့်ကို ဦးမင်းထင်က လက်ကာတားရင်း

''ထားခဲ့လိုက် သမီး၊ ဒေါ်ချစ်နဲ့ မိတုတ်တို့ သယ်လာပေးလိမ့်မယ်၊ ထားခဲ့လိုက်''

ကလေးမလေး ခေါင်းလေးညိတ်ကာ ဖနီးသည်နှင့်အတူ ပါသွားခဲ့သည်။ ဦးမင်းထင် စိတ်တွေ လေးပင်ပြီး ကျန်ခဲ့သည်။

သည်ကိစ္စတွေကို မမတော့ လုံးဝ သိလို့ မဖြစ်ပါ။ သို့သို့ဝှက်ဝှက် ဖုံးဖိထားဖို့လည်း ဖနီးသည်နှင့် တိုင်ပင်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ခိုင့်ဘက်က တူမ ဝမ်းကွဲလေး အိမ်ကို အလည်လာခြင်းဟုပဲ မမ မေးလာလျှင် သိစေမည်။

မဟုတ်လို့ကတော့ တကယ် မလွယ်သည့် အဖြစ်။ မမစိတ်ကို သူ အသိဆုံး။ တစ်သက် ဆွေခန်း မျိုးခန်း ပြတ်သွားမည့် ကိန်း။

ဟူး တော်တော် ဒုက္ခပေးပါလား မင်းဆက်သစ်ရယ်။

■ ■ ■

## အခန်း (၁၄)

ဝတီရဲ့ အိမ်ကိုသွားလျှင် သူနှင့် ဆုံနိုင်တာ သိပေမယ့် ခိုက် သိပ်မလည်ဖြစ်တော့ပါ။

သူ ရှိနေတာ သိလို့ ကိုယ်က တမင် သွားနေတယ် ထင်မှာ စိုးသည်။ ခိုက်တို့က သည်လောက်အထိတော့ မာန မကင်းမဲ့ပါ။ သူ ပိုင်းကျူရှင် သင်နေတာ ဝတီ အိမ်မှန်း မေမေတို့ သိရင် ချောင်းပေါက် မတတ် လွှတ်မှာ သေချာ၏။

ဒါကြောင့် ခိုက် ဖွင့်မပြောပါ။ ကြည့်ရတာ သူ့ဘက်ကလည်း သူ့မာမီကို ပြောပုံမရ။ သူ့မာမီ သိလျှင်လည်း ခိုက်ကို နေ့စဉ် ဝင် ပေါ်နိုင်းမှာစိုးလို့လား မသိ။

ရှင်က မဆုံချင်သလို ခိုက်ကလည်း အောက်ကျနောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



မဆုံချင်ပါဘူး။ ဆယ်ကျော်သက် ကျောင်းသူလေးတွေနှင့် သူ ဝတီတို့ အိမ်မှာ စာသင်နေတာကို မြင်နေကြားနေရတာလည်း ခိုက် မမြင် မကြားချင်ပါ။

တချို့ ကောင်မလေးတွေက တကယ့် ခပ်ကဲကဲလေးတွေ။ ဆရာ ဆရာနှင့် ချွဲနွဲ့နေတာ ခိုက် နားထဲကို မကြားချင်ဘဲ ရောက်သည်။

မကြာခင် ကိုယ်နှင့်လက်ထပ်ရတော့မည့် ယောက်ျားကို ဒီလို မြင်ကွင်း အခြေအနေနှင့် မြင်တွေ့နေရတာ ခိုက် ဘဝင်မကျပါ။ ဒါ သဝန်တိုတာလို့ ဆိုချင်လည်း ဆိုတော့။

ခိုက် စိတ်က ဘယ်လိုမှ မကြည်ဖြူနိုင်ပါ။ သည်တော့ တမင်ပဲ ခိုက် ဝတီတို့ အိမ်ကို မရောက်ဖြစ်တော့ပါ။

မေမေက သူငယ်ချင်း အိမ် မသွားဘူးလား မေးလာတော့ ခိုက် ယတိပြတ် လိမ်ညာမိ၏။

“ဝတီ ဘုရားဖူး ထွက်သွားတယ် မေမေရဲ့”

ခိုက် ညာမိတာသာ မေမေ သိရင် ဆူပူလိုက်မည့် အဖြစ်။ မသိတော့လည်း မေမေ ဘာမှ မပြောတော့ပါ။ ခိုက် အိမ်မှာပဲ ဝေလေလေ အချိန်ကုန်ခဲ့သည်။

ပျင်းရင် ဂိမ်းဆော့။ စာဖတ် မျိုးဆက်သစ် ဆိုသော သူ့ အကြောင်းကိုတော့ ခိုက် မေ့လျော့ထား၏။





“သမီး ဒီနေ့ ဘယ်မှ မသွားဘူး မဟုတ်လား”

ခိုက် ကော်ဖီခန်းထဲ လှမ်းအဝင်မှာ မေမေက မေးလာတာမို့ ခေါင်းလေး ယမ်းခါပြရင်း

“ဟင့်အင်း သွားစရာ မရှိပါဘူး မေမေ၊ ဘာဖြစ်လို့လဲ”

“ဒီမနက်ပိုင်း မောင်မျိုးဆက် လာမယ်တဲ့၊ သင်းသင်း စောစော ကပဲ မေမေ့ဆီ ဖုန်းဆက်တယ်”

မေမေတို့ ဘာတွေ ကြံစည်စီမံကြပြန်ပြီလဲ မသိ။ ခိုက် စိတ် မဝင်စားသလို ကော်ဖီဝိုင်းမှာ ဝင်ထိုင်ပြီး မေမေ စီစဉ်ပေးထားသော မုန့်ဟင်းခါးကို ငုံ့စားနေလိုက်သည်။

“သင်းသင်းက သူ့သားနဲ့ သမီးကို ရင်းနှီး ခင်မင်နေစေချင် တာ သမီးရဲ့၊ မောင်မျိုးဆက် ခမြာလည်း စာမေးပွဲတွေ မပြီးမချင်း အားလပ်မှာ မဟုတ်ဘူး”

မေမေက ကော်ဖီတစ်ခွက် ငှဲ့ထည့်ပေးရင်း ခိုက်ကို ပြောနေ သည်။ ခိုက် နှုတ်ဆိတ်စွာပဲ နားထောင်နေမိ၏။

“အခု တစ်ပတ်တစ်ရက်လောက်တော့ သူ့သားကို အားလပ်ခွင့် ပေးထားတယ်တဲ့၊ သူ အဲဒီရက်တွေမှာ သမီးဆီ လာလိမ့်မယ်”

“သမီးက ဘာလုပ်ရမှာလဲ”

ခိုက် အမေးစကားက ဘုကန့်လန့်နိုင်တာမို့ မေမေ မျက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ကျုံ့ကြည့်ရင်း

''သမီးနော် မေမေ့ကို ဘုမပြောနဲ့၊ မောင်မျိုးဆက် ဆိုတာ သမီးနဲ့ လက်ထပ်ရမယ့်သူဆိုတာ မမေ့နဲ့၊ အခုလည်း သမီးတို့ချင်း ရင်းရင်းနှီးနှီး ရှိစေချင်လို့ မေမေတို့ လူကြီးတွေက စီမံပေးနေတာ''

ခိုက် မေမေ့ကို ဆန့်ကျင်ပြီး မပြောချင်တော့ပါ။ မေမေတို့ဘက် က ဖုတ်ပူမီးတိုက်နှင့် ခိုက်တို့ကို ခင်မင်ရင်းနှီးအောင် ကြိုးစား ပြီးတော့ လက်ထပ်ပေးကြမည့် အဖြစ်က တွေးကြည့်လျှင် မဟုတ်သေးပါ။

နှစ်ယောက်ဘဝ တစ်ခုကို သည်လို စီမံကိန်းဆွဲ စီစဉ်နေတာ သာယာသော အိမ်ထောင်တစ်ခု ဖြစ်လာနိုင်မှာတဲ့လား။

တကယ်ဆို သူက ယောကျ်ားလေး ဖြစ်သည်။ ခိုက်နှင့် ရင်းနှီး အောင် သူ့ဘက်က ကြိုးပမ်းရမည်။ ပြီးတော့ သူ့နှုတ်က ကိုယ်တိုင် တရားဝင် တောင်းဆိုသင့်သည်။

ရေလိုက် ငါးလိုက်နှင့် မိဘစီမံသည့်အတိုင်း နာခံမည့် ယောကျ်ားတစ်ယောက်ကို ခိုက် မငြင်းသာဘဲ လက်ခံရတော့မှာလား။

''မောင်မျိုးဆက် ရောက်လာရင် သမီး ပြေပြေလည်လည် ဆက်ဆံပါ၊ သမီး ခေါင်းထဲမှာ ထည့်ထားရမှာက သမီးတို့ချင်း မကြာခင် လက်ထပ်ကြရတော့မယ်ဆိုတာပဲ''

အမိန့်ဆန်လွန်းသော မေမေ့စကားတွေကို ခိုက် အကြောင်းပြ





ငြင်းဆိုခွင့် မရှိတာလည်း သိသည်။

ငြင်းဆန်အကြောင်းပြရအောင်လည်း မျိုးဆက်သစ် ဆိုသော ယောကျ်ားသည် ပြစ်ချက်မရှိ။ အနေတည်သည်။ ပညာတတ် ဥစ္စာပေါ။ ရုပ်ရည် အသက်အရွယ်ကအစ ခိုက် အပြစ်ရှာလို့ မရသော သူ ဖြစ်၏။

သူ့အလုပ်၊ သူ့ဝါသနာတွေထက် ခိုက်ကို အရေးမထားသလို ပုံမှန် ဆက်ဆံနေတာတော့ ခိုက် မကြိုက်ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့် တစ်သက်တာအတွက် လက်ထပ်မည့် မိန်းကလေးကို ဂရုတစိုက်တော့ ရှိသင့်၏။

အခုတော့ ကိုယ်တော်ချော ပုံစံက မိဘစကားကို နာခံကာ အချိန်တန်လျှင် လက်ထပ်မည်လို့ သဘောပိုက်ထားပုံပေါက်နေ၏။

သက်ရှိ လူသားနှစ်ဦး ပေါင်းစပ်မည့် ကိစ္စက စက်ရုပ်တွေလို ချုပ်ထိန်းမှုအောက်မှာ ရှင်သန်နေကြတာ မဟုတ်သေး။

ညှေ့ခန်းမှာ ခိုက် စာထိုင်ဖတ်နေတုန်း သူ့ရဲ့ ပါရာဒို နက်ပြာ ကားကြီး ထိုးဆိုက်လာသည်။

ကားတံခါး ဖွင့်ဆင်းလာသော သူ့အသွင်က တကယ့်ကို တည် တည်ငြိမ်ငြိမ်ပါပဲ။ အစိမ်းနု စပို့ရှပ်ကို နက်ပြာကွက်စိပ် ချည်ချော ပုဆိုးနှင့် တွဲဝတ်ဆင်ထား၏။

ဖြူဖွေးဝင်းနေသော အသားရောင်က ထင်းရှူးလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစက် အပျောက် ကင်းစင် နုဖတ်လွှန်းသော မျက်နှာပေါ်က မျက်ခုံး ထင်းထင်း နှာတံကျစ်ကျစ်ပိပိ နှုတ်ခမ်းပြည့်ပြည့်တွေက အပြစ်တစ်ချက်လေး ဆိုစရာ မရှိခဲ့ပါ။

"ဟော မောင်မျိုးဆက် လာလေ သမီး ဘာလုပ်နေတာလဲ ညှိုသည့်ကိုကွယ်"

အပြုံးတို့ လွှမ်းခြုံထားသော မေမေ့ မျက်ဝန်းအကြည့်တစ်ချက်က နိုက်ကို သတိပေးသလို ကြည့်၏။

နိုက် လက်ထဲက ဂျာနယ်ကို အသာချကာ ထရပ်မိသည်။

"ထိုင်ဦးလေ မောင်မျိုးဆက် ဘယ်က လှည့်လာတာလဲ အဟင်း သင်းသင်းကော နေကောင်းတယ်နော်"

မေမေက တမင် ရင်းနှီးခင်မင်အောင် နှုတ်ဆက် ဖော်ရွေလွန်းနေ၏။ မျိုးဆက် ခေါင်းလေး ညိတ်ပြရင်း

"ဟုတ်ကဲ့ ကောင်းပါတယ် အန်တီ၊ ကျွန်တော် ဒီရက်က ကျူရှင် နားရက်လေ၊ ဒါကြောင့် လာလည်တာပါ"

"ဟုတ်လား ထိုင် သား၊ သမီး မောင်မျိုးဆက်အတွက် ကော်ဖီ သွားဖျော်လိုက်ပါဦးကွယ်"

"ရတယ် အန်တီ ကျွန်တော် သောက်လာပြီးပြီ"

"အို သောက်ပြီးလည်း ထပ်သောက်ပေါ့ကွယ်၊ နေဦး အန်တီ





ကိုယ်တိုင်ပဲ ဖျော်ပေးမယ်၊ သမီး မောင်မျိုးဆက်နဲ့ စကားပြောဦး"

နိုက်ကို တမင် မေမေ ထားရစ်ခဲ့တာ နိုက် သိ၏။ နိုက်ကိုလည်း သတိပေးသလို ကြည့်သွားခဲ့သေးသည်။

ဒါပေမဲ့ နိုက် သူ့ကို စကားတစ်ခွန်းတောင် စပြီး မပြောပါ။ သူက နိုက်ကို ပင့်ကြည့်ရင်း

"မင်း ကိုယ်နဲ့ ခဏလောက် လိုက်ခဲ့လို့ ရမလားဟင်"

နိုက် သူ့ကို မော့ကြည့်မိသည်။ သူ့မျက်ဝန်းတွေက နိုက်ကို ကြည့်ကာ ခွင့်တောင်းဆိုနေဆဲ။

"ကျွန်မက ဘယ်ကို လိုက်ခဲ့ရမှာလဲ ကိုမျိုးဆက်သစ် ဘာကိစ္စ ရှိလို့လဲ"

"မင်းနဲ့ကိုယ် ဆွေးနွေးချင်လို့ပါ၊ မင်းနဲ့ကိုယ့်ကြားမှာ နားလည်မှု တစ်ခုတော့ ယူထားမှ ဖြစ်မယ်"

သူ ဘာကိုဆိုလိုတာလဲ နိုက် မသိသေးပါ။ မေမေ ကော်ဖီပန်းကန်ကာ ဝင်လာတာမို့ နိုက် ထပ်မမေးဖြစ်ပါ။

"သား ကော်ဖီလေးတော့ သောက်ပါဦး"

သူက ခေါင်းညိတ်ပြရင်း ကော်ဖီကို တစ်ငုံ ယူသောက်သည်။ ပြီးမှ မေမေ့ကို ခွင့်တောင်းဆို၏။

"အန်တီ ကျွန်တော် နိုက်ကို ခဏ ခေါ်သွားပါရစေ၊ မကြာပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး တစ်နာရီလောက်ပါပဲ''

''ရပါတယ် သားရဲ့ သားနဲ့သွားမှာပဲ အန်တီ စိတ်ချ ခွင့်ပြုပါတယ်၊ သွားကြပါကွယ် သမီး အဝတ်အစား သွားလဲလေကွယ်''

မေမေက ခိုက်ကို လှည့်ပြောသည်။ သူ့စကားတွေကို ခိုက်လည်း ကြားချင်သည်။

ဘာတွေ ဆွေးနွေးချင်တာလဲ။ နားလည်မှု ယူချင်တာလဲ။

ခိုက် စိတ်ဝင်စားမိတာတော့ အမှန်။

■ ■ ■

အေးချမ်း တိတ်ဆိတ်သော ကော်ဖီဆိုင်ကလေးကို ခိုက်တို့ ရောက်ခဲ့သည်။

ကားပေါ်မှာတုန်းက နှစ်ဦးစလုံး ဘာစကားမှ မဆိုဖြစ်ပါ။ သူကလည်း တိတ်ဆိတ်စွာ နေခဲ့သလို ခိုက်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ဆိတ်လို့ နေခဲ့သည်။

''မင်း ဘာစားမလဲ မှာလေ''

''ဟင့်အင်း ကျွန်မ ဘာမှမစားချင်ဘူး၊ စားပြီးခဲ့ပြီ''

''ဒါဆိုလည်း ကော်ဖီပဲ သောက်ရင်း စကားပြောကြတာပေါ့''

ကော်ဖီခရားလေးထဲမှ ကော်ဖီကို ခိုက်အတွက် သူ ကိုယ်တိုင် ငှဲ့ထည့်ပေးသည်။ ပြီးမှ သူ စကားစသည်။





''ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးရအောင်နော်၊ မင်းနဲ့ကိုယ်ကိစ္စကို မင်း သိထားပြီဆိုတော့ မင်းဘက်က လက်ခံထားပြီးသားလို့ ထင်တယ်''

''ရှင်နဲ့ကျွန်မတို့ကိစ္စလား မေမေ့ဆန္ဒကို ကျွန်မ မငြင်းတာပါ၊ ကျွန်မ ကိုယ်တိုင်တော့ အသေအချာ မဆုံးဖြတ်ရသေးဘူး''

မျိုးဆက် တွေခနဲ ဖြစ်သွားကာ ခိုက်ကို ငေးစိုက်ကြည့်နေခဲ့၏။ တခဏကြာမှ နားလည်စွာ ခေါင်းညိတ်ရင်း

''အင်းလေ မင်းကို ကိုယ်နားလည်ပါတယ်၊ မင်းမှာ ရင်ဆိုင်နေရတာလည်း ကိုယ့်လိုပဲ ထင်တယ်၊ ကိုယ်လည်း မာမီ့စကားကို မလွန်ဆန်ချင်ဘူး၊ မာမီ့ခမြာ ကိုကြီးကြောင့် အတော် စိတ်ဆင်းရဲသွားတာ၊ ကိုယ့်ကြောင့် ထပ်ပြီး စိတ်မညစ်စေချင်ဘူး''

ခိုက် နားလည်စ ပြုလာသည်။ မျိုးဆက်သစ် ဆိုသော သူက သားလိမ္မာဆိုသော ဂုဏ်ပုဒ်ကို ခံယူချင်သူပေါ့။

မိခင် ဖြစ်စေချင်သမျှ နာခံ ခေါင်းညိတ်မည့် သူပေါ့။ ဓာတ်ပုံတွေကို မြင်ကတည်းက ခိုက် စိတ်တွေကို ခန့်မှန်းကြည့်ခဲ့တာ မှန်နေ၏။

မင်းဆက်သစ်က သူ ချစ်နေသော မိန်းကလေးကို နိုးယူသွားမည်တဲ့၊

မိန်းကလေးက တစ်ခုလပ်လိုလို သတင်းကြားသည်၊ ထိုအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းသင်းမျိုး ခံရခက်ခက် ဖြစ်နေတာ ခန့်မှန်းမိ၏။ ခိုက်ကတော့ မင်းဆက်သစ်ရဲ့ လုပ်ရပ်ကို လက်ခံသဘောကျပါသည်။

ကိုယ်ချစ်တဲ့သူကို ကိုယ်ယူတာပဲ။ မှားတာမှ မဟုတ်တာ။ မိခင် စကား နားထောင်ပြီး ခိုက်ကို လက်ခံလျှင်တောင် နှစ်ဦးစလုံး စိတ်ဆင်းရဲ ကြမည့် အဖြစ်တော့ ခိုက် အဖြစ် မခံပါ။

"အခုလည်း မာမီက မင်းနဲ့ကိုယ့်ကို ရင်းနှီးခင်မင်မှု ရစေချင်တယ်တဲ့၊ ဒါကြောင့် မင်းဆီ ကိုယ် တစ်ပတ်တစ်ခါ ဆုံတွေ့ဖို့ တောင်းဆိုထားတယ်"

"ဘယ်လို"

"ဩော် မင်းနဲ့ဆုံဖို့ တစ်ပတ်ကို တစ်ရက် ကိုယ် အချိန်ပေးရမယ်တဲ့၊ ကိုယ်တို့ စေ့စပ်ပွဲ မတိုင်ခင် ရင်းနှီးမှု ရှိအောင်ပေါ့ကွာ၊ ခက်တာက ကိုယ့်မှာ နားရက်က မရှိသလောက်ဘဲ၊ အခုတောင် မနက်ပိုင်း ကျူရှင်ချိန်ကို ညနေနဲ့ လွှဲပြောင်းထားရတာ"

သူ့စကားတွေ နားထောင်ရင်း ခိုက် နားလည်သဘောပေါက်လာသည်က မျိုးဆက်သစ် ဆွေးနွေးနေတာ သူ့ဘက်က အခက်အခဲတွေပဲ။

ခိုက် စိတ်ထဲမှာ ဖျဉ်းခနဲ ဖြစ်မိသည်။ သူ့မာမီကို မလွန်ဆန်နိုင်သော ကိစ္စကို ဘာကြောင့် ခိုက်ကိုလာ ဆွေးနွေးနေရတာလဲ။





ခိုက်အတွက် သူ့မှာ အချိန်ပို မရှိသည့် သဘောလား။

"ရှင် ဘာပြောချင်တာလဲ၊ ကျွန်မကို ရှင်းရှင်း ပြောပါ မျိုးဆက်သစ်"

"မင်း လေသံက စိတ်တိုနေသလိုပဲ၊ ကိုယ်က တိုင်ပင်နေတာပါ"

"ဘာကို တိုင်ပင်တာလဲ၊ ရှင့်ကိစ္စက ရှင့်အမေနဲ့ ညှိနှိုင်းရမှာလေ၊ ဘာလဲ ရှင့်မာမီကို မလွန်ဆန်ရဲလောက်အောင် ရှင်က ညံ့ဖျင်းနေသလား"

ခိုက်စကားကြောင့် သူ့မျက်နှာ ရဲခနဲ ဖြစ်သွား၏။

"မာမီ့ကို ကိုယ် စိတ်မဆင်းရဲစေချင်တာပါ၊ မင်းတောင်မှ မင်းရဲ့ မိဘစကားကို မလွန်ဆန်ရဲဘူးလေ"

"ကျွန်မက မိန်းကလေးလေ၊ ဒါပေမဲ့ ထားပါ၊ ရှင် ဖြစ်စေချင်တာ ဘာလဲ၊ ကျွန်မဘက်က ကျွန်မတို့ ကိစ္စကို အပြတ်သားဆုံး ငြင်းဆိုပေးရမှာလား"

"ဟာ မဟုတ်ဘူး ကိုယ်ပြောတာ ဒါ မဟုတ်ဘူး"

မျိုးဆက် ကသောကမျော ငြင်းသည်။ ခိုက်သူ့မျက်နှာကို မျှမျှရဲရဲကြည့်ပစ်ရင်း

"ရှင် ပွင့်ပွင့်လင်းလင်းပြော"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မေမေကော ကိုယ့်မာမီပါ ကျေနပ်အောင် ကိုယ်တို့ ရင်းရင်းနှီးနှီးရှိနေပြဖို့ပါ"

"ကျွန်မတို့ ဟန်ဆောင်ကြရမယ် ဒီသဘောလား"

"မဟုတ်ပါဘူး မာမီတို့ဖြစ်စေချင်သလို မင်းဆီ ကိုယ် တစ်ပတ် တစ်ရက်ရောက်မယ်၊ မင်းသွားချင်တဲ့နေရာတွေ ကိုယ်လိုက်ပို့ပေးမယ် အဲ ကိုယ့်မှာတစ်နေ့လုံးတော့ အချိန်မရဘူး၊ ညနေပိုင်းမှာ အရေးကြီး တဲ့စာသင်းဝိုင်းတစ်ခုရှိလို့ ဒါကိုမင်းနားလည်ပေးဖို့ ခွင့်တောင်းတာပါ"

သူ့ဘက်က ရိုးသားစွာတောင်းဆိုနေတော့ ခိုက် တစ်ထ လျော့ပေးရ၏။

"ကောင်းပြီလေ ကျွန်မ ရှင့်ကိုနားလည်ပေးမယ် ကျွန်မကြော မေမေလည်း စိတ်မဆင်းရဲစေချင်ဘူး"

"ကျေးဇူးတင်တယ် ဘဝင်ခိုက် ဒါဆို မင်းနဲ့ကိုယ်နားလည်မှ ရနေပြီ အရေးကြီးတာ ကိုယ်တို့ရင်းနှီး ခင်မင်သွားပြီဆိုတော့ အခေ အခေါ်တွေ ပြောင်းသင့်ပြီ ထင်တယ်"

ခိုက်ကိုကြည့်ကာ သူဆို၏။ ခိုက်တိတ်ဆိတ်စွာပဲ သူ့ကိုကြည့် လိုက်သည်။

"မင်းကို ခိုက်လို့ပဲ ကိုယ်ခေါ်ပါရစေ မင်း အဲ ခိုက်ကလည် ကိုယ့်ကို ရင်းရင်းနှီးနှီးခေါ်ပါ မျိုးဆက်သစ် မဟုတ်ဘူး မျိုးဆက်ပေ





ခိုက်ရှေ့မှာရှိနေသော သူ့ကို ခိုက် နားမလည်နိုင်ပါ။ မိခင် စိတ်တိုင်းကျအရာအားလုံးကို ခေါင်းညိတ်နေသည့် ယောကျ်ား တစ်ယောက်ကို ခိုက် ဒီတစ်ခါပဲမြင်ဖူးသည်။

အခုပဲကြည့်လေ သူ့မိခင်က ခိုက်နှင့်ရင်းနှီးစေချင်သည် ဆိုတာ ကြောင့် ခိုက်နှင့် ဆွေးနွေးသည်တဲ့။

ခိုက်နှင့်စေ့စပ်မှာ၊ လက်ထပ်တော့မှာတွေက မျိုးဆက်ရဲ့ စိတ်ဆန္ဒတစ်ခုမှမပါဘဲ မိခင်ရဲ့အလိုကို ဖြည့်ဆည်းခြင်းသက်သက် တွေပဲလား။

တွေးရင်း ခိုက် စိတ်ထဲမှာ တနုံ့နုံ့ဖြစ်လာမိသည်။

"ခိုက် ကော်ဖီတွေသောက်လေ ပြီးရင် ခိုက် ဘယ်သွားချင် လဲပြောနော် ကိုယ် လိုက်ပို့ပေးမယ်"

တကယ့်ကို ဟရင်းတနှီးလေသံနှင့် မျိုးဆက်ပြောနေသည်။ ခိုက်နှင့်သူ့ကြားမှာ ခိုက်က နားလည်မှုပေးလိုက်သည့်အတွက် တုံ့ပြန် ခြင်းပေါ့။ ခိုက် ဟန်ဆောင်အပြုံးကလေးပဲ ပြုံးလိုက်မိ၏။

"ခိုက် ဘယ်မှ မသွားချင်ပါဘူး မျိုးဆက်၊ မျိုးဆက်ကို ခိုက် တစ်ခု နားလည်ကူညီသလို ခိုက်ကိုလည်း မျိုးဆက် တစ်ခုတော့ ပြန် ကူညီပေးပါ"

ခိုက် တောင်းဆိုချက်ကြောင့် မျိုးဆက် အံ့သြသွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်သက်စွာ နိုက်ကိုကြည့်နေသည်။

"ဘာလဲ ရှင့်ဘက်ကကျတော့ တောင်းဆိုပြီး ကျွန်မကို ရှင်က ပြန်မကူညီနိုင်ဘူးလား"

"မဟုတ်ပါဘူး နိုက် နိုက် လိုအပ်တယ်ဆို ကူညီမှာပါ ပြော ကိုယ်ဘာကူညီပေးရမှာလဲ"

"မျိုးဆက်အတွက် ဘာမှမခက်ခဲတဲ့ကိစ္စပါ ကျွန်မ သင်တန်း တစ်ခုတက်ချင်လို့ တစ်ပတ်မှာ နှစ်ရက်တက်ရမှာ၊ မေမေက တက်ခွင့် မပြုဘူး၊ ဒါကြောင့်ရှင်ကျွန်မကိုသင်တန်းရက်တွေကျရင် လာခေါ်ပေးပါ မေမေ မသိအောင် တက်မလို့"

"စပ်စုတယ်မထင်နဲ့နော် နိုက် ဘာသင်တန်း တက်ချင်တာလဲ ကိုယ့်ကိုပြောလို့ရမလား"

"စာရင်းကိုင်သင်တန်းတက်မလို့ပါ ဖေဖေ့ရဲ့ကုမ္ပဏီမှာ နိုက် ဝင်ကူမလို့ပါ မေမေကတော့လက်မခံဘူး ကျွန်မတက်ချင်နေတယ်"

"အင်းလေ နိုက်အတွက်အကျိုးရှိမယ့်ကိစ္စပဲ ကိုယ်လက်ခံ ပါတယ် ကူညီပေးမယ် ကိုယ့်ရဲ့ဆရာမတွေ ဖွင့်ထားတဲ့သင်တန်းတွေလည်း ရှိတယ် နိုက် အတွက် ကိုယ်ကိုယ်တိုင် လိုက်စီစဉ်ပေးမယ်"

နိုက် ကျေနပ်သွားမိသည်။ သူကိုယ်တိုင်က စီစဉ်ပေးမည် ဆိုတော့ မေမေသိလျှင်တော့ ရှင်းလို့ရနိုင်သေးသည်၊ မေမေ မသိအောင်





တက်ဖို့အတွက် သူ့ဆီက နိုက် အကူအညီတော့လိုသည်။

အတုံ့အလှည့်သဘောမျိုး နိုက်တောင်းခဲ့တာဖြစ်သည်။

မျိုးဆက်သစ်အတွက် နိုက် ဘက်က ကူညီပေးသလို နိုက် အတွက်လည်း မျိုးဆက်ကူညီပေးရမည်။

ဒါ တူညီသော အပေးအယူကိစ္စ။

နိုက်မှာလည်း နိုက် အကြံအစည်နှင့်ပဲပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဟုတ်ကဲ့ပါ မမ ဒီတစ်ခါ ဆက်သွယ်လာရင် အကြောင်းကြား ပါ့မယ် ဟုတ်ကဲ့ စိတ်ချပါ မမ ဒါပဲနော် မမ"

ဦးမင်းထင် ဖုန်းချပြီးသည်အထိ ဆင့် လက်ပိုက် မဖြုတ်မိသေး။ နံရံကိုခပ်နွဲ့နွဲ့မှီရပ်ရင်း ဘာရယ်မဟုတ် နားထောင်နေမိတာ ဖြစ်သည်။

တရိုတသေဖြင့်လေလိုင်းထဲမှာတောင် ကြောက်ရွံ့နေတဲ့ ဦးမင်းထင်ပုံစံကြောင့်ရယ်ချင်လာမိသည်။ ဒါဟာ လိုတာထက် ပိုလွန်းနေတာလို့ ထင်သည်။

အထက်နဲ့အောက် အကြီးနဲ့အငယ် ဒီလောက်ထိ ကြောက်ဖို့ လိုသလား။ တစ်နေ့ကဦးမင်းထင်တို့ မောင်နှမ အကြောင်းကို ဒေါ်ထက်ထက်နိုင် တစေ့တစောင်း ပြောပြလို့သိခဲ့သည်။





"သမီး အန်ကယ်က သူ့အစ်မကိုတုန်နေအောင်ကြောက်တာ အစ်မ စကားဆို ဘာမှလွန်ဆန်ဝံ့တာ မဟုတ်ဘူး အဲဒီလောက်ထိ ဦးကျိုးတာ အဝေးမှာတင် ကြောက်တာလားဆိုတာတော့ မဟုတ်ဘူး ကွယ်ရာမှာတောင် တစ်စက်ကလေးမှ မကောင်း မပြောဘူး အစ်မနဲ့ ပတ်သက်ရင် ချိုသည် ခါးသည်ဆိုတာမျိုးတောင် ဝေဖန်ဖူးတာ မရှိဘူး တကယ် အံ့သြစရာကောင်းတယ် အစ်မကလည်း မောင်ကိုဆိုရင် တစ်ချက်ကလေး မျက်နှာသာမပေးဘူး၊ မောင်ကလည်း အစ်မကို အသေကြောက် ရှားလည်း ရှားပါတယ်ကွယ်"

ကြားလိုက်ရတဲ့စကားတွေကြောင့် ဆင့် နှာခေါင်းရှုံ့မိပါသေးသည်။ သည်လောက်အထိက လွန်လွန်းပါသည်။

အသက်အရွယ်တွေက လူလတ်ပိုင်းပင် ကျော်လွန်နေခဲ့ပြီ။ ပြီးတော့ ကိုယ့်အိုးကိုယ့်အိမ်တွေနဲ့ ရပ်တည်နေကြတာပဲဥစ္စာ။

ဦးမင်းထင် ဖုန်းချပြီး နောက်လှည့်လိုက်တော့ ပြုံးစိစိဖြင့် ရပ်နေသည့် ဆင့်ကို တွေ့သွား၏။

ကြိုးတစ်ချောင်းအင်္ကျီအဖြူရောင်နှင့် မိုးပြာရောင် ရှော့ပင် အကျပ်ကလေးကို ဝတ်ထားသည့် ဆင့်အသွင်က တကယ် ကလေးမ လေးတစ်ယောက်လို။

"အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာလဲ သမီး"

ဦးမင်းထင်က မျက်မှန်ကို ပင့်တင်ရင်းပြန်မေးသည်။ ဆင့်က လက်ပိုက်ထားတာကိုဖြုတ်ရင်း ခပ်သွက်သွက်ကလေးလျှောက်ကာ

"ဆင့် ဖုန်းပြောချင်လို့"

"ဩော် အေး ရပါတယ် ပြောလေ"

"ဒါဆို ဆင့် ပြောဦးမယ်"

"အေး ပြောပြော သမီး"

ဦးမင်းထင်ကို ဖော်ရွေစွာပြုံးပြလိုက်ပြီး တယ်လီဖုန်းရှိရာသို့ ဆင့် လျှောက်လာလိုက်သည်။

လက်ချောင်း သွယ်သွယ်လေးတွေက တယ်လီဖုန်း နံပါတ်တွေပေါ်သို့ လျင်မြန်စွာ ပြေးလွှားသွားပြီး

"ဟယ် လို"

"..."

"သက်လား ငါပါ ဟဲ့ ဆင့်လေ နင်ကလည်း အသံတောင် မမှတ်မိတော့ဘူးလား"

ဆင့်ကသူငယ်ချင်းတစ်ဦးနှင့် စကားပြောနေဟန်တူသည်။ ဦးမင်းထင် လွတ်လပ်စွာပြောပါစေဟူသော သဘောဖြင့် ခြံထဲသို့ ဆင်းခဲ့သည်။





"အန်ကယ် လေး"

"ဟင် မျိုးဆက် သား ဘယ်ကလှည့်လာတာလဲ ကားမပါလာဘူးလား"

မထင်မှတ်ဘဲ တွေ့လိုက်ရတာမို့ ဝမ်းသာအားရဖြစ်သွားသည်။ မင်းမင်းနှင့်မျိုးဆက်က စရိုက်မတူပေမယ့် ညီအစ်ကိုအရင်းတွေမို့ ရုပ်ချင်းကတော့ ခပ်ဆင်ဆင်။

"မပါဘူး အန်ကယ်လေး သူငယ်ချင်းတစ်ယောက် ခေါ်လို့ပါလာတာ၊ အစကတော့ လမ်းလျှောက်ထွက်လာတာပါပဲ၊ သူခေါ်လာတော့ ကော်ဖီဆိုင်ထိုင်ရင်း အန်ကယ်လေးကို သတိရလို့ဝင်လာတာ"

"လမ်းကြုံဝင်လာတာပေ့ါ"

"ဟုတ်တယ် အန်ကယ်လေး ကိုကြီးသတင်းလေး ဘာလေး လည်းကြားမိမလားလို့"

"ဟင်"

မျိုးဆက်စကားကြောင့် ဦးမင်းထင် စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားမိသည်။ နောက်ကျောကိုလည်း အမှတ်တမဲ့လှည့်ကြည့် မိသွား၏။

ကျေးဖူးရှင်မလေးကတော့ အမူအယာမျိုးစုံဖြင့် ဖုန်းပြောနေဆဲ။ ကံကောင်းတာက မျိုးဆက်ထံသို့အာရုံမရောက်သေးတာပင် တော်ကြာတောမေးတောင်မေးဆို ဒုက္ခ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား လာမစပ်စုပါစေနဲ့"

"အန်ကယ်လေး"

"ဟေ"

"ဘာဖြစ်နေတာလဲ"

"ဘာ ဘာမှမဖြစ်ပါဘူးကွာ ထိုင်လေ မျိုးလေး ဘာသောက်မလဲ အပူလား အအေးလား"

"ဘာမှမသောက်တော့ပါဘူး အန်ကယ်လ်လေးရာ သောက်ပြီးခဲ့ပါပြီ ဒါနဲ့ ကိုကြီးအကြောင်းရော ဘာသတင်းကြားမိသေးလဲ၊ ကိုကြီး မင်းဆက် အန်ကယ့်ဆီကို ဆက်သွယ်သေးလား၊ မာမီကို မသိစေချင်လို့ မပြောလည်း ကျွန်တော့်ကိုတော့ ပြောပြပါနော် အန်ကယ်"

မျိုးဆက်က ပခုံးကိုဖက်ရင်း ညှော်ခန်းထဲလှမ်းဝင်တော့ သူရင်ထိတ်သွားမိ၏။ တားဖို့ကလည်း အခက်။

ညှော်ခန်းထဲက ဆိုဖာ ဆက်တီထက်မှာ ဝင်ထိုင်လိုက်မိကြတော့ မျိုးဆက်က ဆင့်နှင့်မျက်နှာချင်းဆိုင်မှာ ဖြစ်သွားသည်။

မျိုးဆက်က ဆင့်ကိုမြင်သွားတော့ မျက်မှောင်ကုတ်သွားပေမယ့် ဘာမှတော့ မေးခွန်း မထုတ်သေးပါ။

မျိုးဆက်က သူနှင့် မသက်ဆိုင်လျှင် သိပ်စိတ်မဝင်စားတတ်တာမို့ တော်သေးသည်။ သူ့အစ်ကိုအကြောင်းကိုပဲ စိတ်ဝင်တစား





မေးနေတော့သည်။

"ပြောပါဦး အန်ကယ်လေးရဲ့ ကိုကြီးအခြေအနေလေး"

"အန်ကယ်လေး သူနေတဲ့ နေရာကိုကော သိလား"

"ဘယ်သိမလည်းငါ့တူရယ် မင်းအစ်ကိုကလည်း တွေ့မှ မဟုတ်တာ သူနေတဲ့နေရာကို ဘယ်ပြောမလဲ"

ဆင့်ကိုလည်း လှမ်းကြည့်မိသေးသည်။ တော်ကြာ စကားဝိုင်းထဲပါလာမှဖြင့်အခက်။ တော်သေး၏ မချော ငြိမ်နေလို့။

"အန်ကယ်ဆီတော့ ဖုန်းနဲ့ဆက်သွယ်မှာပါ ဟုတ်တယ် မဟုတ်လားအန်ကယ် မာမီကိုမပြောချင်နေပါ၊ ကျွန်တော့်ကိုတော့ ပြောပြစမ်းပါအန်ကယ်ရာ"

မသိလျှင် သူကပဲ လိမ်နေသလို ပြောနေတာမို့ ဦးမင်းထင် ဒေါပွသွားသည်။

"မင်း ဒီစကားပြောတာ ဘယ်နှခါရှိသွားပြီလဲ မျိုးလေး ငါက မသင်းကို မပြောချင်လို့ ဖုံးကွယ်ထားတာ ဘာမှမရှိဘူး"

သူ စကားမှားသွားသည်ကိုသိပြီး မျိုးဆက်မျက်နှာလေးက ကြောင်တွေသွားသည်။ ဦးမင်းထင် မဆိုးသေး

သူတို့အနားသို့ အရိပ်တစ်ခုက ဖျတ်ခနဲ ရောက်လာသည်။ နှစ်ယောက်စလုံး မော့ကြည့်မိတော့ ဝတ်ရည်ဆင့်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် အန်ကယ့်တူ ဆိုတာလား၊ ဆင့်နဲ့လည်းမိတ်ဆက်ပေးဦးလေ အမျိုးတော်စပ်သူတွေဆိုတော့ ရင်းနှီးထားရင် ပိုကောင်းတာပေါ့"

သေရော ဦးမင်းထင် အကြီးအကျယ် စိတ်ဆင်းရဲသွား၏။ ကိုယ်ကဒီလိုပြောပါ ဒီလိုနေပါဟု ဇာတ်တိုက်ထားမိတာ ဘာမှ မရှိခဲ့တဲ့နဲ့။

မျိုးဆက် တစ်ယောက်တည်း ရောက်လာလိမ့်မည်ဟု ထင်မထားခဲ့။ မျိုးဆက်က မင်းမင်း အကြောင်း မပြောပေမယ့် မမကို ဆင့် အကြောင်းတွ လျှောက်ပြောနေရင်အခက်။

ဒီတစ်ယောက်ကလည်း အရိပ်အကဲပြလို့လည်း နားလည်မှာမဟုတ်။ ခေါင်းဆင်နင်းခံရမည့်ကိန်းတော့ ဆိုက်နေပြီ။

"အန်ကယ်လေး သူက ဘယ်ကလဲ"

ပြောရင်းဆိုရင်း မျိုးဆက်က စူးစမ်းသလိုမေးလာပြီ။ ဦးမင်းထင် မျက်စိမျက်နှာပျက်သွားသည်။

မျိုးဆက်ကလည်း အကင်းပါးစွာဖြင့် ထပ်မေးလာပြန်သည်။ ဆင့်က အလိုက်မသိပဲ မျိုးဆက်နှင့် မျက်စောင်းထိုးမှာ ဝင်ထိုင်နေ၏။

ဒီမိန်းကလေးနှင့်တော့ ခက်နေပြီ။ ကလေးဆန်ပြီး သွက်လက်တာကိုသဘောကျမိပေမယ့် ရဲတင်လွန်းတာကိုတော့ ဘဝင်မကျမိ။

"အန်ကယ်မင်း"





"ဩော်အေး သူလေးက မင်းအန်တီရဲ့တူမလေးလေ ဒီမှာလာတည်းရင်း ကျောင်းတက်မှာ"

ကာယကံရှင်ကို ရှေ့ထားပြီး ညာပစ်လိုက်မိသည်။

"ဟာ အန်ကယ်ကလည်း ဘယ်ကအန်တီ့တူမရမှာလဲ အန်ကယ်တူမိန်းမရဲ့ညီမဆိုတော့ အန်ကယ် တူမပဲပေါ့ အမျိုးမစပ်တတ်လိုက်တာ ဟင်း ဟင်း ဟင်း"

ဟာကွာ သွားပါပြီ သေလိုက်ပါတော့။ ဦးမင်းထင် မျက်နှာကြီးအလိုမကျစွာ ရှုံ့တွသွားသည်။ ရှေ့မှာထိုင်နေသည့် မျိုးဆက်ကို မလုံမလဲကြည့်မိသည်။

မျိုးဆက်က အံ့ဩသလိုဖြင့် နှုတ်ခမ်းတွေဖွင့်ဟလျက် ဦးမင်းထင်ကို ပြန်ကြည့်နေပြီး။

"ဟုတ်လား အန်ကယ် သူပြောတဲ့အတိုင်းပဲလား"

"အင်း အင်း ဟုတ် ဟုတ်တယ် သူ့အစ်မ မရှိတော့ နေရေးစားရေး ဒုက္ခရောက်နေတာနဲ့ ခေါ်ထားတာ၊ မင်းအန်တီလည်း ကူဖော်လောင်ဖက် အဖော်လေးရအောင်ပေါ့"

"ခစ် ခစ် ခစ် အန်ကယ်ကလည်း ရယ်စရာပြောနေပြန်ပြီ ဆင့်က ကျောင်းသွားကျောင်းပြန် အချိန်ကုန်နေတာကို အန်တီ့အလုပ်တွေကူလုပ်ဖို့ နေနေသာသာ ကိုယ့်အချိန်တောင် မလောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဖုံးဖုံးဖိဖိပြောသမျှ ဆင့်က နောက်ကလိုက်ဖော်နေတာ ရစရာကို မရှိတော့။ ဦးမင်းထင် မျက်နှာက ညှိုရာမှအမည်း ဘက်ပြောင်းလာသည်။ ဒီစကားတွေသာ ဒေါ်သင်းသင်းချို ကြားသွားလို့ကတော့ မိုးမိလောင်ပြီး။

တွေးမိရုံဖြင့် ချွေးပြန်လာသည်။ စိတ်မောလူမောဖြင့် စကားပင် ဆက်မပြောချင်တော့။ မောင်နှမဆိုပေမယ့် မမသင်းက ရက်စက်တတ်သူ။ သူစိတ်တိုင်းမကျလျှင် ပြတ်သားဖို့ ဝန်လေးတတ်သူမဟုတ်။

ဦးမင်းထင် မျက်စိမျက်နှာပျက်နေတာကိုကြည့်ပြီး မျိုးဆက် သက်ပြင်းချမိသည်၊ အန်ကယ်တာတွေ ခံစားနေသလဲဆိုတာ သိနေသည်။

စိုးရိမ် သောကတွေနှင့် ပူလောင်နေတာ နားလည်မိ၏။ အန်ကယ့်ခမျာ သူ့လိုပဲ တူကတစ်ဖက် အစ်မက တစ်ဖက်နှင့် ဗျာများနေလိမ့်မည်။

မာမီနှင့်ပတ်သက်လို့ သူက သားလိမ္မာဆိုပေမယ့် အဲဒီလောက် ထိတော့ အန်ကယ်ကို ဒုက္ခမရောက်စေချင်ပါ။ ပြီးတော့ ဒီကိစ္စက အန်ကယ်နှင့် ဘာမျှမပတ်သက်။

"အန်ကယ်"

"ပြောကွာ ဒီကိစ္စနှင့်ပတ်သက်ပြီး မင်းဘာပြောချင်သေးလဲ"

အန်ကယ်ဖြစ်သမျှကို ရင်ဆိုင်ဖို့ဆုံးဖြတ်ထားဟန်ဖြင့် ဆိုတော့





ပြုံးမိသည်။

"အန်ကယ့်ကို ကျွန်တော် နားလည်ပါတယ်၊ မာမီကိုပြန် မပြောပါဘူး စိတ်ချပါ အန်ကယ် စိတ်အေးအေးထားနေပါ"

သူ့စကားကြောင့် အန်ကယ် ခေါင်းထောင်လာသည်။ ပြီးတော့ အမိပွါယ်ပါပါဖြင့် သူ့ကိုကြည့်ရင်း

"အေးကွာ မင်းကနားလည်ပေမယ့် မမသင်းကတော့ နားလည်ပေးမှာမဟုတ်တာ သေချာတယ် ငါကလည်း မင်းဆက် စိတ်ဆင်းရဲမှာကို မမြင်ရက်တော့ ဖြစ်သမျှက ငါ့ခေါင်းပေါ်ပဲ ကျနေတယ်ကွာ"

ဦးမင်းထင်က ညည်းညည်းညူညူနှင့် ဆိုလေသည်။ အန်ကယ့် အဖြစ်ကိုကြည့်ပြီး မျိုးဆက် ရင်ထဲမကောင်း။ ကိုကြီးမင်းကတော့ ပျော်နေပြီ၊ သူများတွေကတော့ဒုက္ခတွေနဲ့။

ဆင့်က ထစ်ခနဲ ထလာပြန်သည်။ တစ်ချိန်လုံး ငြိမ်သက်နေရာမှ ပြဿနာကသူမကြောင့်လို့ သိလိုက်ရ၍ထင်သည်။ ဆင့်က နှုတ်ခမ်းလေးကိုဆူရင်း

"အန်ကယ် ဆင့်ကသက်သက် ဒုက္ခပေးသလိုဖြစ်နေပြီ ထင်တယ်၊ ဆင့် ကြောင့် ဒုက္ခအရောက်မခံပါနဲ့, ဆင့်ဒီကနေ အခုချက်ချင်း ထွက်သွား ပေးပါ့မယ်"

"ဟာ မဟုတ်ပါဘူးဆင့်ရယ် အန်ကယ်ပြောတာ ဆင့်နဲ့ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပတ်သက်ပါဘူး ဒီမှာပဲ အေးအေးဆေးဆေးနေပါကွယ်''

ဦးမင်းထင် ပြာပြာသလဲရှင်းပြရသည်။ ဒီကောင်မလေးအိမ်က ထွက်သွားမှ ဒုက္ခတွေက ထပ်တိုးလာရဦးမည်။

''ကဲ ကဲ အန်ကယ်လည်း ဘာမှသောကရောက်မနေနဲ့ မင်းလည်းဒီမှာပဲအေးအေးနေ စိတ်ချ အန်ကယ် ဒီကိစ္စမာမီ မသိစေရဘူး''

''ကဲ ကိစ္စလေးရှိသေးလို့ ကျွန်တော်သွားတော့မယ်''

မျိုးဆက် နှုတ်ဆက်၍ပြန်ခဲ့သည်။

ဟူး ခေါင်းတွေတောင် ပူလာတယ်။

■ ■ ■



## အခန်း (၁၆)

ကိုကြီး မင်းဆက်သစ်ရဲ့ညီ မျိုးဆက်သစ် တဲ့။ အရာအားလုံးကတော့ ကိုကြီး မင်းဆက်နဲ့ ဆန့်ကျင်ဘက်တွေချည်း ဖြစ်သည်။

ပုံစံကြည့်ရတာတော့ ရိုးသားအေးဆေးသည့် အသွင်ရှိသည်။ ကြည်စင်သောမျက်ဝန်းတွေနှင့် တည်ကြည့်တဲ့အသွင်က အကဲခတ်ရတာ မခက်ခဲလှပါ။

မျိုးဆက်သစ်မျက်နှာကို ပြန်လည်မြင်ယောင်ရင်း ဆင့်အိပ်မပျော်နိုင်သေး။

မျက်လုံးတွေကို မှေးမှိတ်ထားပေမယ့် အတွေးအာရုံတွေကတော့ မွှေ့ချင်ရာလွင့်နေခဲ့သည်။

မမဝတ်ရည်ဝင့်ဆိုတာက ဆင့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အစ်မတစ်ယောက်။

ဆင့်အတွက် လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနေတဲ့သူ။ မမဝင့်ကို အစ်မတစ်ယောက်လို ပြီးတော့ မိခင်တစ်ယောက်လို ဆင့် တွယ်တာမိသည်။

မမဝင့်က တော်သည်။ ထက်သည်။ မိန်းကလေး တစ်ယောက် ဖြစ်ပေမယ့် မိဘလက်ငုတ်လက်ရင်း စီးပွားရေးလုပ်ငန်းတွေကို ဦးစီးဦးဆောင် လုပ်ကိုင်နေသူပါ။

မမဝင့်က မိဘတွေ သဘောတူသူကို လက်ထပ်ခဲ့သည်။ ဒါပေမဲ့ အိမ်ထောင်ကျပြီး မကြာခင်မှာပဲအပျော်အပါးမက်သော ထိုသူနှင့် စိတ် သဘောထားမတိုက်ဆိုင်၍ ခွာပြခဲ့သည်။

မမဝင့်ဘဝကို အလုပ်တွေထဲမှာသာ နစ်မြုပ်ထားခဲ့၏။ တစ်ရက် မှာတော့ ကိုကြီးမင်းဆက်နှင့်ဆုံတွေ့ခဲ့သည်။ ကိုကြီးမင်းဆက် ကလည်း မမဝင့်ကို တကယ်ချစ်မြတ်နိုးခဲ့ပါသည်။

ကိုကြီးမင်းဆက်က မမဝင့်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ ပေမယ့် မမဝင့်က ပထမ မယုံရဲခဲ့သေးပါ။

မကြာခင်မှာပဲ မမဝင့်ထင်သလို ကိုကြီးမင်းဆက် မိခင် ဒေါ်သင်းသင်းမျိုးက လှမ်းခေါ်တော့သည်။ ဒေါ်သင်းသင်းမျိုးရဲ့ ရင့်သီးသည့်စကားလုံးတွေကို ဆင့် ကြားခဲ့ရသည်။





ဒေါ်သင်းသင်းမျိုးကို ဆင့်အပြင်မှာ မမြင်ဖူးပါ။ ဒါပေမဲ့ စကား လုံးတွေနှင့်တော့ ရင်းနှီးနေခဲ့ပါသည်။

မမဝင့် အိမ်ထောင်ပျက်ဖူးတာ မှန်ပေမယ့် အပေါစား မိန်း ကလေးမှ မဟုတ်တာ။ ဒါကိုဘာကြောင့် ခါးခါးသီးသီးဖြစ်နေရတာလဲ။

ထိုအကြောင်းအရာတွေကို ကြားမိတိုင်း ဆင့်စိတ်ထဲမှာ ဒေါ်သင်းသင်းမျိုးကို မုန်းတီးသည့်စိတ်က ကြီးစိုးနေခဲ့သည်။

မမဝင့်လိုလူတစ်ယောက်ကို ငြင်းပယ်သည့်အပြင် နှစ်ပြား မတန်အောင် ပြောသည်ဆိုတော့ သူတို့မျိုးရိုးက ဘာတွေမို့လို့လဲ။

ဒေါ်သင်းသင်းမျိုးရဲ့ သားအငယ်ကောင် မျိုးဆက်သစ်တဲ့။ မထင်မှတ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံနေရပြီ။

ဒါ ဆင့်အတွက် အခွင့်အရေးပဲဖြစ်သည်။ ဆင့်စိတ်ထဲမှာ မကျေနပ်ချက်တွေ တအုံ့နွေးနွေး ဖန်တီးခဲ့သူ ဒေါ်သင်းသင်းမျိုးကို လက်တုံ့ပြန်ဖို့ အခွင့်အရေးဖြစ်သည်။

အခုတစ်ခါ ဆုံတွေ့မယ်လူက မမဝင့်တော့ မဟုတ်ဘူး ဆင့်ဆိုတာ နားလည်ထားစမ်းပါဟု တိတ်တဆိတ် ရေရွတ်လိုက်မိ ပါသည်။

ဆင့်မျက်ဝန်းတွေကို မှေးမှိတ်ထားရင်းက ပြုံးလိုက်မိသည်။ မျိုးဆက်သစ် ဆင့်ဆီကို မဖိတ်ခေါ်ဘဲ ရောက်ရှိလာတာ ရှင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးခြင်းပဲ ဒေါ်သင်းသင်းမျိုး။

မမဝင့်ကို မတော်မတရား ဝေဖန် ကဲ့ရဲ့ခဲ့တဲ့ ရှင့်ရဲ့အပြုအမူတွေအတွက် စိတ်ဆင်းရဲမှုတွေနဲ့ ပေးဆပ်ဖို့ပြင်ထားပါ။

နှလုံးသားထဲမှာ ပွဲတင်ထပ်အောင် အော်ဟစ်ရင်း

■ ■ ■

ဦးမင်းထင်က ဂျာနယ်တစ်စောင်ကို စိတ်ဝင်စားစွာ ဖတ်နေသည်။ ဒေါ်ထက်ထက်နိုင်က ဆိုးသွေးထိုးနေ၏။

ဆင့်ရောက်လာတာကိုပင် သူ့တို့ သတိမထားမိပါ။ သူတို့ အလုပ်တွေမှာသာ အာရုံဝင်စားနေကြသည်။

"အဟမ်း အဟမ်း"

ဆင့်က သူမရောက်ရှိနေတာကိုသိရှိအောင် ချောင်းတစ်ချက်ဟန့်လိုက်သည်။ ဦးမင်းထင်က စာဖတ်နေရာမှ မျက်လုံး လှန်ကြည့်ပြီး စာပြန်ဖတ်နေသည်။

ဒေါ်ထက်ထက်နိုင်ကလည်း သိုးမွေးကိုသာ ဆက်ထိုးနေ၏။ ဆင့် စိတ်ပျက်သွားမိသည်။ ဆင့်ကို နည်းနည်းလေးတောင် နား မလည်ဘူး။

"ဟို အန်ကယ်နဲ့ အန်တီ့ကို ဆင့် တိုင်ပင်စရာတစ်ခုရှိလို့"

ဆင့်စကားစလိုက်မှ ဦးမင်းထင်က ဂျာနယ်ကိုစားပွဲပေါ်ပြစ်ချပြီး





ဒေါ်ထက်ထက်နိုင်ကလည်း သိုးမွေးထိုးတာကို ရပ်တန့်ပစ်လိုက်သည်။

ဘာများပြောမလဲဆိုတာ စိတ်ဝင်စားသည့် မျက်ဝန်းတွေဖြင့် ဆင့် ကိုငိုင်းကြည့်လိုက်ကြသည်။

"ဟို ဟိုလေ ဟိုတစ်နေ့ကလာတဲ့ အန်ကယ့်တူက ကျူရှင်သင်တယ်ဆိုတာ ဟုတ်လားဟင်"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ ဆင့်ရဲ့"

ဦးမင်းထင်က မထူးခြားသလိုဖြေတော့ ဆင့်စကားစဖို့ အသင့်ဖြစ်သွားသည်။

"ဆင့် ဆင့်လေ တွက်စာတွေ သိပ်နားမလည်လို့ သူ့ကိုနည်းနည်းပြနိုင်းဖို့ အကူအညီတောင်းနိုင်းချင်လို့"

ဆင့်စကားဆုံးသွားတော့ ဦးမင်းထင်နှင့်ဒေါ်ထက်ထက်နိုင် တစ်ယောက်ကိုတစ်ယောက် မျက်လုံးပြူးပြီးကြည့်ကြ၏။

ပြီးမှ ဦးမင်းထင် တစ်ယောက် ပျာပျာသလဲဖြင့်။

"ဟာ မဖြစ်ဘူးထင်တယ် ဆင့်ရဲ့ မျိုးဆက်က အလုပ်သိပ်များတာ အားလပ်ချိန်ဆိုတာရှိတာမဟုတ်ဘူး"

"ဟုတ် ဟုတ်တယ် သမီးရဲ့ သူက ဆယ်တန်းကျူရှင်တွေနဲ့ပြည့်နေတာလေ ဖြစ်မယ်မထင်ဘူး ဟုတ်တယ်နော် ကိုမင်း"

ဦးမင်းထင်က ဒေါ်ထက်ထက်နိုင်စကားကို အလျင်အမြန်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြသည်။

ဆင့် မကျေနပ်လည်းမတတ်နိုင်။ မျိုးဆက်နှင့် သွားပတ်သက်လျှင် ရှုပ်ကုန်မှာ သေချာသည်။

ထိုအခါကျလျှင် အစ်မဖြစ်သူက သူ့ထံသို့ ဦးတည်လာမှာဖြစ်သည်။ တွေးရင်း ဦးမင်းထင် ကြက်သီးပင် ထမိပါသေးသည်။

ဇနီးဖြစ်သူလည်း သူ့လို ခံစားနေရမှာ သေချာသည်။ သိုးမွေးပင် ဆက်မထိုးတာသာ ကြည့်တော့။

ဆင့် ဒါလေးပင် ပြောရသေးသည်။ ဦးမင်းထင်နှင့် ဒေါ်ထက်ထက်နိုင် မျက်စိမျက်နှာတွေ ပျက်ကုန်ပြီ။

ဆင့် ဘာမှထပ်မပြောတော့ပါ ခပ်ဆိတ်ဆိတ်သာနေလိုက်သည်။ ဦးမင်းထင်နှင့်ဒေါ်ထက်ထက်နိုင်ကိုတော့ ဆင့် စိတ်မဆင်းရဲစေချင်ပါ။

ဆင့်အပေါ်မှာ သူတို့တွေက ခွေမျိုးရင်းချာလို ကောင်းမွန်ကြသည်။ ဆင့်ဘာပဲလုပ်လုပ် ဆိုးသည် ကောင်းသည်မဝေဖန်ကြ။ သားသမီးမရှိသူတွေဆိုတော့ ဆင့်ကို ချစ်ရှာသည်။

"အင်းလေ အဆင်မပြေရင်လည်း နေပါစေတော့"

ဆင့်နေရာမှထထွက်လာသည်။ ဦးမင်းထင်နှင့်ဒေါ်ထက်ထက်နိုင် သက်ပြင်းရှိုက်သံကကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

ဆင့် စိတ်ကူးနေမိတာက . . ။

ဗျူးစာပေ

အခန်း (၁၇)

သူ ဧည့်ခန်းထဲ လှမ်းဝင်လိုက်သည်နှင့် ဖုန်းပြောနေသော မာမီက လှမ်းကြည့်သည်။ ပြီးတော့ လက်ကာပြရင်းတားတာမို့ သူ အပေါ်ထပ် မတက်ဖြစ်တော့ဘဲ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"အေး ဒါကြောင့် မင်းကိုပဲ တာဝန်လွှဲထားရမှာ မောင်ဖေယျာ"

"..."

"အေး အေး ပြီးရော မင်းဘက်က အဆင်ပြေတယ်ဆိုရင် ပြောစရာမရှိတော့ဘူး ဒါပဲ ဒါပဲကွယ်"

ဖုန်းကိုချပြီး မာမီ သူ့ဆီလျှောက်လာသည်။ မာမီမျက်နှာ အရိပ်အကဲကို ကြည့်ကာ သူခန့်မှန်းရခက်ခက်။ ဖုန်းပြောနေတာ ကိုဖေယျာနှင့်ဆိုတော့ ကုမ္ပဏီကိစ္စတွေများ ရှုပ်ထွေးနေသည်လား။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မာမီက သူ့နံဘေးဆိုဖာမှာ ဝင်ထိုင်သည်။ ပြီးမှ သူ့ကို လှည့်ကြည့်ကာ ပြောသည်။

"နေ့လယ်က မင်းဒယ်ဒီဆီက ဖုန်းလာတယ် သား သူ့ကျန်းမာရေးမကောင်းဘူးတဲ့ နေမကောင်းလို့ ဆေးရုံတောင် တက်နေရတယ်တဲ့"

"ဟင်"

အခုမှပဲ မာမီမျက်နှာမကောင်းတာကို သူသဘောပေါက်မိတော့သည်။ ဂျပန်နှင့်မြန်မာပြည်ကို အိမ်ဦးနှင့်ကြမ်းပြင်လို သွားလာကာစီးပွားရှာနေသော ဒယ်ဒီ ရေခြား မြေခြားမှာ ဆေးရုံတောင် တက်ရသည်ဆိုတော့ သူ တကယ်ပဲ ပူပန်စိုးရိမ်မိ၏။

"ဘာ ဘာဖြစ်တာတဲ့လဲ မာမီ"

"မာမီလည်း အသေအချာမသိဘူး၊ ပင်ပန်းလို့အနားယူတဲ့သဘောပါတဲ့ အိမ်ကလူတွေ စိတ်ပူမှာစိုးလို့ ပြောတာဖြစ်မှာပေါ့၊ မာမီကတော့ ချက်ချင်းလိုက်လာမယ်လို့ ပြောလိုက်တယ် ဆိုင်ကိုလည်း စိတ်ချရတဲ့သူနဲ့လွှဲထားခဲ့မယ်၊ မောင်ဖေယျာကလည်း အလုပ်တွေကို တာဝန်ယူပေးထားမယ်တဲ့"

"ကျွန်တော်ပါ လိုက်ခဲ့ရမလား မာမီ"

ဒယ်ဒီ့ ကျန်းမာရေးဆိုတော့ သူစိုးရိမ်စွာ မေးမိ၏။ မာမီက ခေါင်းကိုခါရမ်းပြီး





"သားမလိုက်နိုင်တာ မာမီနားလည်ပါတယ် ဒီမှာသားရဲ့အလုပ်တွေက ပစ်ထားလို့မှမရတာ သား ဒယ်ဒီကလည်း သားကို ခေါ်မလာပါနဲ့တဲ့ အရေးကြီးရင် မာမီ လှမ်းခေါ်မယ် သား"

ဒယ်ဒီကော မာမီပါ သူ့ရဲ့အလုပ်ကို နားလည်ပေးကြပါသည်။ ငွေကြေးအတွက် မဟုတ်ပါဘဲ ဝါသနာအတွက် သူ စာသင်နေတာကို မာမီတို့အနားယူခွင့်ပြုပေးထားတာ ကျေးဇူးတင်မိခံရတာပါပဲ။

"အခုလိုအချိန်မှာ ဟိုကောင် မင်းဆက် မရှိတာ ဘယ်ကောင်းမလဲ မာမီ၊ တွေးရင်း စိတ်နာတယ် သား"

ကိုကြီးကို စိတ်နာသည်ဆိုသော မာမီမျက်ဝန်းတွေမှာတော့ မျက်ရည်တွေရစ်ဝဲလို့နေခဲ့သည်။

သည်လိုကျတော့လည်း မာမီကို သူသနားမိပါသည်။

"ကဲ ဒီကောင်အကြောင်း မာမီမတွေးချင်တော့ဘူးသား သားကို မာမီ ဘယ်လိုစီစဉ်ပေးခဲ့ရမလဲဆိုတာပဲ တွေးနေတာ"

"သားအတွက် ဘာမှအရေးမကြီးပါဘူး မာမီ မာမီဘာသာ စိတ်ချလက်ချသွားပါ"

"မဟုတ်သေးဘူး မာမီ စဉ်းစားနေတာ သားအတွက် နေမှုထိုင်မှု ကိစ္စပါ"

"အဆင်ပြေပါတယ် မာမီ ဒေါ်ခင်နဲ့တင့်တင့်တို့ရှိတာပဲ လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



ရင်သား အပြင်မှာစားဖို့လည်းအဆင်ပြေပါတယ်''

သူပြောတာကိုနားထောင်ရင်း မာမီငြိမ်သက်နေသည်။ ပြီးမှ ခေါင်းကိုသွက်သွက်လေးခါပြီး မာမီသူ့ကိုပြောသည်။

''မဖြစ်သေးဘူး မာမီ မရှိဘဲ သားကို ဒီမှာမနေစေချင်ဘူး၊ အိမ်ပေါ်မှာက မိန်းမတွေချည်းပဲလေ သားနဲ့မသင့်တော်ပါဘူး''

မာမီရဲ့ပူပန်မှုအတွက် သူ ကသိကအောက်တော့ ဖြစ်မိသည်။ ကိုယ့်အိမ်ကအိမ်ဖော် မိန်းကလေးတွေနှင့်တောင် မာမီက ပူပန်စိုးရိမ်နေတာတော့ မဟုတ်သေးဟု ထင်၏။

''မာမီစကားကို နားထောင် သား မသင့်တော်တာတော့အမှန်ပဲ သားက လူပျိုလူလွတ်ယောကျ်ားကလေး တစ်ယောက်။ ဒရိုင်ဘာနဲ့ မာလီရှိတယ်ဆိုပေမယ့်လည်း သူတို့ကခြံနောက်က တန်းလျားမှာနေတာ မာမီ စဉ်းစားနေတာက မာမီမရှိတဲ့ရက်တွေမှာ မခင်နဲ့တင့်တင့်ကို ကိုမင်းထင် အိမ်ပို့ထားရင် ကောင်းမလား စဉ်းစားမိတယ်''

မာမီက မိန်းကလေး အိမ်ဖော်တွေကို အန်ကယ်လေးအိမ်ပို့ဖို့ စီစဉ်နေသည်။ ဟုတ်တော့ မဟုတ်သေးပါ။ အန်ကယ်လေး အိမ်မှာက အိမ်ဖော်တွေ နှစ်ယောက်တောင်ရှိသည်။

ပြီးတော့ ဝတ်ရည်ဆင့်ဆိုသော ကောင်မလေးပါ ရောက်နေသည်။ ဒါကို မာမီ မသိပါ။ ဒေါ်ခင်နှင့်တင့်တင့် ရောက်သွားလျှင်





ဒီကိစ္စက မာမီ့နားကို ပေါက်ကြားတော့မည်။

''သား စားသောက်ရေးကိစ္စကို မာမီစီစဉ်ပေးခဲ့မယ်၊ သား တစ်ယောက်တည်း မနေရဲရင် ဒရိုင်ဘာ ကိုအုန်းကို အိမ်ပေါ်ခေါ်တာပေါ့''

''မာမီ အစီအမံတွေ ကောင်းပါတယ် ဒါပေမဲ့ မဆီမဆိုင် အန်ကယ်လေးတို့အိမ်မှာ ကိုယ့်အိမ်ကအိမ်ဖော်တွေ သောင်တင်နေဦးမယ် ဒီလိုလုပ်ပါလားမာမီ သားအန်ကယ်လေးတို့အိမ် သွားနေလိုက်မယ်လေ''

မာမီ မျက်မှောင်ကုတ်သွားသည် ကိုကြီးဖြစ်ရပ်ကို သတိရသွားတာကြောင့်လည်း ဖြစ်နိုင်သည်။

''သားမှာက တစ်နေကုန် မအားအောင် အပြင်ထွက်နေရတာ အန်ကယ်လေးအိမ်မှာ ညအိပ်သဘောပဲနေမှာပါ ဒီအိမ်ကိုဒေါ်ခင်တို့ စောင့်ရှောက်ပေးထားနိုင်ပါတယ်''

''အင်း သားပြောတဲ့ အစီအစဉ်မဆိုးဘူး၊ မင်းထင်အိမ်မှာ သား ညအိပ်လောက်ပဲနေ သားစားသောက်ရေးအတွက် ထိပ်တင်တို့ အိမ်မှာ သွားစား''

''ဟာ မာမီကလည်း မသင့်ပါဘူး၊ ကျွန်တော်ဘယ်သူ့မှ ဒုက္ခ မပေးချင်ဘူး''

''အံမယ်လေး သားရယ် သူစိမ်းတွေမှမဟုတ်တာ မကြာခင်ပဲ ပတ်သက် ဆွေမျိုးတော်ကြတော့မှာပဲ၊ ထိပ်တင်ကလည်း သားကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဖြူလက်ခံမှာပါ သား စားသောက်ရေးတင်မကဘူး နေမယ်ဆိုရင်တောင် အဆင်ပြေသေးတယ်''

''အာ မလုပ်ပါနဲ့ သူများအိမ်မှာ ကျွန်တော်မနေတတ်ဘူး''

''ဟုတ်ပါပြီ သားပြောသလို မင်းအန်ကယ်လေးအိမ်မှာနေ ဒါပေမဲ့ ထိပ်တင်တို့အိမ်မှာ စားသောက်ပေါ့ ဒါလည်းသားနဲ့သမီးလေးကို ပိုပြီးရင်းနှီးစေတာပေါ့''

ကိုယ့်စကားနှင့်ကိုယ် သူငြင်းလို့ မရတော့ပါ။ ဝတ်ရည်ဆင့်ကိစ္စကို မာမီထံ မပေါက်ကြားစေချင်တာမို့ ပေးမိသည့် အကြံဉာဏ်ကို မာမီက လက်ခံသွားသည်။

ခိုက်တို့အိမ်မှာနေ့စဉ်သွားပြီး စားသောက်ရမှာတော့ အားနာလည်း ဒါပေမဲ့ မာမီ စီစဉ်နေမှတော့ ငြင်းလို့မလွယ်တာတော့ သိနေပြီ။

နောက်ဆုံးတော့ သူ ခေါင်းညိတ်လိုက်ရပါသည်။

■ ■ ■



## အခန်း (၁၈)

''ဘယ်လို ကိုထင် မျိုးလေးကို အိမ်ပို့ထားမလို့ ဟုတ်လား''

ဒေါ်ထက်ထက်ခိုက် အထိတ်တလန့်မေးသည်။ တကယ်ဆိုသူလည်း မမဆီကို ထိုကိစ္စကိုကြားတော့ တုန်လှုပ် ထိတ်လန့်ခဲ့မိပါသေးသည်။

''ဟုတ်တယ်နိုင်ရေ မမစီစဉ်တာလေ ကိုယ်တယ်လိုမှ မငြင်းနိုင်ဘူး မမက ဂျပန်ကိုသွားရမှာဆိုတော့ မျိုးလေးအတွက် စိတ်မချနိုင်ဘူးဖြစ်နေတာတဲ့''

''ဒုက္ခပါပဲရှင် အိမ်မှာက ဆင့်လေးရှိနေတာ''

ဒေါ်ထက်ထက်နိုင် ဘာကိုစိုးရိမ်နေသည်လဲ သူသိသည်။ အကြီးကောင် မင်းမင်းလို မျိုးလေး ခြေရာနင်းသွားခဲ့လျှင် သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုးမီးလောင်တာထက်တောင် ဆိုးမည့် ကိစ္စကြီးဖြစ်နေသည်။ မင်းမင်းရဲ့ ကိစ္စကြောင့် ဒေါ်သတွေတောင် သူတို့အပေါ် ပြေသေးတာမဟုတ်။

ဝတ်ရည်ဝင့်ရဲ့ညီမ ဝတ်ရည်ဆင့်နှင့်မျိုးလေးတို့ တွယ်ငြိသွားခဲ့လျှင်တော့။

"မ မဖြစ်ဘူးထင်တယ် ကိုထင် ဒီတစ်ခါ ပြဿနာဖြစ်ရင်တော့ ကျွန်မတို့ကို မမသင်း သတ်မလားပဲ"

ဦးမင်းထင် ထိတ်လန့်သလို ဇနီးဖြစ်သူကလည်း ဒေါ်သင်းသင်းမျိုးကို အသံကြားယုံနှင့်ကြောက်နေတတ်သူတစ်ယောက် ဖြစ်သည်။ ဒါကြောင့်လည်း အခုကိစ္စမှာ ခေါင်း ဆင်နှင်းခံရသလိုဖြစ်နေ၏။

"ဟို ဒီလိုလုပ်ပါလားဟင် မျိုးလေးကိုလက်ခံလို့မဖြစ်ဘူးလို့ ကိုထင် ငြင်းလိုက်ပါလား"

"ဟ မမ တောင်းလာတဲ့အကူအညီကို ကိုယ်ငြင်းလို့ရမလား ပြီးတော့ ဝတ်ရည်ဆင့်ကိစ္စကို မမလည်း လုံးဝသိတာ မဟုတ်ဘူး။ သိရင် ချက်ချင်းရောက်လာပြီး ဂျပန် မသွားခင် ပြဿနာတောင် ရှာသွားဦးမယ်"

ဒုက္ခအပူတွေက တစ်ခုပြီးတစ်ခု ဆင့်ကဲလာနေသည့်အဖြစ်ကို သူတို့ လင်မယား ဘယ်လိုမှတွန့်ဆုတ်မရ။ ငြင်းပယ်မရ။ အဖြေရှာမရ





အောင် ထူပူထိတ်လန့်နေမိကြသည်။

ထိုအခိုက်မှာပဲ ဖုန်းက ထမြည်တာမို့ နှစ်ဦးလုံး တွန့်ခနဲဖြစ်သွားကြသည်။

"တူ တူ တူ"

"ကိုထင် ဖုန်းလာနေတယ်လေ ကိုင်လိုက်ဦး"

ဇနီးဖြစ်သူက မထိမကိုင်ရဲသလို သူ့ကိုလှမ်းပြောသည်မို့ ဦးမင်းထင် တတူတူမြည်နေသော ဖုန်းကို ကောက်ကိုင်လိုက်ရပါသည်။

"အန်ကယ်လေးလား"

"ဟာ မျိုးလေး အတော်ပဲ မင်းကို အန်ကယ် တွေ့ချင်နေတာ"

"တွေ့ချင်ရင်မပူနဲ့ သဘက်ခါကစပြီး ကျွန်တော်အန်ကယ်လေးတို့အိမ်မှာ အိပ်ရမှာ"

"အေး အဲဒီကိစ္စပဲပြောနေတာကွ မင်းဒီမှာလာနေလို့ မဖြစ်ဘူးဘယ်လိုမှမဖြစ်ဘူးကွ"

ဦးမင်းထင် ခါးခါးသီးသီး ငြင်းနေသည်။ မျိုးဆက်သစ်ဆီက ဖုန်းမှန်းသိမှ ထလာသော ဒေါ်ထက်ထက်နိုင်လည်း အနားရောက်လာ၏။

"မာမီကို အန်ကယ်လေး ငြင်းလိုက်သလား"

"ဟာ ငါဘယ်မှာငြင်းရဲမှာလဲ ဒါပေမဲ့ မင်းအားလုံးသိတယ်လေ



www.burmeseclassic.com

ဟိုကလေးမကိစ္စ မင်း သိသားပဲမျိုးလေးရယ်''

''ကျွန်တော် သိတယ် မာမီမသိဘူး မသိလို့လည်း အခုဒယ်ဒီဆီ လိုက်သွားမယ်ဆိုတော့ မာမီကစိတ်စဉ်နေတာပေါ့ မာမီရဲ့ပထမအစီအစဉ်က ဒီက ဒေါ်ခင်နဲ့တင့်တင့်ကို အန်ကယ်လေးတို့အိမ် ပို့ထားမလို့တဲ့''

''အေး ဒါက တော်သေးတယ်၊ အဓိက က မင်း မလာ သင့်တာ''

''အန်ကယ်လေး အလွယ်မတွေးနဲ့လေ ဒေါ်ခင်နဲ့ တင့်တင့်တို့ ရောက်လာရင် ဟိုကောင်မလေးအန်ကယ်လ်လေး အိမ်မှာရှိနေတာ သိသွားမယ် မာမီပြန်လာရင် သူတို့နှုတ်တွေက ဝစီပိတ်ထားမယ် ထင်လို့လား''

မျိုးဆက်သစ်ရှင်းပြမှ ဦးမင်းထင်ခေါင်းကြီးသွားသည်။ မှန်နေသည်။ မမရဲ့အိမ်ဖော်တွေက မမဆီကို ဒီသတင်းပြန်မပြောဘဲ နေကြမှာ မဟုတ်။

''အေး ဟုတ်တယ် သူတို့နဲ့မဖြစ်ဘူး''

''ဒါကြောင့် ကျွန်တော်လာနေဖို့ ဆုံးဖြတ်လိုက်တာ''

''ဒုက္ခပဲကွာ မင်းလာနေရင်လည်း ပြဿနာတက်မှာ ငါတို့ လင်မယား ခေါင်းမီးတောက်နေတယ်''

''အန်ကယ်လေးရယ် ကျွန်တော့်ကိုယုံစမ်းပါ ဒီကောင်မလေးက





ကျွန်တော့်တပည့်လေးလောက်ပဲရှိပါတယ်၊ စိတ်ချ ကျွန်တော် နေတတ်တယ် ဘာမှမဖြစ်စေရဘူး အန်ကယ်လေးတို့ ပြဿနာမဖြစ်အောင် မာမီကို ကျွန်တော် လိုက်လျောပေးလိုက်တာပါ''

ဦးမင်းထင် ရင်ထဲမှာနည်းနည်းတော့ ပေါ့သွား၏။ ဇနီးဖြစ်သူ ကိုလည်း မျိုးဆက် စကားတွေ ပြန်ပြောပြသည်။

ဒေါ်ထက်ထက်ခိုင် စိတ်ထဲမှာ ပူပန်စိတ်တွေ လျော့ကျသွား ပေမယ့် မျိုးလေး ကိစ္စကို ရတက်မအေးနိုင်ပါ။ မျိုးလေး ကိုယုံကြည်ရ သည်ပဲထားဦး ဝတ်ရည်ဆင့်လေးဘက်က ယုံရမည်လား။

ကလေးမလေးက ခပ်သွက်သွက်ကလေး။ စိတ်ဓာတ်လေး ကလည်း မာဆက်ဆက်ကလေး ဖြစ်သည်။ မတော် ငြိတွယ်သွားရင် သွားပြီ။

''သိပ်လည်းပူမနေနဲ့တော့ ခိုင်ရယ်၊ မျိုးလေးက အိမ်မှာ အမြဲတော့ မရှိဘူး ငါတို့လည်း ဂရုစိုက် ထိန်းသိမ်းရမှာပေါ့''

ဦးမင်းထင် ဇနီးသည် သောက မပိုအောင် နှစ်သိမ့်ပြော လိုက်မိ၏။ ဒါပေမဲ့ ရင်ထဲမှာလေးပင်နေတာတော့ အမှန်။

ဒါတောင် မျိုးလေး ရောက်မလာသေးပါ။

ရောက်လာရင်တော့ ဘယ်လောက်ထိပူလောင်ရဦးမည်မသိ။

''ဝတ်ရည်ဆင့်လေးကိုတော့ ကျွန်မ ကြိုအသိပေးထားမှဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ် မဖြစ်သင့်တာတွေ မဖြစ်အောင်တော့ စကားနဲ့ ကြိုထောက်ထား ရမှာပဲ''

ဒေါ်ထက်ထက်ခိုင်စကားကို ဦးမင်းထင် ခေါင်းညိတ် လက်ခံမိသည်။ ဘာပဲဖြစ်ဖြစ် မီးဆိုတာ မလောင်ခင် တားရမည်။

မမကတော့ ဒီတစ်ခါ အန္တရာယ်ကို အန္တရာယ်မှန်း မသိဘဲ စီစဉ်လိုက်တာ ကိုယ်တိုင်သိပုံမရ။

သူမရဲ့သားကြီးကို သူမရင်ခွင်က ဆွဲထုတ်သွားသည့် မိန်းကလေးရဲ့ညီမရင်းချာတစ်ယောက် သူ့အိမ်မှာရှိနေတာသာ သိလျှင်တော့။

■ ■ ■



## အခန်း (၁၉)

''ဘာမှ အားနာစရာ မရှိဘူးနော် သား၊ ကိုယ့်အိမ်လို သဘောထား၊ သား စားချင်တဲ့ ဟင်းရှိရင်လည်းပြော သမီးက စီမံချက်ပြုတ်ပေးလိမ့်မယ်''

ဒေါ်ထိပ်တင်စန်းက သူ့ကိုသားရင်းချာ တစ်ဦးပမာ ကြိုဆိုခဲ့၏။ မာမီနှင့် သူမတို့နှစ်ဦးစီမံပြီး အားလုံး ပြောဆိုထားခဲ့တာ သေချာ၏။ သူ့မှာတော့ နေ့စဉ် မနက် ညနေ ထမင်း လာစားနေရတာကို အားနာမိသည်။

''သမီး သားကို ဟင်းတွေ ခပ်ထည့်ပေးလေကွယ်၊ စားနော် သား။ သမီးကိုတော့ အန်တီက ချက်ပြုတ်တတ်အောင်သင်ပေးထားပြီး သား။ မိန်းကလေးဆိုတာ အိမ်ထောင်မှုကိစ္စတွေမှာတော့ နိုင်နင်းမှ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ပီသမှာပေါ့ကွယ် ခုခေတ် မိန်းကလေးတွေက ထမင်းတောင် ချက်တတ်တာ မဟုတ်ဘူး ဒါမျိုးတော့ အန်တီလက်မခံဘူး''

ဒေါ်ထိပ်တင်စန်း စကားတွေကိုနားထောင်ရင်း ခိုက်ကို သူလှမ်းကြည့်မိသည်။ ခိုက် ထမင်းဟင်းချက်တတ်လိမ့်မည်ဟု သူလုံးဝ မထင်ထားခဲ့မိပါ။

ခိုက်ရဲ့လက်ရာဟင်းတွေ့ စားလို့မြိန်တာတော့ သူလက်ခံသည်။ စားသောက်ပြီးတော့လည်း အချိုပွဲနှင့်ဧည့်ခန်းမှာ ခိုက်နှင့်သူ့ကိုဆုံစေကာ ဒေါ်ထိပ်တင်စန်း အစီအမံပဲဖြစ်လိမ့်မည်။

မာမီအခုအချိန်ဆို ဂျပန်ရောက်နေပေမယ့် သူ့ဆီကို မပြတ်ဖုန်းဆက်သည်။ ခိုက် မေမေဆီလည်း မာမီ အဆက်အသွယ် နေ့စဉ်ရှိမှာ သူ သိထားသည်။

''သား မာမီ ခိုင်းတဲ့အတိုင်း သမီးလေးအိမ်မှာ နေ့တိုင်း သွားစားသောက်နေထိုင်နော် မာမီအနားမှာ မရှိဘူးဆိုပြီး မင်းလုပ်ချင်တာလုပ် မနေနဲ့ မာမီနေ့တိုင်း ထိပ်တင်နဲ့ အဆက်အသွယ်ရှိတယ်''

မာမီက သူ့ကို သတိပေးသလိုလိုနှင့်ဖုန်းထဲမှာပါတတ်ပါသည်။ ဒါကြောင့်လည်း ခိုက်တို့အိမ်ကို သူတစ်နေ့နှစ်ခေါက် မရောက်ရောက်အောင်သွားသည်။

မာမီစိတ်ထဲမှာ သံသယတွေ မရှိစေချင်ပါ။ အရေးကြီးတာက





အန်ကယ်လေးအိမ်မှာ ဝတ်ရည်ဆင့် ရောက်နေတာကို မာမီလုံးဝ သိလို့မဖြစ်ပါ။

သတင်းပေါက်သွားလျှင် အန်ကယ်လေးတို့လင်မယား ပြဿနာ တက်နိုင်သလို။ သူ့ကိုလည်း မာမီ ဒေါသဖြစ် မဆုံးမှာ သေချာ၏။

''မျိုးဆက် ဒယ်ဒီရဲ့ကျန်းမာရေးအခြေအနေ ဘာထူးလဲဟင်''

ခိုက် အမေးစကားကြားမှ သူမော့ကြည့်ရင်း

''ကောင်းနေပါပြီခိုက် ဒယ်ဒီက အလုပ်ပင်ပန်းပြီး ဒဏ်ပိသွားတဲ့သဘောပါ ဆေးရုံကဆင်းနေပြီတဲ့ လောလောဆယ်တော့ ဟိုမှာ အနားယူနေတယ်တဲ့''

ခိုက်နှင့်သူ့ကြားမှာ အရင်ကထက်ပိုပြီး ရင်းနှီးနားလည်မှုတွေ ပိုလာတာတော့ သေချာပါသည်။

ထိုအတွက်လည်း ခိုက် မိခင်ကကျေနပ်နေဟန်ရှိ၏။ မာမီဆီကိုလည်း ဒီသတင်းတွေကို ခိုက်မေမေ အကြောင်းကြားမှာ မလွဲ။

''ခိုက် ဆန်းဒေးကျရင် သင်တန်းရှိလား''

''အင်း မနက်ပိုင်း ရှိတယ် မျိုးဆက် မအားရင်နေလေ ခိုက် မေမီအစဉ်နဲ့ ခိုက် သွားလိုက်ပါ့မယ်''

''ကိုယ်အဲဒီနေ့ တစ်နေ့လုံး အားတယ်၊ စာသင်ပိုင်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရက်လေ ကလေးတွေစာတွေနဲ့ပိနေမှာစိုးလို့ နားရက်ပေးလိုက်တာ နိုက်ကို ကိုယ်လိုက်ပို့ပေးပါ့မယ် သင်တန်းပြီးရင် နိုက် ဘယ်သွားချင်လဲပြော ကိုယ်လိုက်ပို့ပေးမယ်''

နှစ်ဦးကြားမှာ နားလည်မှုနှင့်ရင်းနှီးမှုတွေ ရယူထား သည်ဆို ပေမယ့် မျိုးဆက်သစ်ကတော့ နိုက်အပေါ်မှာ ဂရုတစိုက်ရှိမှုတွေ ရှိတတ်၏။ တစ်ခါတစ်ရံမှာတော့ နိုက် ဒီလို ဆက်ဆံမှုလေးတွေကို ကြည်နူး ကျေနပ်မိ၏။

''သွားစရာတော့စီစဉ်မထားဘူး မျိုးဆက် အားရင် ပလာဇာ တော့သွားရအောင်နော် ဝယ်စရာလေးရှိလို့''

''ရတယ် သွားကြမယ်လေ၊ အန်တီဆီက ကိုယ်အဲဒီနေ့ကို ခွင့်တောင်းလိုက်မယ်''

သူ့မိခင်ကို လေးစားချစ်ခင်သလို နိုက်မေမေကိုလည်း သူ အလေးထားတတ်ပြမှုက နိုက်သူ့ကိုပိုလို့လေးစားလာမိ၏။

နှစ်ဖက်မိဘတွေက ကြည်ဖြူထားသည့်တိုင် သူသည် ဘယ် တော့မှ နိုက် အပေါ် အခွင့်အရေး မယူတတ်ခဲ့ပါ။

''ကိုယ်သွားတော့မယ်နိုက် နေ့လယ် စာသင်ဝိုင်းတစ်ခုရှိလို့'' နှုတ်ဆက်ပြန်တော့ နိုက် သူ့ကို ခြံဝအထိ လိုက်ပို့ပေးဖြစ်၏။

''ကျေးဇူးတင်ပါတယ် နိုက်''





''ဟင် ဘာကိုလဲ မျိုးဆက်ရဲ့''

''ဒီနေ့စားရတဲ့ နိုက်ရဲ့ လက်ရာအတွက်ပါ နိုက် ချက်တတ်မှန်း ကိုယ်လုံးဝ မထင်ထားဘူး''

နိုက် နွေးနွေးကလေးပြုံးသည်။ သူ့ရဲ့ချီးကျူးစကားတွေနှင့် နိုက်ကို အထင်ကြီးလေးစားစွာ ကြည့်နေသော မျက်ဝန်းတွေကိုတော့ ကျေနပ် ပျော်ဝင်မိ၏။

''မေမေက နိုက်ကို သင်ပေးထားတာပါ မေမေ ပြောသလိုပဲလေ နိုက်က မြန်မာမိန်းကလေးပဲ အိမ်မှုကိစ္စတော့ တတ်ကျွမ်းရမှာပေါ့''

''နိုက်က သင်တန်းတွေတက်ပြီး နိုက်အဖေရဲ့ကုမ္ပဏီမှာ ဝင်ကူချင်တယ်ဆိုတော့ နိုက်စီးပွားရေးကို ဝါသနာပါ တယ်လို့ကိုယ် ထင်နေတာ''

''မိသားစု စီးပွားရေးဆိုတော့ နိုက် ဖေဖေ့ကိုကူညီချင်လို့ပါ ဖေဖေ့မှာက သား မရှိဘူးလေ၊ သမီးတစ်ယောက်ပဲရှိတော့ လုပ်ငန်းပိုင်း မှာ အားကိုးမရှိရာဘူး ဖေဖေ့ကို သနားလို့ နိုက် ဝင်ကူချင်တာပါ''

''နိုက် စိတ်ဓာတ်ကို ကိုယ်လေးစားပါတယ် ကဲ ကိုယ်သွားမယ် နိုက် ညနေမှပဲ လာခဲ့တော့မယ်''

နှုတ်ဆက်ပြီး ထွက်သွားသော သူ့ကိုငေးကြည့်ရင်း နိုက် တွေ တွေလေးကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုက်နှင့်သူ့ကြားမှာ ရင်းနှီးမှုတွေက နိုင်မာနေပြီလား။ ဒါပေမဲ့ သူ့နှုတ်ကမိတ်ဆွေသူငယ်ချင်းထက် ပိုမိုသောစကားကို နိုက် အခုထိ မကြားရသေးပါ။

နိုက်ကိုလက်ထပ်ဖို့ဆိုတာ သူ့အတွေးထဲမှာ တကယ် မရှိတာလား။ ဒါမှမဟုတ် တစ်နေ့ပိုင်ဆိုင်ရမှာပဲဟု ခံယူထားတာလား။

ဟင့်အင်း နိုက် သူ့ကို ဒီလိုနည်းနဲ့ မပိုင်ဆိုင်ချင်ပါ။

နိုက် လိုချင်မိတာက သူ့နှုတ်က ဝန်ခံဖွင့်ဟလာမယ့်စကား။

ဒါပေမဲ့လည်း

မျိုးဆက်ရယ် ရှင့်ကို နိုက် နားလည်ရခက်ခက်ပါပဲ။

■ ■ ■



## အခန်း (၂၀)

မနက်ဆိုလျှင် နေမြင့်အောင် အိပ်တတ်သည့် ဆင့် ဒီရက်ပိုင်းမှာတော့ တမင် နိုးအောင် နှိုးစက်ပေးပြီး အိပ်သည်။

နှိုးစက်သံကြားလျှင် ထဖြစ်အောင်လည်း နှိုးစက်နာရီလေးကို ခေါင်းဦးအနားမှာပဲထား၏။

ဒီမနက်လည်း နှိုးစက်သံကြားသည်နှင့် ဆင့်နိုးလာသည်။

အကျင့်ပါနေသော မျက်ဝန်းတွေက ချက်ချင်းမပွင့်ချင်ပါ။ ဒါပေမဲ့ အိပ်ချင်စိတ်တို့ကို ခေါင်းကလေး ခါရမ်းမောင်းထုတ်ပစ်ကာ ဆင့်အိပ်ရာက လူးလဲထလိုက်သည်။

ပြီးတော့ ပြတင်းတံခါးဆီ ခုတင်ပေါ်ကဆင်းပြီးလျှောက်ခဲ့၏။ ဆင့်နေဖို့အတွက် အန်ကယ်မင်းတို့စီစဉ်ပေးထားတာက ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြမ်းကအခန်းမို့ ခြံထဲကမြင်ကွင်းတွေကို ပြတင်းတံခါးက မြင်နိုင်သည်။

ဆင့်ပြတင်းတံခါးက လှမ်းကြည့်လိုက်တော့ ခြံထဲက ပိတောက်ပင်ကြီးအောက်မှာ မျိုးဆက်သစ်ကို တွေ့လိုက်သည်။

အနက်ရောင်စွပ်ကျယ်လက်တိုနှင့် အောက်က ဝတ်ထားသည်က အပြာရင့်ရောင်မှာ ဘေးတစ်ဖက်ဆီက အဖြူစင်း နှစ်စင်းပါသော အားကစား ဘောင်းဘီရှည်နှင့်ဖြစ်သည်။

ကြည့်ကောင်းကောင်းနှင့် ဆင့် ကြည့်နေလိုက်ပါသည်။

ခြေနှစ်ဖက် ကားယားရပ်ကာ လက်လွှဲ၊ ခါးလွှဲလေ့ကျင့်ခန်းလုပ်နေသော မျိုးဆက်သစ်ကတော့ ဆင့်ကိုမမြင်ပါ။

မြင့်မားသော အရပ်အမောင်းနှင့်လိုက်ဖက်သော ခန္ဓာကိုယ်အချိုးအဆစ်က ကြည့်ကောင်းသည်။

ကိုမင်းဆက်ထက် နှစ်နှစ်ကျော်ငယ်သော ညီဖြစ်သူ မျိုးဆက်သစ်ကို ဆင့် စတွေ့မြင်ဖူးတာ အန်ကယ်မင်း အိမ်ကိုရောက်လာတုန်းကဖြစ်သည်။

ကိုမင်းဆက်နှင့်ရုပ်ချင်းဆင်တူပေမယ့် မျိုးဆက်သစ် အသွင်ကတော့ ကွဲပြားပါသည်။

အသားရောင်က အစ်ကိုဖြစ်သူထက် ဝင်းမွတ်ဖြူသည်။ ကိုမင်းဆက်က လူငယ်ဆန်ပြီးချောသလို။ မျိုးဆက်သစ်က လူကြီးဆန်ပြီး





တည်ကြည်ချောမွေ့သည်။

အစ်ကိုနှင့်ညီနေရာ လွဲချော်နေသလိုတောင် ထင်မိ၏။

မျက်နှာနုချောချောနှင့် တည်ကြည်လွန်းသောမျက်ဝန်းတွေနှင့် ဆွဲဆောင်မှုကတော့ အပြည့်ရှိ၏။ ဆယ်တန်းတွေကို စာသင်သော ဆရာတစ်ယောက်ဆိုတော့လည်း အနေတည်မည်ပေါ့။

ဆင့်ကတော့ လူငယ်တစ်ယောက်ဖြစ်ပြီး အခုလိုအဘိုးအိုလေးစတိုင် ပေါက်နေတာတော့ လုံးဝကြည့်လို့မရပါ။

ဒါပေမဲ့လည်း ဆင့် ဆုံးဖြတ်ပြီးခဲ့ပြီ။

မာနတွေ ဘဝင်နိုက်နေသော ဆင့် မမြင်ဖူးသေးသည့် ဒေါ်သင်းသင်းမျိုးရဲ့ သားငယ်ဆိုကတည်းက စိတ်ဝင်စားသည်။

ကိုမင်းဆက်နှင့်ပတ်သက်မိသည့် မမကို အိမ်ထောင်ပျက်မို့ သဘောမတူဘူးဟုသားသမီးချင်း မစာမနာပြောထားသည့် မိန်းမကြီး။

တကယ်ဆို မမဝတ်ရည်ဝင့်ဆိုတာ ဆင့်ထက်တောင်မှ ရင့်ကျက်ပြီး အနေအေးသူတစ်ယောက်ပါ။ ဘဝကံ အကြောင်းမလှလို့ အိမ်ထောင်ပျက်ခဲ့တာနှင့် မိန်းမကောင်း မဟုတ်တော့ဘူးလား။

ကိုယ့်သားတွေကို ရွှေမင်းသားတွေလို ထင်မှတ်နေသည့် သည်မိန်းမကြီးကိုတော့ ဆင့် ပညာပေးချင်ပါသေးသည်။

ဝတ်ရည်ဆင့်ဆိုတာ ဝင်ရည်ဝင့်ရဲ့ ညီမပေမယ့် မမလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပျော့ပျော့မဟုတ်ဘူးဆိုတာ ပြချင်သည်။

ပြတင်းတံခါးက ချွာခဲ့ကာ ဆင့် ညဝတ် အင်္ကျီဖားဖားကြီးကို လဲသည်။ အဝတ်ဗီရိုထဲက အနီရဲရဲကိုယ်ကြပ်လက်တိုလေးကို ဝတ် သည်။ ပြီးတော့ ဒူဖုံးစကပ်လေးကိုလည်း အနီရောင်ပဲ ရွေးချယ်သည်။

မန္တလေးကခြံမှာဆို ညနေတိုင်း ကြက်တောင်ရိုက် ကစား တတ်သည့် ဆင့် ဝတ်ဆင်တတ်သော အားကစားဝတ်စုံလေး ဖြစ်သည်။

ရန်ကုန်အထိ ပါလာပေမယ့် ရိုက်မည့်အဖော်မရှိလို့ တစ်ခါမှ မရိုက်ဖြစ်သေးသော ဘတ်တံနှစ်ချောင်းနှင့် ကြက်တောင်ဘူး ကိုယူကာ ဆင့် အိမ်ထဲကထွက်ခဲ့၏။

တော်သေးသည်။ ဧည့်ခန်းထဲမှာ အန်ကယ်တို့ ရှိမနေကြပါ။ ကောင်းတာပေါ့။ အစ်မဖြစ်သူဆိုရင် ဘီးလူးသရဲထက်တောင် ကြောက် တတ်သည့် အန်ကယ်ဦးမင်းထင်တို့ လင်မယားကို ဆင့် အားမလို အားမရ ဖြစ်မိ၏။

လှစ်ခနဲ ခြံအပြင်ထွက်ခဲ့ကာ တစ်ယောက်တည်း ကာယ လေ့ကျင့်ခန်းယူနေသော မျိုးဆက်သစ်ဆီ ထွက်ခဲ့သည်။

ဆင့်ကို ကျောပေးရပ်ရင်း လေ့ကျင့်ခန်းယူနေတာမို့ သူမမြင်ပါ။ ဆင့် တမင် အသံမပေးဘဲ ရပ်နေလိုက်သည်။

မျိုးဆက်သစ် လွတ်လွတ်လပ်လပ် လေ့ကျင့်ခန်းယူနေပြီးမှ





အနောက်ကိုလှည့်ကြည့်သည်။

"ဟင်"

အံ့ဩသွားသည့် မျက်ဝန်းတွေက ခဏတာပဲဖြစ်သည်။ မျက်ချင်းပြန်တည်သွားကာ ဆင့်ကို ခင်မင်ရင်းနှီးစွာ ပြုံးနှုတ်ဆက်၏။

"နိုးနေပြီလား ဝတ်ရည်ဆင့် ဘတ်တံတွေနဲ့ပါလား"

"ဟုတ်တယ် ဆင့်က မန္တလေးက ခြံမှာဆို အမြဲကြက်တောင် ရိုက်တယ်၊ ဒီမှာအဖော်မရှိလို့ ကိုကိုလေ့ကျင့်ခန်း လုပ်နေတာတွေ့လို့ င်းလာတာ"

ကိုကိုဟု ဆင့် ရဲတင်းစွာ ခေါ်သုံးနှုန်းလိုက်တာမို့ မျိုးဆက်သစ် မျက်ခုံးတွေပင့်ကာ အံ့ဩသွားခဲ့သည်။

"စိတ်မဆိုးနဲ့နော် ဆင့်က ကိုကို မင်းဆက်ကိုလည်း ကိုကို ပွဲခေါ်တတ်တာ"

"အင်း ရပါတယ် ဘာမှမဖြစ်ပါဘူး ကိုယ် မင်းထက် အသက် များကြီး ကြီးတာပဲ"

"ဆင့်က ဆယ့်ခုနစ်နှစ်ပြည့်တော့မှာ ကိုကိုက နှစ်ဆယ့်နှစ်နှစ် ဟုတ်လား ငါးနှစ်နီးပါးလောက်ပဲ ကြီးတာပါနော်"

မျိုးဆက်သစ် နည်းနည်းတော့ အံ့ဩသွားမိ၏။ ဒီကောင်မလေး သူ့အသက်ကိုတောင် သိနေသည်။ ကိုကြီးအသက်ကို သိတာမို့ တွက်ထား



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဖြစ်မည်။

"ကိုကို ကြက်တောင် ရိုက်တတ်တယ်မို့လား ဆင့်နဲ့ရိုက်ရအောင်နော်"

"ဟာ ကိုယ် မရိုက်တတ်ဘူး၊ မနက်ပိုင်းဆို ကိုယ်လက်လှုပ်ရှားမှုလောက်ပဲ လုပ်တာပါ"

"မရိုက်တတ်လည်း ဆင့် သင်ပေးမှာပေါ့ လာပါကိုကိုရယ် ခဏ လောက် ရိုက်ရအောင်နော် ဆင့် ပျင်းလို့ပါ"

မျိုးဆက်သစ် တွန့်ခနဲတော့ ဖြစ်သွား၏။ ဝတ်ရည်ဆင့် ကရဲတင်းလွန်းသည်။ သူ့လက်ကိုဆွဲကာ ဖွတ်ခေါ်နေတာကိုပဲကြည့်။

"ဆောရီးပဲ ဝတ်ရည်ဆင့် ကိုယ်သွားစရာလေးရှိသေးတယ်"

"ကိုကို ဒီနေ့နားရက်ဆို အန်ကယ်မင်းတို့ကို ညကပြောနေတာ ဆင့်ကြားပါတယ်၊ ခဏလောက်ပါ ကိုကိုရယ် နော် ချွေးလေးစို့ရုံ တော်ပါပြီ"

သူ စိတ်ညစ်သွားမိ၏။ တကယ်ဆိုးသည့် ကောင်းမလေး ပါလား။

"ကိုကိုက ဆင့်ကိုမခင်လို့လား၊ တကယ်ဆို ဆင့်တို့က မောင်နှမတွေတောင် တော်နေပြီပဲဟာ၊ ဆင့်သိပါတယ် ကိုကို့မေမေလို့ ကိုကိုက ဆင့်တို့ ညီအစ်မကို မုန်းနေတာလားဟင်"





မျက်ရည်လေးတွေ ချက်ချင်းဝဲကာ ငိုသံလေးနှင့်ဆိုတော့ မျိုးဆက်သစ် တကယ်ပဲစာနာ သနားသွားမိသည်။

မာမီ့လုပ်ရပ်ကြောင့် ဒီကလေးမလေး ခံစားရမှာကိုလည်း နားလည်ပါသည်။ မာမီက စိတ်ဓာတ် တင်းမာပြတ်သားလွန်းသူ။ သူက တော့ မာမီလောက် မတင်းပြတ်ပါ။

ပြီးတော့ နားလည်ထားသည်က ကိုကြီးနှင့်ပတ်သက်နေမှတော့ မတော်ချင်လည်း တော်ရမည့်ဆွေမျိုးတွေဖြစ်နေပြီ။

"မင်း အထင်မလွဲနဲ့ ဝတ်ရည်ဆင့် မာမီကတော့ မိဘစိတ်နဲ့မို့ ကိုကြီးကို ဒေါသသင့်နေရှာတာပါ၊ ကိုယ်ကတော့ အားလုံးကို နားလည်တယ်၊ ဘယ်သူကိုမှလည်း မမုန်းပါဘူး"

"ကိုကို တကယ်ပြောတာနော် ဆင့်ကို ကိုကို မမုန်းဘူးပေါ့နော်"

မျက်နှာလေး ဝင်းပကြည်လင်လို့ မျက်ရည်စတွေ ချက်ချင်း လွင့်ပျောက်ကုန်တာကလည်း မြန်ဆန်လွန်းလိုက်တာ။ အစ်မဖြစ်သူကို အားကိုးပြီး ရောက်လာရှာသော ကောင်းမလေးကိုတော့ မျိုးဆက်သစ် စာနာသွားမိပါသည်။

"ကိုယ် ဘယ်သူကိုမှ မမုန်းပါဘူး၊ မင်းကိုလည်း ညီမလေး တစ်ယောက်လို သဘောထားပါတယ်။ မင်းလိုတဲ့ အကူအညီ မှန်သမျှ ကိုယ်ကူညီဖို့အသင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို ဆင့်အရမ်းခင်သွားပြီ သိလား၊ ဆင့် အကူအညီ တောင်းချင်တာ ကိုကို အားလပ်တဲ့အချိန်တွေကျရင် ဆင့်ကို စာပြပေးပါနော်၊ ဆင့်က အင်္ဂလိပ်စာနည်းနည်းအားနည်းလို့"

ပထမနှစ်ကျောင်းသူ ဝတ်ရည်ဆင့် အကူအညီ တောင်းလာတော့သူ ခေါင်းညိတ် ကတိပေးလိုက်၏။

"စိတ်ချ ချာတိတ် ကိုယ် မင်းကို စာသင်ပေးမှာပါ ကိုယ်ဒီမှာ ညတိုင်းရှိတာပဲကွာ နားမလည်တာရှိရင်မေး ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို အခု ဆင့်နဲ့ကိုကို ကြက်တောင် ရိုက်ရအောင်နော်"

"ကဲ ခဏလောက်တော့ ရိုက်တာပေါ့ကွာ"

ချာတိတ်မလေး အလိုကျ သူခေါင်းညိတ်ရင်း ဘတ်တံလေးကို လှမ်းယူလိုက်သည်။

အန်ကယ်လေးအိမ်မှာ ကြက်တောင်ကွင်းမရှိပေမယ့် မြင်ခင်းပြင်မှာ သူတို့နှစ်ဦး ကြက်တောင်ရိုက်ဖြစ်ကြသည်။

အနီရဲရဲဝတ်စုံလေးနှင့် ဝတ်ရည်ဆင့်ဆိုသော ချာတိတ်လေး အပြုံးတွေက ခင်မင်စရာတော့ ကောင်းသည်။

ဆံပင်တိုတိုလေးဝဲကာ လှုပ်ရှားကာပြေးလွှားနေပုံက လိပ်ပြာနီလေးလိုရှိ၏။





ဝင်းမွတ်နေသော မျက်နှာလေးနှင့် အပြုံးချိုချိုလေးတွေကိုကြည့်ရင်း မျိုးဆက်တောင် ပျော်ရွှင်လာမိ သလိုလိုပါပဲ။

သူတို့နှစ်ဦးအတူကစားနေတာကို ညှော်ခန်းတံခါး ရှေ့ဆင်ဝင်အောက်က ကျောက်ရုပ်ကြီးလိုရပ်ကြည့်နေသော ဒေါ်ထက်ထက်နိုင် မျက်ဝန်းတွေကတော့ အံ့ဩထိတ်လန့်စွာ ပြူးလို့။

"အန်ကယ် မစိုးရိမ်ပါနဲ့ တစ်အိမ်တည်းနေမှတော့ စကားမပြောမပတ်သက်ချင်လို့ရမတဲ့လား"

မျိုးဆက်သစ် စကားကြောင့် ဦးမင်းထင် မျက်စိမျက်နှာပျက်ခေါင်းကို ခါရမ်းသည်။

"ဒီလိုကို မနေသင့်တာ မျိုးလေး မင်း မာမီသိရင် ဘာတွေဖြစ်ကုန်မလဲ စဉ်းစားသာကြည့်တော့၊ ငါ ငါတို့လင်မယား ဒုက္ခရောက်အောင် မလုပ်ပါနဲ့ကွာ နော် နော်"

သွေးပျက်ထိတ်လန့်သော မျက်ဝန်းတွေနှင့် တောင်းပန်နေသည့် အန်ကယ်လေးကိုကြည့်ကာ မျိုးဆက်ရယ်လည်း ရယ်ချင်သည်။ စိတ်လည်းညစ်မိ၏။

သည်လောက်အထိ စိုးရိမ်နေပုံက သူနှင့်ဝတ်ရည်ဆင့်တို့ မျက်ချင်းပဲ ငြိတွယ်သွားကြတော့မည့်အတိုင်း။

"အန်ကယ်လေး ကျွန်တော့သိက္ခာကိုယုံပါ ဒီကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ညီမလေးလိုပဲ ခင်မင်မိတာပါ၊ သနားလည်း သနားတယ်၊ သူ့ခမြာ အစ်မရှိတဲ့ ရန်ကုန်လာပြီးကျောင်းတက်တာ၊ အစ်မ မရှိတော့ အန်ကယ်လေးတို့အိမ်မှာ ခိုနေရတဲ့အဖြစ်''

''အေးလေ အဲဒါကြောင့်လည်း ငါသနားပြီး မင်းအစ်ကို မင်းမင်း အကူအညီတောင်းတော့ လက်ခံတာပေါ့''

''အန်ကယ်လေးတို့ စိတ်ဓာတ်တွေကို ကျွန်တော်သိပါတယ်၊ ဖြစ်လည်း ဖြစ်သင့်တဲ့ကိစ္စပါ၊ မာမီကသာ လက်မခံနိုင်ဖြစ်နေတာ ဒါကြီးက ပြန်ပြင်လို့ ရတာမှမဟုတ်တာ၊ မာမီဖွတ်ခွဲရင်လည်း ကိုကြီး တစ်ခုလပ်ဖြစ်မှာပဲလေ''

မျိုးဆက်သစ် မာမီကို မပြောရဲသော ဝေဖန်ချက်တွေကို အန်ကယ်လေးတို့ကိုတော့ ပြောရဲပါသည်၊ အန်ကယ်လေးက ခေါင်းညိတ် လက်ခံသည်။

''မင်းမင်းကိစ္စကို တို့တွေလက်ခံပေးနိုင်ပေမယ့် မမက လက်မခံ နိုင်ဘူး မင်းကိစ္စထပ်ရှုပ်ထွေးရင် ဘာဖြစ်မလဲ''

''လာပြန်ပြီ အန်ကယ်လေးရယ် ကျွန်တော့်မှာ မာမီ သဘော တူထားတဲ့ မိန်းကလေးရှိပါတယ်''

''အေး ဒါကြောင့် မင်းဘက်က ကင်းကင်းနေစေချင်တာပေါ့ မျိုးလေးရာ''





''ကျွန်တော့်သိက္ခာကို အန်ကယ်လေးတို့ ယုံကြည်စမ်းပါ၊ ကျွန်တော် ဝတ်ရည်ဆင့်ကို ညီမလေးလို ခင်မင်သနားတာကလွဲလို့ မပိုဘူး။ အခုလည်း သူနဲ့စကားပြောတယ်၊ သူ့ကိုညဘက်စာပြပေးမယ်၊ အဲဒါပြဿနာမှ မဟုတ်တာဘဲ''

မျိုးဆက်သစ် ရဲရဲဝံ့ဝံ့ကတိတွေပေး ရှင်းပြနေတော့လည်း ဦးမင်းထင် ဒီထက်ပိုပြီး မပြောချင်ပါ။ ကိုယ့်တူရဲ့သိက္ခာကို ယုံသည်။ အထူးသဖြင့် မင်းမင်းထက်ဆာလျှင် မျိုးလေးကို ပိုယုံကြည်၏။

''တစ်ခုတော့ရှိတယ် မျိုးလေး ဒီကလေးမလေးက ပွင့်လင်း ရဲတင်းတယ်နော်''

''ဒါသူ့ရဲ့ ရိုးသားမှုပါ အခု အန်ကယ်လေးတို့ စကားတွေ သူကြားသွားရင် မကောင်းဘူးနော်''

''ငါသိပါတယ်ကွာ သူ မရှိလို့ မင်းကိုသတိပေးနေတာပါ''

''ဟုတ်တယ်သားရယ် အန်တီနိုင် စိုးရိမ်လွန်းလို့ ညတိုင်း အိပ်တောင်မပျော်ဘူး၊ မမသင်း သိသွားရင်ဆိုတဲ့ အတွေးကြီးနဲ့ အမြဲ ထိတ်လန့်နေတာ''

''မာမီ မသိပါဘူး။ မာမီဖြစ်စေချင်တာ ကျွန်တော့်ကို သူသဘော တူထားတဲ့ မိန်းကလေးနဲ့ရင်းနှီးစေချင်တာ၊ ဒါကြောင့် သူတို့အိမ်မှာပဲ စားသောက်စေတာ ကြည့်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း အန့်တီလေးသိတယ် သား ဒါနဲ့အဲဒီမိန်းကလေးနဲ့သား အဆင်ပြေကြရဲ့လား"

အန့်တီခိုင့်အမေးကို သူ ချက်ချင်း မဖြေနိုင်ပါ။ မာမီ စေ့စပ်ထား၍ ခေါင်းညိတ်ထားပေမယ့် နိုက်ပေါ် သူ့ဘက်က ဘာမှ ဖွင့်ဟ မတောင်းဆိုမိသေးပါ။

အမှန်ဝန်ခံရလျှင် အချစ်ဆိုတာကို သူတစ်ခါမှ မခံစားဘူးသေးပါ။ နိုက်အပေါ် သူလက်ခံနေတာ မာမီ ဆန္ဒ အဓိက။

ပြီးတော့ သူတဖြည့်ဖြည်းရင်းနှီးလာသော နိုက်သည် ငြင်းဆိုစရာအပြစ်တော့ ကင်းစင်သည်။ မိန်းမပီသသည်။ ပညာတတ်သော၊ မိသားစုက သံယောဇဉ်ကြီးသော မိန်းကလေးဖြစ်သည်။

ထိုထက်ပိုမို၍ သူဘာမှ မစဉ်းစားဖြစ်သေးပါ။ တကယ်တမ်း လိုအပ်လာရင်တော့ နိုက်နှင့်ပွင့်လင်းစွာ ဆွေးနွေးဦးမည်။

"သား အန့်တီခိုင်မေးတာ ဖြေဦးလေ"

"အင်း ကျွန်တော်တို့အဆင်ပြေပါတယ်"

"အေးကွယ် တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးပြီး သစ္စာရှိရှိ နေထိုင်ကြရင် အကောင်းဆုံးပေါ့ကွယ်"

အန့်တီခိုင်က ဆုံးမစကားဆိုသည်။ သူကြိတ်ပြုံးမိ၏။ နိုက်နဲ့သူကြားမှာ အန့်တီခိုင် ထင်သလောက် ခရီးမရောက်သေးပါ။





ခုချိန်မှာ နိုက်ကော သူပါ နားလည်မှုနှင့် ကျွမ်းဝင်ခင်မင်နေခြင်းအဆင့်သာ ရှိသေး၏။

နိုက် တိတ်တခိုး တက်နေသော သင်တန်းတွေပြီးလျှင် နိုက်က ဖခင်ရဲ့ကုမ္ပဏီမှာ ဝင်ကူချင်သည်။ သူကလည်း သူတာဝန် ယူထားသော တပည့်တွေရဲ့ပညာရေး ထူးချွန်စွာအောင်မြင်ဖို့ စိတ်ကူးထားသည်။

ကျန်သောအရာတွေကတော့

နိုက်နှင့်သူ ပြီးမှညှိနှိုင်းကြရမည့်အရာတွေဟုပဲ ခံယူထားခဲ့သည်။

ကံကြမ္မာကို မမြင်နိုင်ဘူးဆိုပေမယ့် မာမီရဲ့အစီအမံတွေက လွဲချော်ဖို့ အတော့်ကို ခဲယဉ်းပါလိမ့်မည်။

■ ■ ■

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

မနက်ပိုင်း သင်တန်းပြီးဆုံးသော သင်တန်းခန်းမ အပြင်ဘက်မှာ မျိုးဆက် ရောက်နေခဲ့သည်။ခိုက် ထွက်လာတာတွေ့တော့ မျိုးဆက် တံခါးဖွင့်ပြီး စောင့်ကြိုနေခဲ့သည်။

"ရောက်နေတာကြာပြီလား မျိုးဆက်"

"ဆယ်မိနစ်လောက်ပဲရှိသေးတယ် ခိုက် ရဲ့၊ ကဲ ကားပေါ်တက် လက်ချာမသွားခင် တစ်ခုခုစားရအောင်နော်၊ ခိုက်လည်း ဆာနေလောက်ပြီပေါ့"

သည်လို နှစ်ဦးအတူ လည်ပတ်ဖြစ်သည်ဆိုတာက ခိုက်နှင့်သူကြားမှာ ရှားရှားပါးပါးအဖြစ်မျိုးဖြစ်သည်။ မျိုးဆက်သစ်မှာက ကျူရှင်လုပ်ငန်းတွေနှင့် နားရက် မရှိသလောက်ဖြစ်သည်။





စားသောက်ဆိုင်လေးကို မျိုးဆက် ကားကို ဦးတည်ခဲ့သည်။ ဆိုင်လေးထဲရောက်တော့ စိတ်ကြိုက်မှာသည်။

"ခိုက်ကော ဘာစားချင်လဲ မှာလေ"

"ရပါပြီ မျိုးဆက် မှာထားတာတွေတောင် များနေပြီ၊ ခိုက် အားလုံး ကြိုက်ပါတယ်"

ခိုက် ပြုံးပြုံးလေးဆိုသည်။ ခရမ်းရင့်ရောင် ဝတ်စုံလေးနှင့် ခိုက်သည် သူ့မျက်ဝန်းထဲမှာတော့ တည်တည်ငြိမ်ငြိမ် လေးလှပနေ၏။ နက်မှောင်သောဆံနွယ်တွေ့ကို နဖူးပြေပြေ ကလေးပေါ်လွှင်အောင် သပ်တင်သိမ်းလျက်နောက်မှာ ဆံညှပ်ဖြူလေးနှင့် စုနှောင်ထား၏။

ဝင်းမွတ်ကြည်လင်သော မျက်နှာလေးက ရှင်းသန့်နေခဲ့သည်။ မျိုးဆက် ငေးရင်း အာရုံထဲမှာ ဖျတ်ခနဲမြင်မိလိုက်တာ ဝတ်ရည်ဆင့်မျက်နှာလေးဖြစ်သည်။

ဆံတိုအညှိုလေးနှင့် ဝတ်ရည်ဆင့်သည်လည်း တစ်မျိုးလှသည်။ မျက်ခုံးထူထူလေးနှင့် နှာတံချွန်စင်းစင်းလေးက ကြည်လင် ဝိုင်းစက်သော မျက်ဝန်းတွေနှင့် လိုက်ဖက်သည်။

နှုတ်ခမ်းလေးတွေကို ပန်းနုလေးတင်ထားပြီ လှပသော မျက်နှာလေးကို ပိုမိုလှပအောင် ပြင်ဆင်တတ်တာတော့ ဘဝင်ခိုက်နှင့် ကွာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲတင်းတင်း သွက်သွက်လက်လက်နှင့် ကလေးဆန်သော ဝတ်ရည်ဆင့်ကို ခိုက်နှင့် သူ ဘာကြောင့် နှိုင်းယှဉ်နေမိတာလဲ မသိပါ။

"ဦးလေးတွေ အိမ်မှာနေရတာ မျိုးဆက် အဆင်ပြေရဲ့လား ဟင်"

ခိုက် မေးသံလေးကြားမှ သူ သတိဝင်လာရင်း ခေါင်းညိတ်ပြမိ၏။

"အင်း အဆင်ပြေပါတယ် ခိုက်"

ခိုက် အလိုက်သင့် ခေါင်းလေးညိတ်ကာ ဘာမှထပ်မမေးတော့ပါ။ တကယ်ဆို ခိုက်ကို သူအန်ကယ်လေးရဲ့ အိမ်ကို အလည်ဖိတ်ခေါ်ချင်၏။ ဒါပေမဲ့ မဖြစ်သေး။

ဝတ်ရည်ဆင့်နှင့် ခိုက် ဆုံလို့မဖြစ်။ မာမီထံ သတင်းပေါက်သွားလျှင် ရှုပ်ထွေးကုန်မည်။

အဓိက က အန်ကယ်လေးတို့အပေါ် မာမီအပြစ်မြင်ကာ အမုန်းမပွားစေချင်ပါ။

ဟင်းလျာတွေရောက်လာတော့ သူ ခိုက်ရဲ့ ပန်းကန်ထဲကို ဟင်းတွေ ခပ်ထည့်ပေးသည်။

"ခိုက် စားနော်၊ ဒီနေ့ ကိုယ်ရဲ့မွေးနေ့ ဒါနပြုတာ"

"မျိုးဆက် မွေးနေ့ ဟုတ်လား"





"ဟုတ်တယ် ကိုယ် မနက်ဖြန်ဆို နှစ်ဆယ့်နှစ်ပြည့်မှာ မနက်ဖြန်က မအားတော့ ဒီနေ့အကြို ခိုက်ကို ကျွေးမွေးတာပါ၊ ကိုယ် တပည့်တွေတော့ မနက်ဖြန်ကျမှပဲ ကျွေးရမှာပေါ့"

အမြဲတမ်း သူ့အလုပ်နှင့် သူ့တပည့်တွေကို အလေးထားတတ်လွန်းသည့် မျိုးဆက်ကိုတော့ တစ်ခါတလေ ခိုက် အလိုမကျဖြစ်မိ၏။ မျိုးဆက်ခေါင်းထဲမှာ သူ့အလုပ်နှင့် သူ့အသိုင်းအဝန်းပဲ ရှိနေသည်လား။

"စားလေ ခိုက် ပြီးရင် ပလာဇာ သွားကြရအောင် ကိုယ်ဒီနေ့ ခိုက် လိုချင်တာတွေ ဝယ်ပေးချင်လို့ပါ"

"နေဦး မျိုးဆက် ရှင့်တပည့်တွေ အတွက်ကော ဝယ်စရာ ရှိသေးလားဟင်"

မျက်ဝန်းစူးစူးလေးတွေနှင့် ခိုက် မေးတော့ သူအံ့ဩသလို မော့ကြည့်နေသေး၏။ ပြီးမှ နှုတ်ခမ်းလေးပွင့်ရုံမျှ ပြုံးရင်း

"ခိုက် ကိုယ့်ကို စိတ်ဆိုးနေတာလားဟင်"

"အို ဘာလို့ဆိုးရမှာလဲ"

ခိုက် မျက်နှာလေး ရဲခနဲဖြစ်ကာ ဆိုမိ၏၊ သူက အပြုံးရိပ်မပြယ်သေးသော မျက်ဝန်းတွေနှင့် ကြည့်နေရင်း ဘာစကားမှ မဆိုပါ။

ခိုက် ရှက်လိုက်တာ။ ခိုက် ဝန်တိုမိတာကို လွှတ်ခနဲ ပြောလိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



မိပြီလေ။

"ဒီနေ့ ကိုယ် နိုက်အတွက်ပဲ သီးသန့်အချိန်တွေပေးထားခဲ့တာပါ ယုံပါ"

သူ့ စကားက နိုက် ရင်ထဲကို နွေးခနဲ ခံစားစေသည်။ တကယ်ပဲ နိုက် ရင်ထဲမှာ ချမ်းမြေ့ကြည်နူးသွားခဲ့တာတော့ ကိုယ်တိုင်ပဲ အသိဆုံးလေ။

နိုက် သူ့ဆီက လက်ဆောင်တွေကို လိုချင် မက်မောစိတ်ကြောင့် မဟုတ်ပါ။

သူရဲ့ ယုယမှုနဲ့ အရေးပေးမှု တစ်ခုကို ပိုင်ဆိုင်ခဲ့ရလို့ပါ။ နိုက် ရင်တွေခုန်နေမိတာ သူမသိ။

မျိုးဆက်ရယ်။ မာနတွေ သိက္ခာတွေနဲ့ ရှင့်ကို နိုက် ရင်ဆိုင်ဖို့ ဆုံးဖြတ်ခဲ့မိတာ။ အခုတော့။

အဲဒီအရာတွေအားလုံး ဘယ်ကိုရောက်ကုန်ပြီလဲ။ နိုက် ကိုယ်တိုင်တောင် မသိလိုက်ခဲ့ပါဘူး။

အချစ်ကို နိုက် နှလုံးသားက ခံစားသွားတတ်ခဲ့ပြီလား။

ရှင်ကတော့။ သွေးအေးလွန်းလိုက်တာ မျိုးဆက်ရယ်။

■ ■ ■



## အခန်း (၂၂)

ညဘက်ဆိုလျှင် ဆင့်ကို စာသင်ပေးရတာ သူရဲ့တာဝန် ...ရှားရား တစ်ခုလို ဖြစ်သွားခဲ့သည်။

နိုက်တို့အိမ်က သူပြန်ရောက်သည်နှင့် ဆင့်က ခြံထဲက အရင် ...စောင့်ကြိုနေတတ်၏။

"ကိုကို့ကို ဆင့် စောင့်နေတာ"

"ဟုတ်လား ဘာလဲ မနေ့က ကျက်ခိုင်းထားတဲ့ စာတွေပြန် ...ရလို့လား"

"အာ ဆင့် အကုန်မရသေးဘူး ကိုကိုရဲ့"

"အဲဒီလို စာကျက်ပျင်းလို့ မဖြစ်ဘူးလေကွာ၊ ကျောင်းက ...ရောက်နေတာ ကြာနေပြီ စာလေး နည်းနည်းတော့ရအောင် ကျက်သင့်တာ ...ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပုဒ်က ဆင့် ရတယ်၊ တစ်ပုဒ်က မရတာရပဲ ကိုကိုရဲ့"

"မရဘူး ဒါဆိုရင်တော့ ချာတိတ် လက်ဖဝါးတော့ ရဲရဲနီပြီသာ မှတ်ပေတော့"

သူ ဆိုတော့ တကယ်ပဲ ကြောက်လန့်သလို ပခုံးလေးတွန့်ကာ ဖက်ကလေးကို ပုပြသည်။ ပန်းနုရောင်မှာ ကာတွန်းရုပ်သေး သေးသေး လေးတွေပါသော ဂါဝန်ပါးလေးဝတ်ထားပုံက ကလေးလေးလိုဖြစ်နေ၏။

မျက်နှာနုနုလေးမှာ သနပ်ခါးပါးကွက်လေး လိမ်းထားပုံကတော့ ရယ်ချစ်စရာလည်း ကောင်းသည်။

"မိတ်ကပ်တွေ အလှပြင်ပစ္စည်းတွေထက် သဘာဝသနပ်ခါးက ပိုပြီးကောင်းတာပေါ့ ချာတိတ်ရ"

သူတစ်ခါ ပြောဖူးတာမို့ ဆင့် သနပ်ခါးလိမ်းထားတာ ဖြစ်သည်။

"ကိုကို ဆင့် သနပ်ခါးလိမ်းထားတာ မလှဘူးလား"

"မဆိုးပါဘူး တကယ့်တော့ သူမအတိုင်းပဲ"

"ကိုကိုနော် သူများကို"

နှုတ်ခမ်းလေးတွေ စူခနဲလုပ်ကာ သူ့လက်မောင်းကို မနာ အောင် ထုရိုက်သည်။

ဒါကို မြင်သွားသော အန်တီနိုင် မျက်စိမျက်နှာပျက် ဖြစ်နေ တာကို ညွှန်းဆိုဖာပေါ်မှာ မြင်လိုက်သည်။





"ကဲ ဆင့် စာအုပ်တွေ အသင့်ပြင်ဆင်ထားလိုက် ခဏကြာရင် ကိုယ် သင်ပေးမယ် ဟုတ်လား"

သူ ဆင့်ကို လှည့်ပြောရင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ ဆင့် ခေါင်းလေးညိတ်ရင်း

"ကိုကို နားပါဦး၊ ဆင့်ကိုကို အတွက် ကော်ဖီသွား ဖျော်လိုက်ဦး မယ်နော်"

ပြောပြီး လှစ်ခနဲ ဝင်ပြေးသွားသည်။ အန်တီနိုင် နှုတ်မှဆုံးမ သတိပေး စကားတွေကို ကြားရပြန်၏။

"မျိုးဆက် သတိထားနော်၊ ဆင့်လေးနဲ့ မင်းဒီလောက်ထိ အရမ်း ရင်းနှီးသွားတာ မသင့်ဘူး"

"အန်တီနိုင်ကလည်း ဒါကိုပဲ အရိပ်ကြည့်နေတာကိုး စိတ်ချ ကျွန်တော်တို့က ရိုးရိုးသားသားပါ အန်တီနိုင်တို့က စိုးရိမ်လွန်နေတာပါ"

"စိုးရိမ်လွန်တာပေါ့သားရယ် မင်းမာမီတောင်ညနေက ဖုန်း ဆက်တယ်၊ နောက်နှစ်ပတ်အတွင်း သူတို့ပြန်လာမယ်တဲ့ မင်းအယ်ဒီ ပါ ပါလာလိမ့်မယ်"

"ဟာ ဟုတ်လား၊ ကျွန်တော့်ဆီ မဆက်ပါဘူး"

"မင်းဆီဆက်မှာပါ ဒီည ဆက်မယ်လို့ပြောတယ်၊ အင်း မမ သင်း မြန်မြန်ပြန်လာပါစေလို့ပဲ အန်တီနိုင် ဆုတောင်းနေမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီနိုင်နဲ့ အန်ကယ်လေးကို ကြည့်ကာသူလည်း အတော် စိတ်ညစ်နေမိသည်။

အိမ်မှာ ခဏလေးရှိသည့် သူနှင့်ဆင့်ကို အရိပ်ကြည့်ကြည့် နေကြတာလည်း သူတို့အစား ရင်မောစရာကောင်းသည်။

မာမီ ပြန်လာပါစေလို့ သူလည်း ဆုတောင်းပါသည်။ ဒါမှ အန်ကယ်လေးတို့ စိတ်ကျေနပ်သွားကြမှာဖြစ်သည်။

အခုတော့ သူမှာလည်း အန်တီနိုင်တို့ မျက်စိအောက်မှာ နေနေရတာတစ်ဒုက္ခ။ ဆင့် ကတော့ ဘာမှသိပုံမရပါ။

စာသင်တာတောင်မှ ညှဉ့်ခန်းထဲမှာပဲ အန်တီနိုင်တို့က သင်စေ၏။ ပြီးတော့ လင်မယားနှစ်ယောက် စာဖတ်ရင်း ငုတ်တုတ် စောင့်ပေး နေကြတာ တစ်ဒုက္ခ။

သူလည်း သနားလှပါပြီ။

■ ■ ■



## အခန်း (၂၃)

"ကိုကို ကိုကို ဒီက ပြန်တော့မယ်ဆို ဟုတ်လား"

မနက်ပိုင်း စာသင်ဝိုင်းမရှိသည့် တစ်ရက် သူခြံထဲဆင်းကာ လမ်းလျှောက်နေတုန်း ဆင်း မေးလာသည်။

"ဟုတ်တယ် ဆင့် မာမီပြန်လာတော့မယ်လေ"

မျိုးဆက် စကားကြောင့် ဆင့် တွေခနဲ ဖြစ်သွားသည်။ မျိုးဆက် မာမီပြန်လာတော့မည်ဆိုသော သတင်းကို မနေ့က အန်ကယ်မင်း တို့လင် မယားပြောနေတာကြောင့် ဆင့် ကြားခဲ့သည်။

သည်သတင်းအတွက် ဆင့် စိတ်မှာ ကသိကအောက်တော့ ဖြစ်မိသည်။ ပိုဆိုးသည်က မျိုးဆက်သစ်နှင့် ပတ်သက်သည့် သတင်းကို အန်ကယ်မင်းတို့ လင်မယားက ဆင့်သိအောင် အသိပေးဖွင့် ပြောခဲ့ခြင်း ပင်။



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သစ်မှာ စေ့စပ်ပေးမည့်သူ ရှိနေသည်တဲ့။

"ဘာတွေ စဉ်းစားနေတာလဲ ဆင့်၊ ဘာလဲ ဆင့်ကို စာသင်ပေးမည့်သူ မရှိတော့လို့လား"

"အင်းလေ ကိုကို မရှိတော့ ဘယ်သူသင်ပေးမှာတဲ့လဲ"

"အေးကွာ ကိုယ့်မှာက စာသင်ဝိုင်းတွေနဲ့ မအားတာ အမှန်ပဲ၊ ဒါပေမဲ့ ဆင့် ဆန္ဒရှိတယ်ဆိုရင် ဆင့်တို့ တက္ကသိုလ်ကျောင်းတွေ အတွက် ကျူရှင်သင်တန်းတွေ ရှိပါတယ်၊ ကိုယ့်မိတ်ဆွေ ဆရာတွေသင်နေတာ၊ အဲဒီမှာ ဆင့် တက်လို့ရတယ်"

မျိုးဆက်သစ်စကားကြောင့် ဆင့် နှာခေါင်းလေးရှုံ့သည်။ ဒါကိုမြင်သော မျိုးဆက် မျက်မှောင်ကုပ်သွားရင်း

"ဘာဖြစ်လို့လဲ ဆင့် မင်းသင်ချင်ရင် ကိုယ်လိုက်ပို့ပေးပြီး အပ်ပေးမှာပေါ့"

"ဟင့်အင်း ဆင့်က ကိုကိုနဲ့ပဲသင်ချင်တာ"

ကလေးဆိုးကလေးလို ဆင့်ပြောနေသည်။ မျိုးဆက်သစ် ခေါင်းကိုခါရမ်းရင်း

"မင်းကို ကိုယ် အမြဲမသင်ပေးနိုင်ဘူးလေ ဆင့်ရဲ့"

"ကိုကို အားလပ်တဲ့တစ်ရက်လောက် ဆင့်ကိုသင်ပေးလို့ မရဘူးလားဟင်"





ဒါကိုတော့ မျိုးဆက်သစ်လိုက်လျောလို့ မဖြစ်ပါ။ အနံကယ်လေးတို့ကလည်း လက်ခံမည်မဟုတ်။ မာမီသိသွားလျှင် ပြဿနာတွေက တစ်လှေကြီး။

"အဲဒါဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အခုလည်းဆယ်တန်းတွေ စာမေးပွဲနီးနေလို့ ကိုယ်အချိန်ပိုစာသင်ချိန်တွေ ပေးရဦးမှာ လုံးဝအားရက်မရှိဘူးလေ"

"ကိုကို ကို ဆင့် နားလည်ပါတယ်၊ ဟုတ်ပါပြီလေ၊ ဆင့် မတောင်းဆိုတော့ဘူး ဆင့် တစ်ခုမေးချင်လို့ ကိုကိုမာမီက ကိုကို့ကို မိန်းမ ပေးစားတော့မလို့ဆို"

"အင်း ဟုတ်တယ် အခု ဒယ်ဒီပါ မြန်မာပြည် ပြန်လာမှာဆိုတော့ ကိုယ်တို့စေ့စပ်ဖြစ်လိမ့်မယ်"

"ကိုကိုနဲ့ စေ့စပ်မယ့် မိန်းကလေးနာမည်က ဘယ်သူလဲဟင် ကိုကို"

"ဘဝင်နိုက် တဲ့"

"ဘ ဝင် နိုက်"

မျိုးဆက်ပြောသည့် နာမည်လေးကို ဝတ်ရည်ဆင့် နှုတ်ခမ်းလေးတွေက အသံလေးထွက်အောင် လိုက်ရေရွတ်နေသေးသည်။

"ကိုကိုတို့က ချစ်သူတွေလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်သစ် ပြီးသည်၊ စပ်စပ်စုစု မေးနေသည့် ကောင်မလေး၊ မျက်ဝန်းတွေက သိချင်စိတ်တို့ ပြင်းပြနေကာ အထင်အရှား။

"မဟုတ်ပါဘူးကွာ မာမီ ပြောမှမြင်ဖူးတာပါ"

"ချောလားဟင် ကိုကို"

မိန်းကလေးပီပီ တကယ်လည်း မေးတတ်လွန်းသည့် ကောင်မလေးပါပဲ။

"အင်း မဆိုးပါဘူး"

"ကိုကို အရမ်းချစ်တဲ့မိန်းကလေးလားဟင်"

ဒုက္ခပဲ။ တကယ့်ကို နိုက်နိုက်ချွက်ချွက် အင်တာဗျူးနေသော ဝတ်ရည်ဆင့်ကို သူဘယ်လိုပြောရမည် မသိတော့။

"ဆင့်က သိချင်လို့ပါ ကိုယ့် ကိုကိုလက်ထပ်မည့် မိန်းကလေး အကြောင်း သိထားချင်လို့"

"ဟုတ်ပါပြီကွာ ကိုကိုတို့က သိတာမကြာသေးဘူး၊ အခုမှ ရင်းနှီးခင်မင်စပဲ ရှိသေးတယ်"

"ဟင် ဒါဆို ကိုကိုမချစ်ဘူးပေါ့၊ မချစ်ဘဲနဲ့ လက်ထပ်မှာ ကိုကို့မာမီကြောင့်လား"

"မာမီ စိတ်ချမ်းသာစေချင်တယ်၊ ပြီးတော့ ဘဝင်နိုက်ကလည်း ငြင်းစရာမလိုတဲ့ မိန်းကလေးမို့ ကိုယ် ခေါင်းညိတ်ခဲ့တာပေါ့။ တကယ်





မိန်းမ ပီသတဲ့ မိန်းကလေးပါ။ ကိုယ်တို့ နှစ်ယောက်ကြားမှာ သံယောဇဉ်တော့ ခိုင်မာနေပြီလေ၊ ကဲ ဘာသိချင်သေးသလဲ စပ်စုမလေး"

သူရယ်သလို နောက်သလို ပြောတော့ ဆင့် မျက်စောင်းလေးထိုး၍ရင်း

"ဆင့်က သိချင်လို့ပါ စပ်စုတာမဟုတ်ပါဘူးနော်"

"ဟုတ်ပါတယ်ကွ၊ ကိုယ်ကလည်း အမှန်ပြောတာပဲ ဆင့်ကိုခင်လို့ နောက်တာပါ"

"ကိုကို့ ကိုလည်း ဆင့် ခင်ပါတယ်၊ ကိုကို မရှိရင်တော့ ဆင့်လွမ်းနေမှာ သိလား"

မျက်ဝန်းကြည်ကြည်လေးတွေနှင့် မော့ကြည့်ကာဆိုသော ပျာတိတ်မလေးစကားကြောင့် သူ ထိတ်ခနဲ ဖြစ်သည်။

ရောင်စဉ်ပြာလဲ့နေသော မျက်ဝန်းလေးတွေက ရိုးသားစွာ ဆိုနေတာပဲ ဖြစ်ပါစေတော့။.

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"အခု ဒယ်ဒီ ပြန်လာတာ မြန်မာပြည်ကို အပြီး ပြန်လာခဲ့တာပဲ သား။ ဒယ်ဒီရဲ့ ကျန်းမာရေးအခြေအနေအရတော့ ဒယ်ဒီ နားချင်ပြီ"

"ကောင်းပါတယ် ဒယ်ဒီ၊ ဒယ်ဒီ နားသင့်ပါပြီ။ ဒယ်ဒီတို့ကို သားတစ်လှည့် ပြန်ပြုစုခွင့်ရချင်ပါသေးတယ်"

ဒယ်ဒီ ကျေနပ်စွာပြုံးရင်း ခေါင်းညိတ်ခြင်း

"ဒယ်ဒီသားနှစ်ယောက်ကို ဒယ်ဒီအားကိုးပါတယ်ကွာ၊ ဒါပေမဲ့ ဒယ်ဒီအိမ်မှာ ဒီလိုချည်းတော့ မနေတတ်ဘူးကွာ၊ ဒီက ကုမ္ပဏီတွေကို တစ်ပတ် တစ်ရက်မျိုး နှစ်ရက်မျိုး သွားပြီးတော့ ဦးစီးမှာပါ ဒယ်ဒီ အစီအစဉ်က သားကြီးကိုလည်း ဒယ်ဒီကုမ္ပဏီမှာ လုပ်စေချင်တယ်"

"ကောင်းပါတယ် ဒယ်ဒီ၊ ကိုကြီးက ကုမ္ပဏီလုပ်ငန်း





အတွေ့အကြုံ ရှိတာပဲ၊ သားလည်း လိုအပ်ရင် ဦးစီးပေးပါမယ်"

ဒယ်ဒီက သူ့ပခုံးကို ပုတ်ရင်း ခေါင်းညိတ်သည်။

"ဒယ်ဒီယုံပါတယ်၊ ဒါပေမဲ့ သားဝေယ်ဝါသနာအတိုင်း လွတ်လွတ်လပ်လပ် လုပ်ပါ၊ လိုတဲ့အကူအညီရှိရင် ဒယ်ဒီကိုပြော ဒယ်ဒီ က ပံ့ပိုးပေးမှာပေါ့"

သူ့ဝါသနာအပေါ် ဒယ်ဒီက နားလည်ပေးပါသည်။ ထို့အတွက် ဒယ်ဒီကိုလည်း ကျေးဇူးတင်မိ၏။

"ကျွန်တော်ငယ်ငယ်တဲ့ အချိန်ပဲ ဝါသနာနဲ့အလုပ်ကို လုပ်မှာပါ၊ အိမ်ထောင်ကျပြီးရင်တော့ ဒယ်ဒီကို ကူညီတာဝန်ယူပေးမှာပါ"

"ဒါဆိုရင်တော့ သား အသင့်ပြင်ထားတော့ပေါ့ကွာ၊ မင်းမာမီက မင်းကိုစေ့စပ်ပေးဖို့ ဒီရက်အတွင်းမှာ စီစဉ်နေတယ်"

"သား သိပါတယ် ဒယ်ဒီ"

"အေး သားကို ဒယ်ဒီ မေးချင်သေးတယ်၊ သား မာမီ သဘောတူတဲ့ မိန်းကလေးကို မင်းသဘောကျရဲ့လား"

ဒယ်ဒီစကားကြောင့် သူပြုံးမိသည်။ အာရုံထဲမှာ ဘဝင်ခိုက် မျက်နှာလေးကို မြင်ယောင်လာမိသည်။

"ဒယ်ဒီမေးတာ သားအတွက်ကွ တစ်သက်လုံး ပေါင်းသင်းရမှာက သားတို့လူငယ်တွေပဲ သားတို့ချင်း အဆင်ပြေဖို့ပဲ လိုအပ်တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီ ယူဆတယ်''

''သား နားလည်ပါတယ်ဒယ်ဒီ၊ နိုက် အဲ ဘဝင်နိုက်က မိန်းကလေးပီသပါတယ်၊ ကျွန်တော်တို့ချင်းလည်း ရင်းနှီးမှုခိုင်မာနေပါပြီ''

''သားတို့ချင်း အဆင်ပြေနေပြီပေါ့''

ဒယ်ဒီမေးတော့ သူဖြေရခက်ခက် ဖြစ်ရသည်။ တကယ်ဆို နိုက် အပေါ် ခုချိန်ထိ သူပွင့်လင်းစွာ ဘာမှမပြောရသေးပါ။

''ဟို နိုက်ကိုတော့ သား ဖွင့်မပြောရသေးဘူး ဒယ်ဒီ''

''ဟေ မင်းတို့ကလည်း အခုပဲစေ့စပ်တော့မှာကို''

ဒယ်ဒီ ခေါင်းကိုခါးရမ်းရင်း အံ့ဩသလို သူ့ကိုကြည့်နေတော့ သူပြုံးမိပြန်၏။

''သား ဒီရက်မှာပဲ နိုက်နဲ့ပွင့်လင်းစွာ ဆွေးနွေးမှာပါဒယ်ဒီ၊ နိုက်နဲ့သားကြားမှာ ရင်းနှီးမှုတွေ ခိုင်မာနေတာတော့ သေချာပါတယ်''

''အိုခေ အိုခေ ဒယ်ဒီသဘောပေါက်ပြီ၊ မင်းတို့ကလူငယ်ချင်း နားလည်ပြီးသားပေါ့လေ၊ ကောင်းတယ် သား ဒယ်ဒီဝမ်းသာတယ်''

''ဒီ သားအဖနှစ်ယောက် ဘာတွေပြောနေတာလဲ''

ဧည့်ခန်းထဲက ထွက်လာသော မာမီကမေးတော့ သူရယ်ပြုံးပြုံး နေမိသည်။ ဒယ်ဒီက နားလည်စွာပြုံးရင်း

''သားငယ်ကို အင်တာဗျူးနေတာကွ၊ သားငယ်က တို့သားကြီး





လောက် အတွေ့အကြုံ မရှိရှာဘူးကွာ ဟား ဟား''

''တော်စမ်းပါ သင်းကို ကျွန်မအခုထိ စိတ်မပြေနိုင်ဘူးသိလား''

မာမီမကျေမနပ်ဆိုတော့ ဒယ်ဒီပခုံးတွန့်ကာ သူ့ကိုပြုံးပြသည်။ ဒယ်ဒီကတော့ ကိုကြီးကိုလည်း မိသားစုနှင့်မကွဲမကွာ ရှိစေချင်တာ သေချာသည်။

ခက်တာက မာမီက ကိုကြီးကို စိတ်မပြေနိုင်သေးတာက ခက်နေသည်။

''ဘာမှ မပူပါနဲ့ကွာ၊ မကြာခင်မှာ သားကိုကြီးကို မင်းမာမီ စိတ်ပြေသွားမှာပါ၊ ဒယ်ဒီ စုံစမ်းကြည့်သလောက်တော့ ကောင်မလေးက မဆိုပါဘူး၊ တကယ်အရည်အချင်း ရှိပါတယ်''

ဒယ်ဒီ အမြင်ကတော့ မာမီနှင့်မတူညီပါ။ ဒါပေမယ့် မာမီ ကိုကြီး ကို တစ်သက်လုံးစွန့်ပစ်ထားနိုင်ဖို့ဆိုတာ လွယ်တာ မဟုတ်မှန်း သူသိသည်။

မိဘနှင့်သားသမီး ပစ်ရိုးထုံးစံရှိလို့လား။

ခုချိန်မှာ မာမီက သူနှင့်နိုက်တို့ ကိစ္စအတွက်လုံးပမ်းနေတာမို့ ကိုကြီးကိစ္စကို ဥပေက္ခာပြုထားတာ ဖြစ်မည်။

သူ့ဘက်ကလည်း မာမီကျေနပ်အောင် လက်ခံဖို့ဆုံးဖြတ်ပြီးပြီ။

ဒါ မာမီ စိတ်သက်သက်ကြောင့်လည်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်နိုက် ဆိုသော မိန်းကလေးကို သူအကဲခတ် လေ့လာရင်းနှင့် သံယောဇဉ်ပိုမိသွားတာ သေချာ၏။

အံ့ဩစရာကောင်းသည့်အချက်မှာ ဘဝင်နိုက်သည်သူ့ကို ငြိတွယ်စေနိုင်လောက်အောင် စွမ်းသည်။

ဒါ ဘဝနိုက် အလှတွေကြောင့်ဆိုတာထက် သူမရဲ့ စိတ်ဓာတ်လေးကြောင့်ဟု ထင်သည်။

နှလုံးသားကို လှုပ်ခတ်စေနိုင်တာ အချစ်ဟုဆိုလျှင်
ဘဝနိုက်ကိုတော့ သူ ချစ်နေမိပြီ ထင့်ရဲ့။

■ ■ ■



## အခန်း (၂၅)

"နိုက်ကို ကျွန်တော် လက်ထပ်ပါရစေ"

"ရှင်"

သည့်ဆိုင်ကလေးကို သူကပဲ နိုက်ကိုခေါ်လာခဲ့တာ ဖြစ်သည်။ သင်တန်းအပြီး ကြိုရင်းခေါ်ခဲ့သည်။

တိတ်တိတ်ဆိတ်ဆိတ်လေးထိုင်နေသော နိုက်ကိုငေးရင်း သူ့နှုတ်က လွှတ်ခနဲ ထွက်သွားမိသော စကားအတွက် နိုက် ရှက်သွေးလွှမ်း၊ အံ့ဩသွားသော မျက်နှာလေးက ချစ်စရာ။

"နိုက် ကို ကျွန်တော်လက်ထပ်ခွင့်တောင်းမိတာပါ"

နိုက် မျက်ခုံးလေးပင့်ကာ သူ့ကိုကြည့်သည်။

"မျိုးဆက် ဒီစကားကို ရှင့်မာမီ သင်ပေးလိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခိုက်ရယ်"

"မသိဘူးလေ ရှင်က မိဘစကားနားထောင်တဲ့ သားသမီး တစ်ယောက်ပဲလေ"

ခိုက် နှုတ်ခမ်းလှလှလေးတွေ တွန့်ပြီးသူ့ကို ဝေဖန်စကား ဆိုသည်။

"ခိုက် ကို မာမီကကြည်ဖြူသဘောတူတယ်၊ ဒါပေမဲ့ ကျွန်တော်ခေါင်းညိတ်ခဲ့တာ မာမီကျေနပ်အောင်ပါ၊ လက်ထပ်ဖို့ ဆုံးဖြတ်ပြီး ခွင့်တောင်းတာ ကျွန်တော့်ရင်ထဲက ခံစားချက်ပါ"

"အဟင်း ရယ်စရာတော့ အကောင်းသား မိဘသဘောတူထားတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ခွင့် တောင်းတာလေ"

"ဘာလို့လဲဟင် ခိုက် ကျွန်တော်ဘာမှားသွားလို့လဲ"

"ရှင့်စကားတွေ ပြန်စဉ်းစားကြည့်လေ ကျွန်မကို လက်ထပ်ဖို့ အတွက် ခွင့်တောင်းစရာလိုလား ရှင့်မာမီ ဆန္ဒကြီးလေ"

"မဟုတ်ဘူး ခိုက် ကျွန်တော် ခိုက်ကို တကယ်ချစ်သွားတာ"

"..."

ဒီတစ်ခါတော့ ခိုက် ခေါင်းလေးငုံ့သွားကာ မျက်နှာလေး ပန်းနုရောင်သမ်းသွားခဲ့သည်။

"တကယ်ပါ ခိုက်ရယ် ခိုက်ကို ကျွန်တော်မြတ်မြတ်နိုးနိုး





ချစ်မိသွားတာပါ၊ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးကြောင့်မှ ရင်မခုန်ဖူးဘူး မလှုပ်ခတ်ခဲ့ဖူးဘူး၊ ခိုက်နဲ့တွေ့မှ ခံစားရင်ခုန်ဖူးတာပါ"

ခိုက် မျက်ဝန်းရူးရူးလေးတွေ မော့ကြည့်သည်။ သည်မျက်ဝန်းလေးတွေထဲမှာ သူ့ကို ယုံကြည်ခြင်း ကင်းမဲ့နေခဲ့တာလား။

"ခိုက် ပြန်ရအောင်"

"ဟင် "

ရုတ်တရက် ချက်ချင်းထကာ ဆိုလိုက်သောစကားကြောင့် ခိုက် တအံ့တသြလေး ဖြစ်သွားသည်။

မျိုးဆက်သစ် သုတ်ခနဲထရပ်ကာ ကားဆီလှမ်းသွားပြီမို့ ခိုက် မငြင်းဆန်နိုင်ဘဲ လိုက်ခဲ့ရ၏။

ခိုက် ကားတံခါးဖွင့်တက်ပြီးသည်နှင့် သူက ကားလေးကို ညင်သာစွာ မောင်းထွက်သည်။ ဘာစကားမှ ခိုက်ကိုမဆို။

သူစိတ်ဆိုးသွားခဲ့တာလား။ ခိုက် စိုးရိမ်မိသည်။

နောက်ကြည့်မှန်ထဲမှ သူ့မျက်ဝန်းတွေကို ခိုက် ငေးကြည့်နေမိဆဲ။ သူ့မျက်ဝန်းတွေ တည်ငြိမ်နေသည်။ နှုတ်ခမ်းတွေက တင်းတင်း စေ့လို့ စိတ်ဆိုးနေပုံလည်း မရှိပါ။

ခိုက် ပင့်သက်လေးခိုးရှိုက်ကာ နှုတ်ဆိတ်နေလိုက်သည်။

သတိထားမိချိန်မှာ ကားလေးက ခိုက် အိမ်ဆီကို ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့တာ မဟုတ်ပါ။

"မျိုးဆက် ဘယ်ကိုမောင်းနေတာလဲ"

"နိုက်ကို တစ်ခါတည်း နိုးပြေးမလို့"

"ရှင်"

"ဟုတ်တယ် ဒါ ကိုယ်ဆုံးဖြတ်ချက် ကိုယ်ရဲ့ကိုယ်ပိုင် ဆုံးဖြတ်ချက်"

"ဟာ မဟုတ်တာ"

နိုက် အထိတ်တလန့် ငြင်းဆိုမိသည်။ ဒါပေမဲ့ မျိုးဆက်က တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ကားစက်ရှိန်ကိုလည်း မလျှော့ပါ။

"မျိုးဆက် ရှင် ဒီလိုမလုပ်နဲ့လေ"

"နိုက်ဘယ်လိုမှ တားလို့မရတော့ဘူးလေ၊ မာမီစကားကို တောင် ဆန့်ကျင်ပြီး ကျွန်တော်ဆုံးဖြတ်လိုက်တာ၊ နိုက်ကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး"

"ဒုက္ခပါပဲ ရှင်ဒီလိုမလုပ်ပါနဲ့"

"နိုက်ကို ကျွန်တော်တယ်လောက်ချစ်တယ်ဆိုတာ သက်သေပြလိုက်တာပါ၊ မာမီတို့ စိတ်ဆိုးလို့ စွန့်ချင်စွန့် နိုက်ကိုကျွန်တော် တစ်ဘဝလုံး တာဝန်ယူနိုင်တယ် ဆိုတာယုံ"

သူ့ပုံစံက တကယ်လုပ်တော့မည့်အတိုင်းဖြစ်သည်။ နိုက်





စိတ်တွေညစ်လာမိ၏။ ကားလေးက ရန်ကုန်မြို့ပြင်ကို ဦးတည်နေ၏။

မကြာခင် အမှောင်ရိပ်သမ်းတော့မည်။

"ရှင့်ကို နိုက်ယုံပါတယ်၊ ဒါပေမဲ့ ဒီလိုမလုပ်ပါနဲ့၊ နိုက်ကို ပြန်ပို့ပေးပါနော်"

"နိုက် ကျွန်တော်ကို မချစ်ဘူးလား၊ ယုံယုံကြည်ကြည် မလိုက်ရဲဘူးလားဟင်"

"ဒုက္ခပါပဲ စိတ်ညစ်လိုက်တာ"

"ဘာလဲ နိုက်မှာ ချစ်သူရှိလို့လား ပြောစမ်းပါ"

နိုက် တကယ်စိတ်ညစ်လာ၏။ သူ တမင်အနိုင်ကျင့်နေတာကိုတော့ စိတ်တိုမိ၏။ ဟိုးအရင်ကတော့ ဒီလိုပုံစံမဟုတ်၊ အခုမှ ဘာမဟုတ်တာလေးကို စိတ်တိုတာ ထင်ရာစိုင်းတော့မည့် ပုံစံ။

"ပြောလေ နိုက်မှာ ချစ်သူရှိတယ်ဆိုရင်"

"ရှိတယ် ရှိတယ် ရှင်ကားကိုပြန်လှည့်ပါ"

"ဒါဆိုရင် ပိုလို့ဆိုးပြီပေါ့၊ ကျွန်တော်မှ နိုက်ကိုဆုံးရှုံးမခံနိုင်တာ"

ပြောင်းရင်း စက်ရှိန်ကို ထပ်မြှင့်သည်။ နိုက် စိုးရိမ်ထိတ်လန့်ကာ မျက်လုံးလေးတွေ ပိုင်းစက်လာ၏။

"ဒီမှာ ကျွန်မချစ်သူက ဘယ်သူလဲ ရှင်သိလား"

"ဘယ်သူဖြစ်ဖြစ် ဘာကောင်ဖြစ်ဖြစ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အခုရပ်နေဘ် ကျွန်မချစ်သူက မျိုးဆက်သစ်ရှင့် သိရဲ့လား"

"ဟင်"

ကားလေးက တုံ့ခနဲချက်ချင်းရပ်သွားသည်။ နိုက် ခန္ဓာကိုယ်လေးရှေ့ကို ဦးစိုက်သွားခဲ့သည်။

"ဟင် နိုက်"

ကံကောင်းသည်က နိုက် ပခုံးလေးကို လှမ်းဖက်ကာ သူထိန်းပေးလိုက်တာကြောင့် ဒက်ရှ်ဘုတ်မှာ မိတ်မဆက်မိခြင်း ဖြစ်သည်။

"နိုက် ဘာဖြစ်သွားသေးလဲဟင်"

နိုက် ရင်လေးတုန်ကာ ကြောက်စိတ်မပြယ်သေး။

"နိုက် နိုက်ရယ် ကျွန်တော်ဝမ်းသာလိုက်တာ"

"သွား ရှင့်ကို မုန်းတယ်၊ ကျွန်မစိတ်ညစ်အောင် ရှင်သက်သက်ဒုက္ခပေးတာ"

"မဟုတ်ပါဘူး နိုက်ရယ်၊ နိုက် ကို ဆုံးရှုံးရမှာ ကြောက်လို့ပါကွာ"

နိုက်ကို တင်းတင်းဖက်ရင်း သူပြောပြနေသည်။ နိုက် သူ့ရင်ခွင်ထဲမှာ မွန်းကြပ်ချင်လာ၏။

"လွှတ်ပါဦး"





ပြောမှ ပိုလို့တိုးဖက်လာသည်။ သူ့မျက်နှာက နိုက် မျက်နှာဆီငုံ့ကျလာ၏။

အနမ်းတို့ နိုက် နှုတ်ခမ်းပြင်လေးဆီ ရှိန်းမြမြ။

"အို"

နိုက်မျက်ဝန်းလေးတွေ မှိတ်ကာ မိန်းမောသွားခဲ့သည်။ ဒါပေမဲ့ သူ့အနမ်းတွေက ထပ်မရောက်လာခဲ့ပါ။

"နိုက်"

နိုက် ခေါ်သံလေးကြောင့် မျက်ဝန်းလေးဖွင့်ကြည့်မိ၏။

"မင်းကို ကိုယ်မြတ်နိုးစွာ ချစ်တာပါ နိုက်ရယ်"

နိုက်ရင်တွေ တလှပ်လှပ်ခုန်နေခဲ့သည်။ သူ့နှုတ်က ဒီစကားတွေကို နိုက်ကြားရမည်မထင်ခဲ့မိ။

အခုတော့လည်း အချစ်နတ် ဖမ်းစားခံလိုက်ရတဲ့လူလို ကြမ်းတမ်းလိုက်တာ။

မျိုးဆက်သစ် ရှင်တကယ်ဆိုးတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မင်း ပြန်သွားပြီး တစ်ပတ်လောက်မှာပဲ သူ အန်ကယ်လေးတို့အိမ်မှာ ဆက်မနေတော့တာကွ"

"ဟင် ဘာဖြစ်လို့လဲ"

သူအံ့ဩစွာ မေးမိသည်။ အန်ကယ်လေးတို့အိမ်ကို သတိတရ ဝင်လည်ရင်း ကြားရသော သတင်းက မယုံနိုင်စရာ ဖြစ်နေ၏။

"မသိပါဘူးကွာ သူ့ဘာသာ တစ်ယောက်တည်း နေချင်တယ် ဆိုပြီး သူအစ်မရဲ့တိုက်ကို ဆင်းသွားတာ"

"အန်ကယ်လေးတို့က မတားဘူးလား၊ ဒီကောင်မလေး တစ်ယောက်တည်းနေလို့ ဘယ်ဖြစ်မှာလဲ"

သူ့အပြစ်တင်သလိုဆိုတော့ အန်ကယ်လေး ခေါင်းခါသည်။





"ဘယ်ကလာ မတားဘဲနေမှာလား၊ ငါကော နိုင်ပါ တားတာ ပေါ့၊ သူက လက်မခံဘဲ ဆင်းသွားတာ၊ တားလို့မရဘူး၊ မင်းမင်း ဖုန်းဆက်လာမှ ပြောပြရမှာပဲ"

"ဟုတ်တယ်သားရဲ့ အန်တီနိုင်တို့က သူ့ကိုချစ်ပါတယ်။ မျိုးလေးရှိနေတုန်းက စိုးရိမ်တာ စိုးရိမ်တာသပ်သပ် သူ့ကိုတော့ ကိုယ့်တူမ လိုသမီးလို ချစ်ပါတယ်"

အန်တီနိုင်တို့ စိတ်ဓာတ်ကိုတော့ သူသိပါတယ်။ သားသမီး ရင်းချာမရှိတာမို့ သူတို့ညီအစ်ကို သိပ်ချစ်သည်။

မင်းမင်း မျိုးလေးနှင့် နှုတ်က မချတမ်း ချစ်တာဖြစ်သည်။ မာမီကို မခွဲနိုင်တာသော သူကသာ မာမီနှင့်အတူ နေဖြစ်တာ ဖြစ်၏။

အခုလည်း ဝတ်ရည်ဆင့်ကို အန်ကယ်လေးတို့ချစ်မှာ သေချာ ပါသည်။

"အင်းလေ ဒါတော့ ဘယ်တတ်နိုင်မှာလဲ သူ့သဘောနဲ့ သူ နေတာတော့ ထားလိုက်ပေါ့"

သူပေါ့ပေါ့ပဲ ပြောလိုက်မိသည်။ ဒီကောင်မလေးကိုတော့ သူ ခင်မင်ပါသည်။ ငယ်ငယ်ရွယ်ရွယ်လေးမို့လည်း သနားသည်။ တကယ့် ကို ကိုယ့်ညီမလေးလို ချစ်ခဲ့တာဖြစ်၏။

အခုလည်း ဒီကောင်မလေးရဲ့ကျူရှင်ကိစ္စ ပြောချင်တာမို့



www.burmeseclassic.com

www.burmeseclassic.com



သူလာခဲ့တာဖြစ်သည်။

မရှိဘူးဆိုတော့လည်း ပြီးပြီပေါ့။

"မျိုးလေး ထမင်းစားပြီးမှ ပြန်နော်"

"မစားတော့ဘူး ဗြော် လာမည့် ဆန်းဒေးကျရင် ကျွန်တော် စေ့စပ်ပွဲရှိတယ် အဲဒါ"

"သိပြီးပြီ မနက်ကပဲ မမသင်း ဖုန်းဆက်တယ်၊ ဝမ်းသာပါ တယ်ကွ၊ မင်းက မိဘစကား နားထောင်တဲ့သားပါ"

အားလုံးကတော့ သူ့ကိုချီးကျူးနေကြ၏။ တကယ်ဆို သူကံ ကောင်းခဲ့တာပါ။

မာမီသဘောတူခဲ့သူက သူရဲ့ဖူးစာရှင် အစစ်အမှန်ဖြစ်နေခဲ့ သည်။ မနေ့ကသာ ခိုက်ကို သူနိုးပြေးဖြစ်လျှင်တော့ မာမီနဲ့ ဒေါသတွေ သင့်ဦးမှာ သေချာ၏။

"ကျွန်တော် ပြန်တော့မယ် အန်ကယ်လေး"

"အေး အေး ဆန်းဒေးပွဲကျရင် အန်ကယ်လေးတို့ လာခဲ့မယ်၊ မင်းမင်း ဆက်သွယ်ရင်လည်း မင်းကိစ္စ ပြောလိုက်မယ်"

"ဟုတ်ကဲ့ အန်ကယ်လေး၊ ကိုကြီးကိစ္စကို ဒယ်ဒီနဲ့မာမီလည်း ညှိနှိုင်းနေပါတယ်၊ ကိုကြီးကို မာမီစိတ်ပြေစပြုနေပါပြီ"

"အေး ဝမ်းသာတယ် မျိုးလေး"





အန်ကယ်လေးတို့ကို နှုတ်ဆက်ပြန်ခဲ့တော့ ဝတ်ရည်ဆင့် အကြောင်း အတွေးထဲရောက်လာ၏။

ဒီကောင်မလေး ဘာလို့တစ်ယောက်တည်းနေဖို့ ဆုံးဖြတ် လိုက်တာလဲမသိ။

စိုးရိမ်မိတာတော့အမှန်။

တွေးနေတုန်း ဟမ်းဖုန်းလေးက ထမြည်လာတာမို့ သူဖွင့်နား ထောင်လိုက်တော့ ခိုက်ဆီက ဖြစ်နေ၏။

"ခိုက် လား"

"ဟုတ်တယ် မျိုးဆက် ဝမ်းသာစရာ သတင်းပြောစရာရှိလို့"

"ဘာလဲ ခိုက်ရဲ့"

"အခု ဖေဖေက ခိုက်ကို သူ့ကုမ္ပဏီမှာ ဝင်လုပ်ခွင့်ပြုလိုက်ပြီ သိလား"

"ဟုတ်လား ခိုက် ခွင့်တောင်းလိုက်တာလားဟင်"

"ဒါပေါ့ ခိုက် စာရင်းကိုင်သင်တန်းတွေ တစ်ခုပြီးတစ်ခု တက် နေခဲ့တာကိုလည်း ဖွင့်ပြောလိုက်ပြီ"

"ဟာ ဘာတွေဖြစ်ကုန်လဲ"

သူစိုးရိမ်စွာ မေးမိသည်။ ခိုက်က ဘယ်သူမှ မသိအောင် တက်ခဲ့တာမို့ ဆူပူခံရတော့မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေကာ အရှမ်းဒေါကန်တာပေါ့၊ ဒါပေမဲ့ ခိုက်က ပြောလိုက်တာပေါ့ ဒီကိစ္စကို မျိုးဆက် သိတယ်၊ သူသဘောတူလို့ နေ့တိုင်း ကျိုးပို့လုပ်ပေးတယ်လို့"

"အန်တီ ဘာပြောသေးလဲဟင်"

"သူ့သားမက် ခွင့်ပြုတယ်ဆိုတော့ ဘာမှမပြောတော့ဘူး၊ ဖေဖေ ကတော့ ဝမ်းသာနေတယ်၊ ငါ့သမီးကို အားကိုးရပြီတဲ့"

ခိုက် အသံလေးက ကြည်နူးကျေနပ်နေတာ အထင်အရှား။ သူ့ဆီကိုလည်း ခိုက်ရဲ့ အပျော်လေးတွေ ကူးခက်သည်။

"ခိုက်"

"ပြောလေ မျိုးဆက်"

"အဲဒါ ကိုယ့်ကျေးဇူးပါတယ်၊ ဒါကြောင့် ခိုက်တစ်ခုတော့ ကျေးဇူးပြုသင့်တယ်"

"မျိုးဆက် ဘာစားချင်လို့လဲ ပြောလေ"

"ဘာမှ မစားချင်ပါဘူး တစ်ခုပဲတောင်းဆိုချင်တာ ချစ်သူတွေ ဖြစ်နေပြီပဲကွာ နာမည်ကြီး မခေါ်ပါနဲ့"

"ဟင် ဘယ်လိုခေါ်ရမှာလဲ"

"မောင်လို့ ခေါ်ပါလား"

ခိုက် မျက်နှာလေး ရဲရဲနီသွားမှာ သူသိသည်။ ခိုက်ဆီက





စကားသံတွေ မကြားရ။ ဖုန်းချသွားပြီလား စိုးရိမ်စွာနှင့်

"ခိုက် ခိုက်"

တုံ့ပြန်သံမကြားသေးပါ။ အတန်ကြာမှ အသံလေး တိုးတိုးလေး ထွက်လာ၏။

သူ့နားထဲမှတဆင့် ရင်ထဲအထိ စိမ့်ဝင်သွားစေသော အသံလေး နှင့် ခိုက်နှုတ်ဆက် ဖုန်းချသွား၏။

မောင် တဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မာမီ့မျက်နှာမှာ ကျေနပ်ခြင်းတို့နှင့် ဝင်းပနေခဲ့သည်။ခိုက်မိဘနှစ်ပါးကတော့ ကြည်နူးအပြုံးတွေနှင့် ကျေနပ်နေခဲ့၏။

သူနှင့်ခိုက်တို့ရဲ့ မင်္ဂလာစေ့စပ်ပွဲလေးက ခိုက်တို့အိမ်ဧည့်ခန်းထဲမှာပဲ ချောမွေ့စွာ ပြီးစီးခဲ့သည်။

နှစ်ဖက်မိဘတွေနှင့် ပရိသတ်ကို ထောပတ်ထမင်းနှင့် ဧည့်ခံသည်။ စေ့စပ်ပွဲဆိုပေမယ့် မာမီအသိမိတ်ဆွေ ခိုက်တို့ဘက်က အသိမိတ်ဆွေတွေနှင့် လူငါးဆယ်ခန့်ဖြစ်သွားခဲ့၏။

စားသောက်ပြီး ဧည့်ပရိသတ်တွေ နှုတ်ဆက်ပြန်တော့ အန်ကယ်လေးက သူ့အနားကပ်ကာပြော၏။

"ဆင့်လေးဆီက ဖုန်းလာသေးတယ် မျိုးလေး"

"ဘာတဲ့လဲ အန်ကယ်လေး"





"သူအဆင်ပြေပါတယ်တဲ့၊ မင်းရဲ့စေ့စပ်ပွဲကိုပြောပြတော့ သူလိုက်ချင်တယ် ပြောသေးတယ်"

"ခေါ်လာခဲ့ရောပေါ့ဗျာ"

"မလုပ်ပါနဲ့ ငါ့ကို မင်းမာမီ အိမ်ဝက ဆီးကန်ချမှာပေါ့ ဟားဟား "

အန်ကယ်လေး ပျော်နေပုံရသည်။ ဟားတိုက် ရယ်မော နှုတ်ဆက် ပြန်သွားခဲ့သည်။

ဆင့်က သူ့စေ့စပ်ပွဲကို လာချင်သည်တဲ့။

ဒါပေမဲ့ မဖြစ်နိုင်တာသိနေသည်။ စေ့စပ်ပွဲမှာ မရောက်ခဲ့လျှင်တောင် မင်္ဂလာပွဲမှာတော့ ဆင့်ကို သူ လာစေချင်ပါသည်။

သည်အခါကျရင် ကိုကြီးကိုလည်း မာမီနှင့်ပြေလည်မှု ရလောက်ပြီထင်၏။

"မောင် ဘာတွေ တွေးနေတာလဲ"

အနားကို ရောက်လာကာ ခိုက်မေးတော့ သူပြုံးပြီး ခေါင်းခါပြမိသည်။ ဆင့်အကြောင်း ခိုက် မသိစေချင်သေးပါ။ နောင်ကျမှပဲ ဆင့်အကြောင်းကို ဖွင့်ပြောတော့မည်။

ခိုက်ကလည်း သံသယကင်းစွာနှင့် ဘာမှ ဆက်မမေးခဲ့ပါ။

သခွားနုရောင် ဝတ်စုံဆင်တူလေးနှင့် ခိုက် သိပ်လှနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကို ငေးရင်း သူ့ရင်ထဲမှာလည်း ကြည်နူးမိ၏။

ကိုကြီးထက်စာလျှင် သူကံကောင်းပါသည်။

လက်တွဲဖော်ကို ကိုကြီးခမြာ မာမီသဘောမတူတာမို့ ကသုတ်ကရိုက် ခိုးပြေးရသည်။

သူကတော့ မာမီ စိတ်တိုင်းကျ သားတစ်ယောက်ဖြစ်ခဲ့ပြီ။ ချစ်သော ခိုက်ကိုလည်း တစ်သက်တာ ပိုင်ဆိုင်ရတော့မည့် အဖြစ်။

ထိုအတွက် ရင်ထဲမှာ အတိုင်းမသိ ပီတိဖြစ်နေမိ၏။

ဘယ်လိုကံကြမ္မာကမှ ခိုက်နှင့်သူ့ကို ခွဲခွာစေနိုင်မှာလဲ။ ခိုက်လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း သူ့ရင်ခွင်ဆီမှာ ခိုင်ခိုင်မြဲမြဲ ထိန်းထားမိလျှင်ပါသည်။

■ ■ ■

"မှောင် ကိုကို"

"ဟာ ဆင့်"

မထင်မှတ်ဘဲ ဆုံလိုက်ရတဲ့အဖြစ်။

သူလည်း အံ့ဩသွားမိသလို ဆင့်လည်း မျက်နှက်စနဲ့လေးတွေ တွေ့လိုက်ရတဲ့၏။

"ကိုကို ဘယ်လာတာလဲဟင်"

"ပုံနှိပ်တိုက်ကိုလာတာ ကျောင်းသားတွေအတွက် Guide စာအုပ်တစ်အုပ်လာအုပ်တာ ဆင့်ရော"





"ကျောင်းမတက်ချင်လို့ လစ်ထွက်လာတာ မြို့ထဲလျှောက်ပတ်နေတာ"

ဆင့်ကိုကြည့်ကာ သူမျက်မှောင်ကုပ်မိ၏။ ဆင့်နံဘေးမှာ အဖော်တစ်ယောက်မှ မတွေ့ပါ။

တစ်ယောက်တည်း ထွက်လာတာ ထင်၏။

"ဆင့် တစ်ယောက်တည်းလား"

"အင်း ဟုတ်တယ်"

"ကျောင်းပြေးလာတာပေါ့လေ ဒါတော့ ကိုလည်း အားမပေးဘူးနော် ဆင့်"

"ဆင့် မျှင်းလို့ပါ ကိုကိုရယ်၊ ကိုကို အချိန်ရရင် ဆင့်ကို ဒန်ပေါက် လိုက်ကျွေးပါလား"

ဆင့်တောင်းဆိုနေတော့လည်း သူလိုက်လျောရသည်။ နှစ်ဦးသား ဒန်ပေါက်ဆိုင်လေးဆီ ထွက်ခဲ့သည်။

"ကိုကို့ကို ဆင့် အရမ်းသတိရနေတာ"

"အန်တီလေးတို့အိမ်လည်း ကိုမလိုက်နိုင်ဘူးဆိုတော့ ဆင့် သိတင်းကိုလည်း ကြားတယ်၊ အဲဒါလို့ တစ်ယောက်တည်း သွားနေရတာလဲ ဆင့်ရာ မိန်းကလေး တစ်ယောက်တည်း အန္တရာယ်များလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူစိုးရိမ်းစွာဆိုမိတော့ ဆင့်ငေးငေးလေးကြည့်ရင်း

"ကိုကိုက ဆင့်ကို တကယ် စိုးရိမ်တတ်တယ်နော်"

"ဆင့်ရယ် မင်းက ကိုကြီးရဲ့ညီမလေး ကိုယ်ရဲ့ညီမပဲပေါ့ကွ"

"ကျေးဇူးတင်ပါတယ်ကိုကို ကိုကို စေ့စပ်လိုက်တာကိုလည်း ဆင့် ကြားပါတယ်"

"ကိုယ့်ကို အန်ကယ်လေးပြောတယ်၊ မင်္ဂလာပွဲကျရင်တော့ ဆင့် လာခဲ့ပေါ့၊ အဲဒီအချိန်ကျရင် ဆင့်အစ်မနဲ့ ကိုကြီးတို့လည်း မာမီတို့နဲ့ အဆင်ပြေသွားမှာပါကွာ"

ဆင့် နှုတ်ခမ်းလေးတွေ ခပ်တွန့်တွန့်ပြုံးသည်။ နာကျည်းစိတ်တို့ မာမီအပေါ်ရှိနေဆဲလား။ ဒါပေမဲ့ သူ ဆင့်ကို အပြစ်မတင်ရက်ပါ။

ဆင့်သည် တကယ့် ကလေးလေးပဲ ရှိသေးသည်။ လူငယ်ဆိုတော့လည်း စိတ်ဆိုးလွယ် စိတ်ပြေလွယ်နိုင်မှာပေါ့။

"ဆင့် ကျောင်းတက်တာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုကို မမရဲ့ကားနဲ့ ဆင့်တက်နေတာလေ"

ဆင့်အဆင်ပြေသည်ဆိုတော့ သူ ဝမ်းသာမိပါသည်။

ထိုနေ့က ဆင့် လည်ချင်းပတ်ချင်သော နေရာမှန်သမျှ သူလိုက်ပို့ပေးဖြစ်သည်။

ဆင့်တစ်ယောက်တည်း အပြုံးရိပ်လေးတွေ ဝေဆာလျှက်





ကျေနပ်နေခဲ့သည်။

"ကဲ ပြန်တော့နော် ချာတိတ်"

"ကိုကိုနဲ့ ထပ်ဆုံချင်သေးတယ်"

"ဆောရီးပဲ ကျောင်းပြေးပြီး လျှောက်သွားတဲ့ ကောင်မလေးကိုတော့ အားမပေးဘူး"

"ဆင့် ကျောင်းပိတ်ရက်ကျရင် ကိုကို လိုက်ပို့ပေးလေ"

ဆင့် မျက်နက်ဝန်းလေးတွေ တောက်ပကာ တောင်းဆိုနေ၏။ သူ့ခေါင်းကလေး ခါရမ်းပြရင်း

"ချာတိတ်ရယ် ကိုကိုမှာကအားရက်မရှိသလောက်ဘဲ အဆင်ပြေရင်တော့ ဆင့်ကို လိုက်ပို့ပေးမယ်နော်"

"ကိုကိုက ဆင့်ကို မခင်ပါဘူး၊ အင်းလေ ကိုကို့မှာက ဆင့်ထက် ချစ်ရမယ့်သူရှိနေပြီကိုး"

မကျေမနပ် ခေါင်းကလေးငုံ့ကာ ဆင့် သူ့အနားက လှည့်ထွက်သွားခဲ့သည်။

သူစိတ်မကောင်းတော့ဖြစ်မိသည်။ ဒါပေမဲ့

သူ့သံယောဇဉ်တွေ ပိုမတွယ်သင့်ပါ။ ခိုက် သိလျှင် မကောင်း။ ခိုက်စိတ်ဆင်းရဲစရာ ဘာတစ်မှ မရှိစေချင်ပါ။

ကိုယ့်ကို နားလည်ပါ ကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ခိုက်ရဲ့ ကုမ္ပဏီ နားရက်မှာ သူနှင့်အတူ လည်ပတ်ဖြစ်သည်။ ချစ်သူတို့ပျော်စရာ နေရာမှန်သမျှ ခိုက်ကို သူလိုက်ပို့ဖြစ်၏။

"ခိုက် ဘယ်သွားချင်လဲ"

"တစ်ခါတလေ နားခွင့်ရတဲ့ရက် တစ်နေကုန် လျှောက်လည်မယ်လေ"

ခိုက် ကျေနပ်အောင် သူခေါင်းညိတ်ဖြစ်ပါသည်။ ခိုက်နားရက်ပေမယ့် သူ့မှာနားရက်ရတာမဟုတ်။ စာသင်ဝိုင်းကို မိတ်ဆွေဆရာ တစ်ယောက်နှင့်လွှဲကာ ခိုက်အတွက် အချိန်ပေးခဲ့တာဖြစ်သည်။

ခိုက်က ပလာဇာဆိုတော့ သူ ပလာဇာလိုက်ပို့သည်။





ရွှေတိဂုံဘုရားဝင်ရင်လည်း Happy World ကိုဝင်ဖြစ်သေးသည်။

"ဂိမ်းကစားရအောင်နော် မောင်"

ခိုက်နှင့်ကျမှ သူလည်း ကလေးတစ်ယောက်လိုဖြစ်ကာ စိတ်ကပေါ့ပါးနုပျိုနေခဲ့သည်။

ပျော်စရာဂိမ်းတွေကစားရင်း ခိုက်နှင့်အတူ ပတ်ဝန်းကျင်ကိုမေ့နေခိုက်

"ဟာ ဆရာ"

"မောင်"

သူစာသင်ဝိုင်းက တပည့်တစ်သိုက်နှင့်ဆုံတော့ သူအံ့ဩသွားမိသလို တပည့်တွေလည်း အံ့ဩရူးစမ်းကြည့်တွေနှင့် ခိုက် ကိုကြည့်နေကြ၏။

"မင်းတို့ ကျူရှင်ပြေးလာကြတာပေါ့လေ"

"ဟာ မဟုတ်ပါဘူး ဆရာ နေမကောင်းဘူးဆို"

တပည့်တစ်ယောက်က သူ့ကိုမယုံသင်္ကာ ကြည့်ရင်း ပြောတော့ သူ့မျက်နှာ ရဲခနဲ ဖြစ်သွားရ၏။

နံဘေးက ခိုက်ကတော့ ရယ်ချင်ပတ်ကျိ မျက်နှာနှင့်ရှိနေသည်။

"ဒါနေမကောင်းလို့ ဆရာကျော်သိန်းနဲ့မင်းတို့ကို လွှဲတာ



www.burmeseclassic.com

www.burmeseclassic.com



တယ်လေကွာ"

"ဆရာကျော်သိန်းလည်း သူမိန်းမ ဗိုက်နာလို့ဆေးရုံကို ပြေးပြီ ဆရာရဲ့"

"ဟော"

"ဒါကြောင့် ကျွန်တော်တို့ ဒီနေ့ဖရီးဒေးဖြစ်သွားတာ တိုက်ဆိုင်လိုက်တာ ဆရာကလည်း ဟဲ ဟဲ"

အတန်းထဲမှာ မျက်နှာအပြောင်ဆုံး မောင်စက်က ရယ်ကျဲကျဲ လုပ်နေတော့ ကျန်သော တပည့်တွေ ပြုံးစိစိ။

သူကတော့ မျက်စိမျက်နှာတင်မကပါ တစ်ကိုယ်လုံး ထူပူမြိန်းချင်နေပြီ။

တကယ်တမ်းကျ ဒီကောင်တွေမှာ အပြစ်မရှိ။ နေမကောင်းဟု လိမ်ညာကာ ခိုက်နှင့် Happy World ထဲရောက်နေသော သူ့မှာသာ တပည့်တွေနှင့် ရင်ဆိုင်နေရတဲ့ အဖြစ်။

"ဆရာ မိတ်ဆက်ပေးပါဦး အဟဲ"

"ဆရာ သမီးတို့လည်း ခင်ချင်လို့ပါ အဟင်း"

"ဟော အေး သူက ဘဝင်ခိုက် တဲ့"

"ဟာ နာမည်က တကယ်လှတယ်"

"လူကလည်း လှပါတယ်ဟာ၊ တို့ဆရာနဲ့ဆို နေနဲ့လ ရွှေနဲ့မြ





ပဲ"

တပည့်တွေ တစ်ယောက်တစ်ပေါက် နောက်ကြတော့ ပြုံးစိစိ ဖြစ်နေသော ခိုက်တောင် မျက်နှာလေး ရဲနေပြီ။

"ဟော့ကောင်တွေ အရမ်း ဗရုတ်မကျကျနဲ့လေ"

"ဟာ ဆရာကလည်း ဆရာ့ရဲ့ပတ်သက်သူ ဆိုတော့ မှတ်မိအောင်ပါ၊ လမ်းမှာ ကြုံလည်း ခင်ပါ ခေါ်ပါနော် မမ ဘဝင်ခိုက်"

"ဟင် အင်း အင်းပါကွယ်"

ခိုက် ယောင်ယောင်အအ ဖြစ်နေသည်။ သူလည်း ထူပူနေ၏။ ကိုယ့်တပည့်တွေ အကြောင်း သူ အသိဆုံး။ တကယ့် ဗရုတ်တွေ။

ဒီအတိုင်းဆို မနက်ဖြန် စာသင်ဝိုင်းမှာ သူ ခေါင်းကျိုန်းတော့မှာ သေချာသည်။

"ဆရာ ကျွန်တော်တို့ကို မုန့်လိုက်ကျွေး"

"ဟော အေး အေးပါကွာ"

မတတ်နိုင်တော့ပါ။ သူတို့ ညှင်းသမျှ ခံရတော့မည်။ မျက်နှာပူပူနှင့်ပဲ တပည့်တွေကို လိုက်ပြုစုရသည်။

ဆိုင်ထဲမှာလည်း တစ်ယောက်တစ်ပေါက် နောက်ပြောင်နေတာမို့ သူ ခေါင်းမဖော်နိုင်ပါ။

မနည်းချော့မော့ ပြန်လွှတ်လိုက်ရတာတောင် ဒီကောင်တွေက



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်သွားသေး၏။

"ဆရာ ဂိမ်းဆော့ချင်လို့ မုန့်ဖိုးပေးခဲ့ပါဦး၊ ဟဲ ဟဲ စိတ်ချပါ ဒီကိစ္စ ဘယ်သူမှ မပြောဘူး"

"ကဲ ရှော့ ရှော့ကွာ မင်းတို့ ကတိတည်နော်၊ ငါ့ကို ညာလို့ကတော့ မင်းတို့ သိတယ်မို့လား"

စာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် မေးကာ အပြစ်ပေးခံရမှာကိုတော့ ဒီတပည့်တွေ ကြောက်သည်။

သူနှင့်နိုက် ဖျော်စရာ ဟက်ပီးဝေါထဲက ပြန်ထွက်ခဲ့တော့ ဖော ချွေးတွေ ရွဲနစ်လို့။

■ ■ ■





## အခန်း (၂၉)

သူ့အတွက် ဘယ်လိုမှ ငြင်းပယ်မရသည့် ပွဲမို့ မဖြစ်မနေ အရောက်လာခဲ့ရသည်။

နေ့လယ်က ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲကိုလည်း တက်ခဲ့ရသလို သည်ညနေ ကျင်းပသော မင်္ဂလာ ညစာစားပွဲကိုလည်း သူ လာခဲ့သည်။

ဒါကြောင့်လည်း ငြင်းပယ်မရနိုင်ကာ သူ လာခဲ့ခြင်း ဖြစ်သည်။

ဟိုတယ်တွေ စားသောက်ဆိုင်တွေမှာ ကျင်းပတာမျိုး မဟုတ်တဲ့ ကိုယ့်အိမ်ခြံဝင်းထဲက မြက်ခင်းပြင်မှာ ကျင်းပသည့် မင်္ဂလာညစာ စားပွဲလေးကို သူ ရောက်တော့

"ဟော လူပျိုကြီး လာပြီဟေ့၊ မျိုးဆက် ဒီဘက်ခြမ်းမှာ လာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကွ၊ မင်းတို့လိုပဲ လူပျိုကြီးတွေအတွက် သီးသန့် စီစဉ်ထားတာ''

ပွပွရွှေးရွှေး သတို့သားဖြစ်သူ နေလင်းကို ကတော့ အဖြူရောင် အနောက်တိုင်း ဝတ်စုံနှင့် ရွှင်မြူးလို့ နေသည်။ သတို့သမီး မေဇင်ဦး ကလည်း အဖြူရောင် ဂါဝန်လေးနှင့်မို့ လိုက်ဘက်ညီ၏။

''ငါတို့လို လူပျိုကြီးတွေကို ဂုဏ်ပြုလို့ သီးသန့် စီစဉ်ပေးထား တာတဲ့ကွ''

သူ့လိုပဲ အိမ်ထောင်မကျသေးသော ဝေယံလှိုင်က လက်မ ထောင်ကာ ပြောသည်။ အိမ်ထောင်ကျပြီး ကလေးနှစ်ယောက်တောင် ရနေပြီ ဖြစ်သော လွင်နိုင်က နှာခေါင်းရှုံ့ပြရင်း

''မထင်နဲ့ မျိုးဆက်သစ် မင်းတို့ကို သီးသန့်နေရာပေးထိုင် ခိုင်းထားတာက မင်းတို့ပြန်ရင် ငှက်ပျောတုံးတွေ လက်ဆောင် ပေးလိုက် မလို့ကွ''

''ဟုတ်တယ် မင်းတို့ လူပျိုတွေတင် မကဘူး၊ ဟိုဘက်ဝိုင်းက မေသူတို့ ခင်ခင်ကြွယ်တို့ အတွက်လည်း ပါတယ်''

''သေနာကောင်တွေ''

''ဟား ဟား ဟား''

ရယ်သံတွေ ဝေစီသွားကြသည်။ အများစုက ကျောင်းနေဘက် သူငယ်ချင်း အရင်းကြီးတွေမို့ ပြောမနာ ဆိုမနာ ရယ်ပွဲဖွဲ့လို့ ကောင်း၊





နေကြသည်။

တက္ကသိုလ်တုန်းကတည်းက အတူတွဲကာ နေခဲ့ကြသူတွေမို့ လည်း အခုချိန်မှာ ပြန်ဆုံရတော့ ပျော်စရာ ကျောင်းသူဘဝကို ပြန် ရောက်သွားသလို ခံစားရသည်။

မြက်ခင်းပြင်မှာ စားပွဲတွေကို ဆက်ကာ ဆက်ကာ စားပွဲ ရှည်ကြီးပမာ နှစ်ခု ပြင်ဆင်ထားသည်။ တစ်လုံးက မိန်းကလေးတွေ အတွက်။ ကျန်တစ်လုံးက သူတို့ ယောက်ျားလေးတွေ အတွက် ဖြစ်သည်။

မြန်မာ့ ထမင်းကို ကြက်၊ ဝက်၊ ငါးကြော်နှပ် ဟင်းသုံးမျိုးနှင့် ချဉ်ပေါင်ဟင်း၊ ဟင်းချို အငံကြော်၊ ငါးပိထောင်း စုံလင်အောင် စီစဉ် ထားသည့် စိတ်ကူးက ကောင်းပါသည်။

''မျိုးဆက် မင်း မစားနဲ့ဦးနော်''

သတို့သား နေလင်းကိုက သူ့အနားနား ကပ်ကာ ပြောလာ တာမို့ သူ နားမလည်နိုင်စွာ မော့ကြည့်ရင်း

''ဘာလို့လဲကွ''

''အစီအစဉ် ရှိတယ်၊ ခဏလေးစောင့်၊ ငါတို့ ကျောင်းသားတွေ ဘော်ဒါတွေ ပြန်ဆုံတုန်း နည်းနည်းပါးပါး ပေါ့ကွာ''

''ဟာ မလုပ်နဲ့ ငါမှ မသောက်တာ''

''မရဘူး မျိုးဆက် ငါလည်း သောက်တာ မဟုတ်ဘူး၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ယ်သူငယ်ချင်းတွေ စုံစုံညီညီနဲ့ နေလင်းတို့ ပွဲကို ဂုဏ်ပြုဖို့အတွက်လေ''

''ဟုတ်တယ် မင်း သစ္စာမဖောက်ကြေး။ အပြင်းမရရင် အပျော့တော့ သောက်ရမယ်''

တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေတော့ သူ ငြင်းရခက်နေသည်။ ဆက်ငြင်းနေရင်လည်း ရမှာမဟုတ်တာမို့ နှုတ်ဆိတ်နေလိုက်ရပါသည်။ အခြေအနေအရ မီးစင်ကြည့် က'ရတော့မည်။

မှောင်ရိပ်လေး သမ်းလာတော့ မိန်းကလေး အများစု ပြန်ကြပြီ။ ကျန်နေသည်က အိမ်ထောင်ရှင်မိန်းမများသာ ဖြစ်သည်။ ယောကျ်ားလေးဝိုင်းမှာ ဖွဲကောင်းစွာ စောင့်နေသည့် ကိုယ့်ခင်ပွန်းတွေကို စောင့်ပေးနေကြခြင်း ဖြစ်၏။

ရောင်စုံ မီးတွေအောက်မှာပဲ နေလင်းကိုက အစီအစဉ်ကို စတင်လိုက်သည်။ စားပွဲထိုး လူငယ်လေးတွေက လည်ပင်းရှည် ဖန်ခွက်လေးတွေ ပုလင်းတွေကို စားပွဲရှည်ကြီးမှာ ပြင်ဆင်ပေးသည်။

အမြည်းတွေကလည်း စုံလင်သည်။ သူ နေလင်းကို ကို လက်တို့ပြီး ပြောသည်။

''နေလင်း ငါ မရဘူးနော်၊ တောင်းပန်တယ်ကွာ''

''မင်းကို အပြင်းမတိုက်ပါဘူး။ ဘီယာတော့ သောက်ကွာ။ ငါ့ရဲ့ ဘတ်ချ်လာနိုက်ကို ဂုဏ်ပြုတဲ့ သဘောပေါ့''





သူ့အတွက် ဘီယာ တစ်ပုလင်း ရောက်လာသည်။

''ဒီတစ်ပုလင်းတော့ ကုန်အောင် သောက်နော်၊ ငါတို့တွေ မင်းကို ကြည့်နေမှာ၊ သွန်ပစ်တာတွေ ချန်ထားခဲ့တာတွေ မလုပ်နဲ့''

''ဟုတ်တယ် မျိုးဆက် ဘီယာက ဘာမူးမှာမို့လဲ၊ ရှူးရှူးပေါက်ပျောက်တာပဲ ဟား ဟား''

မသောက်တတ်ပါဘူး ဆိုသူကိုမှ အနားက ဂရုစိုက် စောင့်ကြပ်ကာ ငုံ့ပေးနေသူက စိုးဇော် ကိုယ်တိုင် ဖြစ်သည်။

နာမည်ရင်းက စိုးဇော်ပေမယ့် ကျောင်းမှာကတည်းက အဆောင်မှာ အရက်နိုးသောက်နေကြမို့ အဆောင်မှူး ခေါ်သတိပေးခံရသူ။ ထိုကတည်းက နိုးဇော်ဟု အမည်တွင်သွားတာ ဖြစ်၏။

''မျိုးဆက် သောက် ဘီယာနဲ့ ငါးမုန့်ကြော်က လိုက်ဖက်တယ် ဝွတ်ရှုယ်ပဲ''

ပထမဆုံးခွက်မှာ အားလုံး ခွက်တွေ ကိုင်မြှောက်ကာ နေလင်းကို အတွက် ဆုတောင်းပေးကြသည်။

''ဒီလင် ဒီလင်မယား အိုအောင် မင်းအောင် ပေါင်းနိုင်စေသော်''

အားလုံး တူညီစွာ ဆုတောင်းပေးလိုက်ကြသည်။ ပြီးတော့ အပူအပင် ကင်းစင်စွာ စားကြသောက်ကြနှင့် ပျော်မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးဆက် ချလေ ဘီယာတွေ ပူကုန်မယ် ချ ချ"

စိုးဖော်အနားမှာ ကပ်ထိုင်မိတာ တကယ် မလွယ်။ ဖွတ်သောက်နိုင်းကာ ဖွတ်ငှဲ့ထည့်ပေးနေတာ ဆိုးသည်။

မြန်မြန်ပြီး ပြီးရော ဆုံးဖြတ်ကာ ထည့်ပေးသမျှ သူ မော့သောက်သည်။

မူးတာက သည်လောက် မဟုတ်ပေမယ့် ချဉ်စူးစူး အရသာကြီးကို သူ မုန်းတာ ဖြစ်သည်။ လေချဉ်တက်တိုင်း ထိုအနံ့ကြီးကို သူ မခံနိုင်ပါ။

ဝိုင်းမှာ မူးတဲ့သူလည်း မူးနေပြီ။ စကားတွေ ကျယ်လောင်ကျယ်လောင်နှင့် လွှတ်ချင်သလောက် လွှတ်နေကြ၏။

"အားလုံး ငါ့ကို ခွင့်ပြုကြဦး"

"ဟာ မျိုးဆက် အစောကြီး ရှိသေးတာကို"

"အိမ်မှာ မာမီတစ်ယောက်တည်းမို့ပါကွာ၊ ငါ့ကို နားလည်ပေးကြပါ"

သူ တမင်ပဲ ညာပြောလိုက်သည်။ မာမီက သူ့ကို ယုံကြည်စိတ်ချတာ သူ သိသည်။ ဒါပေမဲ့ ဆက်နေလို့ မဖြစ်တော့ပါ။

"မင်းက မိန်းမမယူဘဲ သားလိမ္မာ လုပ်နေတာပေါ့လေ၊ ကောင်းတယ် ကောင်းတယ် ဟား ဟား"





နေလင်းကိုတို့ လင်မယားကို နှုတ်ဆက်ပြီးတော့ သူ့ကားဆီလျှောက်ပြန်ခဲ့၏။

"ဟေ့ကောင် မျိုးဆက် နေဦး"

အသံနှင့်အတူ စိုးဖော် သူ့နောက်ကို ပြေးလိုက်လာသည်။

"ဘာလဲ စိုးဖော် ဘာရစ်ဦးမလို့လဲ"

"မင်းက ငါ့ဆို ဘယ်တော့မှ အကောင်းမမြင်ဘူး။ ဒီမှာ အမူးပြေသောက်ရအောင် ငါက အအေးဘူး လာပေးတာကွ"

ဒီလိုဆိုတော့လည်း စိုးဖော်ကို ကျေးဇူးတင်မိသေး၏။

"ဆောရီးပါကွာ နောက်တာပါ ကျေးဇူးသူငယ်ချင်း"

စိုးဖော် ပခုံးကို ပုတ်နှုတ်ဆက်ပြီး သူ ကားတံခါး ဖွင့်တက်လိုက်သည်။

အအေးဘူး ကိုင်ထားလျက်က ကားလက်ကိုင်ဘီးကို ထိန်းကာ မောင်းထွက်ခဲ့သည်။

ခြံအပြင်ဘက်မှာ ညသည် နီယွန်မီးရောင်တွေနှင့် လှပနေဆဲ။

"အေ့"

လေတစ်ချက် အတက်မှာ ဘီယာရနံ့ကြီးက စူးခနဲ။ သူ နှာခေါင်းရှုံ့မိရင်း လက်ထဲက အအေးဘူးကို မော့သောက်ပစ်လိုက် သည်။

သူ အလန့်တကြား အော်ဟစ်ရင်း ထွေးထုတ်လိုက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အတော်များများ ဝမ်းထဲပူလောင်စွာ စီးဝင်သွားခဲ့သည်။

"တောက် ခွေးကောင် စိုးဇော် ယုတ်မာပြီ"

သူ့လက်ထဲက ဘူးကို ငုံနမ်းကြည့်တော့ အရက်နံ့က မွှန်ထူသွားသည်။ ဝီစကီလား ရမ်လား မသိ။ အအေးဘူးဆိုပြီး စိုးဇော်နောက်ပြောင်လိုက်တာ ဖြစ်သည်။

လက်ကျန်ဘူးခွံကို သူ ပြတင်းတံခါးမှ လွှင့်ပစ်လိုက်သည်။

ခေါင်းထဲမှာ ချက်ချင်း ရီဝေဝေ ဖြစ်လာသည်။ အကုန်လုံးသာ သောက်မိလျှင်တော့ အခက်။

ကားကို ထိန်းမောင်းလာရင်း ရုတ်တရက် ကားက တုံ့ခနဲ ထိုးရပ်သွားသည်။

"ဟာ ပြဿနာပဲ"

ကားစက်ကို ပြန်နှိုးကြည့်၏။ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ် မရပါ။

စိတ်ထဲမှာ ထောင်းခနဲ ဒေါသထွက်မိရင်း ကားတံခါးဖွင့်ဆင်းလိုက်တော့ လူက ယိုင်ခနဲ ဖြစ်သွား၏။

ကားတံခါးကို ကျောမှီကာ မျက်ဝန်းတွေ မှိတ်ထားတော့ မူးရိပ်ရိပ် ခံစားရသည်။ မျက်ဝန်းတွေ ပြန်ဖွင့်ကြည့်တော့ နီယွန်မီးရောင်တွေက ဝေဝါးနေသည်။





"ဒုက္ခပဲ အေ့"

ကားတံခါးကို ထိန်းကိုင်ရင်း မူးရိပ်ရိပ် ဝေဒနာဆိုးကြီးကို သူ ခံယူနေဆဲမှာ

"ကျွီ" —

အနားမှာ ထိုးရပ်လာသည့် ကားလေးက အနီရောင်။ သူ့မျက်ဝန်းတွေ ဖွင့်ကြည့်တော့ ကားတံခါးဖွင့် ဆင်းလာသူက

"ဟင် ဆင့်"

"ကိုကို ဘာဖြစ်နေတာလဲ ဟင် မူးနေတာလား"

သူ့ပုံစံ အသွင်ကော အနံ့တွေကပါ ငြင်းလို့ မရနိုင်တာ သေချာနေတာမို့ ခေါင်းညိတ်ပြမိ၏။

"အေးကွာ သူငယ်ချင်း ဘက်ချလာနိုက်က ပြန်လာတာ အေ့"

"ကိုကို ကားမောင်းလို့ မရတော့လို့လား ဟင်"

"သေချာတာပေါ့ ကားစက်က အလိုလိုကို ရပ်သွားတော့ ပြီးရော တက္ကစီ"

သူ့စကားသံတွေက လေးလေးပင်ပင် ခန္ဓာကိုယ်ကို မတ်မတ်ရပ်ဖို့ ကြိုးစားတော့ ယိုင်ခနဲ။

"ဟင် ကိုကို"

ဆင့်က သူ့ပခုံးကို ဖမ်းကိုင် ထိန်းပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ပြန်လို့ဘယ်ဖြစ်မှာလဲ၊ ဆင့် လိုက်ပို့ပေးမယ်"

"အိမ်ကို နီး မဖြစ်ဘူး၊ အိမ်ကို မဖြစ်ဘူး"

သူ အထိတ်တလန့် ငြင်းမိသည်။ သူ့ကို ဝတ်ရည်ဆင့် လိုက်ပို့ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သော ကိစ္စ။

ဝတ်ရည်ဆင့်နှင့်တွဲကာ သူ့ကို မာမီ မြင်လိုက်လျှင် တကယ့် မဟာပြဿနာကြီး ဖြစ်မှာ သူ သိသည်။

"အိမ်ကို မပြန်ရင် ကိုကို ဘယ်ကို ပြန်မှာလဲ၊အန်ကယ့်မင်းတို့ အိမ်လား"

သူ မူးပြီး အိမ်ပြန်လို့ မဖြစ်ဟု ဆင့် နားလည်သွားသည် ထင်၏။ အန်ကယ်လေးအိမ် ပြန်မည်လားတဲ့။

"အင်း ဒါ အဆင်ပြေမယ် ထင်တယ်၊ ကိုယ့်ကို တက္ကစီ"

"မဟုတ်တာ ကိုကိုရယ် ဆင့် လိုက်ပို့ပေးမှာပေါ့ လာပါ"

"နေ နေ ကိုယ် တက္ကစီပဲ"

"ကိုကိုက ဆင့်ကို မခင်မင်တော့တာလား ကိုကိုရယ်"

ဒုက္ခပဲ ဒီကောင်မလေးရဲ့ မျက်ရည်တွေကို သူ မမြင်ချင်ပါ။ အခုချိန်မှာ မချော့မော့နိုင်။

"ဟော့ မင်ိုနဲ့ မင်း ကားနဲ့လိုက်ပို့ လက်ခံတယ်"

ငိုမဲ့မဲ့ မျက်နှာလေး ကျေနပ်စွာ ဝင်းပသွားမည် ထင်သည်။





ဒါပေမဲ့ သူ အသေအချာ မမြင်ပါ။

"ဆင့်ကို တွဲပြီး ကားပေါ်တက် နော် ကိုကို၊ ကိုကို့ကားကို ဆင့် သော့ပိတ်ပေးခဲ့မယ်"

အခုမှ ပိုဆိုးလာသော မူးရိပ်ရိပ် ဝေဒနာဆိုးကြီးကြောင့် သူ ဆင့် စကားအတိုင်း နာခံလိုက်ရပါသည်။

ကူရှင်မှာ ခေါင်းမှီရင်း သူ့မျက်ဝန်းတွေ မှိတ်ထားမိဆဲ။ ပြတင်းတံခါးက တိုးဝင်လာသော လေက သူ့ကို ပိုလို့ မူးစေသည် လား။

ဆင့် ဘာတွေ ပြောသည်လဲ သူ မသိ။ အားနာစွာနှင့် ဘီယာတွေ သောက်ခဲ့တာကို နောင်တရမိသည်။ အဓအေးဘူးဆိုကာ အရက်ပြင်းတွေ ပေးလိုက်သော စိုးဇော်ကိုလည်း ဒေါသဖြစ်မိသည်။

ဝတ်ရည်ဆင့်နှင့်သာ မတွေ့လျှင် အခက်။

ကျေးဇူးတင်ပါတယ် ချာတိတ်ရယ်။

■ ■ ■

မျက်ဝန်းတွေ မဖွင့်ကတည်းက ရှူရှိုက်မိသော ရနံ့သင်းသင်းက ဆန်းသစ်နေသည်။ ရေမွှေးရနံ့က သင်းသင်းလေး မွှေးကာ တစ်မျိုးဖြစ် သည်။

ဒါပေမဲ့ ဒီရနံ့က သူ သုံးသော ရေမွှေးနံ့ မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။

မျက်ဝန်းတွေ ဖွင့်ကြည့်တော့ ခုတင်နံဘေး ရှိနေသော အလှပြင် မှန်တင်ခုံ ဖြစ်နေသည်။ သူ့မျက်ဝန်းတွေ အလန့်တကြား ပြူးကျယ်သွားရတာ ခုံပေါ်က အမျိုးသမီးသုံး အလှပြင်ပစ္စည်းတွေကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ရင်ထဲက ထိတ်ခနဲ စိုးရိမ်စိတ်နှင့်အတူ တစ်ဖက်ကို လှည့်ကြည့်လိုက်တော့

"ဟာ"

မျိုးဆက်သစ် အလန့်တကြား ဆတ်ခနဲ ထထိုင်မိသည်။

ခရမ်းရင့်ရောင် ညဝတ်ဂါဝန်ပါးလျပ်လျပ်လေးနှင့် အိပ်ပျော်နေသော ဝတ်ရည်ဆင့်။

ခါးစည်းကြိုးကို ဖြေလျော့ထားကာ နှစ်နှစ်ခြိုက်ခြိုက်ကလေး အိပ်ပျော်နေသည့် မြင်ကွင်းကို သူ အလျင်အမြန်ပဲ မျက်နှာလွှဲ လိုက်မိသည်။

ဝတ်ရည်ဆင့်ရဲ့ အိပ်ခန်းထဲကို သူ ဘယ်လိုရောက်နေတာလဲ။ ခုတင်ပေါ်က အသာလျောဆင်းလိုက်မိသည်။

ခပ်ဟဟ ဖွင့်နေသည့် တံခါးဆီကို ခပ်သွက်သွက် လျှောက်၍ သူ့အိပ်ခန်း အပြင်ဘက်ကို လှမ်းထွက်ခဲ့လိုက်သည်။





ရင်ထဲမှာ တလှပ်လှပ်နှင့် တုန်ယင်မောဟိုက်စွာ ဧည့်ခန်း ဆိုဖာထိုင်ခုံမှာ သူ ထိုင်ချလိုက်မိသည်။

ညတုန်းက မှတ်ဉာဏ်တွေကို သူ ပြန်စဉ်းစားကြည့်သည်။ နေလင်းကို တွေ့ညည်ခံပွဲက သူ ပြန်ခဲ့တာ အမှတ်ရသည်။

သူ့ကားပျက်တော့ ဝတ်ရည်ဆင့်ရဲ့ ကားနှင့် ပြန်ခဲ့တာလည်း မှတ်မိသည်။ အန်ကယ်လေးရဲ့ အိမ်ကို လိုက်ပို့ပေးမည်ဆိုသော ဝတ်ရည်ဆင့် ဘာကြောင့် သူ့ကို ဒီတိုက်ခန်းကို ခေါ်လာတာလဲ။

ဝတ်ရည်ဆင့်ရဲ့ ကားပေါ်မှာ သူ အိပ်ပျော်သွားခဲ့တာ ထင်သည်။ ကျန်တာအားလုံး သူ ဘာမှ မမှတ်မိပါ။

ဘာတွေ ဖြစ်ကုန်တာလဲ။

"ကိုကိုတောင် နိုးနေပြီလား"

အသံကြောင့် သူ ကတုန်ကယင် လှည့်ကြည့်လိုက်မိသည်။ အိပ်ခန်းထဲက ထွက်လာသော ဝတ်ရည်ဆင့် ညဝတ်အင်္ကျီလေးနှင့် ကပိုကရို ရပ်နေသည်။

"ကိုယ် ကိုယ် မင်းအခန်းထဲကို ဘာကြောင့် ရောက်နေတာလဲ ဝတ်ရည်ဆင့်"

ဝတ်ရည်ဆင့် မျက်လွှာလေးချသွားခဲ့တာ ရှက်စိတ်ကြောင့်လား မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ညတုန်းက အရမ်းမူးနေတယ်"

"ဒါကို ကိုယ် မှတ်မိတယ်၊ ကိုယ့် ကားပျက်လို့ မင်းကားနဲ့ လိုက်ခဲ့တာလည်း သိတယ်၊ အန်ကယ်လေး အိမ်ကို မင်း လိုက်ပို့ပေးမှာလေ"

"ကိုကို့ကို ဒီလို အခြေအနေကြီးနဲ့ အန်ကယ်မင်းတို့အိမ်အထိ ဆင့် လိုက်တွဲပို့ရင် အန်ကယ်မင်းတို့ အထင်လွဲသွားမှာ သေချာတယ် ကိုကို"

"ဟာကွာ အခု အခြေအနေတွေက ပိုပြီး ဆိုးဝါးစေတာ မင်း မသိဘူးလား ဝတ်ရည်ဆင့်"

"ကိုကို့ကို ဆင့် ယုံကြည်ခဲ့တယ်၊ ဒါပေမဲ့ ကိုကို သိပ်မူးနေလို့ ဒီလောက်အထိ ဖြစ်ကုန်တာပါ ကိုကိုရယ်"

"ဟာ မ မဖြစ်နိုင်ပါဘူး မ ဟုတ်နိုင်ဘူး"

သူ ဆတ်ခနဲ ထရပ်ရင်း ခါးခါးသီးသီး ငြင်းဆိုမိသည်။ မျက်နက်ဝန်းလေးတွေ ဝိုင်းစက် ငေးကြည့်နေသော ဝတ်ရည်ဆင့်ကို စူးစူးစိုက်စိုက် ပြန်ကြည့်မိသည်။

"မင်း ငါ့ကို မလှည့်စားနဲ့ ဝတ်ရည်ဆင့်၊ မင်းကိုငါ ညီမလေး တစ်ယောက်လို ခင်မင်ခဲ့တာ၊ စာနာခဲ့တာ၊ ဒါပေမဲ့ မင်းက အဲဒီအရာတွေနဲ့ မထိုက်တန်တဲ့ မိန်းမလည်ပဲကွ"





"ဟင့်အင်း ကိုကို ဒီလို မပြောပါနဲ့ ဆင့် ကိုကို့ကို"

"တော်စမ်း ဝတ်ရည်ဆင့် ငါ ဘာမှမကြားချင်ဘူး၊ မင်းလို မိန်းမတစ်ယောက်ကို ငါ ရွံတယ် တောက်"

စကားအဆုံးမှာ သူ အခန်းတံခါးကို ဝုန်းခနဲ ဆွဲဖွင့်ပြီး ထွက်ခဲ့သည်။

ဝတ်ရည်ဆင့် ရှိုက်ငိုကျန်ရစ်ခဲ့သည်လား မသိပါ။ ရင်ထဲမှာ ဒေါသတွေနှင့် ဆူဝေနေခဲ့တာ အမှန်။

ဒီကောင်မလေးကို သူ စာနာပတ်သက်ခဲ့မိတာကိုက အမှား။ အန်ကယ်လေးတို့ရဲ့ သတိပေး စကားတွေကို သူ နားထောင်ခဲ့သင့်သည်။ တစ်သက်လုံး စောင့်ထိန်းလာသော သူ့ရဲ့သိက္ခာတရားတွေကို ဝတ်ရည် ဆင့် ဖျက်ဆီးပစ်လိုက်တာ။

အာရုံထဲမှာ နိုက် မျက်နှာလေးကို ပြေးမြင်မိသည်။

သူ့ဘဝမှာ နိုက်ကိုပဲ ချစ်ခဲ့မိတာ သစ္စာဆိုရဲပါသည်။ နိုက်က လွဲလို့ သူ့ နှလုံးသားမှာ ဘယ်သူမှ မရှိ။

ဒါကို အကြွင်းမဲ့ ယုံကြည်ပါ နိုက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"သား ညက ပြန်မလာလို့ မာမီ စိတ်ပူနေတာ၊ ဖုန်းခေါ်တာလည်း မရဘူး၊ ဘာတွေဖြစ်နေတာလဲ သား"

"ကျောင်းတုန်းက သူငယ်ချင်းတွေ ပြန်ဆုံနေလို့ မာမီ၊ ဒီကောင်တွေ ဖွတ်ညှင်းနေလို့ ဘီယာသောက်ဖြစ်သွားတယ်၊ နေလင်းကိုတို့အိမ်မှာပဲ အိပ်ဖြစ်လို့ပါ"

"ဒါဆိုလည်း ဖုန်းဆက်ပါလား သားရယ်"

သူ့စကားကို မာမီ ယုံပါသည်။ ဘယ်တုန်းကမှ မာမီ့ကို မလိမ်မညာဘူးသည့် သူ ဒီတစ်ခါပဲ မုသာဝါဒကံတွေ ကျူးလွန်နေမိတာမို့ လိပ်ပြာမလုံ ဖြစ်မိတာလည်း အမှန်။

"သားက ဒီကောင်တွေ လစ်ရင် ပြန်မယ်လို့ ပြောထားတော့





သား ဖုန်းကို သိမ်းထားကြလို့ မာမီရဲ့၊ အရေးထဲကျမှ နေလင်းတို့ အိမ်ဖုန်းက ပျက်နေတယ်၊ အခု ဒီမနက် ပြန်တော့ ကားက ပျက်လို့ ဝပ်ရှော့ပို့ရဦးမယ်၊ တကယ့် ပြဿဒါးနေ့ပဲ မာမီရာ"

"သား သွားစရာရှိရင် သွားလေ၊ မာမီ့ကား ရှိတာပဲ"

"ရတယ် မာမီ ဒီနေ့ သား ဘယ်မှ သွားစရာမရှိပါဘူး"

ထပ်လိမ်ညာမိပြန်သည်။ တကယ်ဆို မပျက်စဘူး သူ့ရဲ့ စာသင်ချိန်တွေကို ဖျက်ပစ်လိုက်ရတာ ဖြစ်သည်။

စိတ်ထဲမှာ ညစ်ထေးနေတာမို့ စာလည်း သင်လို့ရမှာ မဟုတ်တာ အမှန်။

"သား ဒီမှာပဲ ရှိမယ်ဆိုရင် ကောင်းတာပေါ့၊ မာမီတို့ မိသားစု ဆုံဆုံညီညီ မနက်စာ စားကြတာပေါ့"

မာမီကတော့ ကျေနပ်သွားသည်။ မနက်ပိုင်း မိသားစု စုံစုံညီညီ မနက်စာ မစားရတာ ကြာပြီ။ ဒယ်ဒီ အိမ်ပြန်ရောက်တာ နှစ်လနီးပါးရှိပြီဆိုပေမယ့် သူတို့တွေ မနက်ပိုင်း လက်ဆုံစားဖြစ်တာ ရှားသည်။

"ဟုတ်ကဲ့ သား ရေချိုးလိုက်ဦးမယ် မာမီ"

မာမီ့ကို ပြောပြီး ရေချိုးခန်းဘက် ထွက်ခဲ့သည်။ ခေါင်းထဲမှာ ထူပူပြီး ငြီးစီစီ ဖြစ်နေတာမို့ ရေချိုးပစ်လိုက်၏။

သူ အဝတ်အစားလဲပြီး ထွက်ခဲ့တော့ မာမီနှင့် ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ထမင်းဝိုင်း အသင့်ဖြစ်နေပြီ"

"ဟုတ်ကဲ့"

ထမင်းဝိုင်းကို ရောက်တော့ ဒယ်ဒီက သူ့ကို အပြုံးနှင့် ဆီးကြိုရင်း

"ဒယ်ဒီတို့အတူ ထမင်းလက်ဆုံ စားကြရအောင်သားရေ လာကွာ"

ထမင်းဝိုင်းလေးမှာ သူ ဝင်ထိုင်ကာ ဒယ်ဒီနှင့် မာမီရဲ့ ပန်းကန်ထဲကို ဦးချပေး၏။ မာမီနှင့် ဒယ်ဒီ ကျေနပ်စွာ ပြုံး၏။

"မာမီတို့သားက တကယ် လိမ္မာတယ်၊ အကြီးကောင်ကတော့ တကယ်ဆိုးတယ်"

ကိုကြီးကို သတိရကာ မာမီ ဆိုတော့ ဒယ်ဒီက မာမီ့ကို ကြည့်ရင်း

"သင်းရယ် သားကြီးကို ခွင့်လွှတ်လိုက်ပါကွာ"

"သူကတောင် ကျွန်မတို့ဆီကို မဆက်သွယ်တဲ့ နေရက်တာကို သင်းက ဘာလို့ အလျှော့ပေးရမှာလဲ"

"ကဲပါကွာ မင်းကို ကိုယ် ဘာမှမပြောတော့ဘူး၊ ကိုယ်တို့ မိသားစု မနက်စာလေးတော့ ပျော်ပျော်ရွှင်ရွှင် စားကြရအောင်ကွာ"

ဒယ်ဒီက အလျှော့ပေးသလို ဆိုတော့ မာမီ မျက်စောင်းလေး





ခဲကာ တိတ်ဆိတ်သွားသည်။

"သားငယ်ကို ပြောရဦးမယ်၊ သားနဲ့သမီးလေးတို့ မင်္ဂလာပွဲကို အမြန်ဆုံး စီစဉ်ချင်ပြီ"

"မာမီ ဆန္ဒကို သား မငြင်းပါဘူး"

"သား တကယ်ပြောတာနော် မာမီ ဝမ်းသာလိုက်တာ"

"တကယ်ပြောတာပါ မာမီရယ်"

"ကဲပါ သင်းရယ် ဝမ်းသာလုံးဆို့ပြီး မစားနိုင်ဖြစ်နေပါဦးမယ်၊ ကဲ စားကြရအောင် သားငယ်"

ထမင်းဝိုင်းလေးက ပျော်ရွှင်စွာနှင့် ဝိုင်းဖွဲ့ဖြစ်သွားခဲ့သည်။ စားသောက်ပြီး အချိုပွဲဝိုင်းရောက်တော့ မာမီ ထပ်ပြော၏။

"မင်္ဂလာပွဲကို သားနဲ့ခိုက် ဘယ်မှာ စီစဉ်ချင်သလဲ"

"မာမီတို့ လူကြီးတွေ စိတ်တိုင်းကျ စီစဉ်ပါ"

"မာမီ့သားက တကယ် လိမ္မာတယ်၊ ဒါကြောင့် မာမီက သားကို အရမ်းချစ်တာ သိလား"

"သားချင်းအတူတူ မင်းက ဒီလို မပြောပါနဲ့၊ သားကြီးကလည်း ကိုယ်တို့ သားပါပဲကွာ"

ဒယ်ဒီက မာမီ့ကို စနောက်နေသေးသည်။ မာမီကတော့ ဒယ်ဒီ နောက်နေမှန်း သိပေမယ့် မျက်စောင်း တခဲခဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးကို မာမီ သိပ်ချစ်တာ သူ သိပါသည်။ ဒါပေမဲ့ သူ သဘောမတူသော ကိစ္စအတွက် မာမီ အခုအချိန်ထိ ခွင့်လွှတ် နိုင်သေးပုံ မရပါ။

သူသာ ဒီလို လုပ်သွားခဲ့လျှင် မာမီ ဘယ်လောက်အထိ စိတ်ဆိုး သွားမည် မသိပါ။

အခုတော့ သူ ကြည်ဖြူစွာ ခေါင်းညိတ်ခဲ့တာမို့ မာမီ ကျေနပ် နေ၏။

သူလည်း နိုက်နှင့် မဝေးချင်တော့ပါ။

■ ■ ■



## အခန်း (၃၁)

ကုမ္ပဏီထဲက ထွက်လာသည့် နိုက်ကို ပြုံးပြရင်း ကားတံခါးကို အသင့် ဖွင့်ပေးလိုက်သည်။

"မောင် ဘယ်တုန်းက ရောက်နေတာလဲ ကြာပြီလား"

"အခုလေးတင်ပဲ နိုက်"

နိုက်က သူ့ကို နှုတ်ခွန်းဆက်၍ ကားထဲသို့ ဝင်ထိုင်သည်။ ဒရိုင်ဘာနေရာမှာ ဝင်ထိုင်ပြီး ညင်သာစွာ မောင်းထွက်လိုက်သည်။

"ဘာစိတ်ကူးပေါက်ပြီး ရောက်လာတာလဲ ပြောပါဦး"

နိုက်က မျှော်လင့်မထားသလို ပုံစံလေးဖြင့် မေး၏။ သူ သက်ပြင်းမောကို ရှိုက်ထုတ်ပစ်မိသည်။

"နိုက် နိုက်ကို မောင် ပြောစရာတွေ အများကြီး ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ တစ်နေရာရာမှာ အေးအေးဆေးဆေး ပြောကြရအောင်''

အလေးအနက်ဟန်ဖြင့် ပြောလိုက်တော့ နိုက် မျက်နှာလေး တည်သွားသည်။ ပြီးတော့ မျက်လုံးလေးတွေက သူ့မျက်နှာဘက်မှာ အာရုံစူးစိုက်သွားပြီး

''မောင် ကြိုက်တဲ့နေရာကို သွားလေ၊ နိုက် အားပါတယ်''

အရာရာမှာ အလိုက်သိတတ်လွန်းတဲ့ ချစ်သူလေးကို မြတ်နိုး မဝစွာဖြင့် မေးဖျားလေးကို လှမ်းကိုင်မိသည်။

ကားကို အာရုံစိုက် မောင်းရင်း ဘာစကားမှ မဆိုဖြစ်တော့ပါ။ ငြိမ်သက်စွာဖြင့် နိုက်ကလည်း လိုက်ပါလာ၏။

ကော်ဖီဆိုင် တစ်ဆိုင်ရှေ့မှာ ကားကို ညင်သာစွာ ထိုးရပ် ပစ်လိုက်သည်။

ဆိုင်ထဲရောက်တော့ ကော်ဖီနှစ်ခွက် မှာသည်။ ကော်ဖီတွေ အရှေ့ရောက်လာပေမယ့် မသောက်ကြသေးပါ။

''နိုက်''

''ဟင်''

''နိုက်ကို မောင် ပြောစရာ ရှိတယ်ဆိုတာ မောင့်တို့ လက်ထပ်ဖို့ အကြောင်း ဆွေးနွေးမလို့''

သူ့ စကားကြားတော့ နိုက် ပုံစံလေးက တွေတွေလေး ဖြစ်သွား





ပြီး မျက်ဝန်းလေးတွေက အရောင်တဖျပ်ဖျပ် လက်လာသည်။

သူ့ရင်ထဲမှာလည်း အတိုင်းမသိသော ကြည်နူးခြင်းတွေနဲ့ ပျော်ရွှင်နေမိတာပါ။ လက်ထပ်ဖို့ ပြောလာတိုင်း သူ့ဘက်ကချည်း ရှောင်လွှဲနေခဲ့တာလေ။

''ဟုတ်တယ် နိုက် လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး စီစဉ်ဖို့ မောင် ဆုံးဖြတ်လိုက်ပြီ၊ မာမီတို့ကလည်း မြေးချီချင်နေပြီ နိုက်ရဲ့''

''အို အဲဒီ မောင်ကလေ ဘာတွေ ပြောနေမှန်း မသိဘူး''

နိုက်က ရှက်စနိုးလေးဖြင့် သူ့ကို မျက်စောင်းထိုးလိုက်သည်။ သူ့ရင်ထဲကို ပျားရည်မြစ်တစ်စင်း ဖြတ်စီးသွားသလို ခံစားမိ၏။

နိုက် လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။ ရှက်စနိုး လေးဖြင့် နိုက် ခေါင်းလေး ငုံ့သွားသည်။

''နိုက် မပျော်ဘူးလားဟင်''

''သွား မသိဘူး''

''မောင်တော့ အရမ်းပျော်တာပဲ နိုက်ရယ်၊ မောင်လေ တဖြည်း ဖြည်း နိုက်နဲ့ ဝေးသွားမှာ တွေးကြောက်မိလာတယ်''

တတွတ်တွတ်ဖြင့် ပြောနေသော မောင့်ကို ကြည့်ပြီး နိုက် ရယ်ချင်လာမိသည်။ လက်ထပ်ဖို့ ပြောတိုင်း သူပဲ အချိန်ဆွဲနေခဲ့ပြီး အဲဒီ မောင်တစ်ယောက်ဟာလေ ကလေးလေး ကျနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ပြောလေ နိုက်"

"မောင်က အခုမှ ဘာဖြစ်နေတာလဲ၊ နေပါဦး နိုက်တို့က ဘာကိစ္စနဲ့ ဝေးရမှာလဲ၊ မောင်က သိပ်ရယ်ရတာပဲ ခစ် ခစ် ခစ်"

နိုက်က သဘောကျစွာဖြင့် တခစ်ခစ် ရယ်နေ၏။ သူ နိုက်ကို ကြည့်ပြီး ဘယ်လိုမှ မခံစားနိုင်တော့။

"မလှောင်ပါနဲ့ နိုက်ရယ် မမြင်နိုင်တဲ့ ကံကြမ္မာဆိုတာ တွေး ကြည့်လေ ကြောက်စရာကောင်းလေပဲ"

သူ နက်နက်နဲနဲ ပြောလိုက်တော့ နိုက် မျက်နှာလေး ချက်ချင်း တည်သွားသည်။ နိုက် သူ့ပခုံးထက်မှာ မှီနွဲ့ရင်း

"မင်္ဂလာပွဲကို မောင့်စိတ်တိုင်းကျ စီစဉ်ပါ မောင်ရယ်၊ နိုက်ဘက်က ဘာမှကန့်ကွက်စရာ မရှိပါဘူး"

သူ နိုက် ခန္ဓာကိုယ်လေးကို အလိုက်သင့် ထွေးဖက်ထား လိုက်မိသည်။

ဒီတစ်ခါတော့ အားလုံး စိတ်ချရမှာ အသေအချာ။

■ ■ ■



## အခန်း (၃၂)

အဆက်မပြတ် ထွက်ပေါ်နေသော ဖုန်းသံကြောင့် မျိုးဆက် လန့်နိုးသွားသည်။ မျက်လုံးကို မဖွင့်ဘဲ အိပ်ရာထက်က ဟန်းဖုန်းကို လက်နှင့်လိုက်စမ်းနေမိသည်။

ဖုန်းကို စမ်းမိတော့ နားမှာကပ်ရင်း နားထောင်လိုက်သည်။

"ဟဲလို မျိုးဆက်သစ် ပြောနေပါတယ်"

"ဂွတ်မောနင်း ကိုကို"

အသံကို ကြားလိုက်တာနှင့် ဆင့် ဆိုတာ သိလိုက်သည်။ ဘာတွေ လာရှုပ်ဦးမည် မသိ။

"ပြောလေ ဆင့်"

"လေသံတွေ မာလှချည်လား ကိုကိုရယ်၊ ဆင့် ဆင့်လေ ကိုကို့ကို နှောင့်ယှက်မလို့ မဟုတ်ပါဘူး၊ နှုတ်ဆက်မလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆင့်အသံတွေက တုန်ယင်နေသည်။ ဆင့် အခန်းမှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်သတိရမိရင်း မျက်လုံးတွေ ပြူးကျယ်သွားသည်။

အိပ်ရာထက်မှာ လှဲအိပ်နေရာမှ ငေါက်ခနဲ နေအောင် ထထိုင်လိုက်မိသည်။ ဟန်းဖုန်းကို ကယောင်ကတမ်းနှင့် လွှတ်မချမိအောင် မနည်းသတိထားလိုက်ရသည်။

''မင်း မင်း ဘာတွေ ပြောနေတာလဲ၊ မင်း ပြောတဲ့ အဓိပ္ပါယ်ကို လုံးဝ နားမလည်ဘူး''

''အဲဒီလောက်ထိ တုန်လှုပ်မနေပါနဲ့ ကိုကိုရယ်၊ ဆင့်က ကိုကို့ကို အပြစ်တင်နေတာမှ မဟုတ်တာ''

တောင်းပန်တိုးလျှိုးနေဆဲ ဆင့် အသံတွေက မကောင်းဆိုးဝါးတစ်ကောင်လို။ အဲဒီနေ့က ဘာတွေ ဖြစ်ပျက်ခဲ့သလဲဆိုတာ သူ လုံးဝ မသိခဲ့ပါ။ အမူးလွန်နေခဲ့သည့် အဖြစ်ကို တွေးရင်း နောင်တရလို့ မဆုံး။

အခြေအနေတွေကို ဘာမှ မမှတ်မိပေမယ့် အဲဒီလောက်ထိ မိုက်မဲရူးသွပ်မိလိမ့်မည်ဟု မထင်ပါ။

''မင်း မင်း မှားနေပြီ၊ မင်း ပြောနေသလို ငါ မလုပ်ခဲ့ဘူးဆိုတာ ငါ့ကိုယ်ငါ သိနေတယ်''

''အဟင့် ဟင့် ဟင့် မဟုတ်ဘူး ကိုကို၊ မဟုတ်ဘူး ဆင့် ဆင့်လေ ကိုကို့ကို တောင်းဆိုနေတာ မဟုတ်ပါဘူး၊ နှုတ်ဆက်မလို့ပါလို့





ကို ပြောခဲ့တယ်လေ''

ဆင့် ငိုသံတွေက ဓားသွားတွေလို သူ့ရင်ကို မွှန်းထစ်နေသည်။ ဘုရား ဘုရား သူ တကယ်ပဲ မှားယွင်းခဲ့ပြီလား။

ဆင့်ကို ပြန်ပြောဖို့ စကားလုံးတွေ ပျောက်ဆုံးနေသည်။ သူ ဘာများ တတ်နိုင်ဦးမှာလဲ။

''ဆင့် ဆင့်လေ ကိုကိုနဲ့ မမနိုက်နဲ့ လက်ထပ်မယ့် သတင်းကို ကြားပါတယ်၊ စိတ် စိတ်ချပါ ကိုကိုရယ်၊ ဆင့်ကြောင့် ကိုကိုတို့ ဘဝတွေ စိတ်ဆင်းရဲရမယ့် အဖြစ်မျိုးကို ဆင့် မဖန်တီးပါဘူး၊ ဆင့် ဆင့် အဝေးဆုံးကို ထွက်သွားမှာပါ''

''မဟုတ်ဘူး မဟုတ်ဘူး ဆင့် မင်း ငါ့ကို သက်သက် နှိပ်စက်နေတာ မဟုတ်လား၊ ငါ့ကို ထပ်မနှိပ်စက်ပါနဲ့တော့ တောင်းပန်ပါတယ်ကွာ''

ရူးသွပ်နေသူ တစ်ယောက်လို အော်ဟစ်ပစ်မိသည်။ ဆင့်ရဲ့ ရှိုက်ငိုသံတွေက သူ့နားစည်တွေကို ပဲ့တင်ထပ်မျှ တုန်ဟီးနေသည်။

''ကိုကိုရယ် ဆင့်လေ ကိုကို့ကို တကယ် ချစ်ခဲ့တာပါ၊ ဆင့် အချစ်ကို ကိုကို သိနေရုံနဲ့တင် ဆင့် ကျေနပ်ပါတယ်၊ ဆင့် ဘဝမှာ တယ်လိုပဲ ရှုံးနေပါစေ၊ အဲဒီ အရှုံးကို ဆင့် ကျေကျေနပ်နပ်ကြီး ခံယူသွားမှာပါ၊ စကားလုံးတွေနဲ့တော့ အနိုင်မယူပါနဲ့ ကိုကိုရယ် အဟင့်



www.burmeseclassic.com

www.burmeseclassic.com



ဟင့်''

သွားပြီ ဆင့် ပြောနေခဲ့တာတွေက အမှန်တရားတွေလား။ မိန်းကလေးတစ်ယောက်က ဒီလောက်ထိ ပွင့်ပွင့်လင်းလင်း ပြောနေတာကို မျက်စိစုံမှိတ် ငြင်းနေရုံနဲ့ ထူးလာမှာတဲ့လား။

''ဆင့် ဆင့်လေ ကိုကိုတို့ကို မနှောင့်ယှက်ပါဘူး၊ မနက်ဖြန်က စပြီး ကိုကိုတို့နဲ့ ဝေးရာကို ဆင့် ထွက်သွားမှာပါ၊ ဆင့်ကို နှုတ်ဆက်စကားလေး တစ်ခွန်း ပြောရုံနဲ့ ဆင့် ကျေနပ်မိမှာပါ ကိုကိုရယ်၊ ဆင့် ဆင့် ကိုကို့ကို နှုတ်ဆက်ခဲ့ပါတယ်''

ဟန်းဖုန်းကို နားနှင့်ကပ်ထားလျက် ငြိမ်သက်နေမိသည်။ တစ်ဖက်က ဆင့် ဖုန်းချသွားခဲ့ပြီ။

သူ ဘာလုပ်ရမှာလဲ။ ဆင့်ဘက်က ပြောသွားတာတွေက လုံး၀ အတိအကျတွေ။ ပြီးတော့ အဲဒီနေ့က လူမှန်းသူမှန်း မသိအောင် မူးနေခဲ့တာက သူ။

ကံကြမ္မာကိုချည်း ရိုးမယ်ဖွဲ့နေ၍ မရပါ။ အဓိက တရားခံက သူ့ရဲ့ မှားယွင်းမှု။

ဆင့် မမှားခဲ့ပါ။ ယောကျ်ားသားကြီး တစ်ယောက်ကို ဆင့်က ဘွဲ့ပြီး လိုက်ပို့နိုင်မည်တဲ့လား။

နောင်တဆိုတာက နောင်မှ ရခဲ့ပြီပဲ။ အံကို တင်းတင်းကြိတ်





ပစ်မိသည်။ ဆင့် ထွက်ခွာသွားတာကို လက်ပိုက်ကြည့်နေခဲ့လျှင် သူ့သိက္ခာတွေ အဖတ်ဆယ်လို့ ရတော့မှာ မဟုတ်။

သူ့ကို စောင့်မျှော်နေရှာမည့် ခိုက် မျက်နှာလေးကို မြင်ယောင်ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

ခိုက်ရယ် မောင့်ကို ခွင့်လွှတ်ပါတော့။ ယူကြုံးမရခြင်းတွေနှင့် အတူ စိတ်ထဲက အကြိမ်ကြိမ် ဟစ်အော်မိသည်။

သူ့ရာဇ၀င်မှာ ယောကျ်ားမဆန်တဲ့ အပြုအမူမျိုးတော့ ဘယ်နည်းနှင့်မှ အဖြစ်မခံနိုင်ပါ။

လက်ထဲက ဆုပ်ကိုင်ထားသည့် ဟန်းဖုန်းကို နံရံထက်ဆီသို့ အားကုန်လွှဲပေါက်ပစ်လိုက်သည်။

''ခွမ်း''

ပွဲတင်သံတွေ ရင်ထဲမှာ ထပ်နေသည်။

မုန်းလိုက်ပါတော့ ခိုက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ဆင့် အခန်းတံခါးကို သော့ပိတ်လိုက်သည်။ ခရီးဆောင်အိတ်နှစ်လုံးကို မနိုင်မနင်း ဆွဲရင်း လှေကားထစ်တွေအတိုင်း ဆင်းခဲ့၏။

သူမ နေထိုင်ရာ အိမ်ရာကြီးကို နောက်ဆုံးအနေနဲ့ ကြည့်လိုက်သည်။ လေးလန်သော ခြေလှမ်းတွေဖြင့် တစ်လှမ်းချင်း လှမ်းထွက်ခဲ့သည်။

ခြေလှမ်း ဆယ်လှမ်းခန့် လှမ်းမိတော့ နောက်မှ တစ်စုံတစ်ယောက် လက်ကို လှမ်းဆွဲလိုက်တာ သိလိုက်သည်။

''ဆင့်''

''ဟင် ကိုကို''

''မင်း ဘယ်သွားမလို့လဲ မင်း ငါ့ကို အနိုင်ယူပြီး ထွက်သွားဖို့





မကြိုးစားပါနဲ့''

ဆင့်က သူ့ကို နားမလည်နိုင်သော ပုံစံဖြင့် ကြည့်နေ၏။ မထုံတက်သေး အမူအယာကို ကြည့်ပြီး မျိုးဆက်သစ် ရင်ထဲမှာ ပူလောင်လာသည်။ အသိတရားတွေ ကင်းမဲ့ကုန်ပြီ။

''ငါ ငါ တောင်းပန်ပါတယ် ဆင့်ရယ်၊ မင်း မင်း ငါ့ကို ထပ်မနှိပ်စက်ပါနဲ့တော့၊ အဲဒီနေ့က ဘာမှ မဖြစ်ခဲ့တာ ငါ သိနေတယ်၊ ငါ့ကို အမှန်အတိုင်း ပြောပါ''

အသံတွေ တုန်ယင်လျက် ဟစ်အော်ပစ်လိုက်မိသည်။ ဆင့်က ဘာမှမပြော။ ခေါင်းကို တွင်တွင်ခါရမ်းရင်း တအင့်အင့် ငိုရှိုက်နေသည်။

''ဆင့် အဲဒီနေ့က ဘာမှ မဖြစ်ခဲ့ဘူး မဟုတ်လားဟင်၊ ပြောလေပြောပါ''

ဆင့် ပခုံးနှစ်ဖက်ကို ဆွဲခါလျက် ရမ်းရင်း မေးနေမိသည်။ စိတ်လှုပ်ရှားမှုကြောင့် ဆင့်ကို ကြမ်းတမ်းစွာ ပြုမူနေခဲ့တာကို သတိမရမိတော့။

ဆင့် နှုတ်ခမ်းတွေကို ဖိကိုက်ငိုကြွေးနေရာမှ ရုတ်တရက် လဲကျသွားသည်။ မျက်ဝန်းတွေ မှေးမှိတ်ကာ ခွေခွေလေး လဲကျနေသည့် ဆင့်ကို ကြည့်ပြီး သူ ဘာလုပ်ရမှန်း မသိ။

''ဆင့် ဆင့် ဘာဖြစ်သွားတာလဲ ဆင့်''



www.burmeseclassic.com

www.burmeseclassic.com



ဆင့် ပါးပြင်တွေကို လှုပ်ရမ်းရင်း အော်မေးနေမိပေမယ့် ဆင့်က တုတ်တုတ်မလှုပ်။

စိုးရိမ်စိတ်ဖြင့် ထိုအခါမှ လက်ကောက်ဝတ်ကို စမ်းကြည့်မိသည်။ သွေးခုန်နှုန်း ရှိနေသေးသည်။

သူ ဘာလုပ်ရမှန်း မသိတော့။ အိတ်ထဲကို ဟိုစမ်း ဒီစမ်း စမ်းကြည့်မိပေမယ့် ဘာမှ မရှိ။ ဟန်းဖုန်းကို သတိရတော့မှ ဆေးရုံကို လှမ်းဆက်ဖို့ ထုတ်မိသည်။

ဂဏန်းတွေကို လက်ဖြင့် ဖိနှိပ်ဖို့ ကြိုးစားရင်း ဆင့်ဆီကိုလည်း လှမ်းကြည့်နေမိသည်။

ဆင့် မျက်လောင်လေးတွေ လှုပ်ခတ်လာသည်။ ပြီးတော့ မျက်ခုံးလေးတွေ လှုပ်လွန့်သွားပြီး သတိရလာသည်။

သူ ဖုန်းကို အိတ်ထဲ ပြန်ထိုးထည့်လိုက်ပြီး ဆင့်ကို အပြေးအလွှား သွားထူလိုက်သည်။

"ဆင့် ဆင့် ချာတိတ် မင်း ဘာမှ မဖြစ်ဘူးနော်"

"ဟင့် အင့်"

ဆင့်က မျက်ရည်မခြောက်သေးတဲ့ မျက်နှာလေးဖြင့် သူ့ကို စိုက်ကြည့်နေသည်။ သူလည်း ဟန်မဆောင်နိုင်တော့ဘဲ ဆင့်ကို တွဲထူလိုက်သည်။





ဆင့်က သူ တွဲထူရာသို့ အလိုက်သင့် ထထိုင်လိုက်၏။ ပုံစံကြည့်ရတာ အတော် မောပန်းနေပုံရသည်။

စိတ်လှုပ်ရှား လွယ်လွန်းသည့် ကိုယ် အဖြစ်ကို တွေးမိရင်း မျိုးဆက် စိတ်မကောင်း ဖြစ်သွားမိသည်။

ဆင့်က ရင်ဘတ်ကလေးကို လက်ဖြင့် ဖိရင်း ပို့တက်နေသည်။

"ဆင့် အန် အန်မလို့လား ဟင်"

သူ ဆင့် ကျောလေးကို အသာအယာ ဖိထောက်ပေးလိုက်တော့ ဆင့် ပို့အန်တော့သည်။ ဆင့် အန်လို့ဝသွားမှ ဆင့်ကို တွဲထူလိုက်သည်။

ဆင့်က သူ တွဲခေါ်ရာသို့ အလိုက်သင့်လေး လှမ်းလျှောက်ရင်း ပါလာသည်။ ဆင့် ညာနေတာ မဟုတ်တာ သေချာသွားခဲ့ပါပြီ။

သူ ဆုံးဖြတ်ချက် တစ်ခုကို အနိုင်အမာ ချမှတ်လိုက်သည်။ အချစ်နှင့်သိက္ခာတရားကို လဲရတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

တရားရုံးထဲက ပြန်ထွက်လာသည်အထိ ဆင့် မျက်နက်ဝန်းလေးတွေ မင်သက် အံ့ဩလို့ နေသည်။

မျိုးဆက်သစ်က သူ့မိတ်ဆွေတွေကို ကားပေါ်အထိ ပြန်လိုက်ပို့နှုတ်ဆက်နေခဲ့သည်။

နံ့သာရောင် တိုက်ပုံနှင့် ယောပုဆိုးအနက်မှာ အဖြူပွင့်ဖောက်ပုဆိုးကို ဝတ်ဆင်ထားသော မျိုးဆက်သစ် အသွင်က ရှင်းသန့် ကြည်လင်နေသည်။ သည်မနက်မှာ ဆင့်ရဲ့ တိုက်ခန်းလေးကို သူ ရောက်လာသည်။

ပြီးတော့ သူနှင့်လိုက်ခဲ့စဉ်ကတော့ မင်္ဂလာပွဲတစ်ခုလား၊ အလှူတစ်ခု သွားမှာလားဟု ထင်မိသည်။ ဒါပေမဲ့ ကားလေး တရားရုံးထဲကိုမောင်းဝင်လာတော့ ဆင့် မယုံနိုင်ခဲ့။





"ဆင်းလေ ဆင့် မင်းကို ကိုယ် တရားဝင် လက်ထပ်မလို့ခေါ်လာခဲ့တာပါ"

ဆင့်ကို ဘာမှ အသိမပေးဘဲ သူ စီစဉ်ထားခဲ့တာ ဖြစ်သည်။ တရားရုံးမှာ သူ့ရဲ့ မိတ်ဆွေ လင်မယားပါ ရောက်နေခဲ့သည်။ တရားသူကြီးရှေ့မှောက်မှာ ဆင့်နှင့် သူ လက်မှတ်ထိုး လက်ထပ်ဖြစ်ကြသည်။

သူ့မိတ်ဆွေ လင်မယားက အသိသက်သေ လက်မှတ်ထိုးသည်၊ ဆင့် အံ့ဩတိတ်ဆိတ်စွာနှင့် ဘာမှ မပြောနိုင်ခဲ့။ မျိုးဆက်သစ် မျက်နှာကတော့ တည်ငြိမ်အေးချမ်းနေခဲ့ပါသည်။

"ဆင့် ပြန်ကြရအောင်နော်"

ရပ်နေသည့် ဆင့်အနားကို ရောက်လာပြီး သူဆိုတော့ ဆင့်ခေါင်းကလေးညိတ်ကာ သူ့နံဘေးက လိုက်ခဲ့သည်။

"ကိုယ်တို့ တစ်ဆိုင်ဆိုင်မှာ ထိုင်ရင်း စကားပြောကြရအောင်နော်"

ဆင့် ခေါင်းကလေးပဲ ညိတ်မိပြန်ပါသည်။ သူက ကားလေးကိုတိတ်ဆိတ်သော ဆိုင်ကလေးဆီသို့ ဦးတည်မောင်းနှင်သွားခဲ့၏။

ဆိုင်လေးထဲကို ဆင့်တို့ ရောက်တော့ သူက မီနူးကဒ်လေးကိုဆင့်ထံ ကမ်းပေးရင်း

"ဆင့် ဘာစားမလဲ ကြိုက်တာ မှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဆင့် အားလုံး ကြိုက်ပါတယ်၊ ကိုကို့ဘာသာပဲ မှာလိုက်ပါ"

မျိုးဆက် စားပွဲထိုး ချာတိတ်လေးကို ဟင်းလျာတွေ စုံလင်စွာ မှာလိုက်သည်။ ပြီးမှ သူ့ တိုက်ပုံလေးထဲမှာ အထပ်လိုက် ထည့်လာသော စာချုပ်နှစ်စောင်ကို ထုတ်ယူကမ်းပေးရင်း

"ရော့ ဆင့် စာချုပ်တွေကို သိမ်းထားနော်၊ ကိုယ် ဆင့်ကို တစ်ခုတော့ တောင်းပန်ချင်တယ်၊ အခု ဆင့်နဲ့ကိုယ် လက်ထပ်ဖြစ်တာကို ခဏလောက်တော့ သိုဝှက်ပေးထားပါ"

သူ ဘာတွေ ဆိုလိုနေတာလဲ ဆင့် နားမလည်ပါ။ သူ ကမ်းပေးသော စာချုပ်တွေကို လှမ်းယူကာ မျက်နက်ဝန်းလေးတွေနှင့် ငေးကြည့်နေမိ၏။

"ကိုယ် ဆင့်ကို တောင်းပန်တာပါ၊ အခုကိစ္စကို မာမိနဲ့ခိုက်တို့ မသိကြသေးဘူး၊ ကိုယ်လည်း ဖွင့်ပြောဖို့ ခက်ခဲနေတာ၊ ဆင့် နားလည်ပေးပါ၊ အထူးသဖြင့် ခိုက်အတွက် ကိုယ် စိတ်မကောင်းဖြစ်မိလို့ပါ၊ ကိုယ်တို့ မင်္ဂလာပွဲအတွက် စီစဉ်နေချိန်မှာ ဒီကိစ္စကြီးကို ကိုယ် ဘယ်လိုလုပ် ခိုက်ကို အသိပေးရမလဲ မတွေးတတ်အောင်ပဲ"

မျိုးဆက်သစ် စိတ်ညစ်ညူးသလိုနှင့် ခေါင်းက ဆံပင်တွေထဲ လက်ချောင်းတွေ ထိုးဖွရင်း ဆိုသည်။ မျက်ဝန်းတွေထဲမှာ ဝေဒနာရိပ်တွေလား။ ဆင့် နားမလည်နိုင်ပါ။





"ကိုကို နောင်တရနေတာလားဟင်"

ဆင့် တိုးတိုးလေး မေးမိတော့ မျိုးဆက် သတိဝင်လာသူလို ဆင့်ကို လှမ်းကြည့်သည်။ မျက်နှာပေါ်မှာ တဒင်္ဂ ထင်နေသော အရိပ်တွေကို မျိုးဆက် အပြုံးတွေနှင့် သိုဝှက် သိမ်းဖို့ ကြိုးစား၏။

ဒါပေမဲ့ နှုတ်ခမ်းမှာ ထင်သော အပြုံးတွေသည် အသက်ကင်းမဲ့နေတာတော့ သေချာပါသည်။

"ကိုယ် ယောကျာ်းတစ်ယောက်ပါ ဆင့်၊ ကိုယ့်ရဲ့ အမှားတစ်ခုကြောင့် မိန်းကလေးတစ်ယောက် မထိခိုက် မနစ်နာစေရပါဘူး၊ အခု မင်းကို ကိုယ် လက်ထပ်လိုက်ပြီလေ၊ ဒီအတွက် ဘာမှ အပြစ်မရှိတဲ့ ခိုက်ကိုတော့ ကိုယ် စာနာသနားမိပါတယ်၊ လူသိရှင်ကြား စီစဉ်ထားတာတွေအတွက် ခိုက်ရဲ့ သိက္ခာကိုတော့ ထိခိုက်စေမှာ သေချာတယ်၊ အင်းလေ ဒါတွေ ထားလိုက်ပါတော့၊ ဒီရက်ပိုင်းအတွင်းမှာ ခိုက် ကျေနပ်အောင် ကိုယ် တောင်းပန်မှာပါ"

မျိုးဆက် စကားတွေကို နားထောင်ရင်း ဆင့်ရင်ထဲမှာ မွန်းမွန်းကြပ်ကြပ် ခံစားနေခဲ့မိသည်။

ဆင့် ဖြစ်ချင်တာတွေတော့ ဖြစ်ခဲ့သည်။ ဆင့်ရဲ့ ရည်ရွယ်ချက်တွေ အတိုင်း ဖြစ်လာခဲ့ပြီ။ ဒါပေမဲ့ ဆင့် ဘာကြောင့် ဂုဏ်ယူဝမ်းမသာနိုင်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



''ဆင့် စားလေ ဟင်းတွေ အေးကုန်တော့မယ်''

စားပွဲဝိုင်းအပြည့် ရှိနေသော ဟင်းလျာတွေကို ကြည့်ကာ ဆင့် ဆာလောင်ခြင်း မရှိခဲ့ပါ။

ဟင်းပန်းကန်ထဲက အသည်းအမြစ် တစ်ဖက်ကို ခပ်ယူကာ သူ့ပန်းကန်ထဲ ဆင့် ထည့်ပေးတော့ မျိုးဆက် ပင့်သက်ရှိုက်လိုက်သည် ဆင်၏။

တိတ်ဆိတ်နေမှုက နှစ်ဦးစလုံး ရင်ထဲမှာ ခံစားချက်တွေ ကိုယ်စီ နှင့်ပဲ ဖြစ်လိမ့်မည်။

အလှုံ့အပယ် ရှိနေသော ဟင်းလျာတွေကို ဆင့်လည်း မတို့မထိ ဖြစ်ခဲ့ပါ။ သူလည်း တစ်လုပ်တစ်ဆုပ်နှင့်ပဲ ပြီးဆုံးသွားခဲ့သည်။

''ကိုယ် ရင်တွေ ပြည့်နေလို့ မနက်က ကော်ဖီတွေ သောက်ခဲ့ လို့ ထင်ပါရဲ့''

မျိုးဆက်သစ် အကြောင်းပြချက် ပေးပေမယ့် ဆင့် သိနေခဲ့ပါသ သည်။ တကယ်ဆို ဆင့်လည်း ရင်ထဲမှာ ပြည့်နေသည်။ ဝမ်းသာ ကြည်နူးခြင်းတွေ မဟုတ်တာတော့ သေချာသည်။

ဒါ မျိုးဆက်သစ်နဲ့ ဆင့်ရဲ့ မင်္ဂလာအထိမ်းအမှတ် ထမင်းပွဲလေး တဲ့လား ကိုကိုရယ်။

■ ■ ■





ဆိုင်လေးက ပြန်တော့ မျိုးဆက်သစ် ဆင့်ကို တိုက်ခန်း... လေးအထိ လိုက်ပို့ပေးခဲ့ပါသည်။

''ဒီရက်ပိုင်းတော့ ဆင့် ဒီမှာပဲ ခဏနေပေးဦးနော်၊ တစ်လ အတွင်းမှာ ကိုယ်နဲ့ဆင့် အနာဂတ်အတွက် တစ်ခုခုတော့ ကိုယ် စီစဉ်မှာ ပါ၊ ဆင့် ကိုယ့်ကို နားလည်ပေးပါ''

ဆင့် ခေါင်းညိတ်မိလိုက်တာလား။ ခေါင်းငုံ့မိလိုက်တာလား မသိခဲ့ပါ။

သူက ဆင့် ပခုံးလေးကို ညင်သာစွာ ဆုပ်ကိုင်ချိန်မှာ ဆင့် မမျိုသိပ်နိုင်စွာ မျက်ရည်တွေ ပါးပြင်ပေါ်ကို လိမ့်ဆင်းလာသည်။

''ဟင် ဆင့် ငိုနေတာလား မငိုပါနဲ့ကွာ''

မျိုးဆက် ချော့မော့လေလေ ဆင့် မျက်ဝန်းတွေ လိမ့်ဆင်းကျ လာလေလေ ဖြစ်သည်။ မျိုးဆက် အိတ်ထဲက လက်ကိုင်ပဝါလေးကို ထုတ်ယူကာ ဆင့် ပါးပြင်က မျက်ရည်တွေကို ညင်သာစွာ သုတ်ပေး၏။

''မငိုပါနဲ့ ဆင့်ရယ်၊ ကိုယ့်ကြောင့် မင်း မျက်ရည်မကျစေချင် ပါဘူး။ ဘယ်လို အကြောင်းနဲ့ပဲ ဖြစ်ဖြစ် မင်းအပေါ် ကိုယ်တာဝန်ကျေစေ ရပါ့မယ်''

တာဝန်ကျေစေရမတဲ့လား ကိုကိုရယ်။ ဆင့်ကို ကိုကို ဒီလို ဆုံးဖြတ်ပြီး စီစဉ်ခဲ့တာလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ရဲ့ ရင်ခွင်ထဲမှာ ဆင့် တကယ်ပဲ ခိုလှုံခွင့်ရခဲ့တာလား။

"ကိုယ် သွားမယ်နော် ဆင့်၊ တစ်နေ့ တစ်ခေါက်တော့ ဆင့်ဆီကို ကိုယ် ရောက်မှာပါနော်၊ ဘာမှ အားမငယ်နဲ့နော် ချာတိတ်"

ဆင့် ခေါင်းကလေးကို ညင်သာစွာ ပုတ်ပြီး ကိုကို ပြန်ထွက်သွားခဲ့သည်။ ဆင့် လက်ထဲမှာ ကျန်ရစ်ခဲ့သော ကိုကို့ရဲ့ လက်ကိုင်ပဝါလေးကို ဆင့် ငုံ့ကြည့်နေမိဆဲ။

လေ့ကားထစ်တွေ အတိုင်း ဆင်းသွားသော ကိုကို့ ခြေသံတွေ ဝေးကွာ သွားခဲ့သည်။

အခန်းထဲ ရောက်တော့ ဆင့် လက်ထပ်စာချုပ်တွေကို စားပွဲလေးပေါ် ပစ်တင်ပစ်လိုက်မိသည်။

ပြီးတော့ ဆင့် ခုတင်ပေါ် ပစ်လှဲအိပ်ပစ်လိုက်သည်။ တိတ်ဆိတ်နေသော အခန်းထဲမှာ ဆင့် တစ်ယောက်တည်းပါပဲ။

မျိုးဆက်သစ် ဆိုသော ယောကျ်ားတစ်ယောက်က ဝတ်ရည်ဆင့်နဲ့ တရားဝင် လက်ထပ်ပြီးခဲ့ပြီ။ ဒါကို ဒေါ်သင်းသင်းမျိုး ဆိုတဲ့ မိန်းမကြီး သိသွားရင် ရင်ကွဲပက်လက် ဖြစ်မည်လား။

ဆင့် ကျေနပ်အားရစွာ ဟားတိုက်ပစ်မည်ဟု ကြံစည်ထားသမျှ အခုတော့ ဘာကြောင့် ပျောက်ဆုံးကုန်ရတာလဲ။

ဆင့် လုပ်ရပ်က တရားမျှတပါရဲ့လား။





ကိုကို့ကို ဆင့် ပိုင်ဆိုင်ခွင့် ရခဲ့ခြင်းသည် အသက်မဲ့သော စာချုပ်ဆိုတဲ့ စက္ကူလေးထဲမှာပဲပေါ့။

ဟင့်အင်း ဆင့် လိုချင်တာ ဒါ မဟုတ်ပါ။

ဆင့်ရဲ့ နှလုံးသားမှာ တစ်စုံတစ်ခုကို တောင့်တနေခဲ့တာပဲ ဖြစ်သည်။

ဒါ ကိုကို့ရဲ့ ယုယကြင်နာမှု ဒါပေမဲ့ ဆင့်က တကယ်တမ်း ရခဲ့တာက ဒါ မဖြစ်နိုင်ဘူးဆိုတာ ဆင့် သိနေသလိုလို။

ကိုကိုရယ် ကိုကို့နှလုံးသားက ဘဝင်ခိုက် ဆိုတဲ့ မိန်းမဆီမှာ ကျန်ရစ်ခဲ့ပြီလား။

ဆင့် သိချင်လိုက်တာ ကိုကိုရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဘာ ဘာရယ် မျိုးလေး"

နားက မကြားလိုက်တာ မဟုတ်ပါ။ ကြားလိုက်ရသော စကားအတွက် ဦးမင်းထင် တုန်လှုပ်ချောက်ချားစွာ ထပ်မေးမိခြင်း ဖြစ်သည်။

ဘယ်လိုမှ ထင်မှတ်မထားပါ။ တကယ့်ကို မထင်မှတ်ထားသော ကိစ္စအတွက် ဦးမင်းထင် အသက်ရှူဖို့ မေ့နေသလို ဒေါ်ထက်ထက် နိုင်လည်း မျက်လုံးတွေ ပြူးကာ ပါးစပ်အဟောင်းသား။

မျိုးဆက်သစ် ပင့်သက်ရှိုက်ရင်း တည်ငြိမ်အောင် ထိန်းသည်။

"ပြော ပြောစမ်းပါ မျိုးလေး မင်းတို့ ဘယ်လို ပတ်သက်သွား ခဲ့တာလဲ အန်ကယ်လေး လုံးဝ မထင်ဘူး၊ မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော်"





"ဒါ နောက်စရာမှ မဟုတ်တာဘဲ အန်ကယ်လေးရယ်၊ ကျွန်တော် ဆင့်ကို လက်ထပ်ပြီးပြီ၊ တရားရုံးမှာ လက်ထပ်ခဲ့တာ တစ်ပတ် ကျော်ပြီ"

"အို ဘုရား ဘုရား"

အန်တီနိုင် ရင်ဘတ်ကို လက်နှင့်ဖိရင်း အလန့်တကြား ရေရွတ် သည်။ ဦးမင်းထင်က ခေါင်းကို အကြိမ်ကြိမ် ခါရမ်းနေရင်းမှ

"မဖြစ်သင့်ဘူး ဘယ်လိုမှ မဖြစ်သင့်ဘူး မျိုးလေးရယ်၊ မင်း မေမေ သိရင် ဘာတွေဖြစ်နိုင်သလဲ မင်း စဉ်းစားသင့်တယ်"

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အန်ကယ်လေး၊ ဒါကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဆင့်ကို ကျွန်တော် လက်ထပ်ပြီးပြီ အန်ကယ် လေးတို့ကို ကြိုတင် သတိပေးထားတာပါ၊ မာမီ့ကိုတော့ ကျွန်တော် အသိပေးမှာပါ"

"မိုက်လိုက်တာ မျိုးလေးရာ၊ မင်းကို ငါတို့ ယုံထားခဲ့တယ်၊ မင်းမင်းထက် မင်းက လိမ္မာတယ်၊ မမ စကားကို နာခံတဲ့ သားလိမ္မာ တစ်ယောက်က ဒီလို လုပ်သွားမယ်လို့ အန်ကယ်လေး ဘယ်လိုမှ မထင် ဘူးကွာ"

"ဟုတ်တယ် မျိုးလေး ဒီကိစ္စကို မမသင်း သိရင်တော့ ပြဿနာတွေ တက်မှာ သေချာတယ်၊ မနေ့ကတောင် မမသင်းတို့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးတို့ ရောက်လာကြသေးတယ်''

အန်တီနိုင် စကားကို သူ ကြားသိပါသည်။ ဒယ်ဒီနှင့်မာမီတို့ အန်ကယ်လေးတို့ဆီ မနေ့က သွားကြသည်။ ကိုကြီးနှင့် ဆင့် အစ်မ ကိစ္စအတွက်ပဲ ဖြစ်သည်။

ဒယ်ဒီက မာမီကို ပြန်ရောက်ကတည်းက ကိုကြီးကိစ္စကို ဖျောင်းဖျ နားချနေခဲ့တာ သူ့အသိ။

နောက်ဆုံးတော့ မာမီ ဒယ်ဒီ့စကားကို လက်ခံလိုက်သည်။ ကိုကြီးကို အမွေပြတ် ဥပေက္ခာပြုထားခဲ့သော မာမီဘက်က တစ်ထစ် လျော့ချလိုက်တာ သူ အသိ။

''သား ဒယ်ဒီ ပြောတာ မှန်ပါတယ်၊ မင်းဆက်ကို မာမီ အရှုံးပေးလိုက်ပြီ သား၊ သူတို့ လင်မယားကို မာမီ ခွင့်လွှတ်ပေးလိုက်ပါပြီ၊ သားကြီး မာမီ့စကား နားမထောင်ပေမယ့် မာမီ့စကားကို နာခံတဲ့ သားငယ်အတွက် မာမီ ဂုဏ်ယူပါတယ်''

မာမီက သူ့ကို ကျေနပ်ဝမ်းသာစွာ ကြည့်ရင်း ဆိုနေခဲ့ချိန်မှာ သူ တကယ်ပဲ ဝမ်းနည်းခဲ့မိသည်။

မာမီ့ကို သူ ရက်စက်စွာ ဆန့်ကျင်ခဲ့ရတော့မှာကို မာမီ မသိရှာ သေးပါလား။ အခုအချိန်မှာ သူ ဖွင့်ပြောမိလျှင် မာမီ ဘယ်လောက်အထိ ဒေါသတွေ ပေါက်ကွဲနာကျင်သွားမည်လဲ။





''အခု မင်းမင်းကိစ္စ ပြေလည်မှုရမှ မင်းနဲ့ဝတ်ရည်ဆင့်ကိစ္စ ထပ်ဖြစ်ရင် မမရဲ့ အမုန်းက မင်းတို့ ညီအစ်ကိုနှစ်ယောက်စလုံး အပေါ်မှာ ကျရောက်မှာ သေချာတယ် မျိုးလေး''

သူ ထိတ်လန့်နေသော စကားကို အန်ကယ်လေးက ထပ်ပြီး သတိပေးပြောဆိုနေပြန်သည်။

''နေပါဦး မျိုးလေးရယ် မင်းစိတ်ကို အန်တီနိုင် သိတယ်၊ ဒီမှာ နေတုန်းကတောင် မင်းက တည်တည်ကြည်ကြည်နဲ့ ဝတ်ရည်ဆင့် လေးကို ညီမလေးလိုပဲ ခင်မင်ဆက်ဆံခဲ့တာပါ၊ အခုမှ ဘယ်လိုလုပ် ငြိတွယ်သွားရတာလဲ အန်တီနိုင့်ကို ပြောစမ်းပါ သားရယ်''

အန်တီနိုင် မေးသော မေးခွန်းအတွက် သူ အမှန်အတိုင်း မဖြေချင်ပါ။ ဝတ်ရည်ဆင့်ရဲ့ သိက္ခာနဲ့ဣန္ဒြေကိုတော့ မထိခိုက်စေချင်ပါ။

''ကျွန်တော်တို့ အပြင်မှာ ခဏ ခဏ ဆုံဖြစ်ကြရင်း သံယော ဇဉ် တွယ်သွားခဲ့တာပါ အန်တီနိုင်''

သူ့ရဲ့ မုသာဝါဒစကားကို အန်တီနိုင် ယုံကြည်သွားခဲ့သည်။ ဘယ်တုန်းကမှ မလိမ်ညာတတ်သော သူ့ကို အားလုံးက ယုံကြည်ဆဲ ရှိသည်။

''သားရယ် အန်တီနိုင် ဘာမှ မပြောတတ်တော့ဘူး၊ သား မာမီက ဘဝင်ခိုက်လေးနဲ့ မင်္ဂလာပွဲအတွက် သိပ်ကျေနပ် ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



နေတာ''

သူ့ရင်ထဲမှာ စူးစူးနစ်နစ် ဝေဒနာနှင့် အံကို တင်းခနဲ ကြိတ်မိသည်။ သူ့ကြောင့် အားလုံး စိတ်ဆင်းရဲရတော့မည့် အဖြစ်က ဘယ်လိုမှ ရှောင်လွှဲမရနိုင်တော့တာလည်း သိနေသည်။

အထူးသဖြင့် မာမီ့ကို သနားသည်။ ပြီးတော့ နိုက်။

နှလုံးသားမှာ အချစ်ဆိုတာ နိုက် အတွက်ပဲ မွေးဖွားရှင်သန်ခဲ့ပါသည်။ ဒါပေမဲ့ နိုက်ကို သူ စွန့်လွှတ်ရတော့မည်။

နိုက်ရဲ့ အမုန်းတရားတွေကိုလည်း သူ တစ်သက်လုံး ပိုင်ဆိုင်ရတော့မည်။

သည့်အတွက် ခွင့်လွှတ်ပါဟုလည်း နိုက်ကို သူ မတောင်းဆိုရက်ပါ။

ကိုယ့်ကို နာကြည်းစွာ မုန်းလိုက်ပါ နိုက်ရယ်။



## အခန်း (၃၆)

''မောင် ဘာဖြစ်နေတာလဲဟင်၊ မောင် နေမကောင်းဘူးလား''

စိုးရိမ်စွာမေးသော အမေးနှင့်အတူ နိုက် လက်ဝါးလေးက သူ့နဖူးပေါ် လာထိတွေ့သည်။

သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ နိုက် လက်ဖဝါးလေးကို သူ့လက်တွေနှင့် တင်းတင်းဆုပ်ကိုင်ရင်း ရင်ထဲက စကားတွေအတွက် အစဖော်ရ ခက်ခဲနေတာ အမှန်။

''မောင့်ကြည့်ရတာ အရမ်း နွမ်းနေတာပဲ၊ စာမေးပွဲနီးလို့ စာသင်ဝိုင်းတွေမှာ မောင် ပင်ပန်းနေတာမို့လား မောင်ရယ် ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ''

နိုက်ရဲ့ စေတနာ စကားတွေကြားတိုင်း ရင်ထဲမှာ ဆို့နစ်မှု



www.burmeseclassic.com

www.burmeseclassic.com



ပိုတိုးလာသည်။ အရင်ကဆို ခိုက်ရဲ့ စေတနာနှင့် ယှဉ်ယှဉ်ကြင်နာ တတ်သော အပြုအမူလေးတွေကို သူ ကြည်နူးဝမ်းသာရသည်။

အခုတော့ ရင်ခွင်သည် ပူလောင်ခြင်းတွေနှင့်သာ။

"ခိုက်"

"ဟင် ဘာပြောမလို့လဲ မောင်"

မော့ကြည့်သည့် ခိုက် မျက်နှာလေးက အပြစ်ကင်းစင်နေသော ရင်ထဲက စကားလုံးတွေ ဆွံ့အနေဆဲ။ ဒါပေမဲ့ ခိုက်ကို အချိန်အကြာကြီး သူ မညာရက်ပါ။

တစ်နေ့ကျရင် ခိုက် ခံစားရမည့်အတူတူ သူ ဖွင့်ဟ ပြောဆိုဖို့ ဆုံးဖြတ်ခဲ့သည်။ ထို့အတွက် ခိုက် တုံ့ပြန်သမျှ ခံယူဖို့ အသင့်။

"မောင် ဘာပြောမလို့လဲ ပြောလေ၊ ဒီနေ့ မောင် ဘာဖြစ်နေမှန်းကိုမသိဘူး။ ကဲ ပြော ခိုက် နားထောင်ပေးမယ်နော်"

သူ့ပခုံးစွန်းမှာ ခေါင်းလေးမှီကာ ခိုက် ဆိုသည်။

သူ အံကို တင်းခနဲကြိတ်ရင်း မျက်ဝန်းတွေကို တင်းတင်း မှိတ်လိုက်စဉ်မှာပဲ ခါးကြားက ဟန်းဖုန်းလေးက ထမြည်သည်။

"ဟော မောင် ဖုန်းလာနေတယ်"

ခိုက် ပခုံးစွန်းက မျက်နှာလေး ခွာကာ ပြောသည်။ သူ ဖုန်းကို ဖြုတ်ယူကြည့်လိုက်တော့ အိမ်က ဆက်နေတာ ဖြစ်၏။





"ဟဲလို မာမီလား သားပါ"

"သား ဒယ်ဒီပါ သား ကျူရှင်ဝိုင်းမှာပဲလား"

"မဟုတ်ပါဘူး ဒယ်ဒီ အပြင်မှာပါ၊ ဘာကိစ္စရှိလို့လဲဟင်"

"သား အိမ်ပြန်လို့ ရမယ်ဆို ပြန်ခဲ့ကွာ၊ ဒီမှာ သား မာမီ မူးလဲသွားလို့ အခုပဲ ဆရာဝန်ကြီးကို ပင့်ထားတယ်"

"ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့ ဒယ်ဒီ ကျွန်တော် အခုပဲ လာခဲ့မယ်"

သူ့ရင်ထဲမှာ ပူပန်စိုးရိမ်သွား၏။ သူ့ မျက်နှာအရိပ်ကို အကဲခတ်နေသော ခိုက်လည်း စိုးရိမ်မျက်ဝန်းတွေနှင့်

"ဘာ ဘာဖြစ်တာလဲ မောင်"

"မာမီ မူးလဲသွားလို့တဲ့ ခိုက်၊ အခု အိမ်မှာ ဆရာဝန်ကြီး ရောက်နေတယ်တဲ့"

"ဟင် ဟုတ်လား ခိုက်ပါ လိုက်ခဲ့မယ် မောင်"

သူ ခိုက် လက်ကို ဆွဲကာ ရပ်ထားသော ကားဆီ အပြေးလေး ထွက်ခဲ့တော့ သူ့နံဘေးမှာ ခိုက် အရိပ်လို ပါလာခဲ့သည်။

"ခိုက် မောင်းမယ် မောင်"

သူ စိတ်လှုပ်ရှားနေတာမို့ ခိုက်က ကားမောင်းခွင့် တောင်းကာ မောင်းသူနေရာမှာ ဝင်ထိုင်သည်။

သူ ခေါင်းပဲ ညိတ်ပြလိုက်မိ၏။ ခိုက် ကားလေးကို မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့တော့ သူ ကူရှင်မှာ မျက်ဝန်းတွေ မှိတ်ကာ ငြိမ်သက်နေလိုက်သည်။

မာမီ ဘာမှ မဖြစ်ပါစေနဲ့။

■ ■ ■

သူနှင့် ခိုက်တို့ ရောက်တော့ သတိပြန်ရနေသော မာမီက ခုတင်ပေါ်မှာ ပြုံးပြုံးရွှင်ရွှင် ထိုင်နေသည်။

''မာမီ''

''ဟော သား လာလေကွယ် သမီးလေးပါ ပါလာတာကိုး''

မာမီ့နံဘေးမှာ သူ ဝင်ထိုင်လိုက်မိသည်။ ဒယ်ဒီနှင့် ဆရာဝန်ကြီး ဦးမြတ်ထွန်းတို့က သူ့ကို ပေါ့ပေါ့ပါးပါး ပြုံးကြည့်နေတာမို့ စိုးရိမ်စိတ်တို့တော့ ပြေရ၏။

''မာမီ ဘာဖြစ်တာလဲ ဒယ်ဒီ''

''ညှော်ခန်းထဲမှာ သတင်းစာ ဖတ်နေရင်း ပြန်အထမှာ မူးလဲသွားတာ သားရဲ့''

''သိပ်တော့ စိုးရိမ်စရာ မရှိပါဘူးကွာ၊ ဆရာ စမ်းသပ်ကြည့်သလောက်တော့ Heart နည်းနည်း ရှိတယ်၊ ဆေးထိုးဆေးစားပြီး နားနားနေနေ နေလိုက်ရင် သက်သာမှာပါ''

နှလုံးရောဂါဆိုသော ဆရာဝန်ကြီး စကားကြောင့် သူ့ရင်ထဲ





ထိတ်ခနဲတော့ ဖြစ်သည်။

''ဒီရက်ပိုင်းမှာ မင်းမာမီက အလုပ်တွေရှုပ်၊ စိတ်ပမ်းလူပမ်း ဖြစ်သွားတာလည်းပါတယ် သား၊ မင်း ကိုကြီးတို့ ရောက်လာရင် နေထိုင်ဖို့ ကိစ္စတွေ အလုပ်ကိစ္စတွေ လိုက်စီစဉ်နေတယ်၊ ပြီးတော့ မင်းတို့ရဲ့ မင်္ဂလာပွဲကိစ္စလည်း ရှိသေးတာကိုး''

ဒယ်ဒီက ပြောတော့ မာမီ ကျေကျေနပ်နပ် ပြုံးသည်။

''သား နှစ်ယောက်အတွက် သင်း စိတ်ပင်ပန်းသွားတာလည်း ပါတယ်၊ ဒါပေမဲ့ အားလုံး ပြီးပြတ်နေပါပြီ၊ ဆရာကြီး ပြော သလို ကျွန်မ ဂရုစိုက်ရင် သက်သာသွားမှာပါ''

''မေမေရယ် ကျန်းမာရေးကိုတော့ ဂရုစိုက်ပါနော်''

ခိုက်က မာမီ့လက်ဖဝါးလေးကို ဆုပ်ကိုင်ထားရင်း စိုးရိမ်သလို လေး ပြောတော့ မာမီ ခိုက် ပခုံးလေးကို အသာဖက်ရင်း

''သမီးရယ် စိတ်ချပါကွယ်၊ သားနဲ့သမီးကိစ္စ စိတ်အေးရပြီဆိုတော့ မာမီ ဝမ်းသာကျေနပ်တယ်၊ သားကြီးလည်း ပြန်ရောက်တော့မှာဆိုတော့ မာမီ နေကောင်းသွားမှာပါကွယ်''

မာမီနှင့်ခိုက် ကြည်နူး အပြုံးလေးတွေနှင့် ရှိနေချိန်မှာ သူကတော့ မာမီတို့ကို မျက်နှာချင်း မဆိုင်ရဲပါ။

ပျော်ရွှင်စရာ ဘဝလေးကို ဖျက်ဆီးရမည့်သူက သူကိုယ်တိုင်၊



www.burmeseclassic.com

www.burmeseclassic.com



မာမီရဲ့ ကျန်းမာရေး အခြေအနေကိုပါ သူ ဥပေက္ခာပြု ထားရတော့မည့် အဖြစ်က

သားကို ခွင့်လွှတ်ပေးပါတော့ မာမီရယ်။

■ ■ ■



## အခန်း (၃၇)

"မောင် မောင်နော် နိုက်ကို ဒီလို မနောက်ပါနဲ့"

နိုက် သူ့ကို မယုံမရဲ စိုက်ကြည့်ရင်း ပြောနေတော့ သူ့ရင်ထဲမှာ နင့်ခနဲ ခံစားရသည်။

"မောင် တခြားနည်းနဲ့ နောက်ချင်နောက် ဒါမျိုးတော့ မနောက်ပါနဲ့၊ နိုက် မောင့်ကို သိပ်ချစ်တယ် သိလား"

သူ့ ပခုံးမှာ မှီနွဲ့ရင်း နိုက် ဆိုသော စကား ရင်ထဲထိ စိမ့်ဝင်ပေမယ့် အက်ဆစ်တွေလို သူ မခံစားနိုင်ပါ။

"နိုက် မောင် အဲ ကိုယ် နောက်နေတာ မဟုတ်ဘူး"

"ဟင်!"

နိုက် ကိုယ်လေး ဆတ်ခနဲ ဖြစ်ကာ သူ့ကို အထိတ်တလန့် မျက်ဝန်းတွေနှင့် မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မောင် တကယ်ပြောတာ"

"ဟုတ်တယ် နိုက် ကိုယ် နိုက်ကို ဖွင့်ဟပြောဖို့ ကြိုးစားခဲ့တာ ကြာပါပြီ၊ ကိုယ် ဝတ်ရည်ဆင့်ကို လက်ထပ်ပြီးခဲ့ပြီ"

"ဟင်"

နိုက် နှုတ်ခမ်းလေးတွေ တဆတ်ဆတ် တုန်ယင်လျက် သူ့ကိုငေးကြည့်နေသော မျက်ဝန်းလေးတွေ ချက်ချင်း စိုလဲ့သွားခဲ့၏။

"ကိုယ့်ကို ခွင့်လွှတ်ပါလို့ မတောင်းပန်ချင်ပါဘူး နိုက်ရယ်၊ ကိုယ် ကိုယ်လေ"

သူ့ အသံလှိုင်းတွေလည်း ဆို့နစ်ကြေကွဲစွာ တိမ်ဝင်သွားခဲ့သည်။

"ဟင့်အင်း မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ နိုက် မယုံဘူး မောင်၊ မောင် နိုက်ကို ကြည်စားနေတာ မဟုတ်လား ဟင် မောင်"

"ပြီးခဲ့တဲ့ နှစ်ပတ်ကျော်ကပဲ ကိုယ်နဲ့ဝတ်ရည်ဆင့်တို့ တရားရုံးမှာ လက်ထပ်ပြီးခဲ့ပြီ နိုက်ရယ်"

"အို"

"နိုက် ဒီအတွက် မောင့်ကို နာကြည်းမုန်းတီးစမ်းပါ၊ နိုက် ကိုယ့်ကို ရက်ရက်စက်စက် တုံ့ပြန်လိုက်စမ်းပါ"

နိုက် လက်တွေကို ဆွဲယူပြီး သူ ရိုက်နှက်ထုရိုက်ခိုင်းပေမယ့် နိုက် လက်တွေကို ရုန်းကန်သိမ်းဆည်းသွားခဲ့သည်။





သူ ခေါင်းကို မော့ကာ နိုက် မျက်နှာလေးကို စိုက်ကြည့်မိ၏။ မယုံနိုင်သော မျက်ဝန်းတွေနှင့် နိုက် သူ့ကို ပြန်ကြည့်နေသည်။

နိုက် မျက်ဝန်းတွေထဲမှာ သူ မြင်နေရတာ နားလည်ခြင်းတွေ၊ မုန်းတီးခြင်းတွေမရှိ။ မျက်ရည်စတွေနှင့် နိုက် ခေါင်းကိုသာ ခါရမ်းနေခဲ့သည်။

"ဟင့်အင်း နိုက် မယုံနိုင်ဘူး မောင်၊ မောင့်မျက်ဝန်းတွေထဲမှာ နိုက်ကို ချစ်တဲ့ အချစ်တွေ ရှိနေဆဲပဲ မောင်"

"နိုက်ရယ်"

သူ ခေါင်းကိုငုံ့ကာ နိုက် မျက်ဝန်းအကြည့်တွေကို ရှောင်တိမ်းမိသည်။ ယောကျ်ားတန်မဲ့ စီးကျလာသော မျက်ရည်တွေကို လည်း မတားချင်တော့ပါ။

"ပြော ပြောစမ်းပါ မောင်၊ နိုက်ကို အမှန်အတိုင်း ပြောစမ်းပါ မောင် သူ့ကို ဘာကြောင့် လက်ထပ်ခဲ့ရတာလဲ၊ ဒါ တစ်စုံတစ်ခုသော အကြောင်းကြောင့်ဆိုတာ နိုက် သိနေတယ်၊ နိုက်ကို အမှန်အတိုင်း ပြောစမ်းပါ မောင်ရယ်"

"ဟင့်အင်း ဒါတွေကို မမေးပါနဲ့ နိုက်ရယ်၊ မင်း တုံ့ပြန်သင့်တာ ကိုယ့်ကို ရက်စက်ပစ်ဖို့၊ ပြီးတော့ နာကြည်းစွာ မုန်းတီး လိုက်ဖို့ပါ"

သူ့ တောင်းဆိုမှုကို နိုက် သွက်သွက်ခါအောင် ခေါင်းခွေ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းသည်။ ပြီးမှ သူ့လက်မောင်းတွေကို ဆုပ်ကိုင်ရင်း

"မောင် ခိုက် မျက်နှာကို မော့ကြည့်စမ်းပါ"

ဒီတစ်ခါတော့ ခိုက်ရဲ့ တောင်းဆိုမှုတွေကို သူ ဥပေက္ခာ မပြုရက်တော့ပါ။ ခိုက် မျက်နှာကို သူ မော့ကြည့်မိ၏။

မျက်ရည်စတွေကြားက ခိုက် မျက်ဝန်းတွေ စူးရှ တောက်ပ နေခဲ့သည်။ သူ့မျက်ဝန်းတွေမှာလည်း စိုလဲ့နေမှာ သေချာသည်။

"မောင် ခိုက်ကို အမှန်အတိုင်း ပြောစမ်းပါ၊ ဝတ်ရည်ဆင့်ကို မောင် ဘာကြောင့် လက်ထပ်ခဲ့တာလဲဟင်"

ခိုက် ထပ်မေးပေမယ့် သူ နှုတ်ဆိတ်ထားမိဆဲ။ ခိုက် နာကြည်း မုန်းတီးချင် မုန်းတီးပါစေတော့။ သူ့ကြောင့်တော့ ဆင့် သိက္ခာတွေကို မထိခိုက်စေချင်ပါ။

"မောင် မပြောဘူးပေါ့၊ ဒါဆို ခိုက် ပြောမယ် မောင်၊ မောင့်ကို ခိုက် သိပ်ချစ်ခဲ့တာ မောင် ယုံသလားဟင်"

"ခိုက်ရယ်"

သူ မျှော်လင့်ထားမိတာက ခိုက်ရဲ့ ရက်စက်စွာ တုံ့ပြန်မှုတွေ၊ ဒါပေမဲ့ ခိုက်ဆီက ပိုင်ဆိုင်ရရှိနေတာတွေက သူ့ရင်ကို မွှန်းကြပ်နာကျင် အောင် ခံစားစေသော ခံစားမှုတွေ။

"မောင့်ကို ခိုက် ဘယ်တော့မှ မုန်းလို့ရမှာ မဟုတ်ဘူး မောင်"





"ခိုက်ရယ် မောင့်ကို ခိုက် မုန်းလိုက်စမ်းပါ မောင် မောင့်ကို နာကြည်းပစ်လိုက်စမ်းပါ ခိုက်ရယ်"

ခိုက် မျက်ရည်စတွေကို ပွတ်သုတ်သည်။ ပြီးတော့ သူ့ကို စူးစူးနစ်နစ် ကြည့်ကာ ပြုံးပြုံးလေး ခေါင်းခါ၏။

"ဟင့်အင်း မောင့်ကို ချစ်မိသွားကတည်းက ခိုက်ရဲ့ မာနတွေ အားလုံးကို စတေးပစ်ခဲ့တာပါ၊ မောင် မုန်းသွားခဲ့ရင်တော့ ခိုက် အချစ်က ဆက်ရှင်သန်နေမှာ၊ ဒါကြောင့် မောင့် တောင်းဆိုချက်တွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး မောင်"

"ခိုက်ရယ် မောင် အရမ်း ခံစားရပါတယ်"

"မောင် ဘာဖြစ်ချင်တာလဲ ခိုက်ကို ပြောပါ၊ မောင်နဲ့ အဝေးဆုံးကို ထွက်သွားစေချင်တာလား၊ မောင့်ကို စွန့်လွှတ်စေချင်တာ လား၊ အားလုံးကို ခိုက် ကြည်ဖြူစွာ လက်ခံမှာပါ၊ ဒါပေမဲ့ ခိုက် နှလုံးသားကိုတော့ မောင် အမုန်းတွေ ဖွတ်အတင်း မပေးပါနဲ့နော်"

သူ့ရင်ခွင်ထဲမှာ မှီကျလာသော ခိုက်ကို သူ မြတ်နိုးစုံမက်စွာပဲ ပွေ့ဖက်ထားမိသည်။

"ခိုက်ရယ် မောင် မောင် မတောင်းဆိုရက်ပါဘူး၊ ဒါပေမဲ့ မောင် ဝန်ခံပါတယ်၊ ဆင့်ကို မောင် ဘာကြောင့် လက်ထပ်ခဲ့ရသလဲ ဆိုတာ မောင် ပြောပြပါ့မယ်၊ ဆင့်ကို အပြစ်တစ်ခုအဖြစ် ခိုက် မမြင်ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မှားယွင်းခဲ့သူက မောင်ပါကွာ''

သူ့ရင်ထဲမှာ မွန်းကြပ်နေသော ခံစားမှုတွေအတွက် နိုက်ကို သူ ရိုးသားစွာပဲ ဖွင်ဟ ဝန်ခံမိသည်။

သူ့စကားတွေကို နိုက် မျက်ရည်စတွေကြားက ငြိမ်သက် တိတ်ဆိတ်စွာ နားထောင်နေခဲ့သည်။

''ဖြစ်ခဲ့သမျှကို မောင် တစ်ခုမှ မမှတ်မိခဲ့ဘူး နိုက်၊ ဒါပေမဲ့ မောင့်မှာ တာဝန်ရှိတယ်၊ ဆင့်ကို မောင့်ညီမလေးတစ်ယောက်လို သံယောဇဉ် ရှိတယ်၊ မောင့်ကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ သူ ဒုက္ခရောက်မှာ မမြင်ချင်ဘူး၊ အထူးသဖြင့် ဆင့်ရဲ့ ဝမ်းထဲက ရင်သွေးလေး အတွက် မောင် မောင့်ကို နားလည်ပါတော့ နိုက်ရယ်''

သူ့စကားသံတွေ တိမ်ဝင်ပြီး ခေါင်းငိုက်စိုက်ကျသွားခဲ့တော့ နိုက် လက်ဖဝါးတွေက သူ့ ပခုံးကို ညင်သာစွာဆုပ်ကိုင်လာ၏။

''မောင်ရယ် မောင့်ကို နိုက် မမုန်းဘူး၊ မောင့်ရဲ့ သိက္ခာနဲ့ မောင့်ရဲ့ ကိုယ်ကျင့်တရားကို နိုက် လေးစားကြည်ညိုပါတယ် မောင်ရယ်''

''နိုက်ရယ်''

သူ့အပေါ် နားလည်နိုင်သော နိုက်ကို သူ့ရင်ခွင်ထဲမှာ တင်း တင်း ပွေ့ဖက်ထားမိသည်။

မိနစ်ပေါင်းများစွာ တိတ်ဆိတ်ခြင်းဖြင့် သူတို့ ငြိမ်သက်





နေခဲ့ကြပြီးမှ နိုက် လွှန့်ခနဲ ရုန်းထွက်သွားခဲ့၏။

''မောင် မောင့် ဆုံးဖြတ်ချက်ကို နိုက် လက်ခံပါတယ်၊ နိုက်လေ မောင့်ကို နားလည်ပါတယ်၊ ဝတ်ရည်ဆင့်နဲ့မောင်တို့ ဘဝလေး ငြိမ်းချမ်း ပါစေလို့ နိုက် ဆုတောင်းပေးနေမှာပါ''

နိုက် ရင်ထဲက လေးနက်တည်ကြည်သော စကားတွေဆိုတာ သူ အကြွင်းမဲ့ ယုံကြည်ပါသည်။

''မောင့်ကို နိုက် နားလည်ပေးနိုင်ပေမယ့် မာမီကတော့ မုန်းတီး သွားခဲ့မှာ သေချာတယ် နိုက်၊ မာမီ့ကို ကိုယ် ရက်စက်စွာ ဥပေက္ခာ ပြုရတော့မှာလေ''

သူ ဆိုတော့ နိုက် မျက်ဝန်းလေးတွေ နားလည်စွာ ငေးရီ သွားခဲ့၏။ မာမီ့ရဲ့ ခံစားချက်တွေကို နိုက် နားလည် စာနာနိုင်ပါလိမ့် မည်။

''မောင် နိုက် တစ်ခု အကြံပေးချင်တယ်''

''ဘာကိုလဲဟင် နိုက်''

''မောင် ဒီလို လုပ်သွားခဲ့ရင် မောင့် မာမီ အတော် ခံစားရမှာ သေချာတယ်၊ ပြီးတော့ မောင့်မာမီမှာ နှလုံးရောဂါ ရှိနေတယ်လေ''

နိုက် စကားကြောင့် သူ ရင်မောသွား၏။ ဒါကို သူလည်း တွက်ဆပြီးခဲ့ပြီ။ ဒါပေမဲ့ သူ့မှာ ရွေးစရာလမ်း မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဒီအတိုင်း ဆက်နေပါ မောင့်မာမီကို စွန့်ခွာထွက်မသွားပါနဲ့"

"ဘယ်လို နိုက် မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ် မောင် နိုက် ထွက်သွားပေးပါ့မယ်"

"ဘာရယ် နိုက်"

"ဟုတ်တယ် မောင် ထွက်သွားလို့ မဖြစ်ဘူး၊ မောင် ထွက်သွားရင် မောင့်မာမီ ကျန်းမာရေးအတွက် ထိခိုက်သွားနိုင်တယ်"

"နိုက်ရယ် နိုက် ထွက်သွားခဲ့ရင် နိုက် မေမေလည်း"

"နိုက်ကို မေမေ မုန်းတီးစိတ်ဆိုးရင် ခဏပေါ့၊ နိုက်ကို မေမေ လက်ခံမှာပါ၊ အရေးကြီးတာ မောင့်ဘက်က စပြီး လုပ်သွားခဲ့ တာဆိုရင် မောင့်မာမီ ခံစားရမှာ သေချာတယ်၊ နိုက်ကိုဆိုရင်တော့ မောင့်ကို မောင့်မာမီ အပြစ်မမြင်တော့ပါဘူး၊ မောင့်ကိုကိုလည်း မောင်တို့အိမ် ပြန်ရောက် အဆင်ပြေပြီဆိုတော့ တဖြည်းဖြည်း မောင်တို့ကိစ္စကို ညှိနှိုင်းနိုင်မှာပါ"

နိုက် တည်ငြိမ်စွာနှင့် ပြောနေခဲ့သည်။ သူ့ရင်ထဲ ခံစားရသည့် ဝေဒနာတွေက တငွေ့ငွေ့ ကျွမ်းလောင်ဆဲ။

နိုက်ရဲ့ နှလုံးသားလေးက သူ ထင်ထားသည့်ထက်တောင် လှပဖြူစင်နေခဲ့သည်လား။





နိုက်ရယ် မောင့်အပေါ်မှာ နိုက် တကယ်ပဲ မြတ်နိုးဖြူစင်ခဲ့တာကို မောင် နားလည်လိုက်ပါပြီ။

မောင့်နှလုံးသားမှာ နိုက် အမြဲတမ်း ရှိနေမှာပါ နိုက်ရယ်၊

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

အပြင်ဘက်က အဆက်မပြတ် ဖိနှိပ်ထားသော ဘဲလ် ခလုတ်လေးကြောင့် ဆင့် ရေချိုးခန်းထဲက ကသောကမျော ထွက်ခဲ့သည်။

"လာပြီး လာပြီ ခဏလေး"

နွတ်က အော်ရင်း အခန်းထဲ ပြေးဝင်ကာ ညဝတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်ရသည်။ ဆင့် အော်သံကို မကြားတာလား မသိ။ လူခေါ်ဘဲလ်သံလေးက မြည်နေဆဲ။

ဆင့် တံခါးကို အလျင်အမြန် ဖွင့်ပေးလိုက်၏။

"ဟင် ကိုကို"

ခေါင်းငိုက်စိုက်နှင့် ဘဲလ်ခလုတ်မှာ လက်ထောက်မှီထားသော မျိုးဆက်သစ် ခေါင်းကို မော့ကြည့်၏။

"အေ့"





လေချဉ်တစ်ချက် အတက်မှာ စူးစူးဝါးဝါး အရက်နံ့က ထောင်းခနဲ လွင့်ပျံ့လာ၏။

"ဟင် ကိုကို အရက်တွေ သောက်လာတယ်"

"ဟုတ်တယ် ငါ ငါ"

စကားတောင် မဆုံးနိုင်ဘဲ မျိုးဆက်သစ် တအိအိ ဒူးညွတ်ခွေကျသွားခဲ့၏။

ဆင့် တံခါးကို ကပျာကသီဖွင့်ကာ မျိုးဆက်သစ် ခန္ဓာကိုယ်ကြီးကို တွဲထူလိုက်ရသည်။

ခေါင်းငိုက်စိုက်နှင့် မျိုးဆက်သစ် မတ်မတ်တောင် မရပ်နိုင်တော့ပါ။ ဆင့် မနိုင်မနင်း ဆွဲခေါ်လာသည့်အတိုင်း ဒရွတ်တိုက်ကြီးပါလာသည်။ ဆင့် ဆိုဖာထိုင်ခုံပေါ်အထိ ဆွဲတင်ပေးရ၏။

မျိုးဆက်သစ် ပါးစပ်က ဗလုံးဗထွေး ဘာတွေ ပြောနေခဲ့သည် မသိပါ။ ဆင့် အခန်းထဲ ပြေးဝင်ကာ သဘက်တစ်ထည်မှာ ရေဆွတ်ပြီး ယူခဲ့သည်။

ပြီးတော့ ဆိုဖာမှာ လဲကျနေသော မျိုးဆက်သစ် မျက်နှာကို ရေပတ်တိုက် သန့်စင်ပေးမိ၏။

"ကို ကိုကို ကိုကို"

"အင်း ဘယ်တူရဲ နိုက် အချစ် အေ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့နှုတ်က စကားသံကြောင့် ဆင့် တွန့်ခနဲ ဖြစ်သွားခဲ့သည်။ မျိုးဆက်သစ်ကတော့ မျက်ဝန်းတွေ မှိတ်ထားဆဲမှ ပြောချင်တာတွေကိုပဲ ရေရွတ်နေ၏။

"ခိုက် အချစ်ရယ် မင်းရဲ့ ဖြူစင်တဲ့ နှလုံးသားကို မောင် ချစ်ဒယ် သိပ်ချစ်တယ် အေ့ အေ့ ဝေါ့"

ပြောပြီး မျိုးဆက်သစ် ဝေါ့ခနဲ ထိုးအန်လိုက်တာမို့ ဆင့် ပျာယာခတ်သွားရပြန်သည်။

ပေကျံညစ်ထေးကုန်သော အင်္ကျီတွေ ဆွဲချွတ်ကာ ရေစိုဝတ်နှင့် သုတ်ပေးသည်။ ပြီးတော့ ရှပ်အင်္ကျီတစ်ထည် ပြေးယူကာ ဝတ်ပေးမိသည်။

ခေါင်းမထောင်နိုင်အောင် မူးနေသော မျိုးဆက်သစ် ပုံစံက ဟိုတစ်ည ဆင့် တွေ့စဉ်ကထက်တောင် ဆိုးရွားနေခဲ့၏။

မီးဖိုထဲ ပြေးဝင်ကာ သံပုရာရည် တစ်ခွက် ဆင့် ဖျော်သည်။ ပြီးတော့မှ မျိုးဆက်သစ်ကို တိုက်သည်။

"ကိုကို သံပုရာရည်လေး သောက်နော်"

"ဘယ်တူရဲ ခိုက် အချစ်လား"

"အင်း ခိုက် ခိုက်ပါ သောက်လိုက်နော်"

ဆင့် အလိုက်အထိုက် ပြောရင်း သံပုရာရည်ကို ဖွန်းနှင့်





ခတ်ကာ တိုက်သည်။ မျိုးဆက်သစ် မျက်ဝန်းတွေ မဖွင့်နိုင်ဘဲ တစ်ဖွန်း ပြီး တစ်ဖွန်း သောက်သည်။

နောက်တော့ ထိုင်ခုံမှာ ခေါင်းလှန်လှဲကာ အိပ်ပျော်သွားခဲ့ သည်။ ဆင့် ဒူးကလေး ထောက်ထိုင်ရင်း ကိုကို့ကို ငေးကြည့်နေမိ၏။

အရင်ရက်တွေက နေ့စဉ် ဆင့်ဆီကို ကိုကို လာပါသည်။

လာတိုင်းလည်း ဆင့်အတွက် စားစရာတွေကို ကိုကို ဝယ်လာ ပေးသည်။ ဆင့်ကိုလည်း အရိပ်လို ကြည့်ကာ နေကောင်းလားဟု အခါခါ မေးတတ်သည်။

စကားတွေ ပြောပြီး ဆင့်ကို နှုတ်ဆက်ကာ ကိုကို ပြန်သွားပြီး တိုင်း ဆင့် ကြည်နူးစွာ ကျန်ရစ်ခဲ့စမြဲ။

ကိုကို့ရဲ့ ယုယကြင်နာမှုတွေကို ဆင့် မပိုင်ဆိုင်ရပေမယ့် ကိုကို့ရဲ့ အယုအယ စကားတွေနှင့် ဆင့် ကျေနပ်ခဲ့ရပါသည်။

တစ်နေ့နေ့မှာ ကိုကို့ရဲ့ ယုယ ကြင်နာမှုတွေကို ဆင့် ပိုင်ဆိုင် ရမည်ဟု ယုံထားခဲ့၏။ အခုတော့ ကိုကို ဘာကြောင့် ဒီလောက်အထိ မူးလာခဲ့တာလဲ မသိ။

ဘဝင်ခိုက် အမည်ကို တတွတ်တွတ် ရေရွတ်ရင်း အိပ်ပျော် သွားသော ကိုကို့အနားမှာ ငုတ်တုတ်လေး စောင့်ရင်း ဆင့် ဘယ်အချိန် အိပ်ပျော်သွားသည် မသိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



''ဆင့် ဆင့်''

ပခုံးကို ကိုင်လှုပ်နိုးသော မျိုးဆက်ကြောင့် ဆင့် ဖျတ်ခနဲ လန့်နိုး၏။

''ဟင် ကိုကို''

''ဆင့် ဘာလို့ ဒီမှာ အိပ်နေတာလဲ''

''ဟို ကိုကို့ကို စောင့်ကြည့်နေရင်း အိပ်ပျော်သွားတာပါ''

မင်းဆက် အမူးပြေသွားဟန် ရှိသည်။ နာရီကို ငုံ့ကြည့်ရင်း

''သန်းခေါင်တောင် ကျော်နေပြီ၊ ဆင့် သွားအိပ်တော့ ကိုယ် ဒီမှာပဲ ရှိမယ်''

''ကိုကိုနဲ့အတူ ဆင့် ထိုင်နေမှာပါ၊ ဆင့် မအိပ်ချင်ဘူး''

ဆင့် စကားကြောင့် မျိုးဆက် ငေးငေးလေး ကြည့်သည်။ ပြီးမှ ပင့်သက်ကြီး ရှိုက်ရင်း

''ကိုယ်က တကယ် အသုံးမကျတဲ့ကောင်ပါ၊ အားလုံးကို ဒုက္ခတွေ ပေးနေမိသူပါ''

''ဟင့်အင်း မဟုတ်ပါဘူး ကိုကို''

''ဟုတ်တယ် ဆင့် မင်း မသိပါဘူး၊ ကိုယ်က ဒုက္ခအိုးကောင်ပါ၊ ကိုယ့်ကြောင့် မာမီလည်း စိတ်ဆင်းရဲရမှာ၊ မာမီရဲ့ ဝေဒနာကြောင့် အသက်ကိုတောင် ထိခိုက်နိုင်တယ်၊ ဒါကို သိတဲ့ နိုက်က ကိုယ်နဲ့ဆင့်





ကိစ္စကို ခွင့်လွှတ်တယ်၊ မာမီ့အရိပ်က ကိုယ် ထွက်မသွားပါနဲ့တဲ့၊ သူပဲ ထွက်သွားပေးမယ်တဲ့''

''ဟင်''

''ဟုတ်တယ် ကိုယ့်ကြောင့် မာမီ တစ်ခုခု မထိခိုက်စေချင်ဘူး တဲ့၊ သူ့မိဘတွေရဲ့ အမုန်းကို သူ ခံယူပြီး သူ ကိုယ်တို့ကို ကူညီမယ်တဲ့၊ နိုက်ရဲ့ ဖြူစင်တဲ့ နှလုံးသားကို ရက်စက်ခဲ့တဲ့ကောင်က ကိုယ် ကိုယ် မကောင်းတဲ့ကောင်ပါကွာ''

သူ နာကြည်းခံစားစွာ ရေရွတ်နေတော့ ဆင့် သူ့ကို ငေးကြည့် ရင်း မျက်ရည်တွေ ဝဲလာ၏။

''ကိုကိုရယ် ကိုကို အရမ်း ခံစားနေရသလားဟင်''

''နိုက်ကသာ ကိုယ့်ကို မုန်းတီးစွာ စွန့်လွှတ်သွားရင် ကိုယ် ဒီလောက် ခံစားရမှာ မဟုတ်ဘူး ဆင့်၊ အခုတော့ကွာ''

ဝဲတက်လာသော မျက်ရည်စတွေကို သူ အသက်ပြင်းပြင်း ရှူကာ ရှိုက်သိမ်းမိ၏။

ဆင့်ကို မော့ကြည့်တော့ မျက်ရည်တွေ စီးကျနေ၏။

''ဆင့် မင်း ငိုနေတာလား ဆောရီး မင်းကိုလည်း စိတ်ဆင်းရဲ အောင် ကိုယ် လုပ်မိနေပြီ ထင်တယ်''

''ကိုကိုရယ် ဆင့်လေ ဆင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မပြောနဲ့တော့ ဆင့် မင်းကို စိတ်မဆင်းရဲအောင် ကိုယ် ဂရုစိုက်မှာပါ၊ ဒီနေ့တော့ ကိုယ့်ကို ခွင့်လွှတ်ပါ၊ နိုက်အတွက် ကိုယ် ခံစားရလွန်းလို့ပါ"

"ဆင့် နားလည်ပါတယ် ကိုကို၊ ကိုကို အိပ်လိုက်တော့နော် ဆင့်လည်း အိပ်တော့မယ်"

သူ့ကို နှုတ်ဆက်ပြီး ဆင့် ထွက်သွားခဲ့သည်။ အိပ်ခန်းထဲမှာ ဆင့် ရှိုက်ငိုနေဦးမည်လား။

သူ စိတ်မကောင်းပါ။ ရင်ထဲမှာ ပူလောင်နေသော ဝေဒနာတွေက ဆင့်ကိုလည်း ကူးစက်စေသည်။

နိုက်ကိုလည်း သူ ရက်စက်သလို ဖြစ်ခဲ့ပြီ။

မျိုးဆက်သစ် ဆိုတဲ့ကောင်က မိုက်မဲတဲ့ ကောင်တစ်ယောက် အဖြစ် ရှိခဲ့ပါပြီ။

■ ■ ■

သူ နိုးတော့ ပြတင်းတံခါးက နေရောင်ခြည်တို့ပင် ထိုးဖောက်ဖြာကျနေပြီ။

ကသောကမျော လူးလဲထရင်း နာရီကို ကြည့်တော့ ကိုးနာရီ ထိုးနေခဲ့ပြီ။

ဆင့် မနိုးသေးတာလား မသိ။ သူ့ခန္ဓာကိုယ်ပေါ်မှာ ခြုံစောင်





လွှမ်းပေးခဲ့တာ ဆင့်ပဲ ဖြစ်မည်။

"ဟင်"

စားပွဲပေါ်မှာ စာခေါက်လေး တစ်စောင်ကို သူ့ဟန်းဖုန်းနှင့် ဖိထားသည်။ ဆင့် အပြင်ထွက်သွားတာလား။

သူ စာလေးကို ဖွင့်ဖတ်လိုက်တော့

ကိုကို

အရင်ဆုံး ဆင့် ကိုကို့ကို တောင်းပန်ပါတယ်။ ကိုကို့အပေါ် လိမ်ညာပြီး ပိုင်ဆိုင်ဖို့ ကြိုးစားမိတဲ့အတွက်ပါ။ အခုတော့ ဆင့် ကိုကို့ကို သနားတယ်။ မမနိုက်ကိုလည်း စာနာသွားမိပါတယ်။

ဆင့် ရှင်းပြမယ် ကိုကို

ဆင့် မမအပေါ် အထင်သေးတဲ့ ကိုကို့မာမီကို စိတ်နာလို့ ဆင့် ကိုကိုနဲ့ နီးစပ်အောင် ကြိုးစားခဲ့တယ်။ ကံကောင်းစွာနဲ့ ကိုကို အရက်တွေ မူးပြီး ကားပျက်တဲ့ညက ဆင့် တိုက်ခန်းလေးအထိ တမင် ခေါ်ခဲ့တာပါ။

ဒါပေမဲ့ ကိုကိုနဲ့ဆင့် ဘာမှ မငြိတွယ်ခဲ့ပါဘူး။ မနက်မိုးလင်းမှ ကိုကို မနိုးခင် ကိုကို့နံဘေးမှာ ဆင့် ဝင်အိပ်ဟန်ဆောင်ခဲ့တာပါ။

"ဟင်"

သူ ခေါင်းတွေ ကြီးသွားမိ၏။ ဆင့် သူ့ကို လိမ်ညာခဲ့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဒါဆို

သူ ထိတ်လန့်စွာနှင့် စာလေးကို ဆက်ဖတ်မိ၏။

"ဆင့် ထင်မှတ်ထားတာထက်တောင် ကိုကိုက သိက္ခာတရားကြီးမြတ်ခဲ့သူပါ၊ အမှန် ဝန်ခံရရင် ဆင့်လေ ကိုကို့ကို လေးစားချစ်သွားခဲ့ပါတယ်၊ ဒါပေမဲ့ ကိုကို ခံစားနေရတာတွေ မမနိုက်ရဲ့ ကိုကို့အပေါ်ထားတဲ့ ချစ်ခြင်းတွေက ဆင့်ကို အံ့ဩတုန်လှုပ်စေခဲ့တာ ဝန်ခံပါတယ် ကိုကို။

ဆင့် ဆုံးဖြတ်လိုက်ပါပြီ ကိုကို၊ ဆင့်ကြောင့် ကိုကို တစ်သက်လုံး စိတ်မဆင်းရဲစေရပါဘူး။ မမနိုက်ကို ကိုကို ဘယ်လောက် ချစ်သလဲ ဆင့် သိခဲ့ပါပြီ။ ကိုကိုနဲ့ မမနိုက်တို့ ပျော်နိုင်ပါစေ။

ဆင့်တို့ရဲ့ လက်ထပ်စာချုပ်တွေကို ဆင့် စုတ်ဖြဲပြီးပြီ ကိုကို။ မမနိုက်နဲ့ ကိုကို မဝေးစေချင်ပါဘူး။ ဆင့် အမှားတွေအတွက် ဒီစာလေးကို ပြုပြီး မမနိုက်ကို ကိုကို တောင်းပန်ပေးပါ။

ဆင့်ကို ညီမလေးတစ်ယောက်လို သံယောဇဉ် ဆက်ထားပေးပါ ကိုကိုရယ်။

ဆင့်

သူ ကသောကမျော ထရပ်လိုက်မိသည်။ အဖြေတွေက ရှင်းနေပြီ။ ဆင့် တကယ်ပဲ ဝန်ခံနားလည်သွားခဲ့တာပေါ့။





အဖြူရောင် နှလုံးသားလေးကိုတော့ သူ ကျေးဇူးတင်ပါသည်။ နိုက် ဒီအကြောင်းတွေကို နိုက် သိရင် ဝမ်းသာမှာ သေချာ၏။

သူ ဖုန်းလေးကို ကောက်ကိုင်ကာ နိုက်တို့အိမ်ကို လှမ်းဆက်ကြည့်သည်။

ဖုန်းလာကိုင်သူက နိုက် မေမေ အန်တီ ထိပ်တင်စန်း။

"အန်တီ နိုက်ကောဟင်"

"ဟင် သမီးလေး အခုပဲ အဝေးပြေးဂိတ် ထွက်သွားပြီလေ"

"ဟင် ဟုတ်လား"

"အင်းလေ သားကို ခွင့်တောင်းပြီးသားဆို သူငယ်ချင်းတွေနဲ့ ဘုရားဖူး သွားမလို့တဲ့"

"ဗျာ ဟုတ်ပါတယ် ကျွန်တော် လိုက်ပို့ပေးမလို့ မေးတာ"

"အခုပဲ သွားတာ သားမီချင် မီနိုင်သေးတယ်"

"ဟုတ်ကဲ့ ကျေးဇူးပဲ အန်တီ"

သူ ဖုန်းကိုပိတ်ကာ တိုက်ခန်းထဲမှ ကသောကမျော ပြေးဆင်းခဲ့သည်။ နိုက် ဘယ်ကိုထွက်သွားမှာလဲ မသိပါ။

အရေးကြီးတာက နိုက်ကို အချိန်မီ ဆုံနိုင်ဖို့။

■ ■ ■

အဝေးပြေး ကားဂိတ်ကို သူ ရောက်တော့ နိုက်ကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မလွယ်ပါ။

သူ ကျိုးကန်းတောင်းမှောက် ဟိုရှာ ဒီရှာ။

"ဟာ"

မထင်မှတ်ဘဲ မျက်ဝန်းတွေက ကဖေးဆိုင်လေးဆီ လှည့်အကြည့် စားပွဲဝိုင်းမှာ တစ်ယောက်တည်း ထိုင်နေတာ နိုက်။

သူ နိုက်ဆီကို အပြေးလှမ်းခဲ့သည်။

"နိုက်"

"ဟင် မောင်"

"နိုက်ရယ် မောလိုက်တာကွာ"

"ဘာလို့ လိုက်လာတာလဲ မောင်ရယ်၊ ခုချိန်မှာ ဝတ်ရည်ဆင့် အနားမှာ မောင် ရှိသင့်တယ်"

နိုက် ပြောတော့ သူ ခေါင်းလေး ညိတ်ကာ အိတ်ထဲက စာလေးကို ကမ်းပေး၏။

"ဘာလဲဟင် မောင်"

"နိုက် ဖတ်ကြည့်ပေါ့ မောင် မောလွန်းလို့ အအေးတစ်ပုလင်းလောက် သောက်ပါရစေဦး"

နိုက် မှာထားပြီး မသောက်ရသေးသော အအေးပုလင်းလေးကို သူ မော့သောက်နေချိန်မှာ နိုက် စာလေးကို ဖတ်နေ၏။





နိုက် မျက်ဝန်းလေးတွေ ဝိုင်းကာ စာဖတ်ရင်း သူ့ကို ကြည့်၏။ သူ ပြုံးပြတော့ နိုက် ဆက်ဖတ်သည်။

စာလေး ဆုံးတော့

"မောင် မောင်ရယ်"

"နိုက်ရယ်"

လက်ဖဝါးတွေ တင်းတင်းဆုပ်ကိုင်ရင်း နှစ်ဦးစလုံး တဒင်္ဂ မင်သက်တိတ်ဆိတ်နေမိကြ၏။ မျက်ဝန်းတွေချင်း စကားတွေတော့ ဆိုနေမိဆဲ။

"နိုက် ဘယ်သွားရမှန်း မသိလို့ ထိုင်စဉ်းစားနေတာ"

"ဒါဆို နိုက်နဲ့ကိုယ် ချောင်းသာကို လစ်ကြမယ်"

"ဟို မေမေတို့ မသိရင် စိတ်ပူနေမှာပေါ့"

"နိုး ပြဿနာ မရှိဘူး၊ နိုက်နဲ့ကိုယ် ဖုန်းဆက်လိုက်မယ်လေ မင်္ဂလာပွဲအကြို အပျော်ခရီးပေါ့"

မောင် ဆိုတော့ နိုက် မငြင်းနိုင်ဘဲ ခေါင်းလေး ညိတ်မိ၏။

"ကဲ လစ်စို့ ကိုယ် ကားပါတယ်"

နိုက် မောင်ကမ်းပေးသော လက်ကလေးကို ဆွဲကိုင်ရင်း ထွက်ခဲ့သည်။

"အစ်မလေး အအေးဖိုး ရှင်းရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆောရီး ညီလေး ရော့ ပြန်မအမ်းနဲ့တော့"

စားပွဲထိုးလေး ယောင်နနနှင့် ခေါင်းညိတ်သည်။ ခိုက်နှင့်မောင်ကတော့ လက်ချင်း မြဲမြဲတွဲလျက် ကြည်နူးစွာ ထွက်ခဲ့မိသည်။

ခိုက်တို့ နှစ်ယောက်ကို အားလုံးက ဝိုင်းငေးကြည့်နေဆဲ။

ခိုက် မရှက်နိုင်ပါ။ မောင့်ကိုပဲ တင်းတင်း ဖက်ထားမိ၏။ အခုချိန်မှာ ကြားလေသွေးလို့တောင် မဝေးချင်ပါ။

မောင်နဲ့ခိုက်အတွက် လှပသော အနာဂတ်လေးဆီသို့ . .
နိုင်ကျည်သော ချစ်ခြင်းတွေဖြင့် လှမ်းရင်း . .

ပရိတ်သတ်အတွက်
အမြဲတမ်း
သို့ူး



www.burmeseclassic.com

www.burmeseclassic.com



ဂျူး

သက်ဆုံးတိုင်

www.burmeseclassic.com